
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၁၀၆၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၀၉၇၀၈၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၈–ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅ဝိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုစွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။


BURMESE CLASSIC .com

ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်။*

# ဗြိဒ်စက္ကာ

## ဥပါဒါန်အဆိပ်လမ်းနှင့် ဂမ္ဘီရစွန့်စားဝတ္ထုများ


ရွှေသမင်စာပေ

အမှတ် (၃၇/၃၉)၊ ၄၄– လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း:– ၂၉၆၁၁၀


www.burmeseclassic.com

www.burmeseclassic.com

# ဥပါဒါန်အဆိပ်လမ်းနှင့်

# ဂမ္ဘီရစွန့်စားဝတ္ထုများ


၁။ ဥပါဒါန်

၂။ ပုဆိုးမနိုင် ပဝါမနိုင်

၃။ လွှမ်းယမုန်ကမ်းခြေမှ လွှမ်းလေသမျှ မှုမျာကြွယ်

၄။ လောကရေစီးကြောင်းထဲမှ သားကောင်များ

၅။ နှစ်ခါပွင့်တဲ့ပန်း

၆။ အဆိပ်လမ်း


BURMESE CLASSIC .com



# ဥပါဒါန်

မြစ်ရေပြင်သည် ကြည်လင်လွန်းသဖြင့် စိမ်းပြာရောင် သမ်းနေသည်။ ပိုမိုနက်ရှိုင်းမှုအသွင်ကို ဆောင်နေတော့သည်။

ရေပြင်ပေါ်သို့ ရောက်နေသော နီမောင်သည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်သည်။ နှင်းသည်းလွန်းနေသောကြောင့်ထင်သည်။ ပတ်ဝန်းကျင်တစ်ပိုက် မှုန်မှိုင်းနေတော့သည်။ ငြိနေသောကွန်ကို ငုပ်ဖြုတ်ရမည်ဖြစ်ရာ စဉ်းစားမနေတော့ဘဲ အသက်ကိုတစ်ဝကြီးရှူသွင်းလိုက်ပြီး ရေအောက်သို့ ငုပ်ဆင်းလိုက်သည်။

ရေအောက်သို့ ရောက်လာလေလေ နားထဲတွင် ဖျစ် ဖျစ် ဖျစ် ဟူသော အသံများက နားထဲ၌ ပိုမိုဆူညံလာလေလေဖြစ်၏။ ရေငန်အရပ်ပေမို့ ဝင်းလက်သော ပိုးစုန်းကြူးသဖွယ် အလင်းစက်များကိုမြင်နေရသည်။ ရေအောက်သို့ ရောက်လာသောအခါ အလင်းရောင်အားနည်းလာသည်။ နားထဲမှာ အသံများလည်း ပိုမိုကျယ်လောင်လာသည်။



www.burmeseclassic.com

အလှေအကျင့်ရှိပြီးဖြစ်သူမို့သာ မစွမ်းဆောင်ရဘဲ ထိုမျှခံနိုင်ခြင်းဖြစ်သည်။ အသက်အောင့်ထားချိန် ကြာလာသောအခါ ရင်ထဲမှ အောင့်လာသည်။ ကျွမ်းကျင်မှုဖြင့် ရေအောက်၌ အသက်ပြန်ရှူခြင်းကြောင့် အတန်အသင့်ခံသာမှုရှိလာ၏။ ရေအောက်တွင် အချိန်အတန်ကြာသည်အထိ ဆက်လက်နေနိုင်ဦးမည်ဖြစ်သည်။

ရေအောက်မြေပြင်သို့ ရောက်သောအခါ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်သည်။ ဝေဝါးနေသော မြင်ကွင်းထဲတွင် မိမိထံသို့ ဦးတည်ကူးခတ်လာသော ငါးအရိပ်များကိုပင် မြင်နေရသည်။အချို့ငါးများဆိုလျှင် အနီးရောက်ခါမှ ကွေ့ရှောင်သွားသည်။

သည်တစ်ကြိမ် ရေငုပ်ရခြင်းကို နီမောင် စိတ်မဖြောင့်ပါ။ ရင်ထဲ၌ ကပ်ငြိစွဲလန်းမှုတစ်ခုက သူ့အား အစဉ်အမြဲခြောက်လှန့်လျက်ရှိနေတော့သည်။ တွေးမိတိုင်း ရင်တဒိတ်ဒိတ် အခုန်မြန်နေဆဲပင်။ နောက်ပြီး ဒီနေရာက သူ့အတွက် နေရာသစ်။

ထို့ပြင် ထိုနေရာနှင့် ပတ်သက်ပြီး အန္တရာယ်များသော အကြောင်းများကိုလည်း ကြားဖူးထားပြီးသား ဖြစ်သည်။ သို့သော် အဘထော်က သည်မှာဘက်တွင် ရေလုပ်သားများ ရှောင်ကွင်းထားသော နေရာပေမို့ အထိအမိကောင်းနိုင်သည်ဆိုကာ ဖွတ်လာသဖြင့်သာလျှင် လိုက်လာခဲ့ရခြင်းဖြစ်သည်။

ထိုသို့ မလွှဲမရှောင်သာလိုက်လာခဲ့ရသည့်တိုင် ရေအောက်သို့ မဆင်းရပါစေနှင့် ကျိတ်၍ ဆုတောင်းခြင်းမှာ မပြည့်ဝပါချေ။

ယခုတော့ လေပေါ်မှ ဖြုတ်မရသော ကွန်ချက်ကြောင့် သူရေ





အောက်သို့ ဆင်းလာခဲ့ခြင်းဖြစ်ပါသည်။

ရေအောက်တွင် ငြိနေသော ကွန်ချက်ကို အလျှင်အမြန်ရှာသည်။ တင်းနိုင်သမျှ လျင်လျင်မြန်မြန် ဖြုတ်ပစ်နိုင်ရန် ကြိုးစားသော်လည်း စိတ်စောနေသည်က တစ်ကြောင်း၊ ရေမွှန်းနေသည်က တစ်ကြောင်းကြောင့် လွယ်လွယ်ကူကူ မပြုတ်ပါချေ။ သို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ဟု အသေအချာ ခါးကြားထဲမှ ဓားကို နှုတ်ယူလိုက်သည်။

ကွန်သားကို ဖြတ်ထုတ်ပစ်မည်။

ထိုအခိုက်မှာပင် ကူးခတ်လာသော ငါးတစ်ကောင်သည် နီမောင့်အား မြင်သည်နှင့် ပြေးကိုက်လေသည်။

လက်တစ်ဝါးခန့်သာသာ အရွယ်ရှိပြီး အရွယ်နှင့်မမျှ ကြီးမားချွန်ထက်သော သွားများကြောင့် လက်မောင်းတစ်နေရာမှ အသားတစ်စ အကွင်းလိုက်ပြတ်ပါသွား၏။

"အား"

အခြေအနေမကောင်းသောကြောင့် ရေပေါ်သို့ အလျှင်အမြန် ပြန်တက်ရန် ကြိုးစားသော်လည်း အခွင့်မသာတော့ပါချေ။ စိမ့်ထွက်လာသော သွေးနံ့ကြောင့် နောက်ထပ်ရောက်လာသော လူသားစားငါးများက သူ၏ကိုယ်အနှံ့ဝင်ရောက်ကိုက်ဖြတ်ကြလေရာ ခဏချင်းမှာပင် လှုပ်ရှားမှုအားလုံးရပ်တန့်သွားလေတော့သည်။

ခဏချင်းရေပြင်၌ သွေးနီရောင် လွှမ်းသွားလေသည်။ တစ်ပြိုင်နက်ချင်းပင် ငါးများ၏ ကိုက်ဖြတ်မှုကြောင့် သူ့တစ်ကိုယ်လုံး အရိုးစုဘဝ

www.burmeseclassic.com



ပြောင်းသွားလေပြီ။

"အား..အား ငါ့နားမလာကြနဲ့ သွားကြ၊ သွားကြ"

ရှိသမျှသော ခွန်အားကို စုစည်းပြီး အသံကုန်အော်ဟစ်ပစ်လိုက်သည်။ သို့တိုင်အောင် အသံများက လည်ချောင်းထဲ၌ နစ်မွန်းပျောက်ကွယ်နေဆဲ။

"အား"

"ဟေ့"

"သွား..သွား ငါ့နားမလာကြနဲ့ ငါ့နားမလာကြနဲ့"

"ဟေ့ကောင် ဘာဖြစ်နေတာလဲ"

"အင်"

တအင်အင်ဖြင့် ယောင်ယောင်ဝါးဝါးဖြစ်နေသော နီမောင့်ကို ဦးဘထော်က ခြေထောက်ဖြင့်ခပ်ဆတ်ဆတ် လှုပ်နှိုးလိုက်မှ အသေအချာနိုးသွားတော့သည်။

"အဘထော်"

"ဘာတွေလျှောက်အော်နေတာလဲ"

"ကျွန်တော် ကျွန်တော် အိပ်မက်မက်နေတာပါ"

"မင်းကွာ"

ဦးဘထော်က မကျေမနပ် ရေရွတ်ရင်း ဆေးပတ်လိပ်တစ်လိပ်ကို မီးညှိဖွာလိုက်သည်။ နီမောင် နေရာမှထလိုက်လေရာ လှုပ်ရှားမှုကြောင့် လှေလှုးသွားသည်။

ငွေရောင် လှိုင်းဂယက်ကလေးများ ထသွားလေသည်။ အိပ်





မက်အရှိန်ကြောင့် လှေအောက်သို့ လက်နှိုက်၍ မျက်နှာသစ်ရမည်ကိုပင် ခပ်လန့်လန့်ဖြစ်နေဆဲပင်။

"ဘာတွေ အိပ်မက်မက်လို့ ဒီလောက်ဖြစ်နေတာလဲကွ"

"ကျွန်တော် လူသားစားငါးတွေအကြောင်း စိတ်စွဲသွားပြီး အိပ်ပျော်သွားတာ အဲဒါတွေကို အိပ်မက်ပြန်မက်နေလို့ အဘ"

"ထင်သားပဲကွာ"

ဦးဘထော်က စကားမဆက်ဘဲ ဆေးပတ်လိပ်ကိုသာ တွင်တွင်ဖွာနေလေရာ ပတ်ဝန်းကျင်တစ်ဝိုက် မီးခိုးငွေ့များ ပျံ့လွင့်နေသောကြောင့် စောစောက တဖွဲဖွဲလာရောက် ကိုက်ခဲနေသော ပိုးလောက်များပင် *အဝေးသို့* ပျံထွက်ပြေးကြပြီ။

"မကောင်းတဲ့ အကြောင်းအရာတစ်ခုကို စိတ်ထဲက စွဲလမ်းလက်ခံထားလို့ ကြာလာရင် ဥပါဒါန်ဖြစ်လာတတ်တယ်ကွ မဖြစ်နိုင်တဲ့ မကောင်းတဲ့အကြောင်းတွေကို ရင်ထဲမှာ အကြာကြီးမထားသင့်ဘူး ကြာရင် လုပ်ငန်းနဲ့ ကိုယ့်ကိုပြန်ပြီး အန္တရာယ်ပေးလာနိုင်တယ် ဒီတော့ လူငယ်ပီပီ မဟုတ်မှန်းသိရင် မဖြစ်နိုင်မှန်းသိရင် မေ့ပစ်လိုက်တာဟာ အကောင်းဆုံးပဲ"

ဦးဘထော်က အတွေ့အကြုံရင့်ကျက်သော ရေလုပ်သားကြီးတစ်ဦးပီပီ တွေးတွေးဆဆ သွန်သင်ညွှန်ပြသည်။ သို့ပေသည် နီမောင်ရင်ထဲမှ ကပ်ငြိလျက်ရှိသော အစွဲအလမ်းတစ်ခုကတော့ ရုတ်တရက် ပျောက်မသွားပါပေ။

ထို ဥပါဒါန်အစွဲအလမ်းသည်လည်း ပုပ္ပနွေးနွေး ကပ်ငြိလာ



www.burmeseclassic.com

www.burmeseclassic.com



ခွင်းတော့ မဟုတ်ပါပေ။

တစ်လောက နီမောင်တို့နေထိုင်ရာ သကန်ရွာ၏ မျက်နှာမူရာ မြစ်ထဲသို့ မြို့မှသင်္ဘောတစ်စင်း ရောက်လာသည်။

ထိုသင်္ဘောနှင့် ပါလာသူများက ဂျပန်ခေတ်အတွင်းက မြုပ်သွားသော သင်္ဘောပျက်တစ်စင်းကို လာရှာကြသည်ဟုဆိုပြီး သကန်မြစ်ထဲတွင် ဇကည်းချ ရှာဖွေကြသည်။ ရေငုပ်ဝတ်စုံများ ဝတ်ဆင်ပြီး တစ်ယောက်ပြီးတစ်ယောက် ဆင်းရှာကြသည်။ ရက်အတန်ကြာ လှည့်လည်ရှာဖွေကြသော်လည်း တွေ့သည်ဟု မကြားပေ။

နီမောင်တို့ ရွာသားများက စိတ်ဝင်စား၍ သွားရောက်ကြည့်ရှုသည်ကို ကြည့်ဖြုံပြန်မတွေ့ပေ။ အမှုအရာများက သူတို့အလုပ်နှင့်ပတ်သက်၍ လူသိမခံချင်သည့် သဘောပင်။

ရက်အတန်ကြာသောအခါ ထိုလူများ မြို့သို့ ပြန်သွားကြသည်။ ထိုအခါ သတင်းတစ်ခု ကျန်ခဲ့လေသည်။ ထိုသတင်းကား အခြားမဟုတ်ပေ။

ရေအောက်သို့ ဆင်းငုပ်နေစဉ် လူသားစားငါးများက ရောက်လာကြပြီး ဝိုင်းဝန်းကိုက်ခဲကြရာ ခဏချင်းပင် အရိုးစုသာ ပြောင်းသွားသော သူတို့၏ လူတစ်ယောက်ကို မြို့သို့ ပြန်ခေါ်သွားခြင်းပင် ဖြစ်သည်။

ထိုသတင်းကြောင့် ရေလုပ်ငန်းဖြင့် အသက်မွေးကြသော သကန်ရွာသူရွာသားများ တုန်လှုပ်မှု ဖြစ်သွားကြလေသည်။

တစ်ယောက်စကားတစ်ယောက်နားဖြင့် တစ်ရွာလုံး ပျံ့နှံ့သွားသည်။ အစွဲအလမ်းကြီးသူများက...





"ဒီလူနကွ မြစ်ထဲလာပြီး နတ်မကြိုက်တာတွေလုပ်လို့ ဒဏ်ခတ်ခံရတာ" ဟု မှတ်ချက်ချကြလေသည်။

အချို့ကလည်း "တို့တော့ ဒီမြစ်တစ်ကိုက်မှာ ရေလုပ်ငန်းနဲ့ အသက် မွေးလာခဲ့တာဟာ အသက်နဲ့အမျှပါပဲ ရေအောက်မြေပြင်တွေမှာ ခြေရာချင်းမဆိုထားနှင့် နှာခေါင်းဖျားချင်း ဆက်လုရှာမယ် ဒီ လူသားစား ငါးမျိုးရှိတယ်လို့ သင်္ခါမှ မကြားမိပါဘူး" ဟု တွေးတွေးဆဆ ပြောကြသည်။

အယူသီးသူများကလည်း "ဟေ့..ဟေ့..အဲဒီလိုတော့ အပြတ်မပြောကြနဲ့ဟ ကုန်းနေကိုးကုဋေ ရေနေဆယ်ကုဋေဆိုတာပဲ ရေထဲမှာ ရှိချင်ရှိမှာပေါ့ ဘယ်ပြောနိုင်ပါ့မလဲ တစ်ခါက ရွှေလီမြစ်ထဲမှာ ကျွဲသုံးကောင် ဘတ်ဖက်ကမ်းဖြတ်ကူးတာ အဲဒီလိုငါးမျိုးတွေနဲ့ တိုးသွားလို့ အရိုးချည်းကျန်ခဲ့တယ်ဆိုတဲ့သတင်း မင်းတို့ မကြားလိုက်ဘူးလား"

မည်သို့ပင်ဆိုစေ ထိုသတင်းကတော့ ပျံ့နှံ့လျက်ပင်။ ယုံကြည်သူများရော မယုံကြည်သူများ၏ ရင်ထဲသို့ ခိုဝင်ကိန်းအောင်းနေလေတော့သည်။ ယခင်က သကန်မြစ်ထဲသို့ ရဲရဲတင်းတင်း ဆင်းငုပ်ကြသော်လည်း ယခုတော့ တွန့်ဆုတ်နေကြသည်။

မလွဲမရှောင်သာ မဖြစ်မနေ ဆင်းရလျှင်သော်မှ အဖော်ကောင်းမှ ဆင်းခဲ့ကြတော့သည်။ တစ်ခါကစ်ရံ ပုတင်းအတွက်ခံရသည်ကိုပင် လူသားစားငါးများ ကိုက်ခံလိုက်ရသယောင် ပုံကြီးချဲ့၍ကာ ပြောလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးဆိုလျှင် လူအထင်ကြီးခံရလျှင် မနည်းဟု သဘောထားကာ မိမိတို့ကိုယ်တိုင်ပင် လူသားစားငါးများနှင့် တွေ့ခဲ့ရကြောင်း ချဲ့တွင်ပြောကြသောအခါ ရိုးသားသော ရွာသူရွာသားများ၏ စိုးရိမ်မှုများမှာ တစ်စတစ်စ ကြီးထွားကျယ်ပြန့်လာလေတော့သည်။

အမှန်တော့ စစ်အတွင်းမှ နစ်မြုပ်သွားသော သင်္ဘောတွင်း၌ ရတနာပစ္စည်းများ ပါသွားသည်အထင်နှင့် လာရောက်ရှာဖွေကြသော လူတစ်စုသည် မိမိတို့ မရှိခိုက်တွင် ရွာသူရွာသားများ ဆင်းရောက်ရှာဖွေကြမည် စိုးသောကြောင့် လုပ်ဇာတ်ခင်း၍ သတင်းလွှင့်သွားခြင်းသာဖြစ်သည်။

သို့စေ...ာမှု...

ဦးစွာ ဖူးချာကြိုးကွင်းကို လက်ကောက်ဝတ်တွင် စွပ်လိုက်သည်။ ထို့နောက် ကြိုးကိုအခွေလိုက် ဘယ်လက်ဖြင့် ကိုင်သည်။ ကွန်သားတစ်ဝက်ပါ ရောထိုင်ပြီး တစ်ဝက်သားကို ဝဲဘက်တံတောင်ဆွန်းတွင် ချိတ်ထားသည်။ ကျန်တစ်ဖက်က ကွန်သားကိုခွဲ၍ မျှကိုင်လိုက်သည်။ ခဲသီး၏ အလေးချိန် မျှမမျှ ဆကြည့်သည်။

ကွန်ပစ်ရန် အသင့်အနေအထား ရောက်သွားသည်။ ဦးဘထော်၏ လှေလှော်ကျွမ်းကျင်မှုကြောင့် လှေကလေးမှာ ရေပြင်ပေါ်တွင် ရှပ်တိုက်ပြေးနေသည်။

ကွန်ပစ်ရာတွင် ရှေ့မှ ကွန်ကိုင်ထက်နောက်မှ လှေပဲ့ကိုင်က ပိုအရေးကြီးသည်။ ကွန်ချက် ရွေးရာတွင် သူက အဓိကဖြစ်သည်။

ကွေ့တစ်ခုအတွင်းမှ သစ်ကျတစ်ခုနား အရောက်တွင် လှေကို





တုံ့ခနဲရပ်ပစ်လိုက်သည်။

ကွန်ချက်။

နီမောင် အားယူပြီး ကွန်ကို လွှဲသည်။ ထို့နောက်ပစ်သည်။

၁၂ တောင်ခန့်ရှည်သော ကွန်ကြီးမှာ ဖူးချာအထိ ပွင့်ပြီး ရေပြင်ပေါ်သို့ ဆန်ကောဝိုင်းသဖွယ် ကျဆင်းသွားလေရာ ရေပြင်နှင့် ခဲသီးများ ထိတွေ့သံမှာ သံစဉ်မညီသော ဂီတသံသဖွယ် ပေါ်ထွက်လာလေသည်။ ဖူးကြိုးအထိ ရေထဲမြုပ်သွားသောအခါမှ လှေကိုနောက်သို့ပြန်ဆုတ်သည်။ နီမောင်က လက်ထဲမှာ ရစ်ကိုင်ထားသော ကြိုးကို တစ်ခွေချင်း လျှော့ပေးသည်။

ဒီနေရာမှာ ချောက်ကောင်းသည်။ ကွန်ရောကြိုးပါ အတောင် ၂၀ ကျော်မှ မြေပြင်သို့ ကွန်ကျသည်။

ထိုနှင့်တစ်ပြိုင်နက် ဖူးကြိုးသိမ့်ခနဲ တုန်သွားသည်။ နီမောင့်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

အတိုးနှုန်းကို တွက်ဆကြည့်ရုံဖြင့် အတော်ကြီးသော ငါးတစ်ကောင် ကွန်ဖြင့် အုပ်မိထားကြောင်း တွက်ဆမိသည်။

ခဏစောင့်ကြည့်လေသောအခါ နောက်ထပ်တစ်ချက်တိုးပြန်သည်။ ပီတိမျက်နှာဖြင့် ဦးဘထော်ကို လှည့်ကြည့်လိုက်သည်။

"မိထားပြီလား"

ခေါင်းညိတ်ပြလိုက်သည်။

"အတော်ကြီးသလား"

"တစ်ဆယ်အထက်ရှိမယ် အဘထော်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို သတိထား ကွန်ဆွဲတာ မလောနဲ့ သိပ်မြန်ရင် ပျော့နံထွက် သွားလိမ့်မယ် ကြားလား”

အပြုံးရိပ်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ကွန်ကို တစ်ချက်ဆကြည့်သည်။ မထူး။ နောက်တစ်ချက် ဆွဲတင်သည်။ ငါးက တိုးပြန်သည်။ ငြိမ်သည်အထိ ခေတ္တစောင့်ပြီးမှ ထပ်ဆွဲသည်။

လက်ထဲတွင် လေးလေးပင်ပင်ပါလာသည်။

အသက်ရှူရန်ပင်မေ့နေသောကြောင့် ကွန်တစ်ချက်ဆွဲရန် ကြာလွန်းသည် ထင်နေမိသည်။ နောက်တစ်ချက်ဆွဲသောအခါ ကြိုးတင်းပြီး ကွန်က ပါမလာတော့။

မသေချာသဖြင့်သတိ၍ ခပ်တင်းတင်းဆွဲကြည့်သောအခါ လှေက ရှေ့သို့လိုက်လာပြီး ကွန်ကြိုးတက်မလာတော့။ ကွန်ငြိနေပြီ။ ကွန်ငြိလျှင် အပေါ်မှ ဆွဲဖြုတ်မရပါက ရေထဲဆင်းရမည် ဖြစ်သည်။

သို့ကြောင့် နီမောင် သက်ပြင်းတစ်ချက်ချပြီး လက်မှာကိုင်ထားသော ကြိုးကို လှေဦးဘုံးတွင် ရစ်ချည်လိုက်သည်။

ထို့နောက် အကျီချွတ်လိုက်ပြီး လက်ဆွဲတော်ဓားကို ခါးကြားထဲ ထိုးသွင်းသည်။ ထုံးစံအတိုင်း ရေပိုင်ချောင်းပိုင်များကို ဘေးဘယာ ဝေးကွာစေရန် စောင့်ရှောက်ပေးကြရန် စိတ်မှရည်မှန်းပြီး ဆုတောင်း သည်။

ရေထဲဆင်းခါနီးကျမှ ညက မြင်မက်ခဲ့သော အိပ်မက်ကို သတိရမိပြီး ကျောထဲစိမ့်ခနဲဖြစ်သွားသည်။ ရေထဲဆင်းရမည်ကိုပင် မဝံ့မရဲဖြစ်လာသည်။

“နီမောင် ဆင်းတော့လေကွယ်”





ဦးဘထော်က ခပ်ဆတ်ဆတ် လှမ်းပြောလိုက်မှ ဟုတ်ကဲ့ဟု ဆိုကာ ရေယံဆင်းလိုက်သည်။

ရေသည် ခါတိုင်းထက် အေးမြလေရော့သလား တစ်ကိုယ်လုံး စိမ့်ခနဲ ဖြစ်သွားသည်။ အသက်ကို တဝကြီး ရှူသွင်းလိုက်ပြီး ရေထဲသို့ စတင်ငုပ်သည်။ ကွန်သားကို ကိုင်ငုပ်ခြင်းကြောင့် ရေအောက်သို့ လျှင်လျှင်မြန်မြန် ရောက်သွားသည်။

အောက်ခြေတွင် ကွန်သားဖြင့် မိထားသော ငါးကြီးကို စမ်းသပ်မိသည်။ ငြိနေသော ကွန်သားကို အလျင်အမြန် ရှာသည်။

စိတ်စောနေသောကြောင့် ရတ်ချည်းအဆင်မပြေ။ တွေ့ပြန်ပါတော့လည်း သစ်ကျကိုင်းတက်များသောကြောင့် လွယ်လွယ်ကူကူ ဖြုတ်မရပြန်။

နီမောင် ရေအောက်တွင် အကြာကြီး မနေချင်ပါ။ မြန်မြန်ပြီး အေးရော့ဟု သဘောထားကာ အလျင်အမြန် ဖြုတ်ခါမှ ပိုပြီး ခက်ခက်ခဲခဲ ရှိနေသည်။

ထိုအခိုက် ခြေသလုံးသားဘက်မှ ဆစ်ခနဲ ဖြစ်သွားပြီး စပ်ဖျဉ်းဖျဉ်း ဖြစ်သွားသည်။ လက်ဖြင့် စမ်းကြည့်သောအခါ အသားပဲ့ပါသွားကြောင်း သိလိုက်သဖြင့် ရင်ထဲထိတ်သွားသည်။

အရေးထဲကျခါမှ ကွန်ကလည်း မပြုတ်နိုင်။ ခက်ခက်ခဲခဲ ဖြုတ်နေရင်း လက်မောင်းသားကို အကိုက်ခံရပြန်သည်။

နီမောင် ဟန်မဆောင်နိုင်တော့ပါ။ ခါးထဲမှ ဓားကို အလျင်အမြန် ဆွဲထုတ်လိုက်ပြီး ငြိနေသော ကွန်သားကို ဆွဲဖြတ်၍ ရေပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်တက်ခဲ့သည်။

ရေပြင်ပေါ်သို့ရောက်သည်နှင့် လှေပေါ်သို့ အလောတကြီး တက်လိုက်ရာ လှေစောင်းသွားသည်။

"ဘာဖြစ်လာပြန်တာတုံး"

"ဘာကောင်တွေလဲ မသိဘူး"

အမောသံဖြင့် ပြန်ပြောရင်း ခြေနှင့်လက်မှ ဒဏ်ရာများကို ငုံ့ကြည့်လိုက်သည်။

ဆောက်ခုံးဖြင့် အထွင်းခံရသည့်နှယ် အကွင်းလိုက်ပါသွားသော ဒဏ်ရာများမှ သွေးတစိမ့်စိမ့် ထွက်နေသည်။

"မင်းဥစ္စာ ပုတင်းတွတ်ခံရတာများ အဆန်းလုပ်လို့ ကဲ ကွန်ဆွဲတင် ကွန်ဆွဲတင် ရေတက်တော့မယ်"

နီမော် စိတ်လက်မကြည်မသာနှင့် ကွန်ကို ဆွဲတင်သည်။ စိတ်ထဲတွင် နောက်ကျိခြင်းနှင့် နမြောမှုများ ရောထွေးခံစားနေရသည်။

လွတ်သွားသော ငါးကြီးနှင့် ဓားချက်ကြောင့် ကွဲသွားသော ကွန်သားများကို ရက်အတန်ကြာ အလုပ်ပျက်ခံ၍ ဖာရဦးမည့် တရားခံမှာ မိမိ၏ ဥပါဒါန်စိတ်များဖြစ်ကြောင်း နားလည်နေမိသည်။ သို့စေကာမူ နောက်ကျခဲ့ပြီ။

လှေဝမ်းထဲမှ မိထားသော ငါးပုတင်းက သူ့အား သွားဖြဲပြနေလေသည်။

❀ ❀ ❀





# ပုဆိုးမနိုင် ပဝါမနိုင်

ကျွန်တော် သောင်းပြောင်းမှာ နတ်ကတော်ဝင်တဲ့ကျားဆိုတဲ့ ဝတ္ထုတစ်ပုဒ်ရေးတော့ ဝတ္ထုထဲမှာပါတဲ့ ဇာတ်ကောင်တွေရဲ့ သက်ဆိုင်သူများက ကိုကောက်ဆီကို မကျေမနပ်ကြောင်းလှမ်းပြီး အကြောင်းကြားတယ်လို့ သိရပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တောင်းပန်ချင်ပါတယ် ကျွန်တော့်အနေနဲ့ ဝတ္ထုရေးတဲ့နေရာမှာ စိတ်ပျော်ရွှင်မှု ဖြစ်စေရန် ရေးက အဖြစ်အပျက်ကလေးတွေကို ပြန်တွေးပြန်သတိရစေရန် ရည်ရွယ်ချက်နဲ့ပဲ ရေးတာဖြစ်ပါတယ်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ သိက္ခာထိနိုက်စေလို နစ်နာစေလို ဆန္ဒနဲ့ ရေးတာ မဟုတ်ခဲ့ပါဘူး။ တကယ်လို့ တိုက်ဆိုင်မှုဖြစ်သွားခဲ့တဲ့ ကာယကံရှင်များကို စာရေးသူတစ်ယောက်အနေနဲ့ ထပ်ပြီး တောင်းပန်လိုက်ပါတယ်။

ကျွန်တော်တို့ရဲ့ ဇာတိ မော်ကျွန်း(မော်လမြိုင်ကျွန်း) မော်လမြိုင် ကျွန်းမြို့ကလေးဆို တကယ်တော့ ရေပတ်လည်ဝိုင်းနေတဲ့ကျွန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းဆိုရင်လည်း မများပါဘူး။

အရှေ့ဘက်မှာ ကျိုက်ပိမြစ် (အခုတော့ ႀကင်ႇပါ တွန်းသွားပါပြီ) တောင်ဘက်မှာ တုံးလဲချောင်း၊ အနောက်ဘက်နဲ့ မြောက်ဘက်မှာတော့ ရာဇူတိုင်နဲ့ ညောင်တုန်းမြစ်တွေ ဝိုင်းရံနေပါတယ်။

ရာဇူတိုင်မြစ်ကထွက်တဲ့ ငါးသလောက်ဆိုရင် အကောင်းဆုံး အဆုဆုံးလို့ ပြောစမှတ်ရှိပါတယ်။ ဈေးထဲမှာတောင် မော်ကျွန်း ငါးသလောက် ရာဇူတိုင်ငါးသလောက်လို့ အော်ရောင်းရင် ဟုတ်တာ မဟုတ်တာ အပထား လူကြိုက်များပြီး ဈေးပိုရတာဘ်ပါတယ်။

ကျွန်တော်တို့ ကျောင်းသားအရွယ် ၁၉၅၀ ခုနှစ်အလွန် ဝန်းကျင်လောက်ကဆိုရင် မော်ကျွန်းဟာ မြို့လို့သာဆိုပေမယ့် တကယ်ကျဉ်းကျဉ်းကာ  ·  ႄးပါ။

တာဝတိံသာ ဘုရားလမ်းနောက်မှာ ကျောင်းတွေ ဘုရားတွေရှိပြီး အဲဒီနောက် ၁၃ လမ်း (မြို့ပတ်လမ်း) အနောက်ဖက်မှာ လယ်ကွင်းတွေပဲရှိပါတယ်။ လူနေအိမ်ခြေဆိုလို့ မြို့လယ်ကွက်ကွက်ကလေးမှာပဲ ရှိပါတယ်။ ၁၂ လမ်း၊ ၁၃ လမ်း ဒီဘက်ထိပ်မှာဆိုရင် လူသိပ်မရှိတော့ပါဘူး။

ကျွန်ႇဘ်တို့မြို့က မြို့သာသေးပေမယ့် ဘာသာရေးထွန်းကားတဲ့မြို့ဆိုတော့ ဘုရားတွေ၊ ကျောင်းတွေကတော့ အတော်များတယ် အဲဒီအချိန်တုန်းကတောင် ဘုန်းတော်ကြီးကျောင်း ငါးဆယ်ကျော်ရှိတယ် မဟာဝတ္ထုကျောင်း၊ သူဌေးကျောင်း၊ ဘုရားကြီးတိုက်ကျောင်း၊ သာသနာ့ကာရီကျောင်း၊ မင်းကျောင်းဆိုတဲ့ တိုက်ကြီး





တွေကတော့ အထိကရပါပဲ။ အဲဒီအချိန်တုန်းကတော့ အဲဒီနေရာတွေက ခေါင်တော့ အသွားအလာ သိပ်မရှိပါဘူး။ သံသေတ္တာချောင်း တစ်ဝိုက် ကြေးဆင်းတု၊ ကျောက်ဆင်းတုဘုရားကြား၊ မင်းကျောင်းရှေ့က ဆေးရုံက ရင်ခွဲရုံရှိတဲ့ နေရာတစ်ဝိုက်တွေမှာ သူရဲခြောက်ဘယ်လို့ နာမည်ကြီးလေတော့ ကျွန်တော်တို့ အပါအဝင် ကလေးတွေဆိုရင် လူကြီးတွေမပါဘဲ မသွားလာဝံ့ကြဘူး။

တစ်ယောက်တစ်မျိုးပြောကြတဲ့ တစ္ဆေခြောက်ခံရတဲ့ အဖြစ်အပျက်တွေကလည်း အများကြီးပ။ မဟုတ်တာ ဟုတ်တာ အပထား ကြောက်တတ်သူတွေ အဖို့ကတော့ပိုပြီး ကြောက်စိတ်ဝင်စရာတွေပဲပေါ့။

ကျွန်တော်တို့မြို့မှာ ရုပ်ရှင်ရုံနှစ်ရုံရှိတယ်၊ (၇) လမ်းထိပ်က ပတ္တမြားမျက်ရှင်ရုပ်ရှင်နဲ့ ၁၃ လမ်းထိပ်က မြင့်မာလာရုပ်ရှင်ရုံတို့ ဖြစ်ကြတယ်။

ဟိုခေတ်က တီဗီ၊ ဗီဒီယို၊ ဗီစီဒီ၊ ကာရာအိုကေတို့ မပေါ်သေးတော့ ကိုယ့်အိမ်မှာ ရေဒီယိုနားထောင်ချင်နားထောင် ဒါမှမဟုတ် ရုပ်ရှင်သွားကြည့်ဖို့ပဲရှိတယ်။

၁၂ လမ်းထိပ်ဘက်မှာ ဆိုက်ကားဂိတ်တစ်ခုရှိတယ် အဲဒီမှာ ဆိုက်ကားသမားအချင်းချင်း ပြောနေကြတယ်။

"တို့ နေ့ခင်းဘက်တွေမှာ ဆိုက်ကားဆွဲမကောင်းကြဘူး ညဘက်တွေမှာ ဆိုက်ကားထွက်ဆွဲရင် တော်တော်ရတယ်လို့ ပြောကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တဲ့လဲ မောင်ထွန်းရ"

"လမ်းကြားတွေက လူတွေထွက်လာပြီး ဆိုက်ကားနဲ့ ရုပ်ရှင်ရုံကို လိုက်ပို့ပေးရတာလေ"

"ဟာ မောင်ထွန်းရယ် မင်းဟာ လူတွေမှဟုတ်ရဲ့လားကွာ"

"ဟာ ဦးလေးမောင်ကလည်းဗျာ"

"မင်း တယူမသန်နဲ့ မယုံဘူးဆိုရင် မင်းညကျ အဲဒီအနားမှာ ဆိုက်ကားသွားဆွဲဝံ့သလား ပြော"

"ကျွန်တော် သွားဝံ့ခဲ့ရင် ဦးလေးမောင် ဘာပေးမလဲပြော"

"မင်းတစ်ညလုံး သွားဆွဲလို့ ဘာမှမဖြစ်ဘူးဆိုရင် မနက်ကျရင် ၁၆ ကျပ်တန် လွန်းပျံလုံချည်တစ်ထည်ဝယ်ပေးမယ်ကွာ။ အဲဒါ ပြောတဲ့အတိုင်း မင်းတစ်ခုခုဖြစ်ရင် မင်းက ငါ့ကိုဝယ်ပေး ဘယ့်နှယ်လဲ"

"စိန်လိုက်လေ မောင်ထွန်းတို့က အဲဒီလို စွန့်စားရတာမျိုး သိပ်သဘောကျတာ မနက်မိုးလင်းရင်သာ ဦးလေးမောင် ကတိတည်ပါစေနော်"

"စိတ်ချပါဗျာ ဟောဒီမှာ တခြားသူတွေ သက်သေရှိပါတယ် လူကြီးစကား ပြီးပြီးပျောက်ပျောက်မလုပ်ပါဘူး မင်းသာ ကတိတည်ပါစေ"

"စိတ်ချ စိတ်ချ"

ဤသို့ အလောင်းအစားပြုလုပ်ကြပြီး ညနေစောင်းသွားသောအခါ မောင်ထွန်းရဲ့ဆေးတင်ပြီး ၁၁ လမ်းထိပ် ညောင်ပင်ကြီးအောက်သို့ သွားရောက်၍ ဆိုက်ကားဂိတ်ထိုးသည်။ ညနေစောင်းဘက်တွင်





ခရီးသည်တစ်ဦးနှစ်ဦးကို မြို့ထဲပို့ပေးပြီးနောက် မှောင်စပျိုးလာသောအခါ လူသွားလူလာ ပျောက်သွားလေတော့သည်။

၁၁ လမ်းရုံးရှေ့ရှိ ဂတ်ကဲခါမှာ ည ၆ နာရီထိုး သံချောင်းခေါက်သံ ပေါ်ထွက်လာသည်။

ထိုအချိန်တွင် ဘုရားကြားမှ မိန်းကလေးနှစ်ယောက် ထွက်လာသည်။ မလှမ်းမကမ်းသို့ ရောက်လာကတည်းက သင်းပျံ့သော ရနံ့များ လှိုင်နေတော့သည်။ နှစ်ယောက်စလုံး အစိမ်းရောင်ဝတ်စုံများ ဝတ်ဆင်ထားပြီး ဆံပင်များကို နောက်သို့ဖြန့်ချထားသည်။

မောင်ထွန်း နည်းနည်းတော့ လန့်သွားသည်။ သို့သော် ဘုရားဖူးလာတဲ့ ဧည့်သည်တွေပဲဖြစ်မှာပဲဟု စိတ်ကို တင်းထားလိုက်သည်။

"အစ်ကို ဆိုက်ကားအားသလား"

"အားပါတယ် ဘယ်သွားကြမှာလဲ"

"ပတ္တမြားမျက်ရှင်ရုံကို ရုပ်ရှင်သွားကြည့်ကြမလို့ ဒီကနေ တစ်ယောက် ဘယ်လောက်ပေးရမလဲဟင်"

"တစ်ယောက်တစ်မတ်ပါ"

"နှစ်ယောက်ငါးမူး ကျွန်မတို့ကို ရုပ်ရှင်မီအောင်လေးသာ မြန်မြန်နင်းပေးပါ။ တစ်ကျပ်ပေးပါမယ်ရှင်"

မောင်ထွန်းစိတ်ထဲမှာ ကြောက်စိတ်ပြေပြီး ကျေနပ်စိတ်ဝင်လာသည်။

"ရုပ်ရှင်က ညခုနစ်နာရီမှ ပြတာဆိုတော့ မီပါတယ် ကျွန်တော် အမြန်နင်းပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး အစ်ကိုကို တစ်ခါတည်းမှာထားရဦးမယ် ကျွန်မတို့က အချိန်မီ ပြန်ရမှာဆိုတော့ ရုပ်ရှင်ပြီးတဲ့အထိ စောင့်ပေးပါလားရှင် ပိုပေးပါ့မယ်"

"ဘယ်ကို ပြန်ပို့ပေးရမလဲ"

"ဒီဘုရားကြီးကိုပါပဲ"

"ဟင်"

ထိုစကားကြောင့် မောင်ထွန်း လန့်သွားပြန်သည်။

"စောင့်ပေးမယ် မဟုတ်လား အစ်ကို"

"ဟုတ်..ဟုတ်ကဲ့ စောင့်ပေးပါ့မယ်"

ဤသို့ဖြင့် မောင်ထွန်းမိန်းကလေးနှစ်ယောက်ကို ဆိုက်ကားပေါ် တင်ပြီး ရုပ်ရှင်ရုံသို့ ပို့ပေးလိုက်သည်။

ရုပ်ရှင်ရုံရောက်တော့ မိန်းကလေးနှစ်ယောက် ရုံတွင်းဝင်သွားတော့မှ မောင်ထွန်းခုနစ်လမ်းဆိပ်မှ ကုက္ကိုပင်ကြီးအောက်တွင် ဂိတ်ထိုးကာ အမောဖြေရသည်။

ရုပ်ရှင်ရုံဘက်မှ ပျံ့လွင့်ထွက်လာသော နတ်ဒိုးသံများ၊ ဆိုင်းသံ၊ ဗုံသံများကို နားထောင်ရင်း မိန်းကလေးနှစ်ယောက် ပေးသွားသော တစ်ကျပ်တန် အသစ်ကလေးကို ဖြန့်ကြည့်လိုက်သည်။ ရွက်လှေတံဆိပ်ပါသော တစ်ကျပ်တန်လေးမှာ အသစ်နံ့ကလေးပင် မပျောက် သေး။

"ငါ့ဥစ္စာ ဟုတ်မှဟုတ်ရဲ့လား မသိဘူး။ အို ဘာတွေပဲဖြစ်ဖြစ် ကြောက်စရာမလိုပါဘူး။ အပြန်မှာ တစ်ကျပ်လောက်ထပ်ရလိုက်ရင် ငါ့အတွက် ဒီညလုံလောက်သွားပြီ။ မနက်မိုးလင်းလည်း ဦးလေးမောင်





နဲ့ အလောင်းအစားလုပ်ထားတဲ့ လွန်းပျံပုဆိုးတစ်ထည်ကလည်း ရဦးမှာ ဟန်ပါ့ကွာ"

တစ်ယောက်တည်း ပီတိဖြစ်ရင်း ဆိုက်ကားပေါ်မှာ တမှေးမှေး လိုက်သည်။ အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပေ။ သူ လန့်နိုးလာတော့ ရုပ်ရှင်ပြီးသွား၍ လူတွေပြန်သွားကြရာ ရုပ်ရှင်ရုံရှေ့တွင် အနည်းအပါးသာ ကျန်တော့သည်။ မောင်ထွန်း ဆိုက်ကားကို ကမန်းကတန်း ဆွဲထုတ်လာပြီး ရုပ်ရှင်ရုံရှေ့တွင် ရပ်ကာ အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးနှစ်ယောက်ကို လိုက်ရှာသော်လည်း မတွေ့ရတော့ပေ။

"ငါ အိပ်ပျော်နေတုန်း ငါ့ကို မတွေ့လို့များ ပြန်သွားကြပြီလား"

ရုပ်ရှင်ရုံရှေ့တွင် လူကုန်သွားသည့်တိုင် စောင့်နေသော်လည်း မိန်းကလေးနှစ်ယောက်ကို မတွေ့ရတော့ပေ။ ထိုအချိန်တွင် အမှောင်ရိပ်တွင်းမှ အထုပ်တစ်ထုပ်ဆွဲထားသော မိန်းကလေး တစ်ယောက်ထွက်လာသည်။

"ဆိုက်ကားသမား"

"အားပါတယ် ဘယ်သွားချင်လို့လဲ"

"ဘုရားကြီးရှေ့"

အချိန်လည်း မရှိတော့သဖြင့် မောင်ထွန်း မိန်းကလေးကို ဆိုက်ကားပေါ် တင်ပြီး နင်းထွက်လာခဲ့သည်။ လရောင်ကလည်း မရှိ၊ အလင်းရောင်ကလည်း မရှိသဖြင့် အမှောင်ထဲမှာ ရင်တထိတ်ထိတ်ဖြင့် ဆိုက်ကားရှေ့မီးတစ်လုံး ထွန်းပြီးနင်းလာခဲ့သည်။ ၁၁ လမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း နှင်းလာရာ ဂတ်တဲရှေ့ရောက်သောအခါ ဂတ်တဲမှ အစောင့်က လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးသည်။

"ဟေ့ ဆိုက်ကားဆရာ မင်းဆိုက်ကားပေါ် ကလူက ခေါင်းမပါဘူးလားဟ"

"ဟင်"

မောင်ထွန်းအလန့်တကြား လှည့်ကြည့်လိုက်တော့ ဆိုက်ကားပေါ် မှမိန်းကလေးမှ ခေါင်းပျောက်နေပြီး လေထဲတွင် တလူလူလွင့်နေသော ပဝါကိုသာ တွေ့ရသဖြင့် မောင်ထွန်းခေါင်းနပမ်းကြီးသွားပြီး ဆိုက်ကားကို ထိုးရပ်ကာ ဆိုက်ကားပေါ်မှ ဒရောသောပါး ဆင်းပြေးလေရာ နောက်မှတစ်စုံတစ်ခုက လှမ်းဆွဲထားလိုက်သည်။

"အောင်မလေးဗျ"

ကြောက်လန့်တကြားလှည့်ကြည့်လိုက်တော့ မိမိပုဆိုးနှင့် ဆိုက်ကားခြေနင်းကွင်းဖြင့် ချိတ်နေသည်ကို ကွေ့ရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ပုဆိုးချွတ်ချထားခဲ့ကာ ဘောင်းဘီတိုကလေးဖြင့် ခြေဦးတည့်ရာ ဗွတ်ပြေးခဲ့လေတော့သည်။

ဦးလေးမောင်တို့နေတဲ့ ၁၂ လမ်း ဗလီဘေးကို ရောက်တဲ့အထိ တရကြမ်းပြေးခဲ့ရလို့ ညကြီးမင်းကြီး ချွေးဒီးဒီးကျပြီး မောဟိုက်နေတော့သည်။

"ဦးလေးမောင် ဦးလေးမောင် ထပါဦးဗျ မြန်မြန်ထပါဦး"

မောင်ထွန်းရဲ့ အရေးတကြီးခေါ်သံကြောင့် ဦးလေးမောင်ထလာပြီး တံခါးဝမှာရပ်နေတဲ့ မောင်ထွန်းကိုလည်းမြင်ရော ဦးလေး





မောင် အတော်အံ့သြသွားသည်။

"ဟဲ့ မောင်ထွန်း ညကြီးအချိန်မတော် ပုဆိုးမပါ ဘာမပါနဲ့ ဘယ်လိုဖြစ်လာတာလဲဟ"

မောင်ထွန်းက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။ သူ့စကားနားထောင်ပြီး ဦးလေးမောင်က…

"မင်းဟာ ဟုတ်မှဟုတ်ရဲ့လား မောင်ထွန်းရာ မူးမူးနဲ့များ ထင်ရာမြင်ရာတွေ လျှောက်ပြောနေရော့လား"

"ကျွန်တော် မမူးပါဘူး ဦးလေးမောင်ရဲ့ ဂတ်ထဲကမီးနဲ့ လှမ်းထိုးလိုက်မှ ခေါင်းမပါမှန်း သိရတာ။ ဒီညတော့ ဦးလေးမောင်နဲ့ အလောင်းအစားလုပ်ထားတာ ကျွန်တော် ရှုံးပါပြီဗျာ"

ဦးလေးမောင်က တစ်ချက်ပြုံးလိုက်ပြီး…

"မင်း အခုတော့ ငါပြောတာ ယုံသွားပြီ မဟုတ်လား။ ကိုင်း ကိုင်း ဒီညတော့ အချိန်လည်း မရှိတော့ဘူး မင်းအိမ်လည်းပြန်မနေနဲ့တော့ ဒီမှာပဲ အိပ်လိုက် မနက်ကျတော့မှ ဆိုက်ကားသွားယူတာပေ့ါ"

ထိုညက ကြောက်လန့်စိတ်ကြောင့် မောင်ထွန်းတစ်ယောက် တော်တော်နှင့် အိပ်မပျော်ရှာပေ။

မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားတဲ့ မောင်ထွန်းဟာ နေ အတော်မြင့်ကာမှ အိပ်ရာကနိုးလာပြီးနောက် အံ့သြစရာတစ်ခုကို စတွေ့ရသည်။ ထိုကား အခြားမဟုတ်ပေ။

ညက သူ့ဆိုက်ကားနှင့် ရုပ်ရှင်ရုံလိုက်ပို့ပေးလိုက်ရသော အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးနှစ်ယောက်ကို အိမ်ပေါ်မှာ တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်ပင်။

"ဟင် သူတို့နှစ်ယောက်က ဥစ္စာစောင့်တွေ မဟုတ်ကြဘူး လားဟင်"

ထိုစကားကြောင့် ဦးလေးမောင်က ရယ်နေသည်။

"ဘယ်က ဥစ္စာစောင့်တွေကမှာလဲ ဟောဟာ အလယ်လာကြ တဲ့ ငါ့တူမတွေပါဟ ညက သူတို့ရုပ်ရှင်သွားကြည့်တော့ မင်းဆိုက် ကားနဲ့တောင် တင်ခေါ်သွားခဲ့သေးတယ် မဟုတ်လားကွ"

"ဟုတ်တယ် ကျွန်တော်က သူတို့နှစ်ယောက် ဘုရားကြားက ထွက်လာလို့ ဥစ္စာစောင့်တွေလို ထင်နေတာဗျ"

"အဟင့်ဟင်း ဒါက ငါ့ရဲ့အစီအစဉ်တွေလေ ညက မင်းအလောင်း အစားလုပ်ပြီး ၁၁ လမ်းထိပ်က ညောင်ပင်အောက်မှာ ရှိမှန်းသိတာ နဲ့ ငါ သင်လွှတ်လိုက်တာကွ မင်း တော်တော်လန့်သွားတယ် မဟုတ် လား အပြန်ကျတော့ မင်းအိပ်ပျော်နေတုန်း ငါ့ ဆိုက်ကားနဲ့ ပြန်ခေါ် လာတာ"

"တတ်လည်းတတ်နိုင်ပါ့ဗျာ ဒါဖြင့် ဆိုက်ကားပေါ်က ခေါင်းမပါ တာကရော ခင်ဗျားအစီအစဉ်ပဲလား"

"ဟင့်အင်း အဲဒါက ငါ့အစီအစဉ်မဟုတ်ဘူး အခု သွားကြည့်မှ သိရမှာ"

"ဒါဖြင့်လည်း မြန်မြန်သွားစို့ဗျာ ညက ကျွန်တော် မပြန်မှန်းသိ ရင် အိမ်ကလူတွေ စိတ်ပူကြလိမ့်မယ်"

နှစ်ယောက်သား ၁၁ လမ်း ဂတ်တဲရှိရာသို့ ထွက်ခဲ့ကြသည်။





ဂတ်တဲရှေ့ရောက်တော့ တံခါးဝနားမှာ ရပ်ထားသော မိမိဆိုက်ကား ကို လှမ်းမြင်လိုက်မှ မောင်ထွန်း စိတ်နည်းနည်းအေးသွားသည်။ သူတို့ နှစ်ယောက်ကိုမြင်တော့ ဂတ်တဲမှ ပုလိပ်တစ်ယောက် ထွက် လာသည်။

"ဘာကိစ္စရှိလို့လဲ"

"ကျွန်တော့်ဆိုက်ကားလေး ပြန်လာယူတာပါဆရာ"

မောင်ထွန်းက မျက်နှာချို သွေးပြီး ပြောလိုက်သည်။

"ညက ထွက်ပြေးတဲ့ ဆိုက်ကားသမားက မင်းလား"

"ဟုတ်ပါတယ် ဆရာ"

"ညက ဘာဖြစ်လို့ ထွက်ပြေးတာလဲ"

"မသိဘူးလေ ဆရာတို့ဂတ်တဲက ခေါင်းမပါဘူးလို့ လှမ်းအော် တော့ ကျွန်တော်လည်း လန့်ပြီးထွက်ပြေးတာပေါ့"

ထိုစကားကြားတော့ ပုလိပ်က အားရပါးရ ခွက်ထိုးခွက်လန် တဟားဟား ရယ်မောနေတော့သည်။

"ဖြစ်မှဖြစ်ရလေကွာ မင်းအဖြစ်က ဘာနဲ့တူသလဲဆိုတော့ ပုံပြင်ထဲက ယုန်အတိုင်းပဲ။ အိပ်ပျော်နေတုန်း ထန်းလက်ပေါ်ကို ဥသျှစ်သီးကြွေကျတာကို မြေပြိုတယ်ဆိုပြီး လန့်ပြေးသလိုဖြစ်နေ တယ်၊ ညက မင်းဆိုက်ကားပေါ်ပါတဲ့ ကလေးမက နိုးရာလိုက်မလို့ ထွက်လာတာ သူ့ရည်းစားက ဒီဘုရားကြီးနားက စောင့်နေတာ တို့စခန်းနားရောက်တော့ မီးနဲ့လှမ်းထိုးလိုက်တော့ သူ့မျက်နှာကို လူမြင်မှာစိုးပြီး သူ့ခေါင်းကို ပဝါနဲ့ အုပ်လိုက်တယ်။ ဒီတော့ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပြီး ပဝါစလေးက တလူလူလွင့်နေတာပေါ့”

“ဖြစ်ရလေမျာ အဲဒီကောင်မလေးရော အခု ဘယ်ရောက်သွားပြီလဲ”

“ညက သူ့ ကောင်လေးသွားခေါ်ပြီး သူတို့နှစ်ယောက်ကို တို့ကပဲ ပါရမီ ဖြည့်ပေးလိုက်ပါတယ်ကွာ ကောင်မလေးက မင်းလာရင်ပေးဖို့ဆိုပြီး ဆိုက်ကားခ ၁၅ ကျပ် ပေးသွားတယ် ရော့.. ဟိုမှာ မင်းဆိုက်ကားလည်း ပြန်ယူသွားပေတော့”

ပုလိပ်က ပြောပြောဆိုနှင့် ငွေတစ်ဆယ့်ငါးကျပ်ထုတ်ပေးသဖြင့်ယူကာ ဆိုက်ကားကိုယူပြီး ပြန်လာကြသည်။ လမ်းရောက်တော့ မောင်ထွန်းက...

“ငွေတစ်ဆယ့်ငါးကျပ်ရတော့ ညက တစ်ကျပ်နဲ့ဆိုရင် ဆယ့်ခြောက်ကျပ် ပုဆိုးတစ်ထည်ဖိုးရပြီ ညက ဦးလေးမောင်ကို လောင်းကြေးရှုံးလို့ ပုဆိုးဝယ်ပေးရမယ် လာ တစ်ခါတည်း ဈေးသွားကြစို့”

“ဝါ မယူတော့ပါဘူး မောင်ထွန်းရာ မင်းအဖြစ် မြင်ရ ကြားရတာနဲ့ စိတ်ညစ်လှပါပြီ။ ကိုင်း အဲဒီ ငွေဆယ့်ခြောက်ကျပ်နဲ့ မိန်းမ မျက်နှာလုပ်ရအောင် စားစရာ သောက်စရာတွေ ဝယ်ပြန်ပေတော့ဟေ့”

ညက ပုဆိုးတစ်ထည်အဆုံးခံပြီး အလောင်းအစားလုပ်ခဲ့ရတဲ့ မောင်ထွန်းခမျာ အပြန်မှာတော့ မိန်းမနဲ့ သားတွေသမီးတွေအတွက် အဝတ်အထည်နဲ့ စားသောက်စရာတွေ တစ်ပွေ့တစ်ပိုက် ဝယ်သွားရတဲ့အတွက် ညက ထိတ်လန့်ဖွယ်ရာ အဖြစ်အပျက်တွေကို မေ့သွားခဲ့တော့သည်။

❀ ❀ ❀





# လွမ်းယမုန်ကမ်းခြေမှ . . . .

# လွမ်းလေသမျှ ပူမျှာကြွယ်

နီမောင်၏ လှုပ်ရှားမှုသည် သာမန်ထက်မြန်ဆန် သွက်လက်နေ၏။ အေးမြသောအခါပင် ဖြစ်လင့်ကစား တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ပြိုက်ပြိုက်ဆင်းနေသည်။ ပခုံးပေါ်မှ လေးထောင့်ပုံးနှစ်လုံး သွယ်ထားသော ထမ်းပိုးကိုချလိုက်ပြီး နဖူးမှ ချွေးစက်တို့ကို လက်ခုံဖြင့် သုတ်ဖယ်ပစ်နေစဉ်မှာပင် သူ့အနီးသို့ ခင်မကြီးရောက်လာသည်။

“မမကြီး နောက်ဘက်ကရေအိုးတွေထဲကို ကန်က သောက်ရေတွေ ခပ်ထည့်လို့ ပြည့်သွားပြီ ကျွန်တော် ဘာဆက်လုပ်ရဦးမလဲ”

“နီမောင် မင်း သိပ်ပင်ပန်းနေပြီ နားချင်နားပါဦးလား”

“ရပါတယ် မမကြီးရယ် ဒီနေ့ပင်လယ်မလိုက်ရတော့ အိမ်က ဝေယျာဝစ္စတွေကို ကျွန်တော်ပဲ လုပ်ရမှာပေါ့”

“မင်း တော်တော် အပင်ပန်းခံနိုင်တယ်”

ခင်မကြီးက နီမောင်ကိုကြည့်ရင်း စိတ်မကောင်းစွာ ပြောသည်။

“ဒီလိုပေါ့ မမကြီးရယ် ကျွန်တော်တို့က မရှိဆင်းရဲတဲ့ တစ်ပါးသူ



www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ အလုပ်လုပ်နေရတာ ဝတ္ထုရေးကျေပွန်အောင် လုပ်ရဖို့ ဝန်မလေး ပါလူး တာဝန်မကျေမှာပဲ စိုးရိမ်မိပါတယ်"

"မင်းရောက်တာ ကြာပဲကြာလှာပြီ တစ်ခါမှ တာဝန်မကျေဘူးလို့ ပြောသံမကြားရပါဘူး မမကြီးတော့ မြင်လည်းမမြင်မိဘူး ရောက်ခါ စနဲ့တောင် မတူဘူး အလျင်တုန်းက ဖြူဖြူသန့်သန့်နဲ့ အလုပ်သမား နဲ့ လုံးဝမတူဘူး။ ခုတော့လည်း ကြည့်စမ်းပါဦး တောင့်တင်းသန်မာ လာလိုက်တာ တကယ့်အလုပ်သမားကြီး အတိုင်းပဲ"

ခင်မကြီးစကားကြောင့် နီမောင်သည် ပြုံး၍တောင့်တင်းပြည့် မောက်နေသော ရင်အုပ်သားများကို ငုံ့ကြည့်သယောင်နှင့် မျက်နှာ လွှဲချထားသည်။

ထိုအခိုက်မှာပင် အနီးသို့လူတစ်ယောက် ရောက်လာပြန်သည်။ ခင်မလေးပင် ဖြစ်သည်။ ခင်မလေးသည် ရောက်လျှင်ရောက်ချင်း နီမောင်နှင့် ခင်မကြီးတို့ကို ကြည့်ပြီး ပျော်ရွှင်မှုမရှိဟန်ဖြင့် မျက်မှောင်ကြုတ်လျက် ကြည့်သည်။

"ကိုနီမောင်"

"ဗျာ"

"အိမ်ရှေ့က ထင်းတွေသယ်တင်ပေးစမ်းပါ မီးဖိုဆောင်ထဲ အရောက်သွင်းပေးရမှာ"

"ရတယ်လေ"

နီမောင်သည် မဆိုင်းမတွပင် နေရာမှ ထွက်သွားရန် ပြင်လိုက်သည်နှင့် ခင်မကြီးက တစ်စုံတစ်ရာ ဝင်ပြောလိုက်မည် ပြင်ပြီးမှ





ခင်မလေး၏ တင်းမာသော မျက်နှာထားကိုကြည့်ပြီး ရင်မှ ဆန္ဒများ ကို မျိုသိပ်ထားလိုက်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"မမကြီးက သက်ပြင်းတွေဘာတွေချလို့ပါလား နီမောင်က ဘာတွေများ ပြောသွားလို့ပါလိမ့်"

"နီမောင်က ဘာမှပြောမသွားပါဘူး သူ့အလုပ်တွေ ဆက်တိုက် လုပ်နေတာကြည့်ပြီး ပင်ပန်းလွန်းလို့ ပြောနေတာပါ"

"ဘာဖြစ်လဲ သူက မလေးတို့အလုပ်သမားပဲ အလုပ်ရှိရင် လုပ် ရမှာပေါ့"

"နီမောင်ဟာ အလုပ်သမားထဲမှာ အလုပ်မရှောင်ပါဘူး သိပ်ပြီး နိုင်ထက်စီးနင်း မခိုင်းပါနဲ့ ညီမရယ်"

ထိုစကားကို ခင်မလေးမကျေနပ်မိ။ နီမောင်နှင့် ပတ်သက်လာ လျှင် အရေးပေးလွန်းသည်ဟု ထင်မိသည်။

"မလေးက ဘာတွေများ နိုင်ထက်စီးနင်း ခိုင်းနေလို့လဲ မမကြီး ကလေ နီမောင်နှင့် ပတ်သက်လာရင် အမြဲတမ်းလိုလို ရှေ့ကနေ ကာဆီးကာဆီး ပြောချင်တာပဲ"

"ကာဆီး ကာဆီး ပြောတာတော့ မဟုတ်ပါဘူး ညီမရယ်၊ သူ့ခမျာလည်း အဆင်မပြေလွန်းလို့ ထင်ပါရဲ့။ တစ်ပါးသူဆီမှာ အလုပ်လုပ်နေရပေမယ့် ဘယ်လုပ်ချင်ပါ့မလဲ။ နောက်ပြီး ကိုယ်နဲ့ ရွယ်တူတန်းတူတွေက အခုလိုခိုင်းနေတော့ ရှက်ပေမပေါ့ကွယ်"

"ဟွန်း ဒီရုပ်လား ရှက်မယ့်ရုပ် သူ့ မျက်နှာထားက ကြည့်လိုက် ရင် အမြဲလို တင်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ကွယ်၊ မာနကြီးတာ မဟုတ်ပါဘူး သူက ဒီလိုပဲ နေထတ်လို့ ထင်ပါရဲ့ နောက်ပြီး ယောကျ်ားလေးဆိုတော့ စိတ်နဲ့ မာန်နဲ့လုပ်တာ ဖြစ်မှာပါ"

ခင်မလေးက မကျေမနပ်ဖြင့် မျက်စောင်းတစ်ချက်ထိုးသည်။

ခင်မကြီးကမူ တစ်ဦးတည်းသော မိတဆိုးညီမလေးကို ကျေနပ်စေရန် ဖျောင်းဖျနှစ်သိမ့်ပြီး နေရာမှ ထွက်သွားသည့်တိုင် ခင်မလေးမှာ နေရာတွင် ရပ်လျက်သား ကျန်နေခဲ့သည်။ သူမသည် မကျေမနပ်ဖြင့် ထင်းချောင်းများကို တောင်းတစ်လုံးဖြင့်ထည့်ကာ သယ်တင်နေသော နီမောင်ရှိရာသို့ လှမ်းကြည့်နေသည်။

"သိပ်ပြီး မုန်းဖို့ကောင်းတဲ့လူ ဟွန်း"

++++++++++++++++++++

## *သောင်ပြန်ပေါ်မှာ*

သောင်တန်းရွာမှာ ရွာဟူ၍ ခေါ်ရသော်လည်း တစ်နေရာတည်း စုစုစည်းစည်းတော့ မရှိလှ။ နေထိုင်ကြသူ အများစုမှာ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်သည်။ သောင်ပြန်အလွန်တွင် စိမ်းညို့အုံ့မှိုင်းစွာ တစ်မျှော်တစ်ခေါ် ရှိသော အုန်းပင်တန်းများရှိသည်။ အုန်းခြံသမားတို့လည်း ကြိုကြားနေထိုင်ကြသည်။

ပင်လယ်ရေမျက်နှာပြင်တို့ ဝန်းရံလျက်ရှိသော သောင်ပြင်ပေါ်ဝယ် ငါးစင်၊ ငါးဖမ်းလှေနှင့် ပိုက်အမျိုးမျိုးတို့ အနံ့အပြားရှိနေသည်။ ချောင်းတွင်း တစ်လျှောက်၌မူ ငါးဖမ်းစက်လှေများ ဝင်ထွက်မှု





ကြောင့် ဆူညံနေ၏။ ချောင်း မျက်နှာစာဘက် တစ်လျှောက်၌မူ ရေလုပ်ငန်း ရှင်များ၏ ငါးစင်များရှိသည်။

သောင်တန်းရွာတွင် ငါးလုပ်ငန်းနှင့် ပတ်သက်၍ အကြီးကျယ် လုပ်ငန်းရှင်မှာ ဦးမင်းအောင်ပင်ဖြစ်၏။ သောင်တန်းရွာရှိ ရေလုပ်ငန်းရှင်နှင့် အလုပ်သမားအားလုံးလိုလိုနီးပါး ဦးမင်းအောင် ကျေးဇူးနှင့် ကင်းသူရှားလှသည်။ လုပ်ငန်းကို အကြီးအကျယ် ခိုင်ခံလုပ်ကိုင်နေသဖြင့်လည်း အခြားမှလာသော ကုန်သည်များမှာ ဦးမင်းအောင်ထံသို့ ဦးတိုက်ရောက်လာကြပြီးမှ အရောင်းအဝယ် ပြုလုပ်ကြရသည်။

ယခုလည်း ဦးမင်းအောင်အိမ် ဆိပ်ကမ်းသို့ စက်လှေနှစ်စီး စက်ရှိန်လျှော့၍ ဆိုက်ကပ်လာ၏။ ကြည့်ရုံမျှနှင့် ငါးဖမ်းစက်လှေများ မဟုတ်ကြောင်း သိနိုင်လေ၏။

စက်လှေဆိုက်ပြီးသည်နှင့် တံတားပေါ်သို့ အသက်သုံးဆယ်ကျော် ဝန်းကျင်လူရွယ်တစ်ယောက် တက်လာ၏။ သူ့လက်ထဲမှာလည်း အထုပ်အပိုးများက တစ်ပွေ့တစ်ပိုက်နှင့်။

တံတားပေါ်မှ ကြည့်နေသော ဦးမင်းအောင်သည် လူရွယ်ကို မမိုတ်မသုန်ကြည့်ရင်း ပြုံးနေ၏။

"လာဟေ့ မောင်ကျော်တင့် ဒီတစ်ပတ် မြန်လှချည်လားကွယ့်"

"ဟုတ်တယ် ဦးလေးရေ ပစ္စည်းက အရောင်းအဝယ်လိုက်နေတာနဲ့ ဒီတစ်ပတ်တော့ ချက်ချင်းပြန်လာရတာပဲ ဒီမှာ ပစ္စည်းရော အဆင်သင့်ရှိရဲ့မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရမှာပေါ့ကွယ် ဖြည်းဖြည်းပေါ့ ကဲ အိမ်ထဲဝင်ပါဦး အေးအေးဆေးဆေး စကားပြောကြတာပေါ့"

နှစ်ယောက်သားအိမ်ရှေ့သို့ လျှောက်လာကြသည်။ ကွပ်ပျစ်ပေါ်တွင် ငါးမြောက်လှန်းနေသော နီမောင်သည် ကျော်တင့်ကို မြင်လိုက်သည်နှင့် မျက်နှာရှုံ့သွားသည်။ ကျော်တင့်ကမူ နီမောင်ကို မြင်သော်လည်း ဂရုမစိုက်ဟန် အနီးမှ ဖြတ်လျှောက်သွားသည်။

"လက်ထဲက အထုပ်ပွေ့က များလှချည်လားကွယ့် ဘာတွေလဲ"

"မမကြီးတို့ ခင်မလေးတို့မှာလိုက်တဲ့ ပစ္စည်းတွေပါ သူတို့ ရှိကြရဲ့ မဟုတ်လား ဦးလေး"

"ရှိပါ့ကွယ် အိမ်ထဲမှာ စာရင်းတွက်နေကြထင်ပါရဲ့"

ဦးမင်းအောင်နှင့် ကျော်တင့်တို့သည် နီမောင်နှင့် မလှမ်းမကမ်း ကွပ်ပျစ်တစ်ခုပေါ်တွင် ဝင်ထိုက်လိုက်သည်နှင့် အိမ်တွင်းမှ ခင်မလေး ထွက်လာသည်။ သူမ၏ အမူအရာမှာ ကျော်တင့်ကို မြင်လိုက်သည်နှင့် ရွှင်ပျသွားလေသည်။

"ဟော ကိုကျော်တင့်ကြီး ဘယ်တုန်းက ရောက်လာသလဲ"

"ခုပဲ စက်လှေကပ်တယ် မလေးရေ ချက်ချင်း တက်လာတာပဲ"

"စောစောက စက်လှေကပ်သံကြားကတည်းကထင်တော့ ထင်လိုက်သား မလေးမှာတဲ့ ပစ္စည်းတွေပါတယ် မဟုတ်လား"

"ပါပါတယ်ဗျာ ဟောဒီမှာပါ၊ သဘောကျရဲ့လား ကြည့်ပါဦး"

ကျော်တင့်က အထုပ်ထဲမှ ပစ္စည်းများကို နီးကြောဖျာခင်းထားသော ဖျာပေါ်သို့ သွန်ချပြသည်။





အရောင်အသွေးစုံလှသော အထည်၊ လုံချည်၊ ပိတ်စ၊ အလှကုန်ပစ္စည်းများအပြင် အရောင်တလက်လက် ထနေသော နာရီနှစ်လုံး။

"ဟယ် လှလိုက်တာ ဒီနာရီလေးကို မလေးယူရမယ် ဒါကြောင့် ကိုကျော်တင့်ကြီးကို အားကိုးရတာ"

ဦးမင်းအောင်ကမူ ရှေ့မှမြင်ကွင်းကို ကျေနပ်ဟန်ဖြင့် ပြုံးပြုံးကြီး ကြည့်နေသည်။ မလှမ်းမကမ်းမှ အလုပ်လုပ်နေသော နီမောင်ကမူ သည်ဘက်သို့ မကြည့်မိအောင် စိတ်ကို ထိန်းရင်း အလုပ်လုပ်နေသည်။ မလေးကမူ နီမောင်ကို ကြည့်၍ သဘောကျ ကျေနပ်နေမိသည်။

"မလေး ကျေနပ်တယ်ဆိုရင် ဝယ်ရကျိုးနပ်တာပါပဲဗျာ"

"နောက်ကိုလည်း ဒီလိုပဲ ဝယ်ပေးရမယ်နော် ကိုကျော်တင့်ကြီး"

"စိတ်ချပါ"

မလေးသည် ရှေ့တွင်ချထားသော ပစ္စည်းများကို အိတ်များအတွင်းသို့ ပြန်ထည့်ရင်း...

"မမကြီးနဲ့ရှယ်ယာခွဲရမယ်"ဟု ဆိုကာ ပွေ့ပိုက်၍ ပြန်ထွက်သွားမှ ဦးမင်းအောင်က စကားပြန်ဆက်ရသည်။

"အရောင်းအဝယ်က အခြေအနေဘယ်လိုရှိသလဲ မောင်ကျော်တင့်"

"မဆိုးဘူး ဦးလေး"

"လမ်းပန်း အခြေအနေကရော"

"အဲဒါတော့ သိပ်မကောင်းလှဘူး အစတုန်းကကင်းတွေပေါက်ပဲ ရှိပေမယ့် အခုဆိုရင် မြစ်တွင်းမှာ ကင်းလှည့်နေတဲ့အဆင့်အထိ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ရတာ သိပ်မလွယ်လှဘူး၊ နောက်ပြီး အခုဆို [illegible] အခြားပစ္စည်းတွေကို သမဝါယမတွေက ကိုင်ထားပြီး [illegible]ပေးနေတော့ ဈေးသိပ်မရတော့ဘူး"

"နည်းနည်းလျှော့လုပ်ပေါ့ကွာ ဒါဖြင့် ဘာကုန်ပစ္စည်း ကိုက်သလဲ"

"လင်းပိုင်ဆီနဲ့ မိကျောင်းရေပဲ ဒီတစ်ပတ်ရနိုင်ပါဦးမလား ဦးလေး"

ဦးမင်းအောင်က ချထားသော ဆေးတံကို အေးဆေးစွာ မီးညှိဖွာရင်း စကားပြန်သည်။

"ခုတော့ သိပ်မရသေးဘူး တို့တစ်တွေလည်း သားငါးဖမ်းရတာ အလျှင်လို မလွတ်လပ်တော့ဘူးကွ လင်းပိုင်ဆိုရင် လုံးဝဖမ်းပိုင်ခွင့် ပိတ်ထားတယ်။ မိကျောင်းဆိုရင်လည်း အတူတူပဲ။ ပုလဲနဲ့ ငါးလုပ်ငန်းက ဦးစီးချုပ်ကိုင်ထားပြီး ဖမ်းဆီးခွင့် လုံးဝပိတ်ထားတယ်လေ ဒါကြောင့် မိသွားရင် ပြဿနာ ဝင်လာမှာစိုးလို့ လျှော့လုပ်နေရတယ်"

"ဒါပေမဲ့ ဒီတစ်ပတ်တော့ ကြိုးစားပြီး ဖန်တီးပေးပါဦး ဦးလေး"

"စိတ်ချပါ အိမ်မှာလည်း လက်ကျန်နည်းနည်းရှိပါသေးတယ် မပြန်ခင် လုံလောက်အောင် ရှာပေးလိုက်ပါ့မယ် ဒါကြောင့် အလုပ်သမားတွေချည်း လွှတ်ရတာ စိတ်မချတာနဲ့ တစ်ခါတစ်လေ ကိုယ်တိုင် ထွက်လိုက်နေရတယ်"

"ဒါကြောင့် ဦးလေးကိုပဲ အားကိုးနေရတာပေါ့"

မလှမ်းမကမ်းတွင် ရှိနေသော နီမောင်သည် ဦးမင်းအောင် နှင့်





ကျော်တင့်တို့ပြောနေသော စကားများကို နားထောင်ရင်း စိတ်မသက်မသာဖြစ်မိသည်။ ဝိသမလောဘသမားများကြောင့် ယခုအခါတွင် ပင်လယ်ပြင်ကဝိုက် သားငါးများ ပြုန်းတီးလာသည်မှာ လက်တွေ့ဖြစ်သည်။ ဦးမင်းအောင်သည် စီးပွားရေးအရ အဆင်ပြေမည်ဆိုပါက ဝေလငါးကိုပင် ဖမ်းမည့်လူစားမျိုးဖြစ်၏။ ထိုလူမျိုးများ ရှိနေသရွေ့ သားငါးပြုန်းတီးမှုများ တိုးပွားနေမည်ကို တွေးမိသဖြင့် ရင်ထဲမှာ မသက်မသာဖြစ်မိခြင်းဖြစ်၏။

သက်ပြင်းတစ်ချက်ချ၍ ဦးမင်းအောင်တို့ရှိရာသို့ လှည့်ကြည့်လိုက်သောအခါ ကျော်တင့်က ငွေစက္ကူတစ်ထပ် ထုတ်ပေးနေသည်ကို မြင်ရသည်။

ထိုစဉ် ဆိပ်ကမ်းတွင် ငါးဖမ်းလှေများ ပြန်လည်ဆိုက်ကပ်လာကြပြီ၊ ဆိပ်ကမ်းတဝိုက်တွင် ရုတ်ချည်းဆူညံလှုပ်ရှားသွားလေသည်။ သို့ကြောင့် နီမောင်သည် ငါးတင်ရန်အတွက် ခြင်းတောင်းကို ဆွဲ၍ ဆင်းလာသည်။ ကမ်းစပ်တွင် ဆိုက်ထားသော လှေများထဲတွင် ငါးမျိုးစုံပါသည့်အပြင် ငါးမန်းများပင် ပါလေသည်။ တခြားလှေတစ်စင်းတွင် အရွယ်တော် မိကျောင်းတစ်ကောင်နှင့် လင်းပိုင်တစ်ကောင်။

"အင်း ဦးမင်းအောင်နဲ့ ကျော်တင့်တို့ သဘောကျမယ့် သတ္တဝါတွေပါလား"

စိတ်မသက်မသာဖြင့် ရေရွတ်ရင်း ငါးတင်ရန် ခြင်းတောင်းကို ပစ်ချပေးလိုက်သည်။ ထိုအချိန်တွင် ကမ်းစပ်သို့ ဦးမင်းအောင်နှင့် ကျော်တင့်တို့ ဆင်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလရာသီ၏ နေ့လယ်ဘက် ထွက်နေသော နေရောင်သည် ဆောင်းနှင်းပွင့်များကို ဖြတ်သန်းလာရသည်ဆိုစေကာမူ စူးစူးရဲရဲ နိုင်လှသည် ထင်မိသည်။

+++++++++++++++++++

## လင်းပိုင်ဆီဘာ

"အဘထွန်း"

"ဟလကွာ"

"ကျွန်တော်ကို လင်းပိုင်အကြောင်း ပြောပြစမ်းပါ"

ဦးဘိုးထွန်းက "ဒီကလေး ဘာစိတ်ကူးရလာပြန်ပလဲ"ဟူသော အကြည့်ဖြင့် ကြည့်သည်။

"ဘာဖြစ်လာပြန်ပြီလဲ နီမောင်"

"ဘာမှမဖြစ်ပါဘူး ဗဟုသုတအဖြစ် သိချင်လို့ မေးကြည့်တာပါ"

"မင်းကွာ"

ညည်းညူရင်းဖြင့် လက်ထဲမှ ကျစ်လက်စ ခတ်ကွင်းကို အလျင်စလို ကျစ်နေပြန်သည်။

"ပေး..ပေး ခတ်ကွင်းတွေကို ကျွန်တော် ကျစ်ပေးမယ်"

နီမောင်က ဦးဘိုးထွန်းလက်ထဲမှ ကြစ်လက်စခတ်ကွင်းနှင့် လျှော်ပင်အချို့ကို ဆွဲယူပြီး ကျွမ်းကျင်လျင်မြန်စွာ ကျစ်နေသည်။ သမန်းလျှော်ဟူသည်မှာ ပင်ကိုက ချောနေလေရာ မကျွမ်းကျင်ပါက လွယ်လင့်တကူ မရှိဘဲ ချော်ထွက်နေတတ်၏။





ဦးဘိုးထွန်းသည် နီမောင် ခတ်ကွင်းကျစ်နေသည်ကို ကြည့်ပြီး ကျေနပ်ဟန်ဖြင့် အန်းတွင်ချထားသော ဆေးတံကို တစ်ဖွာနှစ်ဖွာ မီးညှိဖွာရင်း ပြုံးနေသည်။

"ပြောပါ အဘထွန်းရ ဦးမင်းအောင်တို့ စကားဝိုင်းမှာ လင်းပိုင်အကြောင်းတွေ ကြားခဲ့ကြားနေရတယ်"

"ပင်လယ်ထဲမှာ လင်းပိုင်ရယ် လင်းရှူးရယ်ဆိုပြီးနှစ်မျိုးရှိတယ် လင်းပိုင်က ရှားပါးသတ္တဝါတရင်းမှာပါတယ် လင်းရှူးကတော့ ကွာ ပေါပါတယ်။ တခြားဝေးဝေးမရှာရပါဘူး။ ဖောင်ဝင်မြစ်ကြောထဲမှာပင် တွေ့နိုင်ပါတယ်"

"ဟုတ်တယ် အဘ"

"လင်းပိုင်ဆိုတာ အလျင်က ဒီလောက်မရှားပါဘူး။ တို့ငယ်ငယ်ကဆိုရင် မြစ်ထဲတွေမှာ မတွေ့ချင် မမြင်ချင်အဆုံးပေါ့ကွာ နောက်ဝိသမသားတွေ နှိပ်စက်တာနဲ့ နောက်လူဘွေဆို မြင်တောင် မမြင်ဖူးကြပါဘူး"

"ကျွန်တော်တောင် တစ်ခါနှစ်ခါပဲ မြင်ဖူးတယ်၊ လင်းရှူးနဲ့ ဆင်တူတယ်နော် အဘ"

"အေး မည်းတာနဲ့ ဖြူတာပဲကွာတယ်။ ဒါပေမဲ့ လင်းပိုင်ဆီက ပိုပြီးအသုံးဝင်တယ်"

"ပြောပါဦး အဘထွန်း"

"လင်းပိုင်ဆီ အစစ်ဆိုတာ အရိုး၊ အဆစ်၊ အသားတွေကို ပျော့ပျောင်းနူးညံ့အောင် ပြုလုပ်တဲ့အခါမှာ သိပ်ပြီး အသုံးဝင်တယ် တို့ကွာ



www.burmeseclassic.com

www.burmeseclassic.com



ဟိန္ဒူဘာသာသမားတို့၊ ဇာတ်မင်းသား၊ မင်းသမီးတွေအတွက် သိပ်ဖြီး အသုံးဝင်တာပေါ့ကွ”

“ဟုတ်-ကဲ့”

“လိမ်းပေးရုံနဲ့ အရိုးအဆစ်တွေ ပျော့ပျောင်းနူးညံ့လာပြီး လိုသလို လုပ်လို့ရတယ်။ နောက်ပြီး ဆေးဖက်လည်းဝင်တယ်”

“ဒါကြောင့်များ ဈေးကြီးနေသလား မသိဘူးနော်”

“သိပ်ဟုတ်တာပေါ့ တို့ဆီက ထွက်တဲ့လင်းပိုင်ဆီတွေဟာ ဝိသမလောဘသမားလက်ထဲကမှတဆင့် နိုင်ငံခြားအထိရောက်ကုန်ကြတယ်၊ ဈေးကလည်း ဖြစ်မြောက်အောင်ရလေတော့ လင်းပိုင်ဆီရရင် အစစ်နဲ့ အတုနဲ့ရောပြီး ရောင်းကြတာပဲ။ အတုဆိုတာ အစစ်လောက် ဘယ်မှာလာပြီး အစွမ်းထက်နိုင်ပါ့မလဲကွယ်”

“တကယ်လို့ လင်းပိုင်ကို လိုချင်ရင်ဘယ်လိုဖမ်းမလဲအဘ”

“ဒီကောင်မျိုးက ရေသတ္တဝါဆိုပေမယ့် ကုန်းသတ္တဝါတွေလိုပဲ လူနဲ့နီးစပ်တယ် ပါးရည်နပ်ရည်ရှိတယ် အနေအထိုင်ကျစ်လစ်တော့ ရုတ်တရက်ဖမ်းဖို့မလွယ်ဘူး တခ်ါတစ်ခါရေကြောင်းမှားပြီး ပိုက်တွေ စနွားတွေထဲ ဝင်လာမှပဲ ရကြတာပဲ။ ဒါတောင် ရှေးက အယူသည်းတဲ့ ရေလုပ်သားတွေဆိုရင် မိလာရင်တောင် ပြန်လွှတ်ပေးတတ်ကြတယ်”

“ဘာဖြစ်လို့လဲ အဘ”

“လင်းပိုင်ဟာ ရေလုပ်သားတွေအတွက် ပင်လယ်သွားသင်္ဘောသားတွေအတွက် ရေကြောင်းပြတဲ့နေရာမှာ အားကိုးရတာကိုး”



“ဪ”

“နောက်ပြီး လင်းပိုင်က နူးညံ့တယ် သူ့အသားထိရင် သေတာပဲကွ”

“ဒီကောင်မျိုးတွေက ရေချို့အထိတက်လာကြသလား”

“မိုးတွင်းအခါတွေမှာတော့ ပင်လယ်ထဲမှာ အနေများတယ်၊ နတ်တော်ပြာသိုလတွေ ရောက်လာတဲ့ ဆောင်းအခါတွေမှာတော့ အထက်ဘက်ကို တက်လာတတ်ကြပါတယ်။ ဒါပေမဲ့ အလွန်ဆုံး ရေချိုရေငန်အစပ်ဖြစ်တဲ့ ဖောင်ဝင်မြစ်ရိုးလောက်အထိပါပဲ”

ဦးဘိုးထွန်းက အငွေ့သေလုနေသော ဆေးတံကို မီးမသေစေရန် အားစိုက်၍ ဖွာနေ၏။ နီမောင်က ခတ်ကွင်းများကို လက်စသတ်ကျစ်ပေးလိုက်သည်။ ဦးဘထွန်းက ဆေးတံကိုခဲရင်း ခတ်ကွင်းတစ်ကွင်းကို ယူ၍ မာ မမာ စမ်းကြည့်သည်။ အလွန်းညီလှပြီး ကျစ်လစ်သေသပ်မှုရှိသည်ကိုတွေ့ရသဖြင့် ကျေနပ်သွားသည်။

“ဒါနဲ့ လင်းပိုင်နဲ့ လင်းရှူးနဲ့ ဘယ်လိုကွာသလဲဟင်”

“လင်းပိုင်နဲ့ လင်းရှူးက ဆင်ပေမယ့် လင်းရှူးက မည်းတယ်ကွ ရေထဲမှာ တွေ့လိုက်တဲ့အခါ ကျွဲတွေရေချထားတာနဲ့တူတယ် မင်းလည်းတွေ့ဖူးတယ် မဟုတ်လား သူတို့နှာခေါင်းက တရှူးရှူးမှုတ်နေကြတာပဲ”

“ဒါကြောင့် လင်းရှူးလို့ ခေါ်သလားမသိဘူး”

အတိအကျတော့ မပြောနိုင်ဘူး၊ ဒီကောင်မျိုးတွေက အုပ်စုနဲ့ အနေများတယ်။ အနည်းဆုံး ဆယ့်လေးငါးကောင်ကနေ ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်၊ ခုနစ်ဆယ်အထိများတယ်၊ သူတို့အုပ်စုတွေကို ရေသတ္တဝါတိုင်းက ကြောက်ကြတယ်၊ တရှူးရှူးမှုတ်တဲ့ဒဏ်ကို ဘယ်လိုမှ မခံနိုင်ကြဘူး မှုးမေ့ပြီး ပေါ်လာတော့တာပဲ"

"အတော်ဆိုးတာပဲ"

နီမောင်က ရယ်ရင်းပြောသည်။

"ဒါပေမဲ့ကွ လူတွေပင်လယ်ထဲမှာ လှေတွေဘာတွေမှောက်ပြီး ဒုက္ခရောက်နေတုန်း သူတို့အုပ်စုနဲ့တွေ့ရင် မှုတ်ပြီး ကမ်းကိုရောက်အောင် ပို့ပေးကြတယ်၊ အဲဒါကျတော့လည်း ချစ်စရာ ဖြစ်နေပြန်ရောမဟုတ်လား"

"ဟုတ်တယ် အဘထွန်း ဒီကောင်မျိုးတွေက လူကို လုံးဝအနှောင့်အယှက်မပေးကြဘူး၊ ရန်မမူဘူးဆိုကတည်းက ချစ်စရာကောင်းနေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ကတော့ မိရင်ပြန်လွှတ်ပေးတာပါပဲ။ အခြားလူတွေလည်း ဒီလိုပါပဲ"

"အသုံးလည်း မဝင်လှပါဘူးကွာ"

"ဒါပေမဲ့ အဆီရတယ် မဟုတ်လား အဘ"

"ရတော့ရတာပေါ့ သူလဲလင်းပိုင်လိုပဲ၊ အဆီသုံးထပ်ကောင်ရှိတာပဲ။ နောက်ပြီး ဒီကောင်တွေမှာ အထီးအမအင်္ဂါစုံပါတယ် ခြေလက်မပါတာကလွဲလို့ လူနဲ့ တော်တော်တူတယ်"

"ရေသူမဆိုတာ ဒီအကောင်မျိုးတွေခေါ်တာများလား"

"ကြဲကြဲဖန်ဖန်ကွယ် ရေသူမဆိုတာ တကယ်မရှိပါဘူး ပုံပြင်တွေထဲမှာသာ ကြားတာပါ။ ငါတော့ ပင်လယ်ပြင်မှာ လုပ်သက်





ကြာလှပါပြီ တစ်ခါမှ ရေသူမကို ဖမ်းမမိဖူးသေးပါဘူး"

နီမောင်က ဦးဘထွန်းစကားကြောင့် ပြုံးစစဖြင့်မေးသည်။

"ခုနေများ လင်းရှူးအမကြီးကြီးတစ်ကောင်များ ဖမ်းမိရင် အဘထွန်းဘယ်လိုလုပ်မလဲ"

"ပြန်လွှတ်မှာပေါ့ကွ"

"ကျွန်တော်ခတော့ မယုံပါဘူး"

"အင်..အာ ခွေးကောင် ငါက တကယ်ပြောတာ အောက်မေ့လို့"

ဦးဘိုးထွန်းက နီမောင် ဆိုလိုရင်းကို ရိပ်မိသွားဟန်ဖြင့် ပြုံးနေလေသည်။ နီမောင်ကမူ သူ့အတွေးနှင့်သူ ဦးဘိုးထွန်း၏ ရှက်စနိုးအမူအရာကိုကြည့်ပြီး သဘောကျနေမိသည်။

++++++++++++++

## *အသိရခက်သော မိန်းကလေး*

ရှေ့သို့ ခြေတလှမ်းတိုး၍ လှမ်းလိုက်လေတိုင်း စိုအိနေသော သဲမြေနှင့် ထိသော်လည်း ထိသည်မထင်မိ။ အတွေးစတို့မှာ အဆုံးအစမရှိ ပျံ့လွင့်လျက် ရှိသည်။

နီမောင့်အတွေးတို့သည် ဦးဘိုးထွန်းနှင့် ပတ်သက်သမျှချည်းဖြစ်၏။

ဦးဘိုးထွန်းသည် နီမောင်နှင့် ဆွေမျိုးမျိုးစပ်မှု မတော်စပ်သော်လည်း တကယ့်သွေးရင်းသားရင်းတမျှ ခင်တွယ်နေ၏။ ဖြေးသားတစ်ယောက်နှယ် သံယောဇဉ်တွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင် သောင်တန်းရွာသို့ ရောက်စက လူစိမ်းသက်သက်အနေဖြင့် ရောက်လာခဲ့ခြင်းဖြစ်၏။ နယ်မြေသစ်တွင် လူသစ်မိတ်သစ်များနှင့် စတင်ထိတွေ့ရစဉ်ကပင် ကံကောင်းသည်ဆိုရမည်ပင်။ ရေလုပ်ငန်းပညာ၌ မည်သည့်အလုပ်မျှ မည်မည်ရရ မတတ်ကျွမ်းသော နီမောင်အဖို့ ရောက်စက အတော်ကို ကသိကအောက် ဖြစ်ခဲ့ရသည်။

ထိုအခိုက်မှာပင် ဦးဘိုးထွန်းနှင့် ဆက်မိသည်။

ဦးဘိုးထွန်းသည် ရေလုပ်ငန်းမျိုးစုံ ကျွမ်းကျင်သူဖြစ်ရကား နီမောင်ကို ရေလုပ်ငန်းအကြောင်းများ၊ ပင်လယ်ပြင် အတွေ့အကြုံများ၊ ရေသတ္တဝါမျိုးစုံများအကြောင်းသာမက ရာသီဥတုနှင့် မလေ့စရိုက်များပါမကျန် စေ့စေ့စပ်စပ် သင်ကြားပေး၏။

ရောက်စက နီမောင်သည် ဖြူဖြူသွယ်သွယ်နှင့် လူရည်သန့်တစ်ယောက်ဖြစ်သော်လည်း ယခုအခါ၌မူ ပီတိရေလုပ်သားတစ်ယောက်သဖွယ် ကြံ့ခိုင်သန်စွမ်းနေပေပြီ။

ဦးဘိုးထွန်း၏ ကျေးဇူးများကြောင့် ကျားငမန်း၊ စွယ်ငမန်းနှင့် မိကျောင်းဖမ်းနည်းများကို ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းနေပြီဖြစ်၏။ သူ့လက်ဖြင့် မိကျောင်းနှင့် ငါးမန်းစွယ်များကို ဖမ်းဆီးနိုင်ခဲ့ပြီးဖြစ်သည်။ သို့ကြောင့်လည်း ဦးဘိုးထွန်းက သဘောကျစွာ လက်သပ်မွေးထားသည်ဆိုက မှားအံ့မထင်ပါချေ။

သားငါးများ၏ မလေ့၊ ပင်လယ်ပြင် အတွေ့အကြုံများကို သိချင်လှသော နီမောင်အဖို့ ဦးဘိုးထွန်းသည် ဗဟုသုတ ဟင်းလေးအိုးကြီးသဖွယ် ဖြစ်နေသဖြင့် နှစ်ပိုင်းအတွင်းမှာပင် မိမိရည်မှန်းချက်များ





အောင်မြင်လိမ့်မည်ကို တွေးတောရင်း ကျေနပ်မှုဖြစ်နေမိသည်။

အတွေးကောင်းစွာဖြင့် လျှောက်လာရာ အုန်းတောအလွန်တွင် မလေးနှင့်မျက်နှာချင်းဆိုင် ပက်ပင်းတိုးလေသည်။ မလေးနှင့် တွေ့ရမည်ကို ဝန်လေးလှသဖြင့် ကွေ့ရှောင်သွားရန် ကြိုးစားသော်လည်း အချိန်မရတော့ပေ။

"ကိုနီမောင်"

အနီးရောက်မှ ကပ်၍ခေါ်သည်။

"ဘာလဲ မလေး"

"ကျွန်မ ရွာဖျားဘက် ကြွေးတောင်းသွားစရာရှိလို့အဖော်လိုက်ခဲ့စမ်းပါ"

"ကျွန်တော် ပင်လယ်ထွက်စရာရှိတယ် မလေး"

"ရပါတယ် အဖေ့ကို ကျွန်မခေါ်သွားတယ်လို့ ပြောလိုက်ရင်ပြီးတာပါပဲ တစ်ယောက်ကို အစားခေါ်သွားလိမ့်မယ်"

"ဖြစ်ပါ့မလားဗျာ တော်ကြာအဆူခံနေရပါဦးမယ်"

"ရပါတယ် လိုက်မှာသာ လိုက်ခဲ့စမ်းပါရှင်"

မလေး၏အသံမှာ အမိန့်ပေးသံ ဆန်လှသော်လည်း အလုပ်ရှင်နှင့် အလုပ်သမားပေမို့ဟု နှလုံးသွင်းကာ မလေးနောက်မှ ကပ်လိုက်ခဲ့ရသည်။ ရှေ့သို့လေးငါးလှမ်းမျှ လျှောက်ပြီးသည်နှင့် မလေးက လှည့်ကြည့်ပြန်သည်။

"တုံ့နေးတုံ့နေးနဲ့ ဘယ်လိုဖြစ်နေတာလဲ"

"မလေး ရှေ့ကလျှောက်ပါ ကျွန်တော် မီအောင်လျှောက်နိုင်ပါတယ်"

"ဘာလဲ ကျွန်မနဲ့ ယှဉ်လျှောက်ရမှာ ရှက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခဏ ဟုတ်ပါဘူး မလေး သိက္ခာကျမှာစိုးလို့ပါ"

"မဆိုင်ပါတာ"

မလေးက စကားမဆက်ပဲ နီမောင့်မျက်နှာကို မျက်မှောင်ကြုတ်လျက် ကြည့်သည်။ သူမ၏ မျက်နှာပေါ်တွင် မကျေနပ်မှု အရိပ်အယောင်များ ယှက်သန်းနေ၏။

"မလေး လျှောက်စေချင်ရင် ကျွန်တော်လျှောက်ပါ့မယ် ဒါပေမဲ့ ပတ်ဝန်းကျင်က အထင်အမြင်သေးစရာဖြစ်နေပါ့မယ်"

"ကျွန်မ လွတ်လပ်ခွင့် ကျွန်မအခွင့်အရေးကို တစ်ယောက်ယောက်က ချုပ်ကိုင်လို့ရမယ်ထင်သလား မလေးဆန္ဒက ရမယ်ထင်ရင် ရအောင်လုပ်ယူချင်ကယ် အဲ ဖြစ်မယ်ထင်ရင်လည်း ဖြစ်အောင် လုပ်တတ်တယ် ဒါပဲ"

ဒေါနှင့်ဂမာနှင့် ရှေ့မှခပ်သွက်သွက် ထွက်သွားလေရာ နီမောင်ကလည်း နောက်မှ ကသုတ်ကရက်ဖြင့် အမီလိုက်ရလေတော့သည်။ လမ်းမှာ တဘက်တချက်စီတွင် ခြံစည်းရိုးများရှိပြီး အလယ်တွင် လူတစ်ယောက် လျှောက်သာရုံ လမ်းကျဉ်းကလေး ဖြစ်သဖြင့် နှစ်ယောက်ယှဉ်တွဲ၍ လျှောက်ကြသောအခါ ပခုံးသားချင်း ထိကြလေတိုင်း နှလုံးသားတွင် လှုပ်ရှားမှုကလေးများ မသိမသာ ရိုက်ခတ်မိကြသည်။

လမ်းတစ်လျှောက်လုံး မလေးက စကားများ တတွတ်တွတ်ပြောလာသော်လည်း နီမောင်ကမူ အင်းမလုပ် အဲမလုပ် ရှိနေသည်။ သူ့ရင်ထဲမှာ စိုးရိမ်မှုကလေးများ ဝင်နေသည်။





တစ်စုံတစ်ဦးက ဦးမင်းအောင်အား မလိုတမာ ကုန်းချောလိုက်မှုဖြင့် ဟူသောအတွေးကို အခါခါသတိရနေမိသည်။ အိမ်ပြန်ရောက်သောအခါ ဦးမင်းအောင်က အိမ်ဝမှဆီး၍ အပြစ်တင်လေသည်။

"မင်းက ဘယ်လျှောက်သွားနေတာလဲ ဒီနေ့ ပင်လယ်ထွက်ရမယ်ဆိုတာ မသိဘူးလား"

"ကျွန်တော့်ကို မလေးခေါ်သွားလို့ လိုက်သွားတာပါ ဦးလေး"

နီမောင်က မလေးရှိရာကို လှမ်းကြည့်သောအခါ မလေးက အေးအေးဆေးဆေး အမူအရာဖြင့် "ဟုတ်တယ် ဖေဖေ သမီး အဖော်မပါလို့ သူ့ကိုခေါ်သွားတာပါ"ဟုဆိုကာ သမင်ပျိုမကလေး သဖွယ် ခပ်ဖျော့ဖျော့ပါးသွက်လက်စွာ အိမ်တွင်းသို့ ဝင်သွားလေသည်။ ဦးမင်းအောင်ကမူ သမီးဖြစ်သူကိုကြည့်ရင်း မည်သို့မျှ မပြောနိုင်တော့ဘဲ စိတ်ပျက်စွာ ခေါင်းခါလိုက်သည်။

"ခက်တာပဲ အလုပ်အကြောင်းကို ဘာမှလဲမသိဘဲနဲ့ အရမ်းအရမ်း လုပ်ကြတာပဲ ဒီမှာက လူစားထည့်လိုက်ရတဲ့သူက နီမောင့်လောက်အားမကိုးရဘူး သမီးငယ်ဟာ ဘာမှ စဉ်းစားဉာဏ်မရှိဘူး"

ဦးမင်းအောင်က အိမ်ဘက်သို့ လှည့်ဝင်သွားသောအခါမှ နီမောင်မှာ အသက်ရှူချောင်သွားမိသည်။ ယခုလို ဆိုပြန်တော့လည်း မလေးသည် ထင်သလောက် မဆိုးပါလားဟု စိတ်ထဲမှ တွေးနေမိပြန်သည်။

++++++++++++++++



www.burmeseclassic.com

www.burmeseclassic.com



## ပသီရေမျက်နှာပြင်ပေါ်မှာ

ပသီပင်လယ်ကွေ့။

မြောက်ဘက်တွင် ရှုမဆုံးသည့် မှိုင်းညို့ညို့ သစ်တောကြီးများဖြင့် ပန်းရနေသည်။ တောင်ဘက်တွင်မူ မှုန်ပျပျ တစ်မျှော်တစ်ခေါ် မြင်နေရသည့် ပင်လယ်ရေပြင်။ လေတဖြူးဖြူး တိုက်ခတ်နေသော လှိုင်းကြက်ခွပ်ကလေးများ တဖျပ်ဖျပ်ထနေသည်။

ကွေ့အတွင်းသို့ လှေတစ်စင်းဝင်လာသည်။

လှေပေါ်တွင် ငါးဖမ်းကိရိယာ အစုံအလင်နှင့် လူသုံးယောက်ပါလာသည်။ လှေသည် ရေပြင်ပေါ် ဝယ် အရှိန်ဖြင့် ရွေ့လျားနေ၏။ လူငယ်နှစ်ဦး၏ လှော်အားကြောင့် စက်တပ်ပမာ မြန်ဆန်လှ၏။

"နီမောင်"

"ဗျာ"

"ဒီည ငါကိုယ်တိုင် လိုက်လာတာ ဘာဖြစ်လို့လဲ သိလားကွ"

"မိကျောင်းထိုးဖို့ မဟုတ်လား ဦးလေး"

ဟုတ်၏ာည်။ ယခင်က ဦးမင်းအောင်ကိုယ်တိုင်လိုက်သည့်အခါများတွင် မိကျောင်းတစ်ကောင်တော့ ရအောင်ထိုးစမြဲဖြစ်၏။

"ဒီတစ်ခါ မိကျောင်းထိုးမလို့ မဟုတ်ဘူးကွ"

နီမောင်နှင့် သိန်းတင်အံ့သြသွားကြသည်။ ယခုလို ပင်လယ်ပြင်ခရီးထွက်လာခဲ့ခြင်းမှာ အပျော်ခရီး မဟုတ်မှန်း နားလည်ကြသည်။

ထို့ပြင် ဦးမင်းအောင်သည် ဘယ်သို့သော အကြောင်းကြောင့်





လိုက်လာသနည်း။ ဖြစ်နိုင်သမျှ လက်လှမ်းမီသမျှ တွေးတောနေကြသည်။

"ဒီနေ့ည လင်းရှူးကြီးတစ်ကောင်ရအောင် ထိုးမလို့ကွ"

"ဗျာ"

နှစ်ယောက်စလုံး အံ့သြသွားကြပြန်သည်။ မကြုံစဖူး မကြားစဖူးစကားပါပေ။ ယခင်က ပင်လယ်ပြင်တွင် လင်းရှူးကို တကူးတကရှာဖမ်းသည်ဟု မရှိခဲ့။ အကယ်၍ မလွဲမရှောင်သာ ဖမ်းမိလာလျှင်သော်မှ ပြန်လွှတ်ပေးလေ့ရှိကြသည်။ ယခုအခါမှ ထူးထူးခြားခြား လင်းရှူးဖမ်းမည်ဆိုပါလား။

"ဘာလုပ်ဖို့လဲ ဦးလေး"

"အဆီချက်ဖို့ပေါ့ အခုလင်းပိုင်ဆီဟာ ရှာမရအောင် ရှားသွားပြီ မဟုတ်လား ဒါကြောင့် လင်းပိုင်အစား လင်းရှူးကို အစားထိုးဖမ်းပြီး အဆီချက်ရမှာပေါ့"

"မဟုတ်တာ ဦးလေးကလည်း ဘယ်သူကယူမှာတဲ့လဲ"

"ဘာဖြစ်လို့ မယူရမှာလဲ လင်းရှူးမှာလည်း လင်းပိုင်လို အဆီသုံးထပ်တောင် ရှိတာပဲဟာ"

"ဒါပေမဲ့ ဝယ်တဲ့သူတွေက လင်းရှူးဆီမှန်းသိရင် ယူပါ့မလား ဦးလေး"

"မင်းတို့ တယ်လည်းအကြံတာကိုး မြို့ကကောင်တွေက လင်းပိုင်ဆီမှန်း လင်းရှူးဆီမှန်း ဘယ်လိုလုပ်ခွဲခြားသိနိုင်မှာတဲ့လဲ"

"ဒါပေမဲ့ ဦးလေးရယ် သုံးတဲ့သူတွေအဖို့မှာတော့ အကျိုးမရှိပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဦးလေးလိုချင်ရင် လင်းပိုင်တစ်ကောင်ရအောင် ကျွန်တော် ရှာပေးပါ့မယ်”

နီမောင့်စကားကြောင့် ဦးမင်းအောင် ဒေါပွသွားသည်။ မိမိဆန္ဒ မှန်သမျှ ဘယ်ကြိမ်တစ်ခါဖူးမျှ ပြန်လှန်ဆင်ခြေမပေးဖူးသောသူက ယခုတစ်ကြိမ်ကျမှ မိမိအား ပြန်လှန်ပြောဆိုနေသဖြင့် ရင်ထဲမှာ အောင့်သက်သက် ဖြစ်မိသည်။

“ဟေ့ နီမောင် မင်း ငါ့ကို ဘာတစ်ခွန်းမှ ပြန်လှန်ပြီး ထပ်တွန့် တက်ဖို့ မလိုဘူးကွ၊ လင်းပိုင်မကလို့ ဝေလငါးပဲ ဖမ်းပေး ဖမ်းပေး ငါမလိုချင်ဘူး၊ ငါလိုချင်တာက လင်းရှူးကြီးကြီး တစ်ကောင်ပဲကွ၊ နောက်ထပ် ငါ့ကို ဘာတစ်ခွန်းမှ ထပ်မပြောနဲ့တော့။ ငါခိုင်းတာလုပ်ဒါပဲ”

နီမောင် စိတ်ပျက်သွားသည်။

မိမိကိုယ်ကျိုးအတွက် အခြားသူများ အတွက်လည်း အကျိုးမရှိ။ အသုံးမဝင်သော သတ္တဝါများပြုန်းတီးမှု ဖြစ်မည်ကို တွေးမိသောအခါ ရင်ထဲ၌ မကောင်းလှ မွန်းကျပ်ဆို့နစ်မှုဖြစ်နေသည်။ သို့သော် ယခုအခြေအနေအရ ဦးမင်းအောင်၏ အမိန့်ကို လွန်ဆန်၍တော့ မဖြစ်ပေ။ အလိုက်သင့် လှုပ်ရှားရန်သာ စိတ်ကိုတင်းထားလိုက်သည်။

ဆောင်း၏ ညချမ်းသည် တိတ်ဆိတ်ငြိမ်သက်လွန်းလှသဖြင့် ချောက်ချားဖွယ်ရာဖြစ်နေသည်။ နှင်းမှုန်နှင်းစက်များကြောင့် ပတ်ဝန်းကျင်သည် မှုန်မှုန်မှိုင်းမှိုင်း ဖြစ်နေသည်။





ပသိကွေ့ အတွင်းပိုင်းသို့ ရောက်ကြသောအခါ မလှမ်းမကမ်း၌ လင်းရှူးနှာမှုတ်သံများ ကြားရသည်။

“အခုလို အလင်းရောင်အားနည်းနေတာ တို့အတွက် တပန်းသာတယ်။ ဒါပေမဲ့ ဒီလောက်အလင်းရောင်နဲ့ကတော့ ငါ ရှေ့ကို သိပ်မြင်ရမှာမဟုတ်ဘူး နီမောင် ဒီည မင်းစလွတ်ထိုးတဲ့တာဝန်ယူရမယ်”

လေးပင်စွာပင် ခေါင်းညိတ်ပြလိုက်သည်။

ဦးမင်းအောင်က နီမောင်ကို လှေဦးဖျားသို့ သွားစေကာ သူကိုယ်တိုင်က လှေဝမ်းအလယ်သို့ ပြောင်းထိုင်ပြီး သိန်းတင်က လှေပဲ့မှ ဘက်မကိုင်ရန် တာဝန်ယူသည်။

နီမောင်သည် လှေဦးသို့ ရောက်သည်နှင့် စလွတ်ကို ကောက်ယူလိုက်သည်။ စီးစီးနင့်နင့်လေးပြီး အေးစက်သော အတွေ့အထိသည် နှလုံးသားထိအောင် စိမ့်ဝင်သွားသည်။ ကြိုးခွေများသည် သူ့ခြေရင်းတွင် မြွေများသဖွယ် အခွေလိုက်အစင်းလိုက် ရှိနေကြသည်။ လှေကလေးသည် သိန်းတင်၏ လှော်အားကြောင့် တစ်စတစ်စဖြင့် လင်းရှူးအုပ်များနှင့် နီးနိုင်သမျှ နီးလာလေသည်။ ထို့နှင့်အမျှ ကမ်းခြေနှင့် ဝေးနိုင်သမျှ ဝေးလာလေသည်။

သည်နေရာတစ်ဝိုက်တွင် ရေးသည် အသူရာမျှ နက်ရှိုင်းလှပြီး သားစားငါးမန်းနှင့် မိကျောင်းများ ပေါလာသဖြင့် အကယ်၍ မြစ်ရေပြင်ပေါ်တွင် အကြောင်းတစ်စုံတစ်ရာကြောင့် လှေနစ်ခဲ့ပါမူ ယင်းကြမ္မာအတွက် မတွေးဝံ့စရာပေမို့ အားလုံးသတိဖြင့် လှုပ်ရှားနေကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မကြာမီ လင်းရှူးအုပ်များကြားသို့ ရောက်လာချေပြီ။

"နီမောင် အသင့်ပြင်ထား။ အကြီးဆုံးအကောင်ကို ရွေးပြီးထိုးဟေ့"

နီမောင် ခေါင်းညိတ်ပြရင်း ရှေ့သို့ လှမ်းကြည့်သည်။ ဖြူဖွေး ဖွေး အလင်းရောင် ယှက်သန်းနေသော မြစ်ရေပြင်ပေါ်တွင် လှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်များကို မြင်နေရသည်။ နှာမှုတ်သံများကိုပင် အနီးကပ်ကြားရသည်။

သတ္တဝါများကလည်း သူတို့နှင့် လက်တကမ်းအကွာအဝေးသို့ ရောက်နေသဖြင့် ဦးမင်းအောင်က ထိုးရန်အချက်ပေးသည်။ နီမောင်မှာ မထိုးလိုသော်လည်း မတတ်သာသော အခြေအနေပေမို့ စလွတ်ကို တည့်မတ်စွာချိန်၍ အနီးဆုံး လင်းရှူးတစ်ကောင်ကို ပစ်ထိုးလိုက်သည်။

"ဇုတ်"

"ဒုတ်"ဟူ၍ မြည်ရမည့်အစား ရေပြင်ကိုသာ ထိုးမိသောကြောင့် ဇုတ်ဟု မြည်လာသဖြင့် ဦးမင်းအောင် မျက်လုံးပြူးသွားသည်။

"မထိဘူးလား နီမောင်"

ခေါင်းခါပြရင်း စလွတ်ကြိုးကို ပြန်ဆွဲတင်နေ၏။

"မြန်မြန်ဆွဲတင်ပြီး ထပ်ထိုးစမ်းကွာ ငုပ်ပြေးကုန်တော့မှာပဲ"

နောက်တစ်ကြိမ်ထပ်ထိုးသော်လည်း မထိပြန်သဖြင့် ဦးမင်းအောင် စိတ်မရှည်ချင်တော့။ သို့ကြောင့် ရှေ့သို့တိုးဝင်လာပြီး နီမောင့်လက်ထဲမှ စလွတ်ကြိုးကို ဆွဲယူလိုက်သည်။





"မင်း ဒီည ဘယ်လိုဖြစ်နေတာလဲ ဒီလောက် နီးနီးလေးတောင် ထိအောင်မထိုးနိုင်ဘူးလား မင်း ထိုးလို့ကတော့ ဝေလငါးတောင် ထိမှာမဟုတ်ဘူး"

နီမောင်က လှေဝမ်းအလယ်သို့ ရွှေ့ထိုင်ပြီး ဦးမင်းအောင်ကိုယ်တိုင်လှေဦးမှနေ၍ စလွတ်ကိုင်ကာ မတ်တပ်ရပ်သည်။

"ဟေ့ သိန်းတင် လင်းရှူးအုပ်ထဲကို လှော်သွင်းစမ်းကွာ"

သိန်းတင်၏လှော်အားကြောင့် လှေကလေးမှာ လင်းရှူးအုပ်အနီးသို့ အရှိန်ဖြင့်ပြန်ရောက်လာပြန်သည်။ လက်တကမ်းအကွာအဝေးသို့ ရောက်လာသောအခါ အနီးတွင် ရုတ်တရက် ထပေါ်လာသော လင်းရှူးကြီးတစ်ကောင်ကို စလွတ်ဖြင့် ထိုးချလိုက်သည်။ ဒုတ် ဟူသော မြည်သံနှင့်အတူ ရေလှိုင်းကြီးများ တဝုန်းဝုန်းထသွားလေသည်။

"လှေကိုဖြောင့်အောင် ထိန်းထားဟေ့"

စလွတ်ချက်မိသွားသော လင်းရှူးကြီးသည် တရကြမ်း ဆွဲပြေးလေရာ လှေကလေးမှာ စက်တပ်ယာဉ်ပမာ နောက်မှ အရှိန်ဖြင့် ပါလေတော့သည်။

"ဟေ့ တက်မကိုဖြောင့်အောင် ထိန်းကိုင်ကြနော်"

လှေကလေးမှာ ရေမျက်နှာပြင်ပေါ်တွင် အလိုက်သင့်အရှိန်ဖြင့် ပြေးနေရာမှ ရုတ်တရက် လှေပဲ့ယမ်းထွက်သွားပြီး စောင်းသွားသောကြောင့် မျက်လုံးပြူးသွားကြသည်။

"ဘယ်လိုဖြစ်ကြတာလဲကွ လှေပဲ့ကိုဖြောင့်အောင် ကြည့်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြပါ လှေမှောက်လို့ အားလုံးမသာပေါ် ကုန်ပါ့မယ်”

ဦးမင်းအောင်က နောက်သို့ လှည့်၍ကြိမ်းသည်။

ရေအောက်မှ သတ္တဝါသည် အရှိန်ဖြင့်ဆွဲပြေးနေဆဲ။

တစ်စရာစ်စဖြင့် ပင်လယ်ကွေ့မှကျော်၍ ပင်လယ်ရေပြင်ဘက်သို့ ရောက်လာလေသည်။ ကမ်းခြေကို မှုန်မှုန်မွှားသာ မြင်နိုင်ကော့သည်။ ထိုသို့ရှိနေပြီး တစ်ကြိမ်တွင် လှေသည်တဘက်သို့ ထပ်စောင်းသွားပြီး လှေထဲသို့ ရေများဝင်လာလေသည်။

ပွဲများမှတက်မကိုင်နေသော သိန်းတင်က နီမောင်ကို ဘယ်လိုလဲဟူသော အကြည့်ဖြင့် လှမ်းကြည့်သည်။ ဦးမင်းအောင် မသက်သာချင်တော့။

“ဟော့နီမောင် မင်း တက်မ မကိုင်နဲ့တော့ကွာ သိန်းတင်တစ်ယောက်တည်းကိုင်ရင်ရတယ် မင်းလှေထဲက ရေတွေကိုသာ ပက်ထုတ်ပေတော့”

နီမောင်သည် သက်ပြင်းချ၍ လှော်တက်ကို တင်လိုက်ပြီး ပက်ခွက်ဖြင့် ရေများ ပက်ထုတ်ရလေတော့သည်။ မကြာမီ ရေအောက်မှ သတ္တဝါကြီးဆွဲအားပျော့သွားသည်။ မောသွားပြီကင်သည်။ ဦးမင်းအောင်က စလွတ်ကြိုးကို ဖြည်းဖြည်းချင်း ပြန်ဆွဲယူနေသည်။ အချိန်အတော်ကြာသည်အထိ လျှော့ချည်တင်းချည် ပြုလုပ်ပြီး မကြာမီ ရေမျက်နှာပြင်ပေါ်သို့ ကျွဲကြီးတစ်ကောင်ပမာ နက်မှောင်နေသော လင်းရှူးကြီးပေါ်လာလေတော့သည်။

++++++++++++++++++





## စေတနာပန်းများ လန်းဖြာစေ

“ဒီမှာနီမောင် မင်းညက လုပ်ပုံတွေကို ငါမသိဘူး မှတ်သလား။ ရေလုပ်ငန်းလုပ်စားလာတာ အံတိုနေပြီကွ သိလား”

အိမ်ရှေ့ကွပ်ပျစ် ဝန်းကျင်တစ်ဝိုက်တွင် ဦးမင်းအောင်၏ ဒေါသသံဖြင့် ဟိန်းထွက်နေလေသည်။ နားထောင်နေကြသူများမှာ အကြောင်းစုံမသိသေးသဖြင့် ငြိမ်၍နားထောင်နေကြသည်။

“ညက ဘယ်လိုဖြစ်လာကြလို့လဲ ဦးမင်းအောင် နီမောင် မလိမ္မာတာရှိရင် ကျုပ်ကိုပြောပါ ကျုပ်ဆုံးမပေးပါ့မယ်”

ဦးဘိုးထွန်းက စကားနည်းရန်စဲ ဝင်မေးလာသည်။

“ခင်ဗျားပဲ စဉ်းစားကြည့်ဗျာ ကိုဘိုးထွန်း ညတုန်းက နီမောင် လုပ်ပုံတွေကို ကျုပ်ပြောပြမယ် လှေဦးကနေ စလွတ်ထိုးခိုင်းပြန်တော့လည်း တစ်ချက်မှထိအောင် မထိုးဘူး။ ချော်ထိုးပစ်တယ်။ လှေပဲ့က နေပြန်တော့လည်း လှေမှောက်အောင် တက်မကို ကလန့်ပစ်တယ်ဗျာ။ တကယ်လို့သာ အဲဒီနေရာမှာ လှေမှောက်ရင် ခုလောက်ဆိုရင် အားလုံးမသာပေါ် ကုန်ကြပြီပေါ့။ ပသိမြစ်ရေပြင်အကြောင်း ခင်ဗျားလည်း သိသားနဲ့”

ဦးမင်းအောင်စကားကို နားထောင်ရင်း ဦးဘိုးထွန်းလေးလေးနက်နက် စဉ်းစားနေသည်။ နီမောင်နှင့် နှစ်အတော်ကြာ လက်ပွန်းတတီး လက်တွဲလာသူဖြစ်၍လည်း နီမောင့် စိတ်သဘောနှင့် ခရေ့စရိုက်များကို အတန်အသင့် သိထားသူမို့ ထိုမျှလေးလေးနက်နက်



www.burmeseclassic.com

www.burmeseclassic.com


စဉ်းစားနေခြင်းဖြစ်သည်။

နီမောင်သည် ပင်လယ်လုပ်သက်နုနယ်သေးသည် ဆိုစေကာမူ လက်စွမ်းလက်စရှိသူ တစ်ယောက်ဖြစ်သည်။ လက်တစ်လှမ်းစလွတ်တစ်ဟမ်းအကွာအဝေးတွင်ရှိသော ပစ်မှတ်ကို အချိန်အခါမရွေး မလွဲအောင် ထိုးနိုင်သူဖြစ်သည်။

သို့ပါလျက် ညက နီမောင်သည် အနီးကပ်စလွတ်များ အဘယ်ကြောင့် လွဲခဲ့ရသလဲ။ သူထိုးခဲ့သည်ဆိုသော သတ္တဝါမှာ ယနကမ်းစပ်တွင် တင်ထားသော လင်းရှူးကြီးပေလား၊ အဘယ်ကြောင့် ထိုလင်းရှူးကြီးကို သည်နေရာအထိ သယ်ယူလာကြပါလိမ့်စသော အတွေးများသည် ရုတ်ချည်းဆိုသလို ဦးဘိုးထွန်းခေါင်းထဲတွင် ပြေးလွှားလှုပ်ရှားလျက်ရှိသည်။

"ကျုပ် တာဝန်ယူပြီး ဆုံးမပေးပါ့မယ် သူ့ကိုလည်း မေးကြည့်ပါဦးမယ်"

"ခင်ဗျား ဆုံးမမယ်ဆိုလည်း ပြီးတာပါပဲ။ ဒါပေမဲ့ ညကအဖြစ်ကို မကျေနပ်တာတော့ အမှန်ပဲ။ နောက်ထပ် ဒီလို ဖြစ်လာဦးမယ်ဆိုရင်တော့ ကျုပ်သည်းမခံနိုင်တော့ဘူးဗျာ"

"စိတ်မကောင်းပါဘူးဗျာ"

ဦးမင်းအောင်သည် ဦးဘိုးထွန်းဘေးတွင် ငြိမ်သက်စွာထိုင်နေသော နီမောင်အား စူးစူးရဲရဲကြည့်ပြီး...

"နီမောင် ဒီတစ်ခါ ပထမအကြိမ်မို့ ခွင့်လွှတ်လိုက်မယ် နောက်တစ်ကြိမ်ဆိုရင်တော့ ဆက်မထားနိုင်ဘူးဟေ့ ဒီညအတွက် မင်းလုပ်



အားခ မရဘူး"

ကာယကံရှင် ကိုယ်တိုင်က မည်သို့မျှ ထူးခြားမှု ဖြစ်မသွားသော်လည်း အနီးရှိဘဝတူများက အံ့သြမှု၊ မကျေနပ်မှုများနှင့် ဦးမင်းအောင်ကို ဝိုင်းကြည့်ကြသည်။

မလှမ်းမကမ်းမှနားစွင့်လျက် အခြေအနေကိုစောင့်ကြည့်နေသော ခင်မကြီးသည် အနီးတွင် ဆက်မနေချင်တော့သည့်အလားနေရာမှ ထသွားလေသည်။ ဦးဘိုးထွန်းက တင်းမာလာနိုင်သောအခြေအနေကိုရိပ်မိသဖြင့် တစ်စုံတစ်ရာကို ဝင်ပြောလိုသော်လည်း ထို့ထက် အခြေအနေဆိုးလာမည်စိုးသောကြောင့် ရေငုံနှုတ်ပိတ်ကာဆေးတံကို မီးညှိလျက် ဖွာနေလေသည်။

ဦးမင်းအောင် နေရာမှ ထသွားသောအခါ အလုပ်သမားများမှာ လှုပ်လှုပ်ရွရွ ဖြစ်လာကြသဖြင့် ဦးဘိုးထွန်းက လူစုခွဲပစ်လိုက်သည်။

"ကဲ နီမောင် မင်းပြန်တော့ ညနေကျရင် ငါ့ဆီကို လာခဲ့ဦး"

"ဟုတ်ကဲ့"

နီမောင် အပြင်သို့ ထွက်လာသည်။ ခြံဝသို့ရောက်သောအခါ အပြင်ဘက်မှ ပြန်လာကြသော ခင်မလေးနှင့် ကျော်တင့်တို့နှင့် ပက်ပင်းတိုးနေသော်လည်း မျက်နှာလွှဲလျက် ဆက်ထွက်ခဲ့သည်။ အိမ်ရောက်သောအခါ မိခင်ဖြစ်သူက ဆီးကြိုမေးသည်။

"သား မျက်နှာလည်း မကောင်းပါလား ဘာဖြစ်လာလို့လဲ သား"


www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတစ်ချက်ချ၍ မီခင်ကြီးဘေးတွင် ဝင်ထိုင်လိုက်သည်။ မီခင်ကြီးက ကြင်နာစွာဖြင့် နှမ်းဆံစတစ်ပိုက်ကို ပွတ်သပ်ပေးနေသည်။ ယခုအခါတွင် ရင်မှဖြစ်ပေါ်နေသော ဒေါသတရားများ ရှုပ်ငြိမ်း ပျောက်ကွယ်နေပြန်သည်။

"သားကို အမေပြောတယ် မဟုတ်လား၊ ဒီအလုပ်မျိုးတွေက ကြမ်းတမ်းပါယ်၊ ပင်ပန်းတယ်ဆိုတာ သားအခုလက်တွေ့သိပြီ မဟုတ်လား၊ ကဲ သားရည်မှန်းချက်တွေ မပြည့်ဝသေးဘူးလား၊ မကျေနပ်သေးဘူးလား"

"အမေ့ကို ကျွန်တော်ကတိပေးထားခဲ့တယ် မဟုတ်လား ဒီနှစ်ကုန်ရင် ကျွန်တော့်ရည်မှန်းချက်တွေ ပြည့်ပါပြီ။ ဒီလောက်တော့ စောင့်ပါဦး အမေရယ်နော်"

"အင်း မင်းကတော့ တကယ့်ဇွတ်ပဲ ခုကြည့်စမ်း ကိုယ့်ဘာသာ အေးအေးဆေးဆေး နေနိုင်ပါလျက်နဲ့ အပင်ပန်းခံပြီး လာလုပ်နေတယ်။ တကယ့်အလုပ်သမားကြီးနဲ့ တူလိုက်တာ"

ဒေါ်ငွေမှုံက သားဖြစ်သူ၏လက်မောင်း လက်ရုံးများကို ပွတ်သပ်ရင်း ပြောနေလေရာ နီမောင်မှာ သဘောကျစွာ ပြုံးနေလေသည်။

"အမေ ထမင်းစားပြီးပြီလား"

"မစားသေးပါဘူး သားကို စောင့်နေတာ။ မင်းကြိုက်တတ်တဲ့ သင်ပေါင်းဖူးဟင်းနဲ့ ဂဏန်းအသားထွက်ကြော်ထားတယ်လေ"

"အတော်ပဲ ထမင်းဆာနေတာနဲ့ ကဲ စားကြမယ်လေ"

သားအမိနှစ်ယောက် ထမင်းစားရန် ပြင်ဆင်နေဆဲမှာပင် အိမ်





ဝသို့ လူတစ်ယောက်ရောက်လာသည်။

ခင်မကြီးပင်ဖြစ်သည်။ ဣန္ဒြေရစွာဖြင့် လှမ်းတက်လာသော ခင်မကြီးသည် အိမ်တွင်းမှ အခြေအနေကို အကဲခတ်ရင်း ဒေါ်ငွေမှုံ အနီးတွင် ဝင်ထိုင်လေသည်။ နီမောင်ကမူ ခင်မကြီးအမူအရာကို မသိမသာ အကဲခတ်ကြည့်နေသည်။

"အမေ နေကောင်းရဲ့လား"

"ကောင်းပါတယ် သမီးရယ် ထမင်းတစ်ခါတည်း ဝင်စားပါလား"

"မစားတော့ပါဘူး အမေ"

"အမေကဗျာ မမကြီးက ကျွန်တော်တို့ အိမ်ကချက်တဲ့ ဟင်းမျိုး သမင်းမျိုးကို စားမတဲ့လား"

"မင်း ဒီလိုမပြောနဲ့နော် ဝင်စားလိုက်လို့ သားအမိနှစ်ယောက် စာ ချက်တဲ့ထမင်းဟင်းကလေး ကုန်သွားမယ် သိလား"

"ရပါတယ်သမီးရယ် စေတနာသာအဓိက မဟုတ်လား နောက်ပြီး ထမင်းဟင်းတွေက ပိုပါတယ်"

"သက်သက်ပြောတာပါ အမေ စားကြပါ"

ဟုဆိုရင်း လက်ထဲမှ အသင့်ထုတ်ယူလာသော ငွေစက္ကူတစ် ထပ်ကို ဒေါ်ငွေမှုံရှေ့သို့ ချပေးလိုက်သည်။

"ဟင် ဒါက"

"ဒီလိုပါ အမေ၊ မနက်က အလုပ်ရှုပ်နေတာနဲ့ နီမောင့်လုပ်အား ခ ရှင်းမပေးလိုက်မိတာနဲ့ အခုလိုက်ပေးတာပါ၊ နီမောင်ကတော့ သူ့ကိုတမင်ချန်ထားတယ်မှတ်ပြီး ဒေါပွသွားလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွေမှုံက ယခုမှ သဘောပေါက်သွားဟန်ဖြင့် ပြုံးပြုံးရယ်ရယ် ဖြစ်လာလေသည်။ နီမောင်ကမူ ခင်မကြီးတမင်ပြောနေမှန်း နားလည်သော်လည်း မိခင်ကြီးစိတ်မကောင်းဖြစ်မည်စိုးသဖြင့် မည်သို့မျှမပြောတော့ဘဲ ခေါင်းငုံ့ရင်း စဉ်းစားနေ၏။

"သား ဒီတစ်ခါ လုပ်အားခရတာ တယ်များပါလားကွယ်"

"ဟုတ်တယ်အမေ ညက အထိအမိများလို့နဲ့ တူပါတယ် ပိုပေးလိုက်တာပါ"

"ဪ"

"ကျွန်မ ပြန်ဦးမယ် အမေ"

"စားသွားဦးဆိုကွယ်"

"မစားတော့ပါဘူးအမေ စေတနာနဲ့ ဝနေပါပြီ။ သွားမယ်နော် နီမောင်"

နီမောင်က ခြံဝအထိ လိုက်ပို့ပေးသည်။

"မင်း ဘာမှ ထပ်တွန့်မတက်ချင်နဲ့တော့ နီမောင် မင့်စိတ်ထား မင့်စေတနာနဲ့ လုပ်ပုံကိုင်ပုံတွေကို မမကြီးအားလုံးသဘောပေါက်တယ် မမကြီးရဲ့ စေတနာကို သဘောပေါက်တယ် မင်းအမေ စိတ်ချမ်းသာတာကို မြင်ချင်တယ်ဆိုရင် မင်း မမရဲ့ စေတနာနဲ့လာပေးတဲ့ငွေတွေကို လက်ခံရမှာပေါ့"

နီမောင် သက်ပြင်းချလိုက်မိသည်။ ရင်ထဲတွင် ပြောရန် စကားများစွာရှိနေပါလျက် ပြောရန် နှုတ်မှဝန်လေးနေမိသည်။ သို့ကြောင့် ခင်မကြီးမျက်နှာကို စေ့စေ့ကြည့်လိုက်ရင်း...





"မမကြီးရဲ့ ကျေးဇူးတရားတွေ စေတနာတရားတွေကို ကျွန်တော် အသိအမှတ်ပြုပါတယ် လက်ခံပါတယ် ဒါကြောင့် ဘယ်လိုများ ပြန်ဆပ်ရပါ့မလဲလို့ အမြဲတွေးနေမိတယ်။ တစ်နေ့နေ့ မမကြီးရဲ့ ကျေးဇူးတွေကို ပြန်ဆပ်ခွင့်ပြုပါနော် မမကြီး"

"အတိုးရော အရင်းပါရမှ လက်ခံမှာနော်"

ပြုံးရင်း 'ရပါတယ်'ဟု ပြောသည်။ ပြီးမှ တစ်ဖက်သား၏ စေတနာကို ပေါ့ပျက်ပျက် ပြုမူပြောဆိုသည်ဟု ထင်သဖြင့် ချက်ချင်းပြင်ပြောသည်။

"မမကြီးရဲ့ ဆန္ဒအတိုင်း ဖြစ်စေရပါမယ်ဗျာ"

"မင်း ဖေဖေ့အပေါ်မှာ ဘယ်လိုမှ သဘောမထားရဘူးနော် ဖေဖေက ဒီလိုပဲ အလုပ်နဲ့ ပတ်သက်လာရင် အမြဲလို စိတ်တိုနေလေ့ရှိတယ်။ နောက်ပြီး ပြီးတော့လည်း ပြီးသွားတာပါပဲ။ မင်းအပေါ်မှာလည်း သူ သံယောဇဉ်ရှိပါတယ်"

စိတ်ပြေစေရန် အတတ်နိုင်ဆုံး ဖြေသိမ့်ပြောဆိုနေမှန်း နားလည်မိသည်။

"ကျွန်တော် ဦးလေးအပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး ဦးလေးက ကျွန်တော့်ရဲ့ အလုပ်ရှင်ပဲလေ"

"ဒီလိုမပြောပါနဲ့လေ မင်းအပေါ်မှာ မမတို့က အလုပ်သမားလို့ မဆက်ဆံကြပါဘူး ကဲ မမကြီးပြန်မယ် မနက်ကျရင် အလုပ်ဆင်းခဲ့နော်"

ရိုကျိုးလိမ္မာသော တပည့်တစ်ဦးပမာ ခေါင်းညိတ်ပြလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် သမင်ပျိုမကလေးသဖွယ် ခပ်သုတ်သုတ် လှည့်ထွက်သွားပေ သည်။ ခင်မကြီး၏ ကိုယ်သင်းနံ့ကလေးများကို စွဲကင်းစွာ အမှတ်ရ ရင်း သက်ပြင်းကို အခါခါချနေခိုက် နောက်ဘက်မှ မိခင်ကြီး၏ခေါ်သံ ကြားမှ အိမ်ထဲသို့ ပြန်လှည့်ဝင်ခဲ့သည်။

+++++++++++++++

*အချစ်၏ မှက်ရှိုင်းစွာသော*

သောင်တန်းရှည်၌ ရောက်နေကြသော ကျော်တင့်တို့မှာ ဖြည်းဖြည်းစောင့်ဆိုင်းလျက် ဝယ်ယူကြရာ လိုအပ်သော ကုန် ပစ္စည်းများ ပြည့်စုံလုနီးပြီဖြစ်သဖြင့် ပြန်ကြရန် ပြင်ဆင်နေကြသည်။ ကမ်း စပ်တစ်လျှောက် အလုပ်သမားများ ရှုပ်ယှက်ခတ်နေကြ သည်။ ပစ္စည်း သယ်တင်သူ သယ်ချသူများ၏ ခြေရာများ သောင် ပြင်ပေါ် တွင် ထပ်နေသည်။

သို့သော် ဦးမင်းအောင်၏ အိမ်ပေါ် တွင် ရှင်းလင်းနေ၏။ ဦးမင်း အောင်က ပင်လယ်ပြင်သို့ လိုက်သွားပြီး ခင်မကြီးက ရွာလယ်ဘက် သွားနေသောကြောင့် အိမ်၌ ခင်မလေး တစ်ယောက်တည်း ကျန် နေသည်။

ထိုအခိုက် အိမ်ပေါ် သို့ ကျော်တင့်တက်လာသည်။

"ဘယ်သူမှ မရှိကြဘူးလား မလေး"

"မရှိကြဘူး ကိုကျော်တင့် ဖေဖေက ပင်လယ်ကို လိုက်သွား တယ် မမကြီးက ရွာလယ်ဘက်သွားတယ် ကိုကျော်တင့်တို့ ဒီရေ





ဟက်နဲ့ ထွက်ကြမှာလား"

"ဟုတ်တယ် မလေး"

"ကုန်ပွေစုံအောင် ရပြီလား"

"ထင်သလောက်တော့ မပြည့်စုံသေးဘူး၊ ဒါပေမဲ့ လာရကျိုး နပ်လောက်အောင်တော့ ရပါတယ်။ ဒါကလည်း ဦးလေးရဲ့ ကျေး ဇူးကြောင့်ပါပဲ"

"ဖေဖေပြန်လာအောင် မစောင့်တော့ဘူးလား၊ ဘာလဲ မြို့မှာ ကျန်ခဲ့တဲ့သူတွေကို လွမ်းနေပြီလား"

ရုတ်တရက်ပြောလိုက်သော ခင်မလေးစကားကြောင့် ကျော် တင့်မျက်နှာ ပျက်သွားသည်။ သို့သော် ရုတ်ချည်းမျက်နှာထားကို ပြင်ရင်း ခင်မလေး မျက်နှာကို စေ့စေ့ကြည့်၍ပြောသည်။

"မလေးကလည်းဗျာ ကိုယ့်မှာသားမယားမရှိပါဘူးလို့ ခဏခဏ ပြောနေတဲ့ကြားက ဒါကိုပဲ ထပ်ကာထပ်ကာပြောနေတယ် စိတ်ညစ် စရာတွေပဲ"

ခင်မလေးက မခို့တရို့ပြုံးသည်။

"မယုံပါဘူး တခြားနေရာတွေမှာနေတာ နောက်ပြီး ကိုကျော် တင့်တို့လို ယောကျ်ားတွေက ယုံချင်စရာမှ မရှိကြတာပဲ"

"ဒီလိုဆိုရင် မလေးယုံအောင် ဘယ်လိုမှ မပြောတတ်ဘူး၊ လိုက်ကြည့်လှည့်ပါလား"

"အိုး စကားက"

ခင်မလေးက အပြုံးကိုရပ်၍ မော့်ကြည့်သည်။ စူးရှရဲ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသော ကျော်တင့်၏ မျက်လုံးအစုံနှင့် ရင်ဆိုင်တိုးမိသောအခါ ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားသည်။ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသော အခြေအနေကြောင့် ရင်ထဲတွင်စိုးရိမ်မကင်း ဖြစ်လာမိသော်လည်း ဣန္ဒြေမပျက် ခေါင်းငုံ့နေလိုက်သည်။

ကျော်တင့်ကမူ ရရှိလာသော အခြေအနေနှင့် အခွင့်အရေးကို လက်လွှတ်ပေးချင်ဟန်မတူ။ ပတ်ဝန်းကျင်ကို ခေတ္တမျှ အရိပ်အခြည်ကြည့်ပြီး ခင်မလေးအနီးသို့ ထိုးကပ်လာသည်။

"ကိုယ်ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ မလေးကို ကိုယ်ချစ်နေပြီ"

"ရှင်"

"ဟုတ်တယ် စတွေ့ကတည်းက မလေးကို စိတ်ဝင်စားနေခဲ့တာ မလေးလက်ခံမယ်ဆိုရင် ဦးလေးကို တစ်ခါတည်း ဖွင့်ပြောပြီး လက်ထပ်ပါရစေ"

မဆွကတည်းက တစ်နေ့တွင် မလွဲမသွေကြားလာရလိမ့်မည်ဟု မျှော်မှန်းထားသော စကားများကို တကယ်တမ်းကြားလာရသောအခါ မျက်နှာမထားတတ်အောင် ဖြစ်နေပြန်သည်။ ရင်အစုံမှာ တမုဟုတ်ချင်း အခုန်မြန်လာသည်။ မမျှော်လင့်ပဲ တိုးဝင်လာသော အခြေအနေသည် ရုန်းဖယ်ရှောင်ထွက်နိုင်ရန် ခက်ခဲနေမှန်း နားလည်လိုက်မိသည်။

"ကျွန်မ ကျွန်မ ဒီအကြောင်းတွေကို မစဉ်းစားချင်သေးဘူးနောက်ပြီး ကိုကျော်တင့်ကို ကျွန်မ ရိုးရိုးသားသား ခင်မင်တာပါ"

ကျော်တင့်က စိတ်ရှည်လက်ရှည်ရှိချင်ပုံမရ။ ခင်မလေး၏ အမူ





အရာကိုကြည့်ပြီး အားမလိုအားမရ ဖြစ်လာဟန်ဖြင့် အနီးသို့ကပ်၍ သူမ၏ လက်ကိုဖမ်းဆုပ်ကိုင်လိုက်သည်။

"အို ကိုကျော်တင့်"

"မလေးရယ် ကိုယ့်ကိုမညှဉ်းဆဲချင်ပါနဲ့တော့ ခုပဲ တစ်ခါတည်း အဖြေပေးလိုက်ပါလားကွယ်"

"ကျွန်မ လက်ကိုလွှတ်စမ်းပါ အဲဒီလို မလုပ်နဲ့ ကျွန်မမကြိုက်ဘူး ကိုကျော်တင့်"

"မရဘူး ကိုယ့်ကို ကျေနပ်လောက်အောင် အဖြေပေးမှ လွှတ်နိုင်မယ်"

ခင်မလေးအတွက် အခြေအနေက အကျဉ်းအကျပ်ပါပေ။ အားစိုက်၍ ရုန်းဖယ်ပါသော်လည်း အားချင်းမမျှသဖြင့် ခဏအတွင်း၌ပင် ကျော်တင့်၏ရင်ခွင်တွင်းသို့ ရောက်မှန်းမသိရောက်သွားတော့သည်။ ယောကျ်ားတစ်ယောက်အား အယုံလွယ်ခြင်း လိုက်လျောမိခြင်း လျှော့တွက်မိခြင်းသည် မိမိအတွက် အန္တရာယ်ကြီးမားလှကြောင်း အသိတရားသည် သူမအတွက် နောက်ကျလွန်းစွာ သိခဲ့ရသည်။

ထိုအခိုက် အိမ်ဝသို့ လူတစ်ယောက်ရောက်လာသည်။ နီမောင်ပင်ဖြစ်သည်။

နီမောင်သည် မမျှော်လင့်ဘဲ မြင်လိုက်ရသော မြင်ကွင်းကြောင့် အိမ်တွင်းသို့ ဆက်ဝင်လာရကောင်းနိုးနိုး ပြန်ထွက်သွားရကောင်းနိုးနိုး ဖြစ်သွားသည်။ သို့သော် ကျော်တင့်နှင့် ခင်မလေးတို့၏ အခြေအနေကို တစ္စန်းတစ သိထားသဖြင့် အလိုက်သိစွာဖြင့် ရှောင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားရန် ပြင်လိုက်သည်။

"ကိုနီမောင်"

နောက်မှ ခေါ်သံကြားလိုက်သဖြင့် လှည့်ကြည့်လိုက်ရာ ခင်မလေးက လှမ်းခေါ်နေသည်ကို မြင်ရသည်။

"ကျွန်..ကျွန်မကို ကယ်ပါဦး"

"ဟေ့ကောင် မင်းလမ်းမင်းဆက်သွား ကိုယ်နဲ့မဆိုင်တာကို ဝင်မရှုပ်စမ်းနဲ့"

ကျော်တင့်က အော်ထုတ်နေ၏။

အခြေအနေသည် ထင်သလိုမဟုတ်မှန်းသိလိုက်သဖြင့် အိမ်တွင်းသို့ တစ်ကျော့ပြန်ဝင်လာသည်။ အနီးသို့ရောက်သောအခါ 'ဟေ့လူ လွှတ်လိုက်ဗျာ' ဟုဆိုကာ ကျော်တင့်၏ပခုံးကို ခပ်ကြမ်းကြမ်းဆွဲဖယ်ပစ်လိုက်ရာ နောက်သို့ ဖရိုဖရဲဖြင့် လဲကျသွားသည်။

"ခင်ဗျား ဘာလုပ်တာလဲ"

"ဟေ့ကောင် မင်းနဲ့မဆိုင်တာကို ဘာဖြစ်လို့ ဝင်ရှုပ်တာလဲ ထွက်သွားစမ်းကွာ"

"ခင်ဗျား ဒီလိုမတရားစော်ကားနေတာကို ကျုပ်က ဒီအတိုင်း လက်ပိုက်ကြည့်ပြီး ပြန်ထွက်သွားရမယ် ဟုတ်လား ခင်မလေးက ကျုပ်အလုပ်ရှင်ရဲ့သမီးဆိုတာ ခင်ဗျားမေ့နေပြီလား"

"မင်း တော်တော်လှုပါးဝတယ်"

ကျော်တင့်က ဒေါသတကြီးဖြင့် နီမောင်ကို ပြေးထိုးသည်။ နီမောင်က တစ်ချက်နှစ်ချက် လွှတ်အောင်ရှောင်ပေးနေရာ ကျော်





တင့်ပိုမိုဒေါသဖြစ်လာဟန်ဖြင့် လူချင်းပူးဝင်သတ်ဖို့ ကြိုးစားလေရာ နီမောင်က လက်သီးဖြင့် မေးစေ့ကို ထိုးလိုက်ရာ ငါးခြောက်ပုံကြားထဲသို့ လဲကျသွားသည်။ ခင်မလေးကမူ ဘေးမှ ရင်တမမဖြင့် ရှိနေသည်။ ကျော်တင့် ရုတ်ချည်းပြန်ထလာသောအခါ လက်ထဲတွင် ငါးခြောက်ခွဲသည့် ဓားမတစ်ချောင်း ပါလာသည်။

"ခင်ဗျားလက်နက်အားကိုးပြီး စော်ကားလာရင် ကျုပ်သည်းမခံဘူး ဒီထက်တိုးလာရင် ခင်ဗျားလက်တွေကို အပိုင်းပိုင်း ချိုးပစ်ရလိမ့်မယ်"

ကျော်တင့်ရုတ်တရက်လန့်သွားသည်။ မလှမ်းမကမ်းတွင် ခြေလှမ်းတုံ့ကာ ရပ်သွားပြီး နီမောင့်ကို မယုံသလို ကြည့်နေသည်။ နီမောင်မှာ ယခုထက်တိုင် နေရာတွင် အေးအေးဆေးဆေး ရပ်နေဆဲ ဖြစ်သည်။

"ခင်ဗျား အေးအေးဆေးဆေး ထွက်သွားစမ်းပါ"

"မင်းလိုကောင်ကို အရှင်မထားဘူးဟေ့"

ကြိမ်းဝါးရင်း လက်ထဲမှဓားဖြင့် တရကြမ်းဝင်ခုတ်လေရာ နီမောင်မှာ သတိကြီးစွာဖြင့် ရှောင်တိမ်းနေရသည်။ ဓားချက်များကြောင့် ကြိုးများ ပိုက်များနှင့် ငါးခြောက်ပြား၊ အိမ်ထရံများမှာ ပေါက်ပြဲစုတ်ပြတ်ကုန်၏။ ခင်မလေးမှာ ထိတ်လန့်တကြားဖြင့် အော်ဟစ်နေ၏။

တစ်ကြိမ်တွင် ဒေါသတကြီးဖြင့် ခုတ်လာသော ဓားချက်ကို လွတ်အောင်ငုံ့ရှောင်ရင်း မျက်နှာကို လက်ဝါးစောင်းဖြင့် ခပ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ် ခုတ်လိုက်ရာ ကျော်တင့်မှန်၍ ရှေ့သို့ဟပ်ခနဲ ငိုက်ကျသွားသည်နှင့် ဖက်ပိုးကိုထပ်၍ ရိုက်ချလိုက်ရာ ငါးခြောက်ပုံကြားသို့ လဲကျ သွားသည်။ ပြန်မထလာနိုင်တော့။

ဆူဆူညံညံအသံများကြောင့် အလုပ်သမားအချို့ ပြေးဝင်လာကြသည်။ ကျော်တင့်၏ သင်္ဘောအလုပ်သမားများကိုမြင်သောအခါ နီမောင်က...

"ခင်ဗျားတို့ဆရာကို သင်္ဘောထဲကို ပွေ့ခေါ်သွားကြပါဗျာ"

ထိုစကားကြောင့် သင်္ဘောသားများမှာ မကျေနပ်သဖြင့် ကျော်တင့်ကို ပွေ့ယူပြီး သင်္ဘောဘက်သို့ ဆင်းသွားကြသည်။ အခြားအလုပ်သမားများကိုမူ အရေးမကြီးကြောင်း ဖုံးဖုံးဖိဖိပြော၍ လူစုခွဲလိုက်ရသောအခါ မကြာမီ အိမ်တွင်းဝယ် နီမောင်နှင့် မလေးသာ ကျန်ခဲ့သည်။

ထိုအခါ ပြန့်ကျဲစုတ်ပြတ်နေသော ပစ္စည်းများကို ရှင်းလင်းဖယ်ရှားရန် ပြင်ဆင်နေသော နီမောင့်အနီးသို့ မလေးရောက်လာသည်။

"ကိုနီမောင်"

"ဘာလဲ မလေး"

လှည့်မကြည့် အလုပ်ကိုသာ ပြီးအောင်ဆက်လုပ်နေသည်။

"ရှင့်ကိုသိပ်ပြီး ကျေးဇူးတင်ပါတယ် ကိုနီမောင်သာ ရောက်မလာရင် ကျွန်မဘဝတော့ မတွေးဝံ့စရာပဲ"

"နောက်ကို ဆင်ဆင်ခြင်ခြင်နေပေါ့"

"အို..ဒီအလုပ်တွေကို ထားစမ်းပါ အရေးမကြီးပါဘူး"





"မဟုတ်ဘူး ဦးလေးပြန်လာတဲ့အထိမှ သူခိုင်းတဲ့ အလုပ်တွေမပြီးရင် ကျွန်တော် လုပ်အားခအဖြတ်ခံနေရပါလိမ့်မယ် မလေး"

"အို...ရှင်"

ခင်မလေး စိတ်မကောင်းဖြစ်သွားမိသည်။ တစ်လောကနီမောင် လုပ်အားခ အဖြတ်ခံရသောသတင်းကို သူမ ကြားသိထားခဲ့ပြီးဖြစ်၍ ပို၍ ဂရုဏာသက်လာမိသည်။

"ကျွန်မမှာ ကိုယ့်ကျေးဇူးရှင်တစ်ယောက် ဒုက္ခရောက်အောင်ပြုလုပ်ဖို့အထိ ယုတ်မာတဲ့စိတ်ထားမျိုး မရှိသေးပါဘူးရှင်၊ အလျင်တုန်းက ကိုနီမောင်ကို အထင်သေးခဲ့မိပါတယ် ကျွန်မမှာ လူလူချင်းလူတန်းစား ခွဲခြားချင်တဲ့ ဉာဉ်ဆိုးတွေရှိနေခဲ့ပါတယ်။ ခုတော့ အဲဒီစိတ်တွေကြောင့် ကျွန်မဘဝ ဒုက္ခနဲ့ရင်ဆိုင်ခဲ့ရတာပါပဲ တကယ်တော့လူတစ်ယောက်ရဲ့ အပြင်ပန်းကိုကြည့်ပြီး မဆုံးဖြတ်သင့်ဘူးဆိုတာနားလည်ခဲ့ပါပြီရှင် ကျွန်မကို ခွင့်လွှတ်ပါ ကိုနီမောင်"

"ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှာ ဘယ်လိုမှမအောက်မေ့ခဲ့ပါဘူး"

"တကယ်တော့ လူတစ်ယောက်ရဲ့ အရည်အချင်းကို ဆင်းရဲတာ ချမ်းသာတာကိုကြည့်ပြီး မဆုံးဖြတ်သင့်ဘူးဆိုတာ ကျွန်မ သိခဲ့ပါပြီ။ တကယ်တော့ ကိုနီမောင်ဆိုရင် ဆင်းရဲတာကလွဲပြီး ရိုးသားတယ် အလုပ်တာဝန်ကို ရိုသေလေးစားတယ် တပါးသူရဲ့ ကျေးဇူးကို သိတတ်တာကပဲ ခင်မင်လေးစားစရာ အရည်အချင်းတွေဆိုတာကျွန်မ သဘောပေါက်ခဲ့ပါပြီ"

"မလေး အမြင်မှန်ရလာတာကိုပဲ ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မလေးသည် ရှန်းရှန်းစားစားပြုံးရင်း နီမောင်ကို မော့ကြည့်နေသည်။ နီမောင်ကလည်း အနီးကပ်မြင်နေရသော ခင်မလေး၏ မျက်ဝန်းတစ်ဝိုက်မှ လျှို့ဝှက်နက်ရှိုင်းလွန်းသော ပဟေဠိများ၏ အဖြေများကို နားလည်လာစေရန် ကြိုးစားရှာဖွေနေ၏။ ထိုအခိုက် အပြင်မှ ပြန်လာသော ခင်မကြီးသည် အိမ်တွင်းမှအခြေအနေကို မြင်ရသောအခါ မိမိမျက်စိကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားမိသည်။

သို့သော် နေရာမှ ရုတ်ချည်းလှည့်သွားလေသည်။

++++++++++++++++

## ပဟေဠိဆန်လွန်းသောလူ

ကံကြမ္မာတရားသည်လည်းကောင်း အခြေအနေနှင့် အချိန်အခါများသည်လည်းကောင်း မိမိ၏ စိတ်ကြိုက်၊ သဘောအလျောက် ပြုပြင်ဖန်တီး၍ မရနိုင်စရာကောင်းဟု တွေးတောလက်ခံနေမိသည်။

ယခုကံကြမ္မာတရားက မျက်နှာသာပေးလှခဲ့ပြီဟုဆိုကာ တင့်တယ်လောက်အောင် နီမောင့်ဘဝမှ အပြောင်းအလဲဖြစ်လာသည်။ ဦးမင်းအောင်ကိုယ်တိုင်ပင်လျှင် ခါတိုင်းနှင့်မတူ နီမောင်ကို သိသိသာသာ အခွင့်အရေးပေးလာခဲ့သည်။ ခင်မကြီးကမူ ခါတိုင်းထက်ပို၍ တည်တည်ငြိမ်ငြိမ်ဖြစ်လာသည်မှအပ ခင်မလေးဆိုလျှင်ပိုပြီး နီမောင့်အပေါ်တွင် ကြည်ကြည်ဖြူဖြူ လိုက်လျောမှုများလာ၏။ ယင်း အခြေအနေများကြောင့် ဦးဘိုးထွန်းကပင် သတိပေးစကား ဆိုလာရသည်။





"ဟော့ကောင် နီမောင် မင်းခုတလော သတိထားပြီး နေကွနော်"

"ဘာဖြစ်လို့လဲ အဘထွန်းရ"

"မင်းကို ခင်မလေးကကယ်ပြီး အခွင့်အရေးတွေ ပေးနေပါလား"

"ရိုးရိုးသားသား ခင်တာပါ အဘရာ"

"ဘယ်ဟုတ်မလဲ မင်းက မိန်းကလေးတွေရဲ့ အကြောင်းကို ဘာမှ နားလည်တဲ့အကောင်မဟုတ်ဘူး ခုခေတ်မိန်းကလေးတွေက ခက်တယ် နောက်ပြီး ဒီဟာမလေးတွေက ခက်တယ်။ နောက်ပြီး ဒီဟာမလေးက တဖွတ်ထိုးလေးရယ် တော်ကြာ သူ့အဖေကို ဖွင့်ပြောပြီး အတောင်းခိုင်းနေရင် မင်းခံသွားရနိုင်တယ်"

"အာ အဘထွန်းကလဲဗျာ ကြံကြံဖန်ဖန် မိန်းကလေးက အတောင်းခိုင်းရမယ်လို့ ကြား မကြားဖူးပါဘူး"

"အေး အခု မကြားဖူးသေးပေမယ့် တော်ကြာကိုယ်တွေ့ကြုံလာမှ အဘထွန်းပြောတာ မှန်လှချည်ရဲ့ဗျာလို့ ပြောမနေနဲ့ဟေ့"

ပြောစဉ်က အဘထွန်းစကားကို ရယ်ရယ်မောမောအနေဖြင့် မှတ်ယူထားခဲ့သော်လည်း ထိုစကားစုကို အလျဉ်းသင့်တိုင်း ပြန်လည်ကြားယောင်နေမိသည်။ တိုက်ဆိုင်မှုရှိလာတိုင်း သတိရနေမိသည်။

"ကိုနီမောင်"

"ဗျာ"

"ပင်လယ်ထဲကို စွန့်စွန့်စားစား သွားရတာ မပင်ပန်းဘူးလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပင်ဝန်းတယ်ရယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ မလေးရယ် သူတပါးဆန်စားတော့လည်း တာဝန်ကို ကျေပွန်အောင် လုပ်ပေးရမှာ ပေါ့။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီလိုအလုပ်မျိုးတွေကို ဝါသနာ ပါတယ်လေ

"ကိုနီမောင် မိကျောင်းဖမ်း သိပ်တော်တာပဲဆို"

"ဒီလိုပါပဲဗျာ"

"တစ်ခါတလေ ကျွန်မလိုက်ကြည့်ချင်တယ်"

"လိုက်ခဲ့ပါလား အတွေ့အကြုံရတာပေါ့"

"ဒါပေမဲ့ ကြောက်တယ် အဟင်းဟင်း"

ရယ်သံများကို ချန်ရစ်ပြီး အနီးမှ ခွာသွားပြန်သည်။

ထိုကဲ့သို့ပင် နီမောင် ပင်လယ်မထွက်ရဘဲ အိမ်၌ အလုပ်တာဝန် ကျသော ရက်များတွင် စကားမရှိ စကားရှာလျက် အနီးသို့ လာနေ တတ်သည်။ ထိုအခါများတွင် ခင်မကြီးသည် မလှမ်းမကမ်းမှာပင် နေတတ်ကြောင်းကို နီမောင် သတိပြုမိသည်။

"သြော် နားလည်ရခက်ပါဘိ မမကြီးရယ်"

တစ်နေ့ သောင်တန်းရွာ ကမ်းခြေသို့ သင်္ဘောသုံးစင်း ဆိုက်ကပ် လာသည်။ ကုန်သည်သင်္ဘောများ မဟုတ်မှန်း မြင်ရုံနှင့် သိကြသော ကြောင့် ရွာလုံးကျွတ်နီးပါး ဆင်းကြည့်ကြသည်။

သင်္ဘောပေါ်မှာ လိုက်ပါလာသောအဖွဲ့ ကမ်းပေါ်သို့ တက် လာသည်။ ငါးခြောက်စင်ဘေးတွင် အလုပ်ရှုပ်နေသော နီမောင်သည် တက်လာသူများဘက်သို့ တချက်လှည့်ကြည့်ကာ မည်သို့အကြောင်း





များပါလိမ့်ဟု တွေးတောနေမိသည်။

"ကိုနီမောင်"

"ဟင်"

"ဘယ်က လူတွေလဲ မသိဘူးနော်"

"မြို့ကနေမှာပေါ့ သင်္ဘောတွေကတော့ ပုလဲနှင့် ငါးလုပ်ငန်း ဌာနကပဲ အကြောင်းရှိလို့နေမှာပေါ့"

ခင်မလေး မကျေနပ်လှ။ နီမောင့် အမူအရာကိုကြည့်၍ အား မလို အားမရဖြစ်မိသည်။ ဝင်လာသောအဖွဲ့ အိမ်တွင်းသို့ ဝင်သွားပြီး မကြာမီ လူနှစ်ယောက်ထွက်လာပြီး နီမောင်ရှိရာဘက်သို့ လျှောက် လာလေသည်။ နီမောင်သည် ထိုသူများကို မြင်လိုက်သောအခါ မျက်စိ မျက်နှာပျက်သွားပြီး မမြင်ဟန်ပြုနေလိုက်သည်။

"ဟော့ ကိုဇော်"

ဝင်လာသူက ရင်းနှီးဟန်ဖြင့် ပြေးဖက်လေရာ ရုတ်တရက်ပေ မို့ နီမောင်နှင့် ခင်မလေးတို့မှာ ကြောင်သွားကြသည်။

"ဟေ့လူ ဘာကြောင်နေတာလဲ ကျွန်တော့်ကို မမှတ်မိလို့လား"

"ခင်ဗျားတို့လူမှားနေပြီ ကျွန်တော့်နာမည် ကိုဇော်မဟုတ်ဘူး နီမောင်"

"ခုမှတော့ လုပ်မနေစမ်းပါနဲ့တော့ဗျ ခင်ဗျားကျွန်တော်တို့ကို တော့ လိမ့်လို့ ပတ်လို့ရချင်ရမယ် ဒါပေမဲ့ အခုလာတဲ့ကိစ္စကိုတော့ ခင်ဗျားသိမယ် နောက်ပြီး ဦးကျော်စံကိုယ်တိုင်လိုက်လာတယ်ဆိုရင် တော့ ဆက်ပြီးငြင်းနေတော့မှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်မျက်နှာပြင်ပေါ် ဝယ် စိတ်လှုပ်ရှားမှု အရိပ်အယောင်များ ထူးထူးခြားခြား ဖြစ်ပေါ်သွားသည်ကို ဘေးမှ အရိပ်အခြည်ကို အကဲခတ်နေသော ခင်မလေးက သတိပြုလိုက်မိသည်။

“ကဲပါဗျာ အိမ်ထဲသွားရအောင် ခင်ဗျားကို ဦးကျော်ခံကလည်း သိပ်ပြီးတွေ့ချင်နေတယ်”

နီမောင် သက်ပြင်းတစ်ချက်ချလိုက်ပြီး နေရာမှ လေးပင်စွာ ထသည်။ ပြီး လာခေါ်သူနှစ်ယောက်နှင့်အတူ အိမ်ထဲသို့ လိုက်သွားသောအခါ ခင်မလေးမှာ နောက်မှကသုတ်ကရိုက် ထလိုက်လာခဲ့သည်။

အိမ်ထဲတွင် ဧည့်သည်များ လာရောက်နားထောင်ကြသူများဖြင့် ပြည့်ကျပ်နေသည်။ နီမောင် အိမ်တွင်းသို့ ဝင်သွားသည်နှင့် ခေါင်းရင်းဘက်တွင် အကျအနထိုင်နေသော အသားဖြူဖြူ ဝဝဖိုင့်ဖိုင့်နှင့် မျက်မှန်တပ်ထားသော အသက်ငါးဆယ်ဝန်းကျင် အရွယ်ခန့်ရှိ လူကြီးက ပြုံးရွှင်စွာဖြင့် လှမ်း၍နှုတ်ဆက်သည်။

“ဘယ့်နှယ်လဲ မောင်ဇော်ဦး ပျောက်ချက်သားကောင်းလှချည်လားကွယ်၊ မင်းကို ရှာလိုက်ရတာကွာ”

နီမောင်က ပြုံး၍ရှေ့သို့တိုးဝင်သွားသည်။ အားလုံးက နီမောင့်အပြုအမူများကိုကြည့်ပြီး အံ့သြနေကြသည်။ မိမိတို့နှင့် လက်တွဲလျက်နေပူမိုးရွာမရှောင် ပင်လယ်ပြင်တွင်စွန့်စွန့်စားစား လုပ်ကိုင်ခဲ့သော နီမောင်သည် ယခုတော့လည်း သန့်ပြန့်ရည်မွန်သော ဧည့်သည်လူကြီးနှင့် ရင်းရင်းနှီးနှီးဖြစ်နေပြန်ပါရောလား။

နီမောင်အဖြစ်နှင့် စတင်သိရှိကာ နှစ်အတန်ကြာနေလာခဲ့ပြီးမှ





ယခု မောင်ဇော်ဦးဖြစ်နေပြန်ပြီ။

“မင်းပျောက်သွားပြီး တစ်နှစ်လောက်ကြာကတည်းက သတင်းစုံစမ်းနေကြတာ ဘယ်မှာအစအန ရှာမရခဲ့ဘူး။ ဘာလဲ တစ်သက်လုံးများ ရေလုပ်ငန်းလုပ်စားတော့မယ်လို့ စိတ်ကူးပေါ်လာလို့လားကွယ်”

“မဟုတ်ပါဘူး အန်ကယ် ကျွန်တော် ဒီမှာနေရတာ စိတ်ဝင်စားလို့ပါ ရေလုပ်သားတွေရဲ့ ဘဝမှန်ကို အနီးကပ်ဆုံး ထိတွေ့ခွင့်ရနေတာကို သဘောကျနေမိလို့ပါ အန်ကယ်”

“ခုတော့ ပြည့်စုံသင့်သလောက် ပြည့်စုံပြီမဟုတ်လား”

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

“ဒီလိုဆိုရင်လည်း အလုပ်ဝင်ဖို့ အချိန်တော်ပြီပေါ့ကွယ်။ တို့တိုင်းပြည်ထူထောင်ရေးမှာ မင်းတို့လို ခေတ်ပညာတတ် လူငယ်လူရွယ်တွေရဲ့ လုပ်အားတွေအများကြီးလိုနေပြီကွယ် အခုအန်ကယ်တို့ ဒီရွာကို ရောက်ရတဲ့ရည်ရွယ်ချက်ကလည်း တခြားတော့ မဟုတ်ပါဘူး ဒီရွာက လူကြီးတွေ ရေလုပ်သားတွေအားလုံးနဲ့ ဆွေးနွေးတိုင်ပင်ဖို့ လာကြတာပဲကွယ်”

အားလုံးစိတ်ဝင်စားသွားကြသည်။

“ဒီနှစ်ကစပြီး နောက်ပိုင်းနှစ်တွေမှာ ပင်လယ်ပြာ စည်းကမ်းသတ်မှတ်ချက်တွေအပြင် မိကျောင်းတို့ လင်းပိုင်တို့ ဖမ်းခွင့်လုံးဝပိတ်ပစ်လိုက်ပါပြီ”

အားလုံး အံ့သြသွားကြသည်။

“ဟုတ်ပါတယ် ကျွန်တော်တို့ဆီမှာ စည်းလွတ်ကမ်းလွတ် ဖမ်း



www.burmeseclassic.com

www.burmeseclassic.com



နေလို့ မျိုးတုံးလုဖြစ်နေတာကို ပြန်လည်ထိန်းသိမ်းတာပါပဲ။ ဒါပေမဲ့ လုံးဝပိတ်ပင်လိုက်တာတော့ မဟုတ်ပါဘူး”

အားလုံး သက်ပြင်းချလိုက်ကြသည်။

“အခုလာတဲ့ ရည်ရွယ်ချက်က ဒီရွာမှာ ရေလုပ်ငန်းသမဝါယမ တစ်ခု ဖွဲ့စည်းဖို့ပါပဲ အဲဒါ ဒီရွာခံ လူတွေရဲ့ ဆန္ဒကိုလည်း သိချင်ပါတယ်”

အားလုံး ဝိုင်းဝန်းဆွေးနွေးကြသည်။ ရေလုပ်သားအားလုံး သာတူညီမျှ ခံစားကြရမည့် အရေးမို့သဘောကျလက်ခံကြသည်။ ဦးမင်းအောင်ကိုယ်တိုင်ကမူ သူ၏အမှားများကို တစ်စွန်းတစ်စ ဖွင့်ဟဝန်ခံခဲ့သည်။

“တစ်ချိန်က ကျွန်တော်တို့လည်း ကိုယ်ကျိုးစီးပွားတစ်ခုတည်း ကြည့်ပြီး မလုပ်သင့်တာတွေရော လုပ်သင့်တာတွေရော လုပ်ခဲ့ပါ တယ်။ အမှန်တော့ တွေးကြည့်ရင်း ဒီလို လုပ်တာတွေဟာ ကိုယ်ကျိုး တစ်ခုတည်းကလွဲပြီး အားလုံးအတွက်နစ်နာမှုဖြစ်ခဲ့တာကို ကျွန်တော် တွေးမိပါပြီ ဒါကြောင့် အခုလူကြီးမင်းတို့ ရှေ့မှာပဲ ကတိပေးပါတယ်။ နောက်ပိုင်း ငါးဖမ်းသမဝါယမနဲ့ပဲ ပူးပေါင်းပြီး လုပ်ကိုင်ပါတော့မယ်ဗျာ”

အားလုံး သဘောကျသွားကြသည်။ ထိုစကားသည် ရေလုပ်ငန်းများအတွက်နှင့် ရေလုပ်သားများအတွက် အားရှိဖွယ်ရာ စကားပင်မဟုတ်ပါလား။

++++++++++++++





*ရေပြင်ပေါ်မှ နောက်ဆုံးတိုက်ပွဲ*

မိကျောင်းကျွန်း။

ကနဦးက ပသီကမာဟောက်ဟု အမည်တွင်ခဲ့သော်လည်း မိကျောင်းပေါလှသောကြောင့် တစ်စတစ်စဖြင့် ရေလုပ်သားများ၏ ပါးစပ်ဖျားမှ အစပြု၍ မိကျောင်းကျွန်းဟု အမည်တွင်လာခဲ့ခြင်း ဖြစ်သည်။ ထိုကျွန်း၏ ရေပြင်ပေါ်ဝယ် လူလေးယောက်ကို သယ်တင်လာသော လှေတစ်စင်း ရွေ့လျားဝင်ရောက်လာသည်။

ဦးမင်းအောင်၊ ဦးဘိုးထွန်း၊ နီမောင်၊ သိန်းတင်တို့ပင် ဖြစ်ကြသည်။ နီမောင်က ဦးဖျားမှ သိန်းတင်က ပဲ့ဖျားမှ တက်သံမကြားအောင် လှော်ဝင်လာမှုကြောင့် အရှိန်ဖြင့် ပြေးလွှားနေသည်။

ကျွမ်းကျင်သူများပေမို့ အဘယ်မျှပင် မြန်မြန်ဆန်ဆန် လှော်ကြသော်လည်း တက်သံရေသံပေါ် ထွက်ခြင်း မရှိပေ။

လဆန်းရက်၏ မှုန်ပျသော လရောင်သည် မြစ်ရေပြင် မျက်နှာပေါ် အနှံ့ ငွေရောင်ဆမ်းထားသည့်နှယ်ရှိသည်။ လေပြည်ကလေး ရှပ်တိုက်ပြေးလွှားလေတိုင်း လှိုင်းကြက်ခွပ်လေးများ တဖျပ်ဖျပ် ထသွားလေသည်။ ထိုသို့ လှိုင်းကြပ်ခွပ်ကလေးရှိနေခြင်းသည် ရေမဆိုးတို့အတွက် အခွင့်အရေးသာသည်ဟု ဦးဘိုးထွန်းက မကြာခဏ ပြောနေသည်။ အဘယ်ကြောင့်ဆိုသော် မိကျောင်းအနီးသို့ ကပ်လာပါက ပို၍သိနိုင်သောကြောင့်ဖြစ်သည်။

လှေပေါ်ဝယ် လက်နက်ကိရိယာအစုံအလင်ပါလေသည်။ [illegible]မကာ



www.burmeseclassic.com

www.burmeseclassic.com



သွားကို မြနေအောင် သွေးထားသော စလွတ်ကို ခိုင်ခံ့သော နိုင်လွန်ကြိုးများနှင့် ဆက်သွယ်ထားပြီး တစ်ဆက်တည်း ဝါးဆစ်ဖော့လုံးများပါ တွဲချည်ထား၏။ ထိုဖော့လုံးများသည် သားကောင်ကို လမ်းပြမည့် ခြေရာကောက်မှဆိုးများပင် ဆိုကရနိုင်ပေသည်။

ထို့ပြင် မှိန်း၊ လှံနှင့် အသွားထက်လှသည့် ဓားများ၊ ကျား၊ မီးအုပ်ဆောင်းများ လက်နှိပ်မီးများ။

ထိုနေ့ည စ... ...ထိုးတာဝန်ယူရမည့်သူမှာ နီမောင်။

တက်ကြွဖျတ်လတ်မှုရှိနေသည်။ သည်ညပွဲသည် သူ့အတွက် နောက်ဆုံးပွဲစဉ်ပေမို့ အစွမ်းကုန်ကြိုးစားလိုက်မည်ဟု စိတ်ကူးထားသည်။ မိကျောင်းရလျှင် ဦးကျော်ဇံတို့အား လက်ဆောင်ပေးနိုင်မည်။ အပေါ်အင်္ကျီဝတ်မထား၊ အောက်ခံဘောင်းဘီသာ ဝတ်ထား ပြီး ခါးပတ်ကို ခပ်တင်းတင်းပတ်ထားသည်။

မိကျောင်းရေနှင့် ပြုလုပ်ထားသော ခါးပတ်တွင် အသွား ခြောက်လက်မခန့်ရှိသော အသွားထက်လှသည့် ဓားတစ်လက်ကို ချိတ်ဆွဲထား၏။ ယခင်က ဖြူသောအသားမှာ နေလောင်မှုကြောင့် ညိုစိမ့်စိမ့်ဖြစ်နေပြီး လက်မောင်း၊ လက်ဖျံ၊ ရင်အုပ်သား၊ ပေါင်နှင့် ခြေသလုံးသားတို့မှာ ကြွက်သားအပြိုင်းပြိုင်းထနေသည်။

"မင်းကတော့ကွာ တက်ကယ့်တာဇံကျနေတာပဲ မိကျောင်းတွေ ရင် ရေထဲဆင်း နပန်းလုံးပြီး ဆင်းဖမ်းတော့မယ့်အတိုင်းပဲ"

"အဘထွန်းကလည်းဗျာ ပြောရှော့မယ်"

"မင်းကို ခွဲရမှာ ငါတော့ နှမြောလှတယ် နီမောင်ရယ်"





ထိုစကားကြောင့် အားလုံး စိတ်မကောင်းဖြစ်သွားကြသည်။ သည်တစ်ခေါက် ပြန်ရောက်လျှင် နီမောင်မြို့သို့ပြန်တော့မည်ကို သိထားသောကြောင့်ဖြစ်သည်။

"မင်းက လက်စသတ်တော့ ဘွဲ့ရလူငယ်တစ်ယောက်ဆိုတာ တို့ဖြင့် အခုမှသိကြရတယ် တော်တော်အပင်ပန်းခံနိုင်တဲ့ မောင်ပါကွာ"

"ရေလုပ်သားတွေ ရေသတ္တဝါတွေနဲ့ သဘာဝတွေကို လက်တွေ့ လေ့လာချင်လို့ပါ အဘရာ ကျွန်တော့်သဘောက အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် အပေါ်ယံ အမြင်နဲ့ မလုပ်ချင်ဘူး လက်တွေ့ စေ့စေ့စပ်စပ် လေ့လာသိရှိပြီးမှ လုပ်ချင်လို့ပါ"

"မင်းအမေကလည်း တော်တော့်ကို လိုက်လျောနိုင်ပါရဲ့ကွာ"

"ပထမ အစီအစဉ်ချစက အမေက သဘောမတူပါဘူး ဒါပေမဲ့ တဖြည်းဖြည်း နားဝင်အောင် ပူဆာတော့မှ လိုက်လျောခဲ့တာ ခုတော့ အမေလည်း စိတ်ချမ်းသာပါပြီ"

"အား အတော်ထူးဆန်းတဲ့ သူငယ်ပဲ မင်းကရေလုပ်သားတွေရဲ့ ဘဝ ရေသတ္တဝါတွေရဲ့အကြောင်း သိချင်လှတော့ ဒီညတော့ မခြွင်း မချန် ပြောပြရတာပေါ့ကွယ် ကဲ အချိန်လိုသေးတယ် တစ်နေရာမှာ ဝင်ပြီးနားကြရအောင်"

အားလုံးသဘောတူသဖြင့် လှေကို ရေသမန်းဖိုကျတစ်ခုဘေး တွင် ဝင်ကပ်လိုက်ကြသည်။ ပြီးလျှင် အိမ်မှ အသင့်ထည့်ယူလာကြ သော ရေနွေးကြမ်း ထမင်းကြော်နှင့် ငါးခြောက်ဖုတ်များကို ရေလုပ် သားတို့ ခလေ့ထုံးစံအတိုင်း တင်မြှောက်ပသပြီး စားသောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုသို့ စားသောက်နေစဉ်မှာ အိုးခွက်ပန်းကန့်သံများလုံးဝ အသံမမြည်စေရန် ဂရုပြုကြရသည်။ ညအခါ တိတ်ဆိတ်ငြိမ်သက်နေချိန်တွင် ရေပြင်တစ်လျှောက်ဖြတ်၍ တိုးတိတ်ညင်သာသောအသံပင် အတော်ဝေးဝေးဆီမှ ကြားနိုင်သောကြောင့် ဖြစ်သည်။

"ကဲဟေ့ စားသောက်ပြီးကြရင် ရေထဲကို လက်နှိုက်မဆေးကြနဲ့ လှေဝမ်းထဲကရေနဲ့ဆေးကြ လူအနံ့ဟာ စူးရှသလောက် မိကျောင်းငါးမန်းဆိုတဲ့ သတ္တဝါမျိုးတွေက ရေထဲမှာတော့ ဝံပုလွေထက် အနံ့ခံကောင်းတဲ့ သတ္တဝါမျိုးပဲ"

သည်လို သက်စွန့်ဆံဖျား ခရီးစဉ်မျိုးတွင် ပိုင်ရှင်လုပ်သား ခွဲခြားနေ၍မဖြစ်၊ ရေလုပ်ငန်းကျွမ်းကျင်လိမ္မာ၍ အတွေ့အကြုံရင့်ကျက်သူ၏စကားကို နာခံကြရသည်။

"သည်နေ့ လရောင်အားနည်းတော့ ကျားမျက်လုံးမီးနဲ့ လက်နှိပ်မီးတွေကို အသုံးပြုကြရမယ်။ သိတဲ့လူတွေချည်းဆိုပေမယ့် ထပ်သတိပေးရမယ်၊ မိကျောင်းဆိုတာ ပရိယာယ်များတယ် ရေကြောင်းကျွမ်းကျင်မှုရှိတယ်၊ ဘယ်လောက်ကြီးတဲ့ အကောင်ပဲဖြစ်စေ ချောင်းပေါ်မှာ လှိုင်းတစ်စက်ကလေးမှ မထအောင် နေရာမရွေ့ နေနိုင်စွမ်းလေတော့ ခုလို အလင်းရောင်အားနည်းတဲ့ အချိန်တွေမှာ သစ်တုံးနဲ့ မကွဲပြားတတ်ဘူး၊ ဒါကြောင့်လည်း ရေလုပ်သားတော်တော်များများဆိုရင် သူ့ရဲ့ လက်ဦးမှုကို ခံကြရတာပဲ"

"ဟုတ်တယ် အဘထွန်း ကျွန်တော်တောင် သစ်တုံးနဲ့မှားမှားပြီး မထိုးပဲနေတာ အနားရောက်မှချည်း သိရတယ်"





"အင်း ဒါကြောင့် ခုအချိန်တွေမှာ မီးရောင်ဟာ မိကျောင်းရှာဖွေတဲ့အတွက် အကောင်းဆုံးပဲ သူဟာ မိကျောင်းဘယ်မှာ ရှိတယ်ဆိုတာ ရှာဖွေညွှန်ပြလိမ့်မယ်"

ညဘက်အခါများတွင် မိကျောင်းများသည် ရေပေါ်၌သာ အနေများကြပြီး မျက်လုံးက အစဉ်ဖွင့်ထားတတ်လေရာ မီးရောင်နှင့်ထိမိသော မိကျောင်း၏ မျက်လုံးသည် ကိုက်သုံးရာအကွာအဝေးနေရာမှပင် ကားနောက်မီးပမာ ရဲရဲနီနေခြင်းကို တွေ့နိုင်ကြောင်း အားလုံးနားလည်လိုက်ကြသည်။

"ဒါထက် အလျဉ်းသင့်တုန်း မေးရဦးမယ် ရေထဲမှာ မိကျောင်းရဲ့ မျက်လုံးတစ်ခုတည်းသာ နီနေတတ်သလားအဘ"

"မဟုတ်ဘူးကွ လူကို အန္တရာယ်ပေးနိုင်တဲ့ သတ္တဝါမှန်သမျှရဲ့ မျက်လုံးဟာ မီးရောင်နဲ့တွေ့ရင် နီနေတာပဲ။ မိကျောင်း၊ငါးမန်း ငါးဆင် အစရှိသဖြင့်ပေါ့ကွာ။ ကုန်းပေါ်မှာဆိုရင်လည်း ကျားတို့ ကျားသစ်၊ မြွေ၊ ဝံပုလွေတို့ရဲ့ မျက်လုံးဟာ ဒီအတိုင်းပဲ။ အဲ လူကို ရန်မမူနိုင်တဲ့ သမင်၊ ဒရယ်တို့ရဲ့ မျက်လုံးနဲ့ကျတော့ မီးရောင်နဲ့ တွေ့ရင် စိမ်းနေတာကွ တို့မြို့ကြီးတွေမှာ ကားအသွားအလာတွေ အန္တရာယ်ကင်းအောင် မီးနီနဲ့ မီးစိမ်းနဲ့ ခွဲခြားထားသလိုနေမှာပေါ့"

ဦးဘိုးထွန်း၏ ဥပမာပေးလိုက်ပုံကို အားလုံးက သဘောကျသွားသဖြင့် တိုးတိတ်စွာ ရယ်မောကြသည်။

"နောက်ပြီး မိကျောင်းမှာ သဘာဝက တပ်ဆင်ပေးထားတဲ့ လက်နက်ကြီးနှစ်ခုရှိတယ်မဟုတ်လား တစ်ခုက သန်မာပြီး ကိုက်



www.burmeseclassic.com

www.burmeseclassic.com



အားကောင်းတဲ့ မေးရိုးကြီးတွေနဲ့ နောက်တစ်ခုက သန်မာတဲ့ မြီးရိုးနဲ့ အမြီးရိုက်အားပဲ။ တို့လှေလောက်ကတော့ ရိုက်ချက်တစ်ချက်လောက်ထိရင် ကျွမ်းပစ်သွားတာပေါ့ကွယ်"

အားလုံး ကျောထဲစိမ့်သွားကြသည်။ ရေပြင်နှင့် တစ်တောင်မျှသာ မြင့်သောလှေငယ်ပေါ်တွင် နေရသည်ကိုပင် စိတ်မလုံခြင်းသာမန်ငါးပွက်ကလေးများကိုပင် မျက်စိအလွတ်မပေးဝံ့ကြတော့ပေ။ ဦးဘိုးထွန်းကတော့ အေးအေးဆေးဆေး ဆေးတံကိုဖွာရင်း ရေပြင်အခြေအနေကို စေ့စေ့စပ်စပ်ကြည့်နေသည်။

"ကဲ ရေငြိမ်သွားပြီ ထွက်ကြရအောင်"

အချက်ပေးလိုက်သည်နှင့် ကိုယ့်တာဝန်နှင့်ကိုယ် အသင့်ပြင်လိုက်ကြသည်။

နီမောင်က စလွတ်ကြိုးများကိုရှင်းပြီး စလွတ်ကိုကိုင်သည်။ ဦးမင်းအောင်က မီးထိုးပေးရန် ကျားမီးအုပ်ဆောင်းကို ကိုင်သည်။ ဦးဘိုးထွန်းက ကြိုးခွေများကို ရှင်းလင်းပေးပြီး သိန်းတင်က လှေပဲ့မှ လှော်ပေးသည်။

လှေသည် နေရာမှ တရွေ့ရွေ့ စတင်ထွက်ခွာသည်။

လရောင်မှုန်ပျပျရှိသော်လည်း သစ်ရိပ်ကြောင့် အချို့နေရာများတွင် အမှောင်ရိပ်များ ကြီးစိုးနေ၏။ အားကောင်းလှသော ကျားမီးအုပ်ဆောင်းမှ အလင်းရောင်သည် အရှိန်အဟုန်ဖြင့် မှုံ့နှံ့ထွက်ပြေးနေ၏။ မီးရောင်တစ်လျှောက် ဖြတ်၍ ပျံသန်းနေသော ညဥ့်ငှက်ကလေးများနှင့် ပိုးမွှားများကိုလည်းကောင်း ရေပြင်ပေါ်





တွင် လှုပ်ရှားမြူးထူးနေသော သတ္တဝါကလေးများကိုလည်းကောင်း မြင်နေရသည်။

နေရာမှ စတင်ထွက်ခွာလာသည်မှာ အတန်ကြာပြီ။ သားကောင်၏ အစအနကိုမျှ မမြင်ရသေး၊ သို့သော် အဖွဲ့သားအားလုံး စိတ်အားတက်ကြွစွာဖြင့် လှုပ်ရှားနေကြဆဲပင်။ လှေသည် တစ်စတစ်စဖြင့် မိကျောင်းကျွန်းဝဲဆိုင်အစပ်နားသို့ ရောက်ရှိလာလေပြီ။ ထိုအခိုက် လှုပ်ရှားနေသော မီးရောင်ဖြင့် ရှေ့ကိုက်အနည်းငယ်အကွာအဝေး ရေပြင်ပေါ်တွင် ခပ်ရေးရေး ပေါ်နေသော သဏ္ဍာန်တစ်ခုကို မြင်သွားကြပြီ။

"သတိရှိကြ ရှေ့မှာသားကောင်ကို တွေ့နေပြီ"

မလှမ်းမကမ်းသို့ ရောက်လာသည်နှင့် ရေပြင်ပေါ်မှ မိကျောင်းကြီး၏ သဏ္ဍာန်ကို ပြက်ပြက်ထင်ထင် မြင်လာကြရသည်။

"သိန်းတင် ကွေ့ထဲကဝင်နော် ကွေ့အပြင်ကဝင်လို့ အမြီးစာမိသွားမယ်"

ရေပြင်ပေါ်တွင် အေးအေးဆေးဆေး မျောနေသော မိကျောင်းကြီးသည် အနီးရောက်လာသော ရန်သူကိုတွေ့လိုက်ရသဖြင့် ရေအောက်သို့ တဖြည်းဖြည်း ငုပ်လျှိုးစပြုနေပြီ။

"နီမောင်"

"ရှိ..ဒုတ်"

"ဝုန်း...ဝုန်း"

စလွတ်ဖြတ်သံ ထိသံနှင့် တဆက်တည်း ရေလှိုင်းထသံကြီး



www.burmeseclassic.com

www.burmeseclassic.com



များ ပေါ်ထွက်လာသည်။ လှိုင်းကြောင့် လှေကလေးမှာ ဘယ်ညာ လူးသွားသည်။ ကြိုးခွေများသည် မြွေတစ်ကောင်ပမာ အရှိန်ဖြင့် ဆင်းသွားကြလေရာ ဦးဘိုးထွန်းက ကျွမ်းကျင်စွာ လျှော့ပေးနေသည်။

"နီမောင် မင်းခြေထောက်ကို ကြိုးပတ်မိမယ် သတိထား"

"ရတယ် အဘ"

လျှောဆင်းသွားသော ကြိုးစများကုန်သွားသည်နှင့် လှေကလေးမှာ ချာကနဲ လှည့်ထွက်ကာ ကြိုးဆွဲရာနောက်သို့ ပါလေတော့သည်။

ရေဆန်ပင် ဖြစ်လင့်ကစား ဆွဲအားသန်လှသဖြင့် စက်တပ်ယာဉ်ပမာ မြန်ဆန်လှ၏။ လှေဦးမှ ယက်ဝန်းများ ထနေလေရာ လှေဦးမှ နီမောင် တစ်ကိုယ်လုံး ရွှဲရွှဲစိုနေတော့သည်။

ဝဲလယ်သို့ ရောက်သည်နှင့် ဆွဲအားတန့်သွားလေရာ ဦးဘိုးထွန်းက ကြိုးများကို အလျင်အမြန် ပြန်ဆွဲတင်နေသည်။ ဖြစ်သလို ဆွဲတင်ရသဖြင့် အစီအစဉ်မကျတော့ပဲ ရှုပ်ထွေးစပြုနေပြီ။ ရေအောက်မှ သတ္တဝါသည် လွတ်ထွက်သွားသည့်အလား ရုန်းအားမရှိတော့သဖြင့် အားလုံး သံသယဖြစ်နေကြသည်။

"လွတ်များ သွားပလားဟ"

"ဟုတ်တယ် ကြိုးက သိပ်လျော့နေတယ်"

"နီမောင် အသေအချာထိတာမှ ဟုတ်ရဲ့လားကွ"

"အသေအချာကို ထိတာပါအဘရဲ့"

"ဒီလိုဆိုရင် သတိဝီရိယထားကြ တစ်ကျော့ပြန်ဝင်လာနိုင်တယ်"

ပြော၍မှမဆုံးမီ ဝုန်းခနဲ ရေလှိုင်းထသံနှင့်အတူ ရေအောက်





မှ မည်းမည်းသဏ္ဌာန်ကြီးက လှေပေါ်မှ လူများကို သိမ်းရိုက်ချလိုက်သည်။ ရုတ်တရက်ပေမို့ ဖရိုဖရဲ ဖြစ်သွားကြသည်။

"တို့ကို မြစ်လယ်ခေါင်ဆွဲခေါ်လာပြီး ပြန်ဆော်နေပြီဟေ့ နီမောင် စလွတ်သစ်တစ်ချောင်း ပြင်ထားစမ်း"

ဦးဘိုးထွန်းက ဗျူဟာမှူးပမာ စေ့စေ့စပ်စပ်ပြောနေသည်။

နီမောင်က လှေဝမ်းမှ ဦးမင်းအောင်လှမ်းပေးသော စလွတ်တစ်ချောင်းကို လှမ်းယူလိုက်သည်။ နောက်တစ်ကြိမ် ရိုက်ချပြန်သောအခါ စလွတ်ဖြင့် မလွတ်တမ်းထိုးချလိုက်သည်။

သည်တစ်ကြိမ်တွင် ဦးမင်းအောင် ကံဆိုးရှာပြီ။

နောက်ထပ် စလွတ်ကြိုးများကိုသာ ဂရုစိုက်နေစဉ် ပထမ ခလွတ်ကြိုးများက ခြေထောက်ကိုပတ်၍ အရှိန်ဖြင့်ဆွဲချလေရာ ဝုန်းသုန်းကားဖြင့် ရေထဲသို့ထိုးကျသွား၏။

ခေတ္တမျှ ပြန်ပေါ်လာနိုးဖြင့် ကြောင်၍ကြည့်နေကြသော်လည်း မပေါ်လာတော့ပဲ စလွတ်ကြိုးများ အစဉ်တစ်စိုက် ထိုးဆင်းသွားသည်ကို မြင်ရသည်နှင့် ဦးမင်းအောင်၏ အခြေအနေကို အကဲခတ်မိလိုက်ကြပြီ။ သို့ကြောင့် ရုတ်ချည်းဆိုသလို နီမောင်ရေထဲသို့ ထိုးဆင်းလိုက်သည်။ အသက်ကို အောင့်ထားရင်း အရှိန်ဖြင့် ရေအောက်သို့ ရောက်သွားမှ မျက်စိဖွင့်ကြည့်လိုက်သည်။

ခြေထောက်မှ ကြိုးများ၏ ဆွဲပတ်မှုကြောင့် ယက်ကန် ယက်ကန်ဖြစ်နေသော ဦးမင်းအောင်ကို မြင်ရသည်နှင့် အလျင်အမြန် ကူးခတ်သွားပြီး ကြိုးကိုဓားဖြင့်ဖြတ်နေစဉ် မိမိတို့ရှိရာသို့ ထိုးဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသော မည်းမှည်းသဏ္ဌာန်ကြီးကို မြင်လိုက်ရသဖြင့် ဘေးသို့ တွန်းထွက်လိုက်ရသည်။

"ရေထဲမှာ မိကျောင်းနဲ့တွေ့ရင် ခေါင်းပိုင်းကို အမိအရ ချုပ်ကိုင်နိုင်အောင် ကြိုးစား မျက်လုံးကို ပိတ်ထားနိုင်ပြီး သူ့ကိုဒဏ်ရာရအောင်သာ လုပ်နိုင်ရင် မိကျောင်းဟာ ရေထဲမှာ ကြာရှည်မနေနိုင်ဘူး မှတ်ထား"

တစ်ချိန်က ဦးဘိုးထွန်း သွန်သင်ခဲ့သော စကားများသည် အရေးကြုံလာသောအခါ ယခုပင် အနီးမှ ကပ်ပြောနေသည့်နှယ် ကြားယောင်နေမိသည်။ ဦးမင်းအောင် လွတ်သွားမှန်းသိလိုက်ပြီးသည်နှင့် ရေမျက်နှာပြင်သို့ ပြန်တက်ရန် ကြိုးစားနိုက်မှာပင် နောက်တစ်ကြိမ်လှည့်ဝင်လာသော မိကျောင်း၏ ကိုက်အားကို ရှောင်ရင်း လက်ထဲမှ ဓားဖြင့် နံဘေးသို့ တအားထိုးခွဲသည်။

အသက်အောင့်ထားသော်လည်း ဝန်းကျင်တွင် သွေးညှီနံ့များ ပျံ့နှံ့နေပြီကို တွက်ဆမိသည်။ ရေထဲတွင် သွေးညှီနံ့သည် အခြား အန္တရာယ်ကို ဖိတ်ခေါ်ရာ၌ အလွယ်ကူဆုံးပေမို့ ကိုယ်လွတ်ရုန်းရန် ကြိုးစားရတော့မည်။

အသက်အောင့်ထားရသည်မှာကြာပြီဖြစ်၍ ရင်ပွင့်ထွက်လုမတတ် ဖြစ်နေပြီ။ နောက်တစ်ကြိမ် နှေးကွေးစွာ ပြန်လှည့်လာသော မိကျောင်းကြီး၏ ခေါင်းပိုင်းကို အမိအရ ချုပ်ကိုင်၍ တရကြမ်းထိုးပစ်လိုက်ရာ မိကျောင်းကြီးမှာ ရေပြင်သို့ ဘွားခနဲ ထိုးပေါ်လိုက်သည်။ ရေပြင်ရောက်မှ အသက်ကို တဝကြီးရှူသွင်း





လိုက်စဉ်မှာပင် ရင်ထဲ၌ဟိုက်တက်လာပြီး သတိလစ်သွားတော့သည်။

နားထဲမှ ဆူညံမှုများ တစ်စတစ်စ ဝေးကွာသွား၏။

+++++++++++++

## *အတ္တသမား၏ နောင်တများ*

ဆူညံမှုများကို တစ်ကျော့ပြန်လည်၍ ကြားလိုက်ရသည်နှင့် မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။ စူးရှသော အလင်းရောင်ကြောင့် မျက်စိကျိန်းစပ်မှုကို ခံရသည်။ တစ်ဆက်တည်း ကိုယ်ခန္ဓာအနှံ့မှ ဒဏ်ရာများက နာကျင်မှုများကို သတိပြုမိသည်။ မြင်ကွင်းထဲတွင် အသိအကျွမ်းလုပ်ဖော်ကိုင်ဖက်များ၏ မျက်နှာများကို အစုံအလင် တွေ့နေရသည်။

"သား...သား သတိရပြီလား ဟင်"

အသာ ခေါင်းညိတ်ပြရင်း နေရာမှ ထရန်ပြင်သည်။

"အို မထနဲ့ဦးလေ ကိုယ်မှာ ဒဏ်ရာတွေနဲ့"

ခင်မလေး၏ စိုးရိမ်တကြီးပြောသံကြောင့် အသာငြိမ်နေလိုက်သည်။ ခေါင်းထဲဝယ် ဖြစ်ပျက်ခဲ့သမျှကို တစ်စစီပြန်လည်ပေါ်နေ၏။

မိကျောင်းကျွန်းဝဲဆိုင်။

ဒေါသကြီးနေသော မိကျောင်းကြီး။

ရေအောက်လှုပ်ရှားမှုများ အဆက်အစပ်မရှိ ပြန်လည် မြင်ယောင်နေ၏။

"ဦးမင်းအောင် ဦးမင်းအောင်"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မှရေရွတ်ရင်း မျက်လုံးဖွင့်ကြည့်လိုက်သည်။ ဦးမင်းအောင်ဘေးမသီရန်မခရှိပါရဲ့လား။

"မောင်နီမောင် ဦးလေးဒီမှာရှိတယ်ကွ၊ မင်းကျေးဇူးကြောင့် ဦးလေးဘာမှ မဖြစ်ဘူး"

နီမောင့်စိတ်ထဲဝယ် ကျေနပ်ရွှင်လန်းသွား၏။ မိမိအတွက်ကြောင့် အသက်တစ်ချောင်း ကယ်တင်ခွင့်ရခဲ့သည် မဟုတ်ပါလား။

"ဦးလေးဖြင့် အမေမွေးတဲ့ အသက်မရှိတော့ပါဘူး မင်းပေးတဲ့ အသက်ပဲရှိပါတော့တယ်ကွာ ဒါကြောင့် မင်းကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိနိုင်တော့ပါဘူး"

"မလိုပါဘူး ဦးလေးရယ် ဦးလေးရဲ့ အသက်ကို ကယ်တင်ခွင့်ရတာကိုပဲ ကျေနပ်လှပါပြီ"

"အေးကွယ် မင်းရဲ့မွန်မြတ်တဲ့ စိတ်ထားကိုတော့ မချီးကျူးပဲ မနေနိုင်ပါဘူး၊ ဒါကြောင့်လဲ အလျင်က မင်းအပေါ်မှာ အထင်သေးစွာဖြင့် ဆက်ဆံခဲ့မိတာတွေကိုတွေးပြီး စိတ်မကောင်းဖြစ်နေမိတယ်။ ခုတော့ ဦးလေးလည်း နောင်တရနေပါပြီ။ ကိုယ့်စီးပွားရေး တစ်ခုတည်းကြည့်ပြီး မဆင်မခြင် လုပ်ခဲ့တာတွေကို ပြင်ဆင်ပါတော့မယ်"

"အေးဗျာ ဒီစကားကြားရတာ ဝမ်းသာစရာပဲ ခင်ဗျားဆီက လင်းပိုင်ဆီနဲ့ မိကျောင်းသားရေတွေ မှောင်ခိုတင်သွားတဲ့ သူတွေလည်း လမ်းခုလတ်မှာတွင် အဖမ်းခံလိုက်ရတယ်လို့ သတင်းရောက်လာတယ်ဗျ"

ထိုစကားကို မလှမ်းမကမ်းတွင် ထိုင်နေသော ဦးကျော်ဇံက





ပင်ပြောလိုက်ခြင်းဖြစ်၏။ ထိုစကားကြောင့် ကျော်တင့်တို့အဖွဲ့ စခန်းသိမ်းသွားပြီကို နားလည်လိုက်ကြသည်။

"အေးဗျာ ကျွန်တော်လည်း တော်တော်မှားခဲ့ပါတယ်"

"တကယ်တော့ ခင်ဗျားစဉ်းစားကြည့်ပါ ဦးမင်းအောင် ရေပြင်ပိုင်နက်က ရသမျှ အဖိုးတန်ကျောက်မျက်ရတနာတွေနဲ့ သားငါးပုစွန်တွေနဲ့ တန်ဖိုးရှိတဲ့ မိကျောင်းအစရှိတဲ့ သားငါးတွေဟာ တစ်ဦးတစ်ယောက်ကောင်း ကိုယ်ကျိုးအတွက် မလုပ်သင့်ပါဘူး။ ခု မိကျောင်းသားရေဆိုရင် နိုင်ငံခြားဈေးကွက်မှာ မျက်နှာပန်းလှနေတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ဝင်ငွေတိုးတာပေါ့ဗျာ။ ဒါကြောင့်လည်း အခုဒီမှာလာပြီး ရေလုပ်ငန်းသမဝါယမဖွဲ့စည်းတည်ထောင်တာကလည်း အားလုံးသာတူညီမျှ အကျိုးခံစားခွင့်ရှိအောင်လို့ပါပဲ"

"ကျွန်တော် သဘောပေါက်ပါပြီ ၊ ဒါကြောင့်လည်း ကျွန်တော့်ဆီက အလုပ်သမားတွေနဲ့ စုပေါင်းပါဝင်ဖို့ အများရှေ့မှာ ကတိပေးပါတယ်"

တက်ကြွသော စကားသံများ စည်ဝေစွာ ပေါ်ထွက်လာသည်။ နီမောင်မှာ ခံစားနေရသော ဝေဒနာများပင် ပျောက်ကွယ်သွားကာ ပီတိဖြစ်မိလေသည်။

"ဒါထက် မောင်နီမောင်က တစ်ခါတည်း ပြန်လိုက်သွားတော့မှာလား"

"ဟုတ်ကဲ့ ဒီကပြန်သွားရင် ပြည်သူ့ပုလဲနဲ့ ငါးလုပ်ငန်းမှာ လုပ်ဝင်ဖို့ စီစဉ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း မင်းလိုလူမျိုးကတော့ကွာ ရှားပါတယ်"

အားလုံးပြုံးနေကြသည်။ အားလုံးကမူ နီမောင်နှင့် ခွဲရတော့မည်မို့ စိတ်မကောင်းဖြစ်နေကြသည်။

အဆိုးဆုံးကတော့ ခင်မကြီးနှင့် ခင်မလေးတို့ပင်ဖြစ်သည်။ မျက်ဝန်းတစ်ခိုတွင် မျက်ရည်ကြည်များ စွတ်စိုလျက် ရှိနေကြသည်။ သံယောဇဉ်ဟူသည် အတူနေစဉ်က မသိသာ။

ခွဲခွာရခါနီးတွင် အရှိန်အဟုန်ဖြင့် နှလုံးသားကို ထိခတ်လာတတ်သည် မဟုတ်ပါလား။

++++++++++++++++++++

<u>လွမ်းယမုန်ကမ်းခြေဦးမှ</u>

"မမကြီး"

လရောင်ဖြင့် တစ်မျှော်တစ်ခေါ်မြင်နေရသော ပင်လယ်ပြင်ဘက်သို့ မျက်နှာမူလျက် ခင်မကြီးသည် နောက်ဘက်မှ ခေါ်သံကြောင့် ဖြည်းလေးစွာ လှည့်ကြည့်လာသည်။

"မမကြီး ဘာတွေစဉ်းစားနေတာလဲ ကျွန်တော်ရောက်နေတာ ကြာပြီ နောက်ပြီး ခုတလော ကျွန်တော့်ကို ဘာဖြစ်လို့ ရှောင်နေတာလဲဟင်"

အဖြေထွက်မလာပဲ သက်ပြင်းချသံတစ်ချက်သာ ပေါ်ထွက်လာသည်။ စကားသံများ ရပ်သွားသည်နှင့် ပတ်ဝန်းကျင်သည် ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

နှစ်ဦးသား တစ်မျှော်တစ်ခေါ် မြင်နေရသော သောင်ပြင်ဘက်





သို့ မျှော်ကြည့်နေကြသည်။ ဝိုးမိုးဝါးတားစင်စွာ ဖြာဆင်းနေသော လရောင်သည် စိမ့်နေသည်။ မှုန်ပျပျမြင်နေရသော အုန်းတောဘက်ဆီမှ အုန်းရွက်ချင်းခတ်သံနှင့် ညဉ့်ငှက်အော်သံများကို ကြားနေရသည်။ ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော ဆောင်းလက်ကျန် လေနုအေးသည် သောင်ပြင်ပေါ်မှာ ထိုင်နေသော ခင်မကြီးနှင့် နီမောင်တို့ကို ထွေးပွေ့ကျီစယ်နေသော်လည်း အေးမြမှု မဖြစ်စေကြပါ။

"မမကြီးကို အေးအေးဆေးဆေး နှုတ်ဆက်ချင်တာနဲ့"

စကားကိုတုံးတိရပ်လိုက်ပြီး ခင်မကြီးမျက်နှာကို မော့ကြည့်လိုက်သည်။ ညှိုးနွမ်းမှုများကို တစ်စွန်းတစ်စ မြင်ရသည်။

"နှုတ်မဆက်ချင်ပါနဲ့တော့ မောင်လေးရယ် မင်းက မမတို့ဘဝထဲက ထာဝရ စွန့်ခွာသွားတော့မယ်ဆိုတာ မမနားလည်မိပါတယ်။ သံယောဇဉ်တစ်ပွေ့တစ်ပိုက်ထားခဲ့ပြီး ခွဲခွာတော့မယ် မဟုတ်လား"

"ကျွန်တော် မမကြီးတို့နဲ့ မခွဲခွာချင်ပါဘူး။ နောက်ပြီး မမကြီးကို စကားတွေ အများကြီးပြောချင်တယ်။ ဒါပေမဲ့ ရင်ထဲက ပြောစရာစကားတွေက များနေတော့ ဘယ်က စပြောရမှန်းတောင် မသိတော့ပါဘူး"

ခင်မကြီးက နီမောင့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း ပြောသည်။

"မင်း ရင်ထဲက စကားတွေကို ခုချိန်မှာပြောဖို့ မလိုတော့ပါဘူး မောင်လေးရယ် ဝေဒနာစကားတွေကို မမနားမထောင်ရဲရစေနဲ့တော့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်သည် ခင်မကြီးစကားကြောင့် ရင်ထဲ၌ ဆို့နစ်မွန်းကျပ်သွား၏။ ရင်ထဲမှ သိမ်းဆည်းထားခဲ့သော စကားများကို ပြောခွင့်သာပါလျက် မပြောနိုင်ခဲ့သည်ကို ဝမ်းနည်းမှုဖြစ်မိသည်။

"မမကြီး ညာနေတာ ကိုယ့်ကိုယ်ကိုယ်လည်း ညာတယ်၊ နောက်ပြီ ကျွန်တော့်ကိုလည်း ညာနေတာ မမကြီး ရင်ထဲမှာ ဘယ်လောက်ခံစားနေရတယ်ဆိုတာ ကျွန်တော် နားလည်တယ်"

နီမောင်သည် ခင်မကြီးရှေ့တွင်ရပ်၍ ပြောရင်း စိတ်မထိန်းနိုင်တော့ဘဲ ပခုံးနှစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ ခင်မကြီးကမူ ငြင်းဆန်ရုန်းဖယ်ခြင်းမပြုဘဲ ပြုသမျှ နုနေဟန်ဖြင့် ခပ်မော့မော့ ကြည့်နေရှာ၏။

"ကျွန်တော် မမကြီးကို တကယ်ချစ်တယ်။ မခွဲနိုင်ဘူး၊ ကျွန်တော့်ဘဝအတွက် ကြင်ကြင်နာနာနဲ့ လက်တွဲသွားနိုင်တဲ့သူဟာ ဟောဒီက ကရုဏာရှင်မလေး မမကြီးပဲ"

နီမောင်က ပြောရင်း ခင်မကြီးကိုယ်ကို ခပ်တင်းတင်းပွေ့ဖက်ပြီး တရှိုက်ဖက်မက်နမ်းသည်။ အချစ်၏ ရှိုးမြိန်သော အနမ်းများသည် ရင်မှ ပူလောင်လှမ်းဆွတ်မှုကို အားဖြစ်လာစေ၏။

ရှည်ကြာသော အနမ်းများအောက်ဝယ် အတန်ကြာ မိန်းမောနေကြပြီး ခင်မကြီး တိုးတိတ်ညင်သာစွာ စကားတစ်ခွန်းဆိုသည်။

"မောင်လေးရယ် မင်းမေတ္တာကို မမနားလည်ပါတယ်။ ဒါပေမဲ့ မင်းကို မမကြီး လက်မခံနိုင်ဘူး"

နီမောင်သည် ကိုယ်ချင်းတွန်းခွာ၍ ထိတ်လန့်တကြား ကြည့်သည်။





"မင်း မမကို တကယ်ချစ်တယ်ဆိုရင် ညီမလေးကို လက်ထပ်ပါ"

"ဗျာ မမကြီး ဘယ်လိုပြောလိုက်တာလဲ"

နီမောင်က အထိတ်တလန့်မေးသည်။

"ဟုတ်တယ် ညီမလေးက မင်းအပေါ်မှာ တကယ့်ကို သံယောဇဉ်ဖြစ်နေရှာပြီ။ ခံစားမှုချင်းတူရင် နုနယ်သေးတဲ့ ညီမလေးက ပိုပြီး ခံစားနေရတာကို မမကိုယ်ချင်းစာမိပါတယ်"

"ကျွန်တော် မမလေးကို မချစ်ဘူး နောက်ပြီး ကျွန်တော် ဘာပြောရမလဲ သူ့ကိုခင်တာကလွဲပြီး ဒီထက်မပိုနိုင်ဘူး"

"မင်း မမကြီးစကားကို နားထောင်ပါ မောင်လေးရယ်"

"ဒီမှာ မမကြီး အချစ်မရှိပဲ တည်ဆောက်ရတဲ့ အိမ်ထောင်ရေးတစ်ခုဟာ ခိုင်မြဲရှိမယ်လို့ ထင်နေသလား နောက်ပြီး ဟန်ဆောင်ရတဲ့ အချစ် အစားထိုးရတဲ့ မေတ္တာမျိုးကရော တန်ဖိုးမရှိပါဘူး။ သူကလည်း ကျွန်တော့်ကို စိတ်မဝင်စားပါဘူး"

နီမောင် စကားသံတို့မှာ တုန်ရင်လှိုက်မောနေ၏။

"မောင်လေးရယ် မင်းကို မမပြောပါရစေ။ တကယ်တော့ ညီမလေးဟာ သနားစရာပါ။ သူမင်းအပေါ်မှာ တကယ်ကို သံယောဇဉ်ရှိရှာပါတယ်။ ဒါပေမဲ့ လူငယ်တွေမှာရှိတဲ့ လွဲမှားတဲ့ မာနလေးတွေက မင်းတို့ရဲ့ အချစ်ကို အကျည်းတန်အောင် ဖျက်ဆီးနေတာပါ။ မင်း မမကြီးကို တစ်နေ့ကျရင် ကျေနပ်လောက်အောင် ကျေးဇူးပြန်ဆပ်ပါမယ်ဆို။ ဒီလိုဆိုရင် မမစကားကို မင်းနားထောင်ရမှာပေါ့"

"အို မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



နီမောင် စကားတစ်ခွန်းမျှ မဆက်ပဲ ခင်မကြီး မျက်နှာကို ကြည့်သည်။ လရောင်ဖြင့် မျက်ရည်ဆမ်းထားသော အချစ်၏ မျက်နှာပြင်မှ ညှိုးနွမ်းမှုများသည် ရင်ကိုပြင်းစွာ ထိခိုက်နာကျင်စေ၏။

"ကျွန်တော့်အသည်းနှလုံးကို စတေးပြီး မမကြီးရဲ့ ကျေးဇူးတွေကို ဆပ်ပြမှာလားဟင်။ မမကြီး စိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော်စိတ်တိုင်းကျ လုပ်ပေးပါ့မယ်"

"အို မောင်လေး မင်း မမရင်ထဲက မေတ္တာစေတနာတွေကို နားလည်ပါတယ် ကာစ်နေ့ကျရင် သဘောပေါက်လာမှာပါကွယ်"

"ကျွန်တော် ဘယ်လိုဖြေရမလဲ မမရယ်"

နီမောင်သည် ခင်မကြီး၏ ကိုယ်ကို နောက်တစ်ကြိမ်တိုးဖက်ကာ မျက်ရည်ဖြင့် စွန်းထင်းနေသော မျက်နှာပေါ်သို့ တရှိုက်မက်မက် ငုံ့နမ်းလိုက်သည်။ ခင်မကြီးမှာ တစ်သက်တစ်ခါ ချစ်ခဲ့ရသော ချစ်သူအတွက် နောက်ဆုံးလိုက်လျောခြင်းဖြင့် ညင်ညင်သာသာ ခွင့်ပြုလိုက်ရာသည်။

တစ်ခါတရံ ချစ်တတ်သူတို့၏ နှလုံးသားကို အချစ်၏ နှိပ်စက်ကလူမှုကြောင့်ပင် ညှိုးနွမ်းပွင့်လောင်းမှု ဖြစ်စေတတ်ပါ၏။

+++++++++++++

## လွမ်းလေသမျှ ပူဇော်ကြွယ်

အားလုံးဝိုင်းဝန်းနှုတ်ဆက်ရင်း ပေးလာသော လက်ဆောင်ပစ္စည်းများက စုံလင်လှသည်။ သောင်တန်းရွာကမ်းခြေတစ်ဝိုက်





စည်ကားလွန်းနေ၏။

အတိုချုံး၍ ကျင်းပခဲ့သော မင်္ဂလာပွဲမှ ပူပူနွေးနွေးရှိနေသော နီမောင်နှင့် ခင်မလေးတို့ မောင်နှံမှာ နှုတ်ဆက်သူများကြားဝယ် မလည်နိုင်အောင် ဖြစ်နေရှာ၏။ ခင်မလေး၏ဖခင် ဦးမင်းအောင်ကမူ မိတဆိုးသမီးလေး၏ စိတ်ချမ်းသာမှုကိုကြည့်ကာ ပီတိတွေ တဝေဝေနှင့်။ ထိုအခိုက် နီမောင်ဘေးသို့ ဦးဘိုးထွန်းရောက်လာသည်။

"အဘထွန်း"

"ဘယ်လိုလဲဟေ့ နီမောင် ငါကြို့တင်ပြီး နိမိတ်ဖတ်ခဲ့တာ ခုတော့ မှန်နေပြီ မဟုတ်လားကွ။ ဒီဟာမလေးက တဇွတ်ထိုးလေးပါဆို ခုတော့ မင်းခံသွားရပြီ မဟုတ်လား"

"အာ အဘထွန်းကလည်း ပြောရော့မယ်"

အစဦးက ရယ်မောစရာ စကားအဖြစ်မှတ်ထင်ခဲ့သော်လည်း တကယ်တမ်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာသောအခါ ဦးဘိုးထွန်းကို မချီးကျူးပဲ မနေနိုင်ပါပေ။

"လူပျိုကြီးဆိုပေမယ့် ဒီနေရာမှာ အဘထွန်းကို ချီးကျူးပါတယ်ဗျာ"

"ဖြစ်ရမယ်"

"အဘထွန်းရဲ့ ကျေးဇူးတွေကို ကျွန်တော့်တစ်သက်ဆပ်လို့ မကုန်နိုင်တော့ပါဘူး။ ကျွန်တော့်အပေါ် ထားခဲ့တဲ့ စေတနာတွေ ပေးခဲ့တဲ့ ပညာတွေကို တသက်လုံး မမေ့နိုင်တော့ပါဘူး။ ကျွန်တော် အခြေအနေ ဟန်ကျသွားရင် အဘထွန်းကိုလာခေါ်ပြီး စေ့စပ်လှည့်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြုစုပါရစေ”

“မလိုပါဘူးနီမောင်ရယ် မင်းကောင်းစားသွားရင် ငါ ကျေနပ်လှပါပြီကွာ”။

နီမောင်က သဲသောင်ပြင်ပေါ်သို့ ရိုကျိုးစွာထိုင်ချပြီး ကန်တော့သောအခါ စိတ်ခိုင်လှပါသည်ဆိုသော ဦးဘိုးထွန်း၏ မျက်ဝန်းတွင် မျက်ရည်စက်များ တွဲခိုနေကြသည်။

အားလုံးကို နှုတ်ဆက်ပြီး ကမ်းမှသင်္ဘောများ စတင်ထွက်ခွာသောအခါ လက်ပြနှုတ်ဆက်သူကဆက် အော်ဟစ်နှုတ်ဆက်သူကဆက်နှင့် ဆူညံနေသည်။

ခင်မကြီးခမျာ တရွေ့ရွေ့ဝေးကွာသွားသော သင်္ဘောများကို ကြည့်ရင်း ရင်ထဲမှာ ဆို့နစ်နေ၏။ အသည်းနှလုံးတွေ နှုတ်ယူသွားသည့်နှယ် ခံစားရသည်။ စီးကျလာသော မျက်ရည်ပေါက်များသည် သဲပြင်ပေါ်သို့ ခုန်ဆင်းသွားကြသည်။

“မင်းတို့နှစ်ယောက်ရဲ့ဘဝတွေ အေးချမ်းသာယာမယ်ဆိုရင် မမ စွန့်လွှတ်အနစ်နာခံရကျိုးနပ်ပါပြီကွယ်”

ယင်းစကားများသည် ရင်ထဲ၌သာ ပဲ့တင်ရိုက်ခတ်နေ၏။

ကြည့်နေရင်းမှ နီမောင်တို့လိုက်ပါသွားသော သင်္ဘောကလေးသည် သူမမြင်ကွင်းမှ အစက်အမှုန်အဖြစ် ပျောက်ကွယ်သွားလေတော့သတည်း။





# လောကရေစီးကြောင်းထဲမှ သားကောင်များ

အဆင်မပြေမှုများသည် တစ်ခါတစ်ရံ သန့်စင်သော လောကနိယာမတရားများအား ဖီလာဆန့်ကျင်ပြုတတ်ကြသည် လောက၌ အပျော်ရွှင်ဆုံးဟူ၍ သတ်မှတ်ထားခဲ့သော မင်္ဂလာဦးဟူသည် ကျွန်တော့်အဖို့ကတော့ အတော့်ကို မချမ်းမြေ့ဖွယ်ရာနှင့် ကြုံတွေ့ရသည်။

အမှန်တော့ မင်္ဂလာဦးညဟူသည်မှာ မိမိချစ်သူနှင့် နှစ်ဦးနှစ်ဖက် အဆင်ပြေစွာဖြင့် လက်ထပ်ထိမ်းမြားဆုံတွေ့ခြင်းဖြင့်သာ ချမ်းမြေ့ပျော်ရွှင်စရာကောင်းသော အိမ်ထောင်ရေး သုခကို ပြည့်ပြည့်ဝဝ ခံစားနိုင်မည်ဟုထင်ပါသည်။ ယခု အခြေအနေက လက်ထပ်ခဲ့ရသော ခင် သည် ကျွန်တော်၏ ချစ်ဦးသူ မဟုတ်သလို ချစ်သူလည်း မဖြစ်ခဲ့ပါ။ နှစ်ဖက်မိဘများ၏ ဖွတ်အတင်း စီစဉ်ပေးမှုကြောင့်သာ ကျွန်တော်နှင့် ခင် အကြင်လင်မယားဘဝသို့ မမျှော်လင့်ဘဲ ရောက်ခဲ့ရသည်။ ကျွန်တော်တို့နှစ်ယောက်မှာ တစ်မြို့တည်း နေထိုင်ကြသော်လည်း တွေ့ဖူးမြင်ဖူးရုံမှလွဲ၍ ရင်းနှီးမှုဟူ၍ စိုးစဉ်းမျှ မရှိခဲ့ကြပါ။

ခင့် မိဘများနှင့် ကျွန်တော့်မိဘများက ခင်မင်ရင်းနှီးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖော်ကိုင်ဖက် စီးပွားပြုဖက်များ ဖြစ်ကြပေသည်။ သို့ကြောင့် မိဘများချင်း နားလည်မှုယူကာ (ကျွန်တော်တို့ လူငယ်များရဲ့ နားလည်မှုကိုတော့ လုံးဝဥပေက္ခာပြုထားခဲ့ကြသည်။) ဇွတ်အတင်း စီစဉ်ပေးမှုကြောင့် မမျှော်လင့်ပါဘဲ ကျွန်တော်တို့ နှစ်ယောက်မှာ အကြင်လင် ◌ယား ဖြစ်ခဲ့ရသည်။

တွေးကြည့်လျှင် ရယ်စရာတော့ အကောင်းသား။ ညားတိုင်း မချစ် ချစ်တိုင်းမညားသော စကားသည် တကယ်တော့ အတိုင်းအတာ တစ်ခုအထိ မှန်ကန်ထိရောက်မှု ရှိပေသည်။ ခင်နှင့် လက်မထပ်မီ ကျွန်တော့်မှာ ရည်စူးထားသော စိတ်တူကိုယ်တူ ချစ်သူတစ်ယောက်ရှိခဲ့သလို ခင့်မှာလည်း ချစ်သူတစ်ဦးရှိဘူးကြောင်း နောင်တွင် သိလာရ ◌ါသည်။ ကျွန်တော့်မှာ မိမိရင်တွင်းမှ တည်ဆောက်ထားခဲ့သော မျှော်လင့်မှု အဆောက်အအုံလေးတစ်ခု ဖြိုခွဲဖျက်စီးမှုကို မေ့ပျောက်ကာ သူ့အားသနားမိပါသည်။ အဘယ့်ကြောင့်ဆိုသော် ခင့်မှာ ချစ်သူနှင့် ကွေကွင်းရသောဒုက္ခ၊ မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းရခြင်းတည်းဟူသော ဒုက္ခနှစ်မျိုးကို တစ်ပြိုင်တည်း တစ်ချိန်တ◌ည်းမှာ ခံစားနေရပါသည်။

မင်္ဂလာ◌ပွဲ ကျင်းပပြုလုပ်နေစဉ် အတောအတွင်း တစ်ချိန်လုံး သံပတ်ပေးထားသော စက်ရုပ်ပမာ လှုပ်ရှားနေခဲ့ပြီး ဧည့်ခံပွဲပြီးတာနှင့် အိပ်ခန်းတွင်းသို့ဝင်ကာ အဝတ်အစားပင် မလဲတော့ပဲ တရှုပ်ရှုပ်ငိုနေသော သူမကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်။ မင်္ဂလာပွဲ တစ်ချိန်လုံး တစ်နေရာရာမှ အစအဆုံး စောင့်ကြည့်နေမည့် သို့မဟုတ်





အခွင့်ရတာနှင့် ခင့်အားခေါ်သွားရန် စောင့်နေမည့် ခင့်ချစ်သူအတွက်လည်း ကိုယ်ချင်းစာနာမိပါသည်။ အဘယ့်ကြောင့်ဆိုလျှင် ကျွန်တော့်ရဲ့ချစ်သူ ကြည်ကြည်လွင်တစ်ယောက်လည်း ယခုအခါ ထိုသို့ ခံစားနေရပေမည်။ ခင်ရှိုက်ကြီးတငင် ငိုကြွေးနေခြင်းကို ကြည့်ပြီး သနားမိကာ နှစ်သိမ့်မှုပေးရအောင်ကလည်း အကြင်လင်မယားဟူ၍ ဖြစ်လာခဲ့ရသော်လည်း အခြေအနေက ဇွတ်ဖန်တီးခဲ့သောကြောင့် လက်ထပ်ခဲ့ရသည့် တကယ့် သူစိမ်းပြင်ပြင် ဖြစ်နေသောကြောင့် ဘာမျှမတတ်နိုင်ပါ။ သူမသည် ခုတင်ပေါ်၌ ရှိုက်ကြီးတငင် ငိုကြွေးနေခြင်းအမှုအား ညဥ့်ဦးယံကျော်လွန်သည့်တိုင်အောင် အတောမသတ်ပါချေ။

ပြတင်းပေါက်မှ ဖြတ်သန်းဝင်ရောက်လာသော လရောင်သည် ဆောင်းဦး၏ အေးမြခြင်းကို ပိုမိုအားဖြည့်ပေးထားသည်။ နှင်းမှုန်နှင်းငွေ့များကို သယ်ဆောင်လာသော လေနုအေးသည် ရင်တွင်းမှ အပူငွေ့အား အေးမြခြင်းငှာ မစွမ်းသာခဲ့ပါချေ။ ယခုလိုလရောင်ဆမ်းသော ညများမှာ ကျွန်တော့်ချစ်သူနှင့် ချစ်ခဲ့ကြပုံများ ကြည်နူးခဲ့ရပုံများကို တွေးရင်း တရေးရေး ပြန်လည်မြင်ယောင်နေမိသည်။ လက်ရှိ လက်ထပ်ပြီးသွားခဲ့သော လူတစ်ယောက်အနေဖြင့် သစ္စာမဲ့စွာ တွေးတောခြင်းဟု ဆိုလာပါမူ ယခုလောလောဆယ် အခြေအနေအရ ထိုစွပ်စွဲမှုကိုပင် ကျေကျေနပ်နပ် ခံယူချင်နေမိသည်။ ချစ်သူသည်လည်း ကျွန်တော့်အကြောင်းအား တွေးတောနေပေလိမ့်မည်။ သစ္စာမဲ့သူတစ်ယောက်ဟူ၍လည်း ရင်တွင်းမှကြိတ်၍ စွပ်စွဲနေပေလိမ့်



www.burmeseclassic.com

မည်။ နာကြည်းမှုများဖြင့် မျက်ရည်မိုးရွာနေမှာ သေချာပါသည်။ မတတ်နိုင်သော အခြေအနေမှန်းကို မသိနိုင်ခဲ့လေသမျှ ကျွန်တော့်အား နားလည်၍ခွင့်လွှတ်နိုင်မည် မဟုတ်ပါ။ အကယ်၍ သိလာရသော အချိန်မှာ ကုန်ဆုံးခဲ့သော အချိန်များစွာကို မေ့ပျောက်လျက် ကျွန်တော့်အား ခွင့်လွှတ်တန်ကောင်းပါရဲ့။ ခွင့်လွှတ်ပါလို့တော့ တစ်ဖက်သတ် မမျှော်လင့်ချင်။ သို့သော် နားလည်စေချင်ပါသည်။ ခံစားမှုများမှာ အိပ်မက်ဆိုးများပမာ မေးမှိန်ပျောက်ကွယ်သွားပါစေဟု ဆုတောင်းမိပါသည်။ မဆုံးနိုင်သော အတွေးတို့ဖြင့် ကျွန်တော်သက်ပြင်း တစ်ချက်ချလိုက်မိသည်။ အတန်ငယ် ညဉ့်နက်လာပြီ ဖြစ်သောကြောင့် အအေးဓာတ်က ပိုလာသည်။ ပြတင်းပေါက်တံခါးကို အသာပိတ်၍ ခင်အိပ်နေသော ခုတင်ရှိရာသို့ လျှောက်လာခဲ့သည်။ အနီးရောက်သွားသောအခါ ခင့်ထံမှ ရှိုက်သံမကြားရတော့ပေ၊ အိပ်ပျော်သွားပြီဟု ထင်သောကြောင့် ခုတင်ခြေရင်းမှ စောင်တစ်ထည်ကို အသာယူ၍ ခြုံပေးလိုက်သည်။

ထို့နောက် ခြင်ထောင်ကိုပါ ချပေးလိုက်သည်။ ကျွန်တော် စာကြည့်ခန်းတွင်းမှာ အိပ်ရန်အတွက် ခေါင်းအုံးနှင့် စောင်တစ်ထည်ယူ၍ ထွက်လာတော့ ခင့်ထံမှ တိုးညှင်းသော သက်ပြင်းချသံကို သတိထားမိသည်။ သည်ညအဖို့တော့ ခင့်အတွက် အတွေးသံသရာရှည်နေပေလိမ့်ဦးမည်။ ရှိစေတော့ ခင်ရယ်။

ညက အတော်ညဉ့်နက်မှ အိပ်ပျော်သွားခဲ့သော ကျွန်တော်သည် ပြတင်းပေါက်မှတစ်ဆင့် ဖြတ်သန်းဝင်ရောက်လာသော နေ





ရောင်ခြည်ကြောင့် နိုးလာခဲ့သည်။ ကျွန်တော် နိုးလာတော့ ခုတင်ထက်မှာ ခင်မရှိတော့ပေ။ အပြင်ထွက်လာပြီး ကိုယ်လက်သန့်စင် အဝတ်အစားလဲ၍ နံနက်စာအတွက် စားသောက်ခန်းထဲ ဝင်လာသည့်တိုင် ခင့်ရဲ့အရိပ်အယောင်ကိုမျှ မတွေ့ရပေ။ အိမ်ဖော်မကလေးကို မေးကြည့်တော့ နံနက်စောစောကတည်းက အပြင်ထွက်သွားသည်ဟု အဖြေပေးသည်။ ကျွန်တော် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး အိမ်ဖော်မကလေး ပြင်ဆင်ပေးသော နံနက်စာကို ခြောက်သွေ့စွာ စားသောက်၍ ရုံးသွားရန် ပြင်ဆင်ရသည်။ အမှန်တော့ ယခုရက်ပိုင်းမှာ ကျွန်တော် ရုံးတက်ချင်စိတ် မရှိသေးပါ။ ယူထားသော ခွင့်ရက်စေ့၍သာ ရုံးကိုသွားရမည်ဖြစ်သော်လည်း ရုံးရောက်လျှင် ချစ်သူနှင့် မျက်နှာချင်းဆိုင်ရမည်ကို ဝန်လေးနေမိသည်။ ချစ်သူနှင့်က တစ်ရုံးတည်းအတူတူ လုပ်ဖော်ကိုင်ဖက် ဖြစ်လာသော်လည်း မတတ်သာပေ။ အကယ်၍ သူသည် ကျွန်တော့်အား သစ္စာမဲ့သူဟု ပစ်ပစ်ခါခါပြော၍ စွပ်စွဲလာလျှင်လည်း သူပြောသမျှ ခေါင်းငုံ့ခံရုံမျှသာပင်။ ထိုထက်ဆိုးသည်က တစ်ရုံးလုံးက ကျွန်တော်တို့အကြောင်းကို သိထားကြလေရာ တီးတိုးပြောဆိုမှုများကိုလည်း မလွဲမသွေ ရင်ဆိုင်ရပါမည်။ အပြစ်ရှိသူက ကျွန်တော်ပေမို့ ပြောသမျှ ခေါင်းငုံ့ရုံမျှသာ။ အကြည့်စိမ်းများ အပေါ်စီးမှ ကရုဏာသက်သော အကြည့်များ ကြိုးစားဖော်ပြထားသော ခွင့်လွှတ်တတ်သူအကြည့်များကိုလည်း မလွဲမသွေ ရင်ဆိုင်ရပါမည်။ အခြေအနေက ကျွန်တော့်ဘက်မှ အနည်းငယ်မျှ အသက်ရှူခွင့်ပေးလိုက်ဟန်တူပါသည်။ ကြည်

www.burmeseclassic.com



ကြည်လွင် ရုံးမတက်ပဲ ခွင့်ယူထားသည်။ လောလောဆယ်တော့ မျက်နှာပူစရာ သက်သာသွားသည်။ သို့စေကာမူ ဟန်ဆောင် အပြုံးများအောက်မှ တီးတိုးပြောဆိုသံများကိုမူ ဥပေက္ခာပြုနိုင်ပါသည်။ ညနေဘက်ရုံးဆင်း၍ အိမ်ပြန်ရောက်သောအခါ ခင်အိမ်သို့ပြန်ရောက်နေ၏။ သို့သော် စာကြည့်ခန်းထဲမှာ စာအုပ်တစ်အုပ်ဖြင့် ငြိမ်နေသည်။ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး ဣန္ဒြေမပျက် စာဆက် ဖတ်နေသည်။ ကျွန်တော်ကလည်း သူ့ကိုဘာမျှမပြောတော့ဘဲ အဝတ်အစားလဲ၍ ရေချိုးသည်။ ပြီးသောအခါ အိမ်ဖော်မကလေးက "ထမင်းစားတော့မလား အစ်ကိုလေး"ဟု တိုးတိုးလာမေးပါသည်။

"အေး ဒါထက် ညည်းမမလေးရော စားပြီးသွားပလား"

"သူ့ အပြင်က စားလာလို့ မစားတော့ဘူးလို့ ပြောတယ်ကိုလေး"

"အေး အေး ကိုလေးလည်း ရင်ပြည့်နေလို့ မစားတော့ဘူး ကိုလေးအတွက် ကော်ဖီတစ်ခွက်နဲ့ ကြက်ဥပဲ လုပ်ပေးနော် ဟို ကိုလေးစာကြည့်ခန်းထဲကို ယူလာပေးနော်"

အိမ်ဖော်မကလေးက ခေါင်းညိတ်ပြပြီး ပြန်ထွက်သွားလေသည်။ အတန်ကြာသောအခါ စာကြည့်ခန်းတွင်းသို့ စားသောက်စရာများ လာပို့ပေးသည်။ ကျွန်တော့်မှာ ကုလားထိုင်တစ်လုံးပေါ်တွင် ခြေပစ် လက်ပစ်ထိုင်ရင်း ဘဝအတွက်သည်မျှ စိတ်ညစ်ညူးဖွယ်ရာကောင်းသော အခြေအနေများကို အချိန်မည်မျှကြာအောင် ဖြတ်သန်းရင်ဆိုင် နေရမည်ကို ရင်မောစွာ တွေးတောနေမိသည်။ ညဦးအတန်နက်သော





အခါ ခင်သည် ကျွန်တော့်အား ဘာတစ်ခွန်းမှ မပြောဘဲ အိပ်ရာဝင်သွားလေ၏။ သို့သော် ယခင်ရက်များကလို ရှိုက်သံများကိုတော့ မကြားရတော့ပါချေ။ ကျွန်တော်မှာ ရင်မောစွာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ အပြင်ဘက်မှ နှင်းမှုန်များ တဖွဲဖွဲကျဆင်းနေသည်။ ကျွန်တော့်အတွက်ကတော့ ရင်ပူစရာကောင်းသော ဆောင်းရက်ရှည် ညများဖြစ်ပါသည်။

ရက်အတန်ကြာသည့်တိုင် ကြည်ကြည်လွင်ကို ရုံးမှာမမြင်ရလေသောကြောင့် ကျွန်တော့်စိတ်အတွင်းမှာ စိုးတထင့်ထင့် ဖြစ်ရသည်။ လိပ်ခဲတည်းလည်း အခြေအနေကို သည်းမခံနိုင်တော့ပဲ သူတို့ ဌာနမှ ရင်းနှီးသော အန်တီမေကို မသိမသာ သတင်းစုံစမ်းကြည့်ရသည်။ ထိုအခါ အန်တီမေက ကရုဏာအပြုံးဖြင့် ကြည်ကြည်လွင် ဌာနပြောင်း၍ နယ်သို့ရောက်သွားပြီဖြစ်ကြောင်း ပြောပြသည်။ အံ့သြနေစဉ်မှာပင် အန်တီမေက စာတစ်စောင်ထုတ်ပေးသည်။

"ကဲ ကဲ၏အကျိုးပေးဆိုတော့ ရည်မှန်းတိုင်း မဖြစ်ကြတာ မမှတာလို့ပဲ သဘောထားလိုက်ပါတော့ မောင်လွင်မောင်"

ဒါပဲပြောပြီး အန်တီမေက ထွက်သွားသည်။ ကျွန်တော် စာကို အလောတကြီး ဖောက်ဖတ်လိုက်သည်။

ကိုမောင် လွင်စာရေးခဲ့ပါတယ် ကိုမောင်။ ဒီစာကို ဖတ်နေချိန်မှာ လွင်တစ်ယောက် အဝေးကိုရောက်နေရောပေါ့ ဘဝရဲ့ ပြုပြင် ဖန်တီးမှုကို မလွန်ဆန်နိုင်ပေမယ့် ခံစားရတဲ့ဒဏ်ကို မခံနိုင်တာနဲ့ အခုလို ချက်ချင်းကြီး အစီအစဉ်ဆွဲပြီး ပြောင်းသွားရတာပါ ကိုမောင်



www.burmeseclassic.com

www.burmeseclassic.com



ကို နှုတ်ဆက်ခဲ့ချင်ပေမယ့် လွှင်ဟာနဲ့ဆောင်ထားနိုင်မှာ မဟုတ်လို့ အခုလို စာနဲ့ပဲ နှုတ်ဆက်ခဲ့ရတာ ခွင့်လွှတ်ပါနော် လောကမှာ ကိုယ် ဖြစ်ချင်တာထက် သူဖြစ်ချင်သလို ကံစီမံရာအတိုင်းဖြစ်နေကြတာ ဆိုတော့လည်း ဘယ်သူ့ကိုမှ အပြစ်မပြောလိုတော့ပါဘူး ကိုမောင် ရယ် အချစ်ရေးမှာ တစ်ဖက်သတ် ကံဆိုးခဲ့တဲ့ ကိုယ့်ရဲ့ဘဝကိုပဲ တွေးရင်း ဝမ်းနည်းမိတာပါ လောကသားကောင် ဘဝကို ရောက်ခဲ့ ရတဲ့ ကိုမောင့်ကို လွှင် ခွင့်လွှတ်နားလည်ပါတယ် ဒါပေမဲ့ ကိုမောင် ရယ် စစ်ပွဲတစ်ပွဲမှာ ယှဉ်ပြိုင်တိုက်ခိုက်ကြပြီးမှ မနိုင်လို့ သည်းခံရ တာထက် မတိုက်ခင်က တိုက်ခွင့်မရပဲ အရှုံးပေးလိုက်ရတဲ့ ဘဝက ပိုပြီး အသည်းနာစရာ ကောင်းပါတယ်၊ ဘဝလမ်းကြောင်းပေါ်ကို ရောက်ခဲ့ရတဲ့ ကိုမောင်တစ်ယောက် လက်ရှိဘဝ အခြေအနေမှာ အကောင်းဆုံး စိတ်ချမ်းသာမှုများနဲ့ ကြုံတွေ့ရပါစေလို့ ဆုတောင်း ခဲ့ပါတယ်။

အဝေးတစ်နေရာမှ

တစ်ခါက လွှင်

လွှင်ရေးထားခဲ့တဲ့ စာကတိုခဲ့သော်လည်း ဖတ်ရတဲ့သူရင်တွင်း မှ ခံစားမှုကို ပိုမိုရှည်လျားစေပါတယ်။ နုနယ်သော မိန်းမသားတစ် ဦးရဲ့ မွန်မြတ်သော ခွင့်လွှတ်ခြင်းအတွက် လွှင့်ကို များစွာကျေးဇူး တင်မိပါသည်။ သဘောထားပြည့်ဝသော လွှင်တစ်ယောက် ဆက် လက်ဖြတ်သန်းရမယ့် ဘဝခရီးလမ်းမှာ စိတ်ချမ်းသာမှုများဖြင့် ကြုံ တွေ့ရပါစေဟုသာ ကိုယ်ဆုတောင်းပေးနေရပါသည်လွှင်...





ခင်နှင့် လက်ထပ်ပြီးနောက် ရက်မှလကူးလာသောအခါ ခင်ရဲ့ အပြုအမူများ ပြောင်းလဲလာ၏။ ကျွန်တော်နှင့် ပတ်သက်၍ ဆက် ဆံရေးများ ပြောင်းလဲလာ၏။ ကျွန်တော်နှင့် ပတ်သက်၍ ဆက်ဆံ ရေးများလည်း ပြောင်းလဲလာသည်ကို သတိပြုမိသည်။ ခင်ရဲ့ နှလုံး သားမှ ချစ်သူဟူသော သတ်မှတ်ချက်ကို လက်ခံဟန်မတူသေးသော် လည်း ကျွန်တော်နှင့် ပတ်သက်၍မူ ခင်ပွန်းသည်တစ်ယောက် အနေ ဖြင့် လက်ခံလာဟန်ရှိသည်။ နံနက်လင်းလာလျှင် စားသောက်ခန်း ထဲမှာ နံနက်စာကို သူကိုယ်တိုင် ပြင်ဆင်ကျွေးမွေးသည်။ ရုံးသွားခါ နီးလျှင်လည်း လိုအပ်တာများ ကူညီဆောင်ရွက်ပေးသည်။ နှစ်ယောက် အိပ် ခုတင်ပေါ်မှာ ကျွန်တော့်အတွက် အိပ်ရာစီစဉ်ပေးသည်။ လင် မယားရယ်လို့ ယခုထက်တိုင် စကားလက်ဆုံ မပြောဖြစ်ကြသော် လည်း သူရဲ့ သိတတ်မှုကလေးများကိုတော့ ကျေနပ်မှုဖြစ်မိသည်။ နယ်မှ တရားရုံးဖွင့်ပွဲတစ်ခုအတွက် ရက်ရှည်ခရီးထွက်ရမည်ဆို သောအခါ ခင့်ရဲ့မျက်နှာကလေး မသိမသာ ညှိုးနေလေသည်။ ကျွန် တော့်အတွက် လိုအပ်သည်များကို သူကိုယ်တိုင် ဂရုတစိုက်ဆောင် ရွက်ပေးသည်။ ခရီးထွက်သွားပြီးနောက် အဆင်မပြေမှုများကြောင့် ရက်အတန်ကြာ နောက်ကျပြီးမှ ရန်ကုန်ပြန်ရောက်ခဲ့သည်။ ရာသီ ဥတုကြမ်းသည်ကတစ်ကြောင်း၊ ခရီးပန်းမှုများကြောင့် အိမ်သို့ ပြန် ရောက်ပြီး အပြင်းဖျားလေတော့သည်။ အိမ်သို့ ဆရာဝန်ခေါ် ကုရတဲ့ အထိပင်။ ထိုရက်များအတွင်း ခင်သည် အံ့သြစရာကောင်းလောက် အောင် မယားဝတ္တရားနှင့် ညီစွာပြုစုစောင့်ရှောက်ပေးခဲ့သည်။ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဝါး၊ အစားသောက်မှစ၍ ဂရုတစိုက်စီမံပေးသည်။ ကျွန်တော့်မှာ နယ်မှလက်ဆောင်ပေးလိုက်သော ငှက်ဖျားဒဏ်ကြောင့် ရက်ပိုင်းအတွင်း သိသိသာသာ ချုံးကျသွားတော့သည်။ နေ့လယ်ဘက်များတွင် တရေးတမော အိပ်နေစိုက် ခင်သည် ကျွန်တော့်အနီးမှ စာအုပ်တစ်အုပ်ဖတ် ရင်း စောင့်ပေးရှာသည်။ ညဘက်များတွင်လည်း အိပ်ရေးပျက် အပင်ပန်းခံကာ ပြုစုပေးတာ မြင်ရတော့ အမှုအရာ ပြောင်းလဲသွားသော ခင့်ကိုကြည့်၍ နားမလည်ခြင်းနှင့်အတူ အံ့ဩမှု ဖြစ်ရလေ၏။ မိဘများ စီစဉ်ပေးမှုကြောင့် လက်ထပ်ခဲ့ရသော်လည်း ကျွန်တော်တို့နှစ်ယောက်အတွက် သံယောဇဉ်မဲ့ ဖြတ်သန်းမှုများ တစ်စတစ်စ မှေးမှိန်ခဲ့ပြီဟု ရင်ထဲမှာ နားလည်မိသည်။ ဖေနှာ သက်သာသော တစ်နေ့တွင် ခင်သည် ကျွန်တော့်အား အေးအေးဆေးဆေး စကားလာပြောလေသည်။

"ကို နေကောင်းလာပြီနော်"

"ကောင်းပါတယ် ခင် အင်း ခင်လည်း ကိုယ့်ဘဝထဲကို ရောက်လာမှ လှောင်ချိုင့်ထဲ ဝင်ခဲ့ရသလို စိတ်ကျဉ်းကျပ်ပြီး အရမ်းပင်ပန်းမှာပဲနော်"

"ရပါတယ် ကိုရယ် ခင်က ကိုရဲ့ဇနီးပဲ ပြုစုပေးရမှာ ခင့်ရဲ့တာဝန်ပါ။ နောက်ပြီး ကိုယ့်ကို ခင် တောင်းပန်စရာရှိတယ်၊ ခင်ပြောတာကို ကိုအသေအချာ နားထောင်ပါနော်"

"ပြောပါ ခင် ကိုယ်နားထောင်နေပါတယ်"

ခင်က ကျွန်တော်ရှိရာ ခုတင်ဇွန်းပေါ်သို့ ရွှေ့ထိုင်သည်။





"ကို ခင့်ကိုခွင့်လွှတ်နော် ခင့်မှာ ကိုယ်နဲ့ လက်မထပ်ခင်က ချစ်သူရှိခဲ့တယ် ဒါကို ကို သိလားဟင်"

ကျွန်တော်က ပြုံး၍ အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

"ကို နယ် ခရီးထွက်နေတဲ့ရက်မှာ သူခင့်ဆီကို ရောက်လာခဲ့တယ်"

ဒါလည်း ကျွန်တော်သိထားပြီးခဲ့သော အကြောင်းအရာ တစ်ခုဖြစ်ပါသည်။ ကျွန်တော် ပြန်ရောက်စမှာပင် အိမ်ဖော်မကလေးက ထိုအကြောင်းအား ပြောပြထားခဲ့ပြီးဖြစ်၏။

"ကိုနဲ့ လက်ထပ်ပြီးခဲ့တဲ့ နောက်မှာ ခင် သူ့ကို လုံးဝအဆက်အသွယ်မလုပ်ခဲ့ပါဘူး ခင်ဟာ လက်ရှိဘဝ အခြေအနေကို လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ စောင့်ထိန်းရမယ့် အိမ်ထောင်သည် တစ်ယောက်ရဲ့ သိက္ခာကိုတော့ ထိပါးမခံနိုင်ဘူး ကို၊ ဒါပေမဲ့ ခင် သူ့ကို ဧည့်သည်တစ်ယောက်အနေနဲ့ ကောင်းကောင်းမွန်မွန် ဧည့်ခံခဲ့ပါတယ်"

"ပြောပါ ခင်"

"နောက်ပြီး သူက ရောက်လာကတည်းက ခင့်ကို အပြစ်ပြောတယ် ခင်သည်းမခံနိုင်လောက်အောင် ရင့်ရင့်သီးသီး စကားတွေနဲ့ ခင့် သိက္ခာကို စော်ကားခဲ့တယ်၊ ဘာပဲဖြစ်ဖြစ် ကိုနဲ့ ပတ်သက်ပြီး ထိခိုက်စော်ကားတာတွေ ကြားလာရတော့ ခင် ဆက်ပြီး သည်းမခံနိုင်တော့ဘူး"

ကျွန်တော်က သူ့မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင် အမှန်ပြောနေသည်ဟု မျက်နှာပြင် အမူအရာများက ဖော်ပြနေ၏။

"ခင်က ကိုနဲ့ခင်ရဲ့ အခြေအနေမှန်ကို ဖွင့်ပြောပြပြီး မင်း လက်ထပ်နိုင်မယ်ဆိုရင် ကိုဆိက ကွာရှင်းခွင့်တောင်းမယ် လက်ခံမလားဆိုတော့ သူ ခါးခါးသီးသီးငြင်းတယ် ခင် ပြောတာတွေကို လုံးဝ သူမယုံဘူးတဲ့ ချစ်တာတစ်ခုတည်းနဲ့ မသန့်ရှင်းတော့တဲ့ ခင့်ကို သူ လက်မထပ်နိုင်ဘူးတဲ့လေ ခင်တို့ရဲ့ သိက္ခာကို စော်ကားလွန်းတာနဲ့ ဆက် သည်းမခံနိုင်တော့လို့ သူ့ကို ပါးချပြီး နှင်လွှတ်လိုက်တယ်၊ နောက်ကို ဘယ်တော့မှ အဆက်အသွယ် မလုပ်ဖို့လည်း ပြောလိုက်တယ် တကယ်တော့ ဒီလောက်အခြေအနေထိ လက်ခံခဲ့တာကိုက ခင့်ရဲ့အမှားပါ။ ကို မရှိခိုက်မှာ သူ့ကိုတွေ့ခဲ့တာကိုက ခင် လွန်တယ်၊ ကို ကြိုက်သလို ခင့်ကို အပြစ်ပေးပါ ခင်ခံပါ့မယ်"

"ကိုယ် ခင့်ကို နားလည်ပါတယ်ခင်"

"နောက်ပြီး အချစ်ကို သဘောထားသေးသေးနဲ့ ချစ်တတ်သူနဲ့ ဆက်ဆံခဲ့မိတဲ့ ကိုယ့်အမှားကိုလည်းသိတယ်၊ နောင်တရလို့လည်း မဆုံးဘူး လောကမှာ ဘဝအတွက် ဘယ်လိုအချစ်မျိုးတွေ မေတ္တာမျိုးတွေ ရှိသင့်တယ် အရေးကြီးတယ်ဆိုတာလည်း ခင်နားလည်ပါပြီ နောက်ပြီး လွှင်ရေးတဲ့ စာကို ခင် ဖတ်ရပါတယ်"

"ဟင်"

"မိန်းမသားတစ်ဦးဖြစ်ပြီး သဘောထားပြည့်ဝတဲ့ လွှင့်ကို ခင် လေးစားတယ် သူ့စာကိုဖတ်ပြီး ခင်အမှားတွေကို ခင် မြင်လာရပါ





တယ် ဟုတ်ပါတယ် သူပြောသလိုပါပဲ၊ လောကမှာ ကိုယ်ဖြစ်ချင်တဲ့အတိုင်း မဖြစ်ကြဘဲ သူဖြစ်ချင်သလို ဖြစ်နေတဲ့ လောကရေစီးကြောင်းထဲက သားကောင်တွေရဲ့ ဘဝမှာ လက်ရှိဘဝအခြေအနေကိုပဲ အကောင်းဆုံးပြုပြင်နေထိုင်သွားတာ အကောင်းဆုံးပါ ခင်ရဲ့အမှားတွေကို ပြုပြင်ပြီး အကောင်းဆုံးဇနီးကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားဖို့လည်း ခင် ဆုံးဖြတ်ချက် ချလိုက်မိပါတယ် ကို ခင့်ကိုနားလည် ခွင့်လွှတ်ပေးပါနော်"

ခင်သည် ကလေးတစ်ဦးပမာ ကျွန်တော့်ရင်ခွင်တွင်းသို့ တိုးဝင်လာသည်။ ထို့နောက် တရှုပ်ရှုပ် ငိုကြွေးနေလေသည်။ ကျွန်တော်သည် ခင်အား ညင်သာစွာ ထွေးပွေ့၍ နှစ်သိမ့်မှုပေးလိုက်သည်။ ထိုအချိန်မှာ လောကရဲ့ သားကောင်ဘဝမှာ လည်စင်းခံခဲ့ရသော ကျွန်တော်တို့အားလုံးအတွက် အခြေအနေ ဆိုးများသည် တစ်ကျော့ပြန်၍ မျက်နှာသာပေးခဲ့သည်ဟု ဆိုတန်ကောင်းပါရဲ့။

"တကယ်တော့ ခင်ရယ် လွှင်ဟာ ကိုယ့်ဘဝထဲက ဘယ်လိုမှ ကြိုးစား ဖန်တီးခွင့် ရင်ဆိုင်ခွင့်မရဘဲ တစ်ဖက်သတ် အရှုံးပေးသွားရတဲ့ သားကောင်ဘဝပါ ခင်ရဲ့ချစ်သူဘက်ကကြည့်ရင် သူ့မှာ ကြိုးစားနိုင်တဲ့ အခွင့်အရေးတွေ ရပါလျက်နဲ့ ရှိပါလျက်နဲ့ မရပ်နိုင်တဲ့သူ သူတို့နှစ်ယောက်ရဲ့ ဘဝကို ယှဉ်တွေးကြည့်ရင် လုံးဝအခွင့်အရေး မရှိဘဲ အရှုံးပေးသွားရတဲ့ လွှင့်ဘဝကပိုပြီး သနားစရာကောင်းပါတယ် ကိုယ်ဟာ သနားစရာကောင်းတဲ့ လွှင့်ကို ဥပေက္ခာပြုပြီး ဖြစ်လာခဲ့ရတဲ့ ဘဝကို အကောင်းဆုံး ခရီးဆက်ကြဖို့ ဆုံးဖြတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးပါပြီ"

"တကယ်တော့ ခင့် ချစ်သူ အနေရောလွင့်အနေရော နောက်ပြီး ကိုယ်နဲ့ခင်တို့တစ်တွေဟာ လောကဓာတ်ခုံမျက်နှာပြင်ပေါ်က သနားစရာကောင်းတဲ့ နယ်ရုပ်ကလေးတွေပါ ဘဝဓာတ်ဆရာကြီး ရွှေ့လျားပေးတဲ့ နေရာမှ နေကြပြီး သူစီမံရာအတိုင်း လှုပ်ရှားနေကြရမှာပါကွယ်"

ခင့်ဆီမှ ရှိုက်သံများမကြားရတော့။ အားယူ ဖြာဆင်းလာသော နေရောင်ခြည်ကြောင့် မှုန်ဝါးသွားသော နှင်းမှုန်စက်များလို တစ်စတစ်စ မှေးမှိန် ပျက်ပြယ်သွားလေသည်။ ရင်တွင်းမှ လှိုက်တက်လာသော သက်ပြင်းရှိုက်သံသည် သည်တစ်ခါတော့ဖြင့် စိတ်ပေါ့ပါးမှုကို ဖြစ်စေခဲ့သည်။

နွင့်လွှတ်တော့ လွင်ရယ်....

❀ ❀ ❀





# နှစ်ဦးပျှင်ကြွေပန်း

အခန်း (၁)

မိပန် .....။

ရပ်ရွာထဲမှာတော့ မိပန်ဟော့ဆို အားလုံးက အော့ကြောလန်ပါပဲ။ အများက ဆလ်ပေးထားသူ ဖြစ်ပါသည်။ ရွာထဲတွင် ကျယ်ခနဲ စီခနဲဖြစ်ပြီဟော့ဆိုလျှင် တစ်ဖက်ကိုသာမေး၊ ကျန်တစ်ဖက်က မိပန် ဖြစ်ဖို့ သေချာသလောက်ပင်။ အဲဒီလောက်အထိ စွာလွန်း၍ မိပန်ကို အားလုံးက ကြောက်ကြခြင်းဖြစ်သည်။ မိပန်အမည်နှင့်တွဲ၍ 'ပေါက်ကျော်မ' ဟူသော အခြားအမည်တစ်ခုပါ ရပ်ရွာက ကင်ပွန်းတပ်ထားသေးသည်။

လူချစ်လူခင်ပေါသည့်နေရာမှာတော့ လက်ဖက်တစ်ရိုး ကွမ်းတစ်ရာ မကုန်ပါဘဲနှင့် နာမည်သစ်ရထားသော မိပန်သည် အရုပ်ဆိုးဆိုးယောကျ်ားတစ်ယောက်တော့ မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ ကိုယ်လုံးကိုယ်ထည် ကျစ်လစ်တောင့်တင်းလှသည့် မိန်းမပျိုတစ်ဦးသာ ဖြစ်ပါသည်။

မိပန်၏မျက်နှာပေါ်တွင် ချစ်စဖွယ်ထူးခြားမှုနှစ်ခုရှိသည်။ နှာတံပေါ်ခြင်းနှင့် နက်မှောင်ထူထဲသော မျက်ခုံးနှစ်ခုမှာ ဆက်လု ဖြစ်နေခြင်းပင်။

လှလှသလောက် စိတ်ကြမ်းသော မိပန်ကို တော်ရုံသတ္တိဖြင့် မစရဲကြပေ။ အရဲစွန့်လာသူရှိလျှင်လည်း လူပုံအလယ်တွင် အရှက်ကွဲဖို့သာ ပြင်ပေရော့၊ နောက်ကြောင်းပြန်ခဲ့ရသူ များလာသောအခါ ရှေ့တိုးမည့်သူမရှိသလောက် ရှင်းသွားသည်။

မိပန်တွင် အပေါင်းအသင်းတော့ မရှိသလောက် နည်းပါးသည်။ ဘဝတူမိန်းကလေးတွေကျပြန်တော့ မိပန်ဒဏ်ကို မခံနိုင်ကြသဖြင့် ဝေးဝေးမှ ရှောင်ကြသည်။ မိပန်ကလည်း မိန်းကလေးအချင်းချင်းဆိုလျှင် အဖက်မလုပ်ချင်။ အပေါင်းအသင်းမလုပ်ချင်ပေ။ မိပန်၏ဒဏ်ကို အခံရဆုံး၊ အနံ့အနာအခံရဆုံးလူတစ်ယောက်တော့ ရှိသည်။

တစ်ရွာတည်းသား ကျောင်းနေဖက်လည်းဖြစ်သူ 'နီမောင်' ပင် ဖြစ်သည်။ နီမောင်သည် မိပန်နှင့် ၂-နှစ် ၃-နှစ်ခန့်မျှ ကြီးသည်ဆိုငြားလည်း ယခုမှ ၁၈-နှစ်ဝန်းကျင်အရွယ်မျှပင် ရှိသေး၏။

ရိုးရိုးအေးအေးနှင့် စာကြိုးစားသော နီမောင်ကိုတော့ မိပန်ခင်သည်။ သံယောဇဉ်ရှိသည်။ သူ့အနံ့အနာကို ခံနိုင်လွန်းသူမို့လည်း





သွားအတူ လာအတူ တပူးတွဲတွဲ ရှိနေခဲ့သည်။

မိဘချင်းကလည်း ရင်းနှီးခင်မင်ကြသည်မို့ သူတို့နှစ်ဦး၏ ခင်မင်မှု အတိုင်းအတာက အနှောင့်အယှက်ကင်းသည်။

နီမောင်ဆိုလျှင် မိပန်တို့ မိသားစုအားလုံးက တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့်ပေးထားသည်။ မိပန်၏ မိခင်နှင့် ဖခင်က နီမောင်နှင့် ဆုံကြတိုင်း ပြောကြသည်။

"မင်းနှမကို မိန်းကလေး ပီပီသသ ဖြစ်စေချင်ပါတယ်ကွယ်၊ ပြောလို့ကို မရဘူး။ မင်းကိုတော့ သူ သံယောဇဉ် ရှိရှာတယ်၊ မင်း ပြောရင် ရနိုင်ပါတယ်"

"ကျွန်တော်လဲ ပြောတာပဲ ကြီးကြီးဖြူ၊ သူ့ဉာဉ်ကလဲ ခက်သား။ ဘယ်သူပြောလို့မှ ရတာမဟုတ်ဘူး။ သူ့ကို မိန်းကလေးပီပီ သသ နေဖို့ ပြောတိုင်း ပြောတိုင်း စိတ်ကောက်ပြီး မခေါ်ဘဲနေတာ ရက်ပေါင်းမနည်းတော့ဘူး"

ပြောင်းဖူးဖက် ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်ပြီး ဒေါ်ကြာဖြူက ရယ်သည်။

အဲသည်လောက် ဆိုးလွန်းသော မိပန်နှင့် အပေါင်းအသင်းဖြစ်ရသည်ကို တစ်ခါတစ်ခါတော့ စိတ်ညစ်မိသည်။ မတွေ့အောင် ရှောင်နေလို့လည်း မရပေ။ မတွေ့မချင်း လိုက်ရှာပြီး ဂျီတိုက်လေ့ရှိသည်။ နီမောင်တို့နေသော 'ကျုံပန်းရွာ' သည် ညောင်တုန်းမြို့နှင့် တစ်မိုင်ကျော် နှစ်မိုင်နီးပါးဝေးသောနေရာတွင် တည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာတွင် နေထိုင်ကြသောလူများမှာ မိရိုးဖလာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူက များသည်။

နံနက်စောစောထပြီး ကျောင်းတက်ရသည့်အခါ စက်ဘီးနှင့် သွားကြရသည်။

နီမောင်သည် နံနက်စာကို ဖြစ်သလိုစားရင်း စာကျက်နေသည်။ စာယဲတွင် စိတ်ဝင်စားနေသောကြောင့် ထမင်းအရသာကိုပင် မသိ။ အိမ်ရှေ့မှ ဘဲလ်ပေးသံကိုပင် မကြားနိုင်တော့။

"နီမောင် ...."

အသံကုန်အော်ခေါ်မှ အလန့်တကြား ဖြစ်သွားသည်။ မော့ကြည့်လိုက်သောအခါ ကျောင်းဝတ်စုံဖြင့် လှပနေသော မိပန်ကို မြင်ရသည်။

"ပြီးတော့မယ်၊ ခဏလေး"

ကပျာကယာနှင့်ပင် ထမင်းကို လက်စသတ်လိုက်ရသည်။

သိပ်ကြာနေ၍ မဖြစ်။ စိတ်ကောက်သွားမှဖြင့် အခက်ပဲဟု တွေးနေမိသည်။ ဒီနေ့ မိပန်နှင့်အဆင်ပြေအောင် ပေါင်းမှဖြစ်မည်။ မနက်က စက်ဘီးကို ဟိုက်ရွတ်ပေးရန် ထုတ်ယူလာသောအခါမှ ရှေ့ဘီးပေါက်နေသည်ကို ဝမ်းနည်းဖွယ်ရာ မြင်ရတော့သည်။ လဲထည့်ရန် ပစ္စည်းကလည်း အဆင်သင့်မရှိ။ အချိန်ကလည်း မရှိတော့သဖြင့် သည်နေ့တော့ မိပန်စက်ဘီးနှင့် ကပ်လိုက်ရမည် ဖြစ်သည်။





ယောက်ျားကလေးခြေဖြင့် ခြေကျင်လျှောက်ရမည်ဆိုက ဖြစ်သော်လည်း ကားလမ်း၊ လှည်းလမ်းကြောင်းများမှ ဖုန်ဒဏ်ကိုတော့ မည်သူမျှ အပေမခံချင်ကြပေ။ ဝတ်ဆင်သွားသော ကျောင်းဝတ်စုံများမှာ ကျောင်းရောက်လျှင် ညစ်ပေနေမှာ သေချာလှသည်။

"ကြာတယ်ဟာ၊ မြန်မြန်လုပ်"

"အေးပါ၊ ပြီးပါပြီ"

ကျောင်းလွယ်အိတ်ကို ကပျာကယာဆွဲ၍ အပြင်သို့ ထွက်လာခဲ့သည်။

"စက်ဘီးရော"

ရယ်ကျဲကျဲအမူအရာဖြင့် "ဘီးပေါက်နေတယ်" မှု ပြောလိုက်သည်။

"ဒါဖြင့် ငါ့ဘီးနဲ့ လိုက်မှာပေါ့၊ ဒီလိုဆို နင် နင်းနော်"

"အင်း ..."

လွယ်အိတ်ကို မိပန်အား လှမ်းပေးလိုက်ပြီး စက်ဘီးကို နင်းတက်လိုက်သည်။

မိပန်က နောက်ဘက်မှထိုင်သည်။

ညောင်တုန်း–ရန်ကုန် ကားလမ်းမကြီးပေါ်တွင် လှုပ်ရှားသွားလာနေကြသော ဈေးသည်များကို မြင်ရသည်။ တစ်မျှော်တစ်ခေါ် မြင်နေရသော လယ်ကွင်းများတွင် နင်းမှုန်များ ဝေ့ဆိုင်းလျက်ရှိနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆွတ်သော ကတ္တရာလမ်းမကြီးပေါ်သို့ စက်ဘီးပွတ်သံ တရှီးရှီး မြည်နေ၏။ ရှေ့တူရူဆီမှ တိုးဝင်လာသော ဆောင်းလေသည် နှင်းမှုန်စက်များကိုပါ သယ်ဆောင်လာသဖြင့် အေးစိမ့်နေ၏။ နဖူးဆံစများတွင် နှင်းသီးများ တွဲခွဲခိုနေကြသည်။

သူတို့ဖြတ်သန်းနေသော ရှေ့ခရီးသည် တကယ့်ကို ဝေ့ဝေ့ဝါးဝါး ရှိနေဆဲပင်။

"မိပန် ..."

"ဟင် ..."

"နင် တစ်နေ့က ငွေသိန်းတို့နဲ့ ရန်ဖြစ်ကြသေးတယ်ဆို၊ ဘာဖြစ်တာလဲ"

"အလကားပါဟာ၊ သက်သက်မဲ့ ..."

"ဘယ်လိုစလို့ ဒီလောက်ဖြစ်ကြရတာလဲ"

"အဓိပ္ပာယ်မရှိတာ လုပ်ကြတယ်၊ ငါ့ကို စာလိုက်ပေးတယ်လေ၊ ဒီတော့ ငါက .... ငါကတော့ ပညာသင်ချိန်မှာ ဒါတွေကို စိတ်မဝင်စားသေးဘူး၊ နင့်နှမ အပြုံးကို သွားပေးပါလားလို့ ပြောပစ်လိုက်တယ်"

"နင်က မိန်းကလေးပဲ၊ စာပေးခံရတာ ဆန်းသလားဟ"

"မသိဘူး၊ ငါ့ကို ဒီအမျိုးမျိုးလုပ်ရင် နည်းနည်းမှ မကြိုက်ဘူး"

နီမောင်က သက်ပြင်းချသည်။ 'နင့်အတွက် ငါ ရင်လေးပါတယ် မိပန်ရယ်' ဟူသော စကားသံတို့က ပွဲတင်ထပ်လျက် ရှိသည်။





"စိတ်ထင်တိုင်း လျှောက်မလုပ်နဲ့ဟာ၊ ကိုယ်က မိန်းကလေးဆိုတော့ အစစအရာရာ ဆင်ခြင်မှပေါ့"

"ငါက ဘယ်သူတွေကို စော်ကားနေလို့လဲ၊ ငါ့ကိုယ်ပိုင်လွတ်လပ်ခွင့်ကို မပိတ်ပင်ချင်ပါနဲ့ဟာ၊ ငါစိတ်ချမ်းသာသလိုနေတာ ဘယ်သူ့ကိုမှ မထိခိုက်ရင် ပြီးတာပဲမဟုတ်လား"

ရှေ့မှ လေတိုးနေသောကြောင့် မိပန်စကားသံများကို မနည်းအားစိုက်နားထောင်နေရသည်။

"အေး ... ငါ့အမြင်ပြောရရင်တော့ သဘာဝကို ဆန့်ကျင်တာဟာ အကျည်းတန်တာပဲ၊ သိမ်မွေ့တဲ့အလှအပ ဖြစ်မလာနိုင်ဘူး"

မိပန်က နှစ်နှစ်ခြိုက်ခြိုက် ပြုံးသည်။ နောက်မှ နီမောင့်ကျောပြင်ကို လက်သည်းချွန်ဖြင့် ထိုးသည်။

"အား ... နာတယ်ဟ"

"အဟင်း ဟင်း၊ နင်ဟာ တကယ့်ကို စိတ်ကူးယဉ်တတ်တာပဲ၊ နင်ပြောတဲ့ စကားမျိုးတွေကို ငါ စာအုပ်တွေထဲမှာ တွေ့ဖူးတယ်၊ ကျောင်းပြီးရင် စာရေးဆရာ လုပ်စားပါလား"

"စကားတွေကို လမ်းလွှဲမနေစမ်းပါနဲ့ နင့်မိဘတွေကရော ငါတို့တစ်တွေပါ အများစိတ်ချမ်းသာအောင် ကြိုးစားပြီး ပြုပြင်နေထိုင်စမ်းပါ မိပန်ရယ်နော်"

"ကြာမယ်"

မိပန်မျက်နှာကို မမြင်ရသဖြင့် မည်သို့ရှိမည်ကို မသိရသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စကားသံများကို နားထောင်ရုံဖြင့် ဒေါသထွက်မိသည်။ ဖြစ်နိုင်ပါက ကလေးငယ်တစ်ယောက်လို နားရင်းရိုက်ဆုံးမပြီး မိမိစေတနာကို နားလည်စေပါမည်။

ခုတော့ ........။

စိတ်လက်မကြည်မသာဖြင့် သက်ပြင်းချလိုက်သည်။ စိတ်တွင်းမှ မကျေမနပ် ဖြစ်မိသောကြောင့်ပေလား၊ စက်ဘီးနင်းရခြင်းကြောင့်ပေလား၊ နီမောင့်နဖူးပြင်တွင် ချွေးသီးများ စို့နေပြီ။ သို့ပေမယ့် ရှေ့တွင် ကျောင်းတော်ကြီးကို လှမ်းမြင်နေရပြီ ဖြစ်ပါသည်။





အခန်း (၂)

မိပန်ကို သိမ်မွေ့လှပသော မိန်းကလေးတစ်ဦး သွင်ပြင်ဖြင့် မြင်လိုသောဆန္ဒသည် နီမောင့်ရင်ထဲတွင် ဒုတိယကြီးစိုးနေသော ဝေဒနာကြီးတစ်ခုသဖွယ် ရှိနေတော့သည်။

ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားပြီး တိုင်းပြည်အတွက် ကျရာတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် အဓိကရည်မှန်းချက်ဖြစ်ပြီး နောက်ဆက်တွဲမှာ မိပန်ကို မိန်းကလေးတစ်ယောက်မှ မိန်းကလေးဘဝကို ပီပီပြင်ပြင် ကူးပြောင်းစေလိုသောဆန္ဒပင်ဖြစ်၏။ လှပသော အလှအပများကို ကြမ်းတမ်းသောစိတ်ဓာတ်နှင့် ပြင်ဆင်နေထိုင်မှုများက ရက်ရက်စက်စက် ဖုံးကွယ်ထားလေသည်။ ဖတ်ဖူးသော ကျမ်းစာတစ်စောင်၌မူ ယောကျ်ားအနံ့မဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကဲ့သို့ နွဲ့နွဲ့သာသာ၊ ဆိုတတ်စွာ၏။ မိန်းမတုံဘြား၊ မောင်ယောကျ်ားငို့ ထွားထွားမတ်မတ်၊ သွားလာတတ်၏ ဟူသောပြကွက်ကို 'ဒုဋ္ဌာလက်ာရ" ဒေါသမှ လွတ်ကြောင်းပြဆို၏။

နီမောင့်မျက်စိထဲ၌မူ မိပန်သည် 'ဒုဋ္ဌာလက်ာရ' ဒေါသမလွတ်ပါချေ။ ပုံသဏ္ဍာန်မတူပါဘဲ အတင်းစပ်ဟပ်၍ မိမိဖြစ်စေချင်သည့်အတိုင်း ဖွတ်ဖြစ်စေသော မိပန်အား တစ်နေ့ကျလျှင် သွယ်သွယ်လျလျဖြင့် မိန်းမဘ၀ ပီပြင်စေမည်ဟု ဆုံးဖြတ်ထား၏။

"နီမောင်ရေ ..."

တစ်ယောက်တည်း စာကျက်ရင်း အတွေးကောင်းနေစဉ် မိပန် ရောက်လာသည်။ အိမ်ပေါ်ရောက်အောင် ဝုန်းဝုန်းဒိုင်းဒိုင်းပြေးတက်လာ၏။

"ဖြည်းဖြည်းလုပ်စမ်းပါဟာ၊ နင်လာရင် သိပ်ကြမ်းတာပဲ"

"ဒီနေ့ ကျောင်းပိတ်ထားတော့ ပျင်းတယ်ဟာ၊ ကိုသာညဏ်တို့ တမံဖော်တာ သွားပြီး သမကောက်ရအောင်၊ နင့်ကို အဖော်လာခေါ်တာ"

"အစီပွာယ်မရှိတာ၊ စာမေးပွဲနီးလို့ စာကျက်လို့ မပြီးနိုင်ရတဲ့အထဲ မဟုတ်တာတွေ လျှောက်လုပ်ဦးမယ်၊ နင်တို့က ငါးဝယ်မစားနိုင်လို့လား"

"ဝယ်မစားနိုင်လို့တော့ မဟုတ်ပါဘူး၊ ငါးဖမ်းရတာကို ငါ သိပ်ပျော်တာဟာ၊ လာပါ၊ လိုက်ခဲ့စမ်းပါဟာ"





"ဟင့်အင်း၊ အဖေတို့လဲ ယာထဲသွားကြတယ်၊ အိမ်မှာ အိမ်စောင့်မရှိဘူး၊ မသွားပါနဲ့ဟာ"

"အစောင့်မရှိရင် အိမ်တံခါးပိတ်ခဲ့ပေါ့၊ မလိုက်ရင် အတင်းဆွဲခေါ်မှာနော်၊ အေးအေးသက်သာ လိုက်ခဲ့"

နီမောင့်စိတ်ထဲတွင် အတော့်ကို ကသိကအောင့် ဖြစ်မိသည်။ ဘယ်ဘ၀ ရေစက်ကြောင့်များ အခုလို ဆုံရပါလိမ့်ဟု မသက်မသာတွေးနေမိသည်။ သို့ပေမယ့် မလိုက်၍တော့ မဖြစ်မှန်း သိနေသည်။ သို့ကြောင့် စိတ်လက်မကြည်မသာနှင့်ပင် အဝတ်အစားထလဲသည်။ သူမဆန္ဒတွေ ပြည့်ဝတော့မည်မို့ ကျေနပ်နှစ်သိမ့်မှုဖြင့် မိပန်၏ မျက်နှာပြင်ပေါ်၌ ပီတိတွေ တဝေဝေနှင့်။

လမ်းတစ်လျှောက်လုံး မိပန်ကို စကားမပြော၊ မိပန်ကသာ ကရားရေလွှတ် တတွတ်တွတ်ပြောဆိုရင်း လိုက်ပါလာ၏။

ကိုသာညဏ်၏ တမံသည် ရွာနှင့်မဝေးလှပေ။ နာရီဝက်မျှ လျှောက်ရုံနှင့် ရောက်သွားကြသည်။ သူတို့ရောက်သွားချိန်တွင် ရေခန်း၍ တမံလုံးပေါ်နေပြီ။ ဗေဒါဖောင်နှင့် အမှိုက်များကို ဖယ်ပြီး ငါးများကို စတင်ဖမ်းနေကြသည်။ ရေစပ်ကျင်းကလေးတွင် လူးလိမ့်ကူးခတ်နေကြသော ငါးရှူ၊ ငါးကျည်း၊ ငါးပြေမ၊ ငါးရံ့၊ ငါးပနော်၊ ငါးခုံးမ၊ ငါးဖျင်းသလက်၊ ငါးဘူတို့ စသော ငါးများအပြင် ငါးရှဉ့် ငါးလင်ပန်းနှင့် အဆိပ်မရှိသော ကနကုတ်မြွေများပါ ရှိနေသည်။

ငါးများကို မြင်သောအခါ မိပန် ဆင်းဖမ်းချင်လှပြီး ဆွေ့ဆွေ့



www.burmeseclassic.com

www.burmeseclassic.com



နှန်နေသောစိတ်ကြောင့် ခြေလှမ်းတပြင်ပြင် ဖြစ်နေတော့သည်။ သို့ပေမယ့် သူတို့ဆင်းခွင့် မရကြသေး။

တမံရှင်များက စိတ်ကြိုက်ဖမ်းပြီးမှ နောက်မှ သမကောက် သမားများ ဆင်းကြရမည်ဖြစ်သည်။

တစ်လံနှစ်လံမျှ ဖမ်းပြီး ယင်းတားလိုက်သည်။

ထို့နောက်ပိုင်းတွင် သမကောက်သူများ ဆင်းဖမ်းခွင့်ရှိပြီ။

အလုအယက်ဆင်းကြရသည်မှာ ပျော်စရာကောင်းလှပေသည်။ အကျန်ငါးကို ဖမ်းရသည်ဆိုစေကာမူ နုန်းထဲ နှိုက်၍ ရှာဖွေနိုင်ပါက ငါးကြီးငါးကောင်းများ ရနိုင်သောကြောင့် မက်ကြသည်။ သဲသဲမဲမဲ ရှာဖွေကြသည်။

"မိပန် ... အတင့်မရဲနဲ့၊ ငါးကျည်း စူးမိဦးမယ်"

"ရပါတယ်"

မြေတစ်ကောင်တမျှ အဆိပ်ပြင်းလှသော ငါးကျည်းငါး စူးမိပါက လူးလိမ့်အော်ဟစ်နေရလောက်အောင် ခံစားရသဖြင့် နီမောင်က စေတနာဖြင့် သတိပေးသော်လည်း မိပန်က အတင့်ရဲလှသည်။ ငါးကျည်း၊ ငါးရူများကို ဖမ်းဆီးသည်။ ကြိုးတစ်ချောင်းဖြင့် သီထားသည်။ နှစ်ယောက်ဖမ်းကြသည်ဆိုစေကာမူ နီမောင်ဖမ်းရသော ငါးက ဖြစ်ဖြစ်မြောက်မြောက် မရှိပေ။ ရထားသော ငါးအားလုံးနီးပါး မိပန်လက်ဖြင့် ဖမ်းဆီးထားခြင်းဖြစ်သည်။

"မိပန် မဖမ်းနဲ့၊ အဲဒါ ငါးကျည်း"





နောက်ကျသွားပြီ။

သတိပေး၍မှမဆုံးမီ 'အား' ခနဲ အော်ပြီး လက်ကို ဆွဲမြှောက်လိုက်သည်။ ရွှံ့များပေနေသည့်ကြားမှ သွေးများ ထွက်လာသည်။

"အား ... နာလိုက်တာ"

"ရေဆေးလိုက် မိပန်"

အိုင်ခွက်ထဲမှ ရေနှင့် လှုပ်ဆေးလိုက်သည်။ ထိုအခါမှ သွေးများက အတားအဆီးမဲ့စွာ ပိုမိုစီမ့်ထွက်လာ၏။ မိပန်၏လက်သည် တဆတ်ဆတ် တုန်နေ၏။

"ငါပြောနေတဲ့ကြားက ဖြစ်ရလေတယ်၊ ပြစမ်း၊ ငါ့ကို"

လက်မအောက် လက်ဝါးပြင်တွင် တစ်လက်မခန့်ရှည်သော အစင်းကြောင်းကြီးကို မြင်ရသည်။ နီမောင်က သွေးများကို တတ်နိုင်သမျှ သုတ်ပေးပြီး ပါးစပ်ဖြင့် စုပ်ထုတ်သည်။ လူကြီးသူမများထံမှ ငါးကျည်းစူးလျှင် ဒဏ်ရာကို စုပ်ထုတ်လျှင် အဆိပ်တက်ခြင်း သက်သာသည်ဆိုသောကြောင့် စုပ်လိုက်၊ တံတွေးနှင့်သွေးများကို ထွေးထုတ်လိုက်သောကြောင့် အတန်ကြာလျှင် သွေးထွက်မှု နည်းသွားသည်။ ထို့နောက် ပုဆိုးအောက်နားစကို ဆွဲဖြဲပြီး ပတ်တီးအဖြစ် တင်းတင်းစည်းပေးလိုက်သည်။

"နာသေးလား"

ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ခေါင်းညိတ်ပြသည်။ မျက်နှာပြင်တစ်ခုလုံး နီရဲနေ၏။ ခံစားရဟန်ဖြင့် အံကို တင်းတင်းကြိတ်ထားသည်။ သူမ၏ မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းတွင် မျက်ရည်များ ရစ်ဝဲလာ၏။

"သိပ်နာနေတယ် မဟုတ်လား။ တို့ပြန်ကြရအောင်"

လက်ကို ကျန်လက်တစ်ဖက်ဖြင့် မ,ကိုင်မြှောက်လျက် ရွံ့ရွံ့မဲ့မဲ့ဖြင့် လိုက်လာသော မိပန်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။ တစ်ဆက်တည်း မိမိမျက်စိရှေ့တွင် မိပန်မျက်ရည်ကျသည်ကို မြင်ရပြန်တော့ ကျေနပ်မိသလိုရှိသည်။

သူ ငိုပစေပေါ့။

အံကြိတ်ပြီး တင်းခံနေမယ့်အစား လွှတ်လွှတ်လပ်လပ် ငိုချလိုက်ရင် ဒီ့ထက်ကောင်းမှာ။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ အသည်းနုတဲ့ မိန်းမသားတစ်ယောက်ပဲ မဟုတ်လား။

နီမောင် စိတ်ကူးနှင့်တွေးနေမိခြင်းပင်။

"နင် တော်တော်နာနေသလားဟင်၊ အားတင်းထားစမ်းပါ။ ရွာပြန်ရောက်ရင် ဦးကြီးသာလှ အဆိပ်ဖြေဆေးနဲ့ လိမ်းပေးလိုက်ရင် ချက်ချင်း သက်သာသွားမှာပါနော်"

ရွံ့မဲ့၍ ခေါင်းညိတ်ပြသည်။

"နင်ဟာ ဘယ်လိုပဲ ယောကျ်ားကလေးလိုနေနေ၊ စိတ်နိုင်တယ်ပဲဆိုဆို၊ တကယ့်ပြဿနာနဲ့ ဒုက္ခနဲ့ ရင်ဆိုင်တွေ့တဲ့အခါ ပင်ကိုဇာတိ ဘွားဘွားပေါ်လာတော့တာပဲ မဟုတ်လား။ ခုကြည့်လေ၊ နင် ငိုနေပြီမဟုတ်လား"

"အရေးထဲ သူကတစ်မျိုး"





မျက်စောင်းတစ်ချက် ထိုးသည်။

နီမောင်က သဘောကျစွာဖြင့် ပြုံးလေသည်။

ဘဝသက်တမ်းတစ်လျှောက်တွင် ထိုနေ့ကိုတော့ သူတို့နှစ်ယောက်စလုံး မေ့နိုင်ကြတော့မည်မဟုတ်ပါ။

သူတို့၏ ဖြူစင်သန့်ရှင်းသော နှလုံးသားလွင်ပြင်ပေါ်တွင် နိုင်မာသော သံယောဇဉ်ကြိုးတစ်ချောင်း လှုပ်ခတ်သွားသည်ကို သတိပြုမိကြသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ကံကြမ္မာအလှည့်အပြောင်းဟု ခေါ်ရမည်လား။

ကြိုးစားသူသည် ကြိုးစားမှု၏ရလဒ်ကို ခံစားရသလို မကြိုးစားသူသည် ပေါ့လျော့ခြင်း၏ ဒဏ်ခတ်ခြင်းကို လှလှပပ ခံရပေပြီ။ စာမေးပွဲဖြေပြီး၍ အောင်စာရင်းထွက်သောအခါ နီမောင်က ဂုဏ်ထူးသုံးဘာသာဖြင့် လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်ခဲ့ပြီး မိပန်က စာမေးပွဲ ကျရှုံးသည်။ မိမိဖန်တီး၍ မရနိုင်သော အဖြစ်ပေမို့ လက်လျှော့လိုက်ရသော်လည်း တကယ်တမ်း နီမောင်နှင့် ခွဲခွာရမည်ဆိုသောအခါ ဆောက်တည်ရာမရနိုင်အောင် ခံစားရတော့သည်။ နှစ်ရှည်လများ ခွဲခွာရဦးမှာပါလား ဟူသောအသိက ငယ်စဉ်ကတည်းက အတူသွား အတူလာခဲ့ကြသော သံယောဇဉ်ကြိုးကို လာရောက်ရိုက်ခတ်သောအခါ နုနယ်သောနှလုံးသားက မခံနိုင်အောင်





ဖြစ်လာသည်။

ထိုအခါ မိပန် ငိုလေ‌တော့သည်။ သူ ဟန်မဆောင်နိုင်တော့ပါ။ နီမောင်ကလည်း မိပန်ကိုကြည့်ပြီး စိတ်မကောင်းနိုင်ရှာ။

"မိပန် ..."

နှုတ်ကဖွင့်၍ မထူး၊ ရီဝေစွာ လှည့်ကြည့်သည်။

"ငါ နင့်ကို မခွဲချင်ပါဘူး၊ တို့နှစ်ယောက်ဟာ ငယ်ငယ်လေးကတည်းက အတူတူနေလာခဲ့ကြတာဆိုတော့ အခုလို ခွဲရမှာ ငါ့ရင်ထဲ မရှိပါဘူး မိပန်၊ ဖွံ့ဖြိုးမှုအားနည်းနေသေးတဲ့ တို့နေကြတဲ့ ကျေးလက်တောရွာတွေမှာ ပညာတတ်လူငယ်တွေ နည်းကြတယ်၊ ရှိကြတဲ့လူငယ်တွေကလဲ ဝမ်းရေးအတွက် လယ်ယာထဲမှာ အချိန်ကုန်နေကြရတော့ ပညာရေးအတွက် ဦးစားမပေးနိုင်ကြရှာဘူး"

မျက်ရည်ဝဲသောမျက်လုံးဖြင့် မော့ကြည့်နေသည်။

"တို့တစ်တွေရဲ့ မိဘတွေက မချမ်းသာကြပါဘူး၊ ရှိတာလေးတွေကို စုဆောင်းချွေတာပြီး တို့ကို ကျောင်းထားပေးကြရှာတယ်၊ ပညာပြည့်စုံလာတဲ့တစ်နေ့မှာ ကျေးလက်တွေဆင်းပြီး လိုအပ်တဲ့တာဝန်တွေကို ထမ်းဆောင်ပေးရင် မိဘဝတ္တရားကျေပြီလို့ ဂုဏ်ယူချင်ကြတယ်မဟုတ်လား၊ ဒါကြောင့် ပညာရေးကို ဆုံးခန်းရောက်အောင် ကြိုးစားမယ်လို့ ငါ ဆုံးဖြတ်လိုက်တာပါ"

"နင့်ရဲ့ရည်ရွယ်ချက်တွေကို လေးစားပါတယ်ဟာ၊ ငါ ဝမ်းနည်းနေတာက နင်နဲ့ခွဲရမှာကို တွေးမိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှိက်သံတစ်ဝက်ဖြင့် စကားဆိုသည်။

"အို . . တစ်သက်လုံးခွဲသွားမှာမှ မဟုတ်တာ၊ ဒီလောက် ဝမ်းနည်းမနေစမ်းပါနဲ့ဟာ၊ နင်လဲ ကြိုးစားပေါ့၊ နောင်နှစ်အောင်ရင် တက္ကသိုလ်ရောက်ပြီး ငါနဲ့ တွေ့ကြမှာပေါ့၊ ဒါနဲ့ နင် ဒေါက်တာမကြီး ဖြစ်ချင်တယ်ဆို"

"ဒီလိုညံ့နေပုံမျိုးနဲ့တော့ ဝေးပါသေးတယ်ဟာ၊ ဘယ်တော့မှ စာမေးပွဲအောင်မှာ မဟုတ်ဘူး"

"ဘယ်ဟုတ်မလဲဟာ၊ ကြိုးစားရင် ဘာမဆိုဖြစ်ရမှာပေါ့၊ ခုခွဲနေရပေမယ့် တစ်နေ့နေ့တစ်ချိန်ချိန်မှာ တို့နှစ်ယောက် မလွဲမသွေ ပြန်ဆုံကြမှာပါနော် မိပန်"

မိပန်က စကားတုံ့မဆိုတော့။

မှုန်မှိုင်းစွာဖြင့် အဝေးသို့မျှော်ကြည့်နေသည်။ ရွာသစ်ကြီးဘက်မှ ကိုင်းမီးရှို့သည့် မီးရောင်များကို မြင်နေရသည်။ မီးခိုးများသည် ကောင်းကင်သို့ အလုအယက်တက်ကြရင်းမှ ပေါင်းဆုံသွားကြလေသည်။ ကွင်းပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေသည် မြေသင်းနံ့သင်းသင်းကိုပါ သယ်ဆောင်လာ၏။ တစ်ခါတစ်ရံ ဝေ့ယမ်းတိုက်ခတ်လာသော လေပွေလေရူးများကြောင့် ဖုန်များ အလုံးလိုက် လိမ့်တက်သွားကြသည်။ ဆည်းဆာညိုပြီမို့ အလုပ်သိမ်း၍ ပြန်လာကြသော လယ်ယာသမားများ၏ အိမ်ပြန်တေးသံအချို့ကို မသဲမကွဲ ကြားရသည်။





အပြာရောင်ကောင်းကင်ထက်တွင် နှစ်ကောင်တွဲ၍ ပျံလာကြသော စင်ရော်နှစ်ကောင်မှာ မကြာမီ တစ်ကောင်က စကျော့မမြစ်ဘက်သို့ ပျံသွားပြီး တစ်ကောင်က ထန်းတပင်ဘက်သို့ ကွေ့ပျံသွားသည်။ ပီတိ အရှေ့နှင့်အနောက်ပါတည်း။

"နင်ကတော့ တက္ကသိုလ်သွားရတော့မှာမို့ သိပ်ပျော်နေမှာပဲနော်၊ ငါကို မမေ့လိုက်ပါနဲ့ နီမောင်ရယ်"

"စိုးရိမ်မနေစမ်းပါနဲ့၊ နင့်ကို ဘယ်တော့မှ မမေ့ပါဘူး၊ နောက်ပြီး မှာခဲ့ချင်တာ တစ်ခုရှိတယ်"

"ဘာလဲ" ဟု ဆိုကာ ဆွေးဆွေးမြည့်မြည့် မော့ကြည့်သည်။

"အချိန်ဆိုတာ လူကို မစောင့်ဘူး မိပန်၊ လူ့ဘဝရဲ့ တစ်သက်တစ်ခါ ကြုံကြိုက်တဲ့ တို့တစ်တွေအတွက် ပညာသင်ချိန်ဟာ နောက်တစ်ကြိမ်ရဖို့ မလွယ်တော့ဘူး၊ ဒါကြောင့် အခွင့်သာခိုက်ကလေးမှာ ပညာကို ကြိုးစားသင်ယူစမ်းပါ မိပန်ရယ်၊ တန်ဖိုးရှိတဲ့ အချိန်တွေကို အလဟဿ ဖြုန်းတီးမပစ်ချင်စမ်းပါနဲ့"

"ကြိုးစားပါ့မယ်ဟာ"

လေသံက ပျော့ပျောင်းလွန်းနေသည်။

"နောက်ပြီး ကိုယ့်ဘဝကို မှန်မှန်ကန်ကန် မြင်ဘတ်စမ်းပါ၊ နင်ဟာ မိန်းကလေးတစ်ယောက်ပါ၊ ဘယ်လိုပဲ ယောကျ်ားလေးနဲ့တူအောင် ပြုပြင်နေထိုင်ပေမယ့် မိန်းကလေးဟာ ယောကျ်ားလေး ဖြစ်မလာနိုင်ပါဘူး၊ အခုလိုနေတာတော့ ငါ မကြိုက်ဘူး၊ ဘဝမှန်



www.burmeseclassic.com

www.burmeseclassic.com



မှန် လမ်းမှန်မှန်ကိုရောက်အောင် ကြိုးစားလျှောက်ပါလား မိပန်ရယ်”

တစ်ယောက်နှင့်တစ်ယောက် အတန်ကြာအောင် စိုက်ကြည့်နေကြသည်။ ပွင့်လင်းစွာ စကားမဆိုဖြစ်ကြသော်လည်း အသံတိတ်စကားများ. . မဆုံးနိုင်အောင် ပြောဆိုနေကြသည်။

အတန်ကြာမှ မိပန် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

မျက်ရည်စက်များက ပါးပြင်ပေါ်သို့ ပေါက်ခနဲ ခုန်ဆင်းသွားကြလေသည်။

ရင်ထဲတွင် သောကဆည်းဆာ မရောက်သေး။





အခန်း (၄)

“..... အချိန်နဲ့ ဒီရေဟာ လူကိုမစောင့်ဘူးဆိုတာ သိပ်မှန်တာပဲ မိပန်၊ တို့တစ်တွေခွဲခဲ့ကြရတာ နှစ်နှစ်ရှိပြီနော်၊ ဒါပေမယ့် နင့်ကိုတစ်နေ့မှ မမေ့ပါဘူး၊ ယုံပါ မိပန်၊ မဝေးတော့တဲ့အချိန်မှာ တို့နှစ်ယောက် ပြန်တွေ့ကြရတော့မယ်၊ နောက်ပြီး ငါ့ရည်ရွယ်ချက်တွေ ပြည့်တော့မှာမို့ သိပ်ပြီး ဝမ်းသာမိတာပဲ၊

နင့်ဆီက စာတွေထဲမှာ ရွာကလူတွေအကြောင်း၊ ရွာမှာ ဘယ်လိုဘယ်ပုံ တိုးတက်နေတယ်ဆိုတာ သိရလို့ စိတ်ကူးနဲ့မှန်းပြီး ဝမ်းသာရတာပေါ့၊ ငါ့ကိုတော့ စိတ်ချပါ မိပန်၊ ရည်ရွယ်ချက်တွေ အပျက်မခံပါဘူး၊ နောက်ပြီး ငါ့ရင်ထဲမှာ နင်ရှိနေတာပဲ၊ တခြားဘာတွေလျှောက်တွေးစရာလိုသေးလို့လဲ”

စာကိုဖတ်ရင်း အသက်ရှူရန်ပင် မေ့သွားလေသည်။ ရင်တ



www.burmeseclassic.com

www.burmeseclassic.com



ဒိန်းဒိန်း အခုန်မြန်လာသောကြောင့် ယက်တစ်ဖက်ဖြင့် အသာဖိထားရသည်။ ထို့နောက် ပီတိစိတ်ကြောင့် နှုတ်ခမ်းစွန်းတွင် အပြုံးရိပ်များက ဖုံးမရဖိမရ ပေါ်လာတော့သည်။ တွေး၍ ကျေနပ်မိခြင်းနှင့် အတူ ဒီလောက်တောင်ပဲလား နီမောင်ရယ်၊ နင့်စာထဲမှာရေးတာ တကယ်ပဲလား ဟု တိုးတိုးလေးရေရွတ်မိသည်။

အတန်ကြာမှ စာကို ဆက်ဖတ်သည်။

နောက်ပြီး ဟို ငွေသိန်းတို့အုပ်စုကိုလဲ သတိထားနော်၊ ဒီကောင်တွေက စိတ်ချရတာမဟုတ်ဘူး၊ အေးလေ စိတ်ပူစရာ မရှိလှပါဘူး။ နင်က ပျော့ပျော့နဲ့ နွဲ့ မိန်းကလေးတစ်ယောက်မှ မဟုတ်ဘဲ၊

နောက်ပြီး နင် စာကြိုးစားစမ်းပါဟာ၊ ဒီနှစ်မအောင်ရင် သုံးနှစ်ဖြစ်လိမ့်မယ်၊ တို့နှစ်ယောက် တက္ကသိုလ်မြေမှာ အတူတူဆုံချင်တယ်ဟာ၊ နောက်ပြီး နင့်မိဘတွေက ဒီနှစ်ကုန်ရင် မော်ကျွန်းဘက် ပြောင်းမယ်ဆို၊ အဲဒါ သေချာလားဟင်၊ ငါတော့ အဲဒီသတင်းကြားကတည်းက အရမ်းစိတ်ပူနေမိတယ်၊ နင်နဲ့ဝေးရမှာကို အတွေးနဲ့တောင် မခံနိုင်ဘူး၊ အခု ခွဲရတာက ငါက ခွဲခဲ့ရတဲ့သူဆိုတော့ မသိသာဘူးပေါ့၊ ငါက ကျန်ခဲ့တဲ့သူဖြစ်ရင် ဘယ်လိုခံစားရမယ် မသိဘူး၊

ငါ့ခါ စာရေးပါဦးနော်

နင့်ကိုခင်တဲ့

နီမောင်

စာဆုံးသွားသောအခါမှ သက်ပြင်းချနိုင်တော့သည်။





ယခုထက်တိုင် နှုတ်ခမ်းစွန်းမှ အပြုံးရိပ်က မပြယ့်တပြယ်နှင့် မျှော်လင့်ရသမျှ နီမောင့်ထံမှ ရောက်လာသော စာကို ဖတ်ရသည်မှာ ကျေနပ်သည်မရှိခဲ့ပေ။ တခါတရံ စာတစ်စောင်လုံး အလွတ်ရလုမတတ် ဖြစ်နေတတ်သည်။

မနှစ်က ပြန်လာစဉ်က တသွေးတမွေးနှင့် တည်တည်ငြိမ်ငြိမ်ဖြစ်နေသော နီမောင်၏သွင်ပြင်မှာ အတွေးရိပ်တွင် ရစ်ဝဲနေသည်။ စကားလက်ဆုံမပြောမကုန်နိုင်သည့်ကြားမှ မိမိအတွက် ပြောဆိုဆုံးမခဲ့သော စကားများကို ပြန်လည်ကြားယောင်နေမိသည်။

“သဘာဝကို ဖီလာဆန့်ကျင်တဲ့ အလုဆိုတာ ကြာရှည် မြဲတယ် မရှိပါဘူး၊ ကိုယ့်ဘဝကို မမေ့ချင်စမ်းပါနဲ့ဟာ၊ နင့်ကို မိန်းကလေးပီပီသသအဖြစ်နဲ့ပဲ ငါ မြင်ချင်တယ် မိပန်ရယ်”

“သြော် ... နီမောင်ရယ်”

မိန်းကလေးတန်မဲ့ ပြန်လာမယ့်ရက်ကို လက်ချိုးရေတွက်ခဲ့ရသည့်အဖြစ်ကို သူသိခဲ့လျှင် အို ဘယ်လောက်များ ရှက်စရာကောင်းလိုက်မလဲ၊ မတတ်နိုင်ပါဘူး။

နှစ်နှစ်ခြိုက်ခြိုက်ပြုံးရင်း စာရေးစားပွဲရှိရာသို့ ထလာခဲ့သည်။ စာရွက်ကို ရှေ့တွင်ချပြီး အဆင်သင့်ဖြစ်ကာမှ ဘာက စရေးရမည်ကို မသိတတ်အောင် ဖြစ်မိသည်။ အတန်ကြာအောင် စဉ်းစားနေပြီးမှ —

သို့ ... နီမောင် ...။

××××××××××××××××××



www.burmeseclassic.com

www.burmeseclassic.com



"ကိုနီမောင်၊ ခင်ဗျားအတွက် စာ"

လှမ်းမယူခင်ကပင် မိပန်ဆီက ဖြစ်လိမ့်မည်ကို သိနှင့်နေ၏။ စာသင်နှစ်တစ်လျှောက်လုံး မိမိထံသို့ မိခင်ဖခင်များထံက လာသော စာနှင့် မိပန်ယံမှလာသော စာကိုသာ ဖတ်ရလေသည်။ တစ်လနှစ်လမှ တစ်စောင်တလေ လာတတ်သော မိခင်ထံမှ စာကို မကြာသေးခင်ကမှ ရထားပြီးသောကြောင့် ယခုစာသည် မိပန်ဆီမှ ဖြစ်မည်ကို ကြိုသိနေခြင်းဖြစ်၏။

"ကျေးဇူးပဲဗျာ ကိုဇော်ဝင်း"

"မလိုပါဘူးဗျာ၊ လက်ဖက်ရည်လောက်တိုက်ရင် ဖြစ်ပါတယ်"

"ရပါတယ်ဗျာ"

ရယ်ရယ်မောမောနှင့် ကိုဇော်ဝင်း ထွက်သွားသည်။

ထိုအခါမှ စာကို ဖောက်ဖတ်ရသည်။ စာတစ်ဝက်ခန့် ရောက်သောအခါ စိတ်ဝင်စားမှုကြောင့် ရင်တလှပ်လှပ် အခုန်မြန်လာ၏။

"တို့ မော်ကျွန်းဘက်ပြောင်းဖို့ သေချာသွားပြီဟာ၊ အခု စာရေးနေတဲ့အချိန်မှာ အဖေတောင် သူ့အမျိုးတွေရှိတဲ့ အဲဒီကိုသွားပြီး နေဖို့ထိုင်ဖို့ စီစဉ်နေပြီလေ၊ ဒီနှစ်ထဲမှာပဲ ပြောင်းဖြစ်ဖို့ သေချာပြီပေါ့၊ အကြာဆုံး ငါ စာမေးပွဲဖြေပြီးအထိလောက်ပဲ နေမယ်တဲ့၊ စာမေးပွဲကလဲ အောင်မှာမဟုတ်ပါဘူး၊ စိတ်တွေ အရမ်းညစ်ပြီး ဖြေတောင် မဖြေချင်ပါဘူး၊

နင်ပြန်လာရင်တော့ ငါနဲ့ တွေ့နိုင်တော့မယ် မထင်ဘူး၊ ကံ





ကြမ္မာက တို့ကို မျက်နှာသာမပေးဘူး နီမောင်ရယ်၊ အခြေအနေတွေအားလုံးကို ကိုယ်လိုချင်သလို ပြုပြင်ဖန်တီးယူလို့ရရင် သိပ်ကောင်းမှာပဲနော်၊

နင်ပြန်လာမယ့်ရက်မှာ ရွာထိပ်ကထွက်ပြီး ဆီးမကြိုနိုင်တာကို ခွင့်လွှတ်ပါနော်၊

အခြေအနေမပေးလို့ ဝေးကြပေမယ့် တစ်နေ့နေ့တော့ တို့နှစ်ယောက် ပြန်ဆုံကြမှာပါ။ အဲဒီအခါကျရင်သာ တို့ဘဝအခြေအနေတွေ မပြောင်းလဲပါစေနဲ့လို့ ငါ ဆုတောင်းပါတယ် နီမောင်ရယ်။

သတိရနေတဲ့

မိပန်

"အင်း ...အခြေအနေဆိုတာ ကိုယ်ဖြစ်စေချင်သလို ဖြစ်လာကြရင် အကောင်းသားပါလား မိပန်ရယ်"

ရင်မောစွာရေရွတ်ရင်း စာရွက်ကို ပြန်ခေါက်လိုက်သည်။

ပြတင်းပေါက်မှတဆင့် မြင်နေရသော ပြင်ပရှုခင်းမှာ အချိန်အခါမဟုတ်ပါဘဲ ဝေ့ဝေ့ဆိုင်းဆိုင်း ဖြစ်နေသည်။

မိပန်ဆီမှ လာနေကျ ပန်းနုရောင်စာရွက်ကလေးများထဲတွင် ယခုလာသော စာရွက်ကလေးသည် နောက်ဆုံးစာအဖြစ် ရောက်လာခြင်းဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

ရှာထိပ်သို့ သဘော်ကပ်သည်နှင့် အားမရှိစွာဖြင့် ကမ်းပေါ်သို့ လှမ်းကြည့်လိုက်သည်။ မရှိတော့မှန်းသိနေပါရက်နှင့် ရှိလိမ့်နိုးထင်မိသည်။ စိတ်က ရှိနေစေချင်သည်။ သူကိုယ်တိုင် လာကြိုစေချင်သည်။ နှစ်ရှည်လများခွဲခွာနေရသော မိဘများနှင့် ငယ်ပေါင်းကြီးဖက် သူငယ်ချင်းများက ဝမ်းသာအားရ ဆင်းကြိုကြသည်။ ပါလာသမျှ ပစ္စည်းများ တစ်ယောက်တစ်လက် ဝိုင်းဆွဲရုံနှင့် လက်ဖျားနှင့်မထိလိုက်ရပေ။

အလိုက်သင့်နှုတ်ဆက်သမျှ ပြုနေရသော အချိန်တို့သည် ရှည်ကြာလွန်းသည်ဟု စိတ်မရှည်စွာ တွေးနေမိသော်လည်း သူတို့ကိုအပြစ်မမြင်မိချေ။





"သူတို့ပြောင်းသွားတာ ဘယ်လောက်ကြာပြီလဲ အဖေ"

ရတ်တရက်တော့ ဆိုလိုရင်းကို နားလည်ဟန်မတူ၊ မျက်လုံးအပြူးသားနှင့် ငေးကြည့်နေသည်။

"ဘာကိုလဲကွ"

"ဟို မိပန်တို့ ဘယ်လောက်ကြာပြီလဲဟင်၊ အောက်ကိုပြောင်းသွားကြတာ"

ဆိုလိုရင်းကို သဘောပေါက်သွားသောအခါ နှစ်နှစ်မြိုက်မြိုက်ပြုံးလေတော့သည်။

"ကြာပြီလေကွာ၊ လေးငါးရစ်လလောက် ရှိပြီလားပဲ၊ ကလေးမလေးကတော့ မင်းလာရင် နှုတ်ဆက်သွားရှာတယ်လို့ တဖွဖွမှာသွားတယ်"

ရင်ထဲ နင့်နေသည်။

အခုနေအချိန်တွင် မိမိအနီးတွင် မိပန် ရှိနေစေချင်သည်။ ရှိနေလျှင် ဘယ်လောက်ကောင်းမည်လဲဟု မရေမရာ တွေးမိသည်။ ညနေဘက် ထမင်းဝိုင်းရောက်သောအခါ နှစ်အတန်ကြာ ကင်းကွာနေခဲ့သော မိသားစုထမင်းပွဲလေးကြောင့် စိတ်ချမ်းမြေ့မှု ဖြစ်လာရပြန်သည်။ အမေ့လက်ရာများနှင့် ထိတွေ့ရသောအခါ အဆောင်ထမင်း အဆောင်ဟင်းများကို မေ့လေသည်။

"အခုရွာမှာ အလယ်တန်းကျောင်းလျှောက်တာ အမိန့်ကျပြီသားရဲ့၊ ရွာက စုပြီး ဆောက်နေကြပြီလေ၊ သားလဲ ပညာပြည့်စုံပြီ



www.burmeseclassic.com

www.burmeseclassic.com



မို့ ကိုယ့်ရပ်ကိုယ့်ရွာမှာ တတ်နိုင်သမျှ တာဝန်ထမ်းဆောင်စေချင်တယ်ကွယ်"

"ကျွန်တော်လဲ ဆုံးဖြတ်ထားပါတယ် အဖေ၊ အရင်ကနဲ့မတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်လာတဲ့ရွာမှာ အလုပ်အကျွေးပြုဖို့ စိတ်ကူးထားပါတယ်"

"သဘောကျတယ်ကွယ်၊ အဖေ့အယူအဆနဲ့ တစ်ထပ်တည်းပဲ၊ ဒါမှ မွေးရကျိုးနပ်တဲ့သား၊ အပင်ပန်းခံပြီး ပညာသင်ပေးရကျိုးနပ်တဲ့ ငါ့သားကွ"

အမေက မျက်စောင်းတစ်ချက် လှမ်းထိုးသည်။

"စားသောက်ပြီးရင် ရွာထဲလိုက်ပြီး နှုတ်ဆက်လိုက်ပါဦးကွယ်၊ မင်းပြန်လာလို့ အားလုံးက ဝမ်းသာနေကြတာ"

"ဒီနေ့တော့ ခရီးပန်းလာလို့ နောက်နေ့မှပဲ သွားတော့မယ်"

"ဟုတ်သားပဲကွာ၊ မင်းဥစ္စာကလဲ၊ ဗြုန်းစားကြီး"

"ကောင်းပါလေရဲ့တော်၊ တော်ကြာမှ အမေပြောတာ နောက်ကျလှချည့်ရဲ့လို့ အပြစ်တင်မနေနဲ့"

"ဟော့ မင်း ကလေးကို ဘာစကားတွေ လျှောက်ပြောနေတာလဲ"

အဖေက တစ်ချက်လှမ်းဟန့်သည်။ အမေသည် စကားမဆက်တော့ဘဲ ပြုံးစိစိအမူအရာနှင့် ထမင်းဆက်စားနေသည်။ နီမောင်ကတော့ အခြေအနေကို နားမလည်ပါချေ။

ညဦးပိုင်းရောက်သောအခါ အေးအေးဆေးဆေး အနားယူမည်





ဟု စဉ်းစားသည်။ ဆူညံမှုနှင့် အနံ့အသက်ကင်းသော ကျေးလက်၏ ရင်ခွင်နှင့် ကင်းကွာခဲ့သည်မှာ ကြာပြီပဲလေ။

ထိုအခိုက်မှာပင် သူငယ်ချင်းများဖြစ်ကြသော ကျော်ထွန်းနှင့် တင့်လွင်တို့ ရောက်လာကြသည်။ ရွာထဲသွားရန် အတင်းခေါ်နေသောကြောင့် မတတ်သာတော့ဘဲ ထလိုက်ခဲ့ရသည်။ အိမ်မှ ထွက်ခါနီးတွင် အမေက လှမ်းမှာလိုက်သေးသည်။

"သား၊ မင်း အရီးဒွေးဆီ ရောက်အောင် ဝင်ခဲ့ဦးနော်၊ ခမျာ မင်းကို ခဏခဏ မေးနေရှာတာကွဲ့"

တစ်ဝက်မျှသာ ရှိသေးသော လမင်း၏အလင်းရောင်သည် ဝါးရှက်များကြားမှ ကြိုးကြား ကျဆင်းနေသည်။ လေတိုးလိုက်တိုင်း ဝါးရွက်ခတ်သံ၊ အပင်ချင်းပွတ်သံတို့မှာ သံစဉ်မညီသော ဂီတသံသဖွယ် သာယာဖွယ်ကောင်းလှပေသည်။ အိမ်ရှေ့မှ ဖြတ်လျှောက်လာကြစဉ် လှမ်း၍ နှုတ်ဆက်သံများက အဆက်မပြတ် ကြားနေရသည်။ တစ်အိမ်နှင့်တစ်အိမ် လှမ်း၍ အချက်ပေးသလို ဖြစ်နေတော့သည်။ ဝါးရွက်နံ့ မြေသင်းနံ့ ပြွမ်းသော လေကို ရှူရသောအခါ ထိုင်းမှိုင်းလျက်ရှိသော စိတ်အစဉ်မှာ အတန်အသင့် လန်းဆန်းကြည်လင်လာမိသည်။

"မင်း အရီးဒွေးဆီ အရင်ဝင်ကြရအောင်ကွာ"

"ကောင်းသားပဲ"

အရီးဒွေးမှာ တစ်ကိုယ်တည်းနေသူဖြစ်ပြီး ငယ်စဉ်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က နီမောင့်အပေါ် သံယောဇဉ်ရှိသူဖြစ်၏။

"အရီးဒွေး၊ ဗျို့ အရီးဒွေး"

"ဘယ်သူတွေတုံး"

"ကျွန်တော်တို့ပါ၊ ကျော်ထွန်းတို့ပါ၊ နီမောင်လဲ ပါတယ်"

"ဟင် ဟုတ်လား၊ လာကြ၊ လာကြ"

သန့်ရှင်းသပ်ရပ်သော အိမ်တွင်းဝင်လိုက်မိသည်နှင့် စိတ်ချမ်းသာဖွယ် ကောင်းလှပေသည်။ ဝါးကြမ်းပြင်သည် အရောင်တစ်လက်လက် တောက်ပြောင်လျက်ရှိသည်။ အစဉ်သဖြင့် ဆီမီးလှိုင်လှိုင်၊ ပန်းမြိုင်မြိုင် အမွှေးနံ့သာကြိုင်လျက်ရှိသော အရီးဒွေး၏ ဘုရားစင်ကိုကြည့်ရသည်မှာ ကြည်နူးဖွယ်ရာ ကောင်းလှသည်။

ဧည့်ခန်းအလယ်တွင် ရေနွေးကြမ်းအိုးတင်သော ခုံရှိသည်။ ထို့နောက်ဘက်တွင် အရီးဒွေး ထိုင်နေသည်။ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကို ဖွာရင်း သီဝေသောမျက်လုံးများနှင့် ကြည့်နေရှာသည်။ အရီးဒွေးသည် ယခင်က အတိုင်းပင် ဖြူဖြူပိန်ပိန်ကလေးပင်။ နီမောင်က လက်မောင်းကိုဆုပ်ကိုင်ရင်း အနီးကပ်၍ထိုင်သည်။

"မင်း ဘယ်တုန်းက ပြန်ရောက်လဲ၊ လက်မှတ်ကော ရလာခဲ့ပြီမဟုတ်လား"

"ဟုတ်ကဲ့၊ ရခဲ့ပါပြီ အဘွား"

"မင်းကတော့ တစ်မိပေါက်တစ်ယောက်ထွန်းပဲ၊ တို့ရွာမှာ ဒီလိုထွန်းထွန်းပေါက်ပေါက် လူမျိုးမရှိဘူး၊ မြို့သွားပြီး အလုပ်လုပ်မှာလား"





"မဟုတ်ပါဘူး အရီး၊ ကျွန်တော် ရွာမှာပဲ လုပ်မှာပါ"

"အေးကွယ်၊ သာဓု ... သာဓု ...သာဓု၊ ကောင်းပါတယ်၊ ဟဲ့ မေ့နေလိုက်တာ၊ သမီးရေ၊ ရေနွေးကြမ်းအိုး ယူခဲ့ပါကွယ်"

ကျန်သူများမှာ မည်သို့မျှ ထူးခြားမှုမဖြစ်ကြသော်လည်း နီမောင်ကတော့ အတော့်ကို အံ့သြသွားမိလေသည်။ အဘယ့်ကြောင့်ဆိုမူ အရီးဒွေးသည် ယခင်က တစ်ယောက်တည်းနေသူဖြစ်ခဲ့သောကြောင့်ပါတည်း။

"အရီးဒွေးမှာ သမီးရှိတယ် ဟုတ်လား"

"မင်းက အထူးအဆန်းဖြစ်နေတာကိုး၊ မင်း ရန်ကုန်သွားနေတဲ့အချိန်မှာ ရောက်နေတဲ့ အရီးဒွေးရဲ့ မြေးမလေးပါ၊ သူ့အမေက အရီးတို့ သဘောမတူတဲ့လူကို ယူသွားလို့ တစ်ခါတည်း သေခန်းဖြတ်ထားတာ တစ်နှစ်က သူ့အမေ ဆုံးသွားတယ်လေ၊ ဒါကြောင့် ဒီကိုခေါ်ထားလိုက်တာပါ"

"ဪ ..."

မကြာမီ မီးဖိုချောင်ဘက်မှ ရေနွေးအိုးကိုင်လျက် အမျိုးသမီးတစ်ဦး ထွက်လာ၏။ ခုံပေါ်သို့ ရေနွေးကြမ်းအိုး ချပေးသည်အထိဧဝေဇဝါဖြစ်နေပြီး အရီးဒွေးဘေးသို့ ဝင်ထိုင်တော့မှ သဲသဲကွဲကွဲ မြင်ရတော့သည်။

"ဟင် မိပန်"

မိန်းမရွယ် ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်ပြီး ရှက်စနိုးအမူအရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခေါင်းငုံ့သွားသည်။ ထိုအခါမှ အားနာမှုများစွာ ဖြစ်မိလေသည်။ အသေအချာကြည့်သောအခါမှ မိန်းမပျိုသည် မိပန်နှင့် ရုပ်ချင်းဆင်သည်မှအပ ဟန်ပန်သွင်ပြင် ခြားနားနေသည်ကို တွေ့ရသည်။

"တောင်းပန်ပါတယ်ဗျာ၊ ရုတ်တရက်ဆိုတော့ ကျွန်တော့်စိတ်ထဲမှာ မိပန်လို့ ထင်လိုက်မိလို့ပါ၊ အားနာစရာပဲ"

အားလုံးက ရယ်ကြလေသည်။

"တို့လဲ ရှာကို မနှင်းဖြူရောက်စက မိပန်နဲ့ မှားခဲ့ကြသေးတာပေါ့၊ ဒါပေမယ့် တခြားစီပါကွာ၊ မိပန်က ယောကျ်ားလေးစိတ် ပေါက်နေတာပဲ၊ နောက်ပြီး မင်းမိပန်က တို့တစ်တွေကို သတိရဖော်တောင် ရမယ်မထင်ပါဘူး"

နီမောင် မချိသွားဖြဲ ရယ်နေလိုက်သည်။ အမျိုးသမီးကပါ ပြုံးနေသောကြောင့် ပို၍ အနေခက်သွားသည်။

"သမီးနှင်းဖြူက မိပန်နှင့် ရုပ်ချင်းဆင်တယ်ဆိုပေမယ့် စိတ်ထားနဲ့စရိုက်က ကွာပါတယ်၊ ပေါက်ကျော်မကတော့ ယောကျ်ားလေးရှုံးလောက်ပါတယ်၊ အင်း ... သင်းကလေးတို့လဲ အောက်ဘက်ကို ပြောင်းသွားကြတာ ကြာပြီပဲ၊ မမြင်ရတာကြာတော့လဲ အောက်မေ့သလို အရှိသား"

လွမ်းအောင် ကူညဲ့ရော့သလား အရိုးဒွေးရယ်။ စိတ်တွင်းမှ အမှတ်မထင် ခံစားနေရခိုက်မှာ အမှတ်ထင်ထင်ဖြစ်အောင်များ တမင်ပြောနေရော့သလားဟု ထင်မိသည်။





အားနည်းလှသော မီးအိမ်အလင်းရောင်ဖြင့် မြင်နေရသော မနှင်းဖြူမျက်နှာလေးကို ကြည့်နေရင်းမှ ရုပ်ချည်း မိပန်မျက်နှာဖြစ်သွားလိုက်၊ မနှင်းဖြူမျက်နှာ ဖြစ်သွားလိုက်နှင့် ဇဝေဇဝါ ဖြစ်နေသည်။

စိတ်ထဲတွင် နောက်ကျိရှုပ်ထွေးလျက်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"မင်းနယ်ကွာ၊ အတွေးခေါင်ရန်ကော၊ မိပန်ကဖြင့် ဒီက ပြောင်းသွားပြီးကတည်းက တစ်ခါမှ ပေါ်မလာတော့တာ၊ ဟိုတစ်လောက သူ့အဖေတော့ တစ်ခေါက်လာသွားတာ တွေ့လိုက်တယ်"

"အားလုံးက ဝိုင်းပြောလို့သာ ယုံရတယ်၊ ငါ့စိတ်ထဲမှာတော့ မနှင်းဖြူကို ၊ိပန်ဖြစ်မယ်လို့ ထင်နေတယ်၊ အေးလေ … ဒါပေမယ့် သူတို့နှစ်ယောက်က တကယ့်ကို အရှေ့နဲ့အနောက် ကွာခြားလွန်းပါတယ်"

"အစွဲအလမ်း သိပ်မထားပါနဲ့ သူငယ်ချင်းရာ၊ မင်းလဲ ခေတ်ပညာတတ်တစ်ယောက် ဖြစ်နေပြီပဲ၊ အရင်ကလို နေချင်တယ်ဆိုရင်လဲ မိပန်အစား မနှင်းဖြူကိုပဲ ခင်မင်ခွင့်ရအောင် ကြိုးစားပေါ့ကွာ"

နီမောင်က ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။ ရင်ထဲ၌မူ အစားထိုးရန် ခက်ခဲသော အရာများထဲတွင် မိဘ၊ ဆရာနှင့်





အတတ်ပညာအပြင် 'မေတ္တာ' သည်လည်း အပါအဝင်ဖြစ်ကြောင်း တွေးတောနေမိသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ ရွာလယ်လမ်းမတွင် မနှင်းဖြူနှင့် ဆုံမိကြလေသည်။ ဆွဲခြင်းလေးကို လက်မှဆွဲပြီး ယဉ်ကျေးသိမ်မွေ့စွာဖြင့် လျှောက်လာနေသည်။

တင့်လွင်က "မနှင်းဖြူက တို့သမဆိုင်မှာ ဝန်ထမ်းလုပ်နေတယ်ကွ" ဟုပြောပြီး ခနရာမှ ထွက်သွားလေသည်။ အနီးသို့ ရောက်လာသောအခါ မှတ်မိဟန်ဖြင့် မနှင်းဖြူကပင် ပြုံး၍ နှုတ်ဆက်လေသည်။

"ဆိုင်သွားတော့မလား မနှင်းဖြူ"

"ဟုတ်ကဲ့ … ကို …"

"ကျွန်တော့်နာမည် နီမောင်ပါ"

"ဟုတ်ကဲ့၊ အခု ကိုနီမောင် ဘယ်သွားမလို့လဲဟင်"

"မြောက်ပိုင်းဘက် ခဏသွားမလို့၊ ရောက်စဆိုတော့ အိမ်မှာနေရတာ ပျင်းနေတယ်"

နှစ်ယောက်သား ရယ်သံကလေးများ ပေါ်ထွက်လာသည်။

"ဟို … ကိုနီမောင် အားနေရင် ကျွန်မတို့ဆိုင်ဘက် လိုက်ခဲ့ပါလား၊ အပျင်းပြေပေါ့"

"ကောင်းသားပဲ၊ သွားလေ"

နှစ်ယောက်သား ယှဉ်တွဲ၍ ရွာလမ်းအတိုင်း လျှောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လမ်းဟူ၍ သတ်သတ်မှတ်မှတ်၊ ရှိ-ာဖြင့် သင့်လျော်ရာလမ်း မှာပင် လျှောက်လာကြရာ မလွှတ်မလပ်ဖြစ်သည့်အခါ မနှင်းဖြူက စိတ်ထဲမှ ကျိတ်၍ အားနာမှုဖြစ်ရသည်။ လမ်း၌ တွေ့သူများက သူတို့နှစ်ယောက်ကိုကြည့်ပြီး ပြုံးကြသောအခါ မလုံမလဲ ဖြစ်ရသည်။

မကြာမီ သမဆိုင်အနီးသို့ ရောက်လာကြသည်။

"ဒီနေ့ဆိုင်မှာ ကုန်ထုတ်ဖို့ရှိတယ်၊ ဆိုင်က အရောင်းတာဝန်ခံ တစ်ယောက်ကလဲ အစည်းအဝေးရှိလို့ မြို့ကိုသွားတယ်၊ ကျွန်မ တစ်ယောက်တည်း ရှိတယ်"

"ရပါတယ်၊ ကျွန်တော် အားနေတာပဲ၊ လုပ်အားပေးပါ့မယ်"

"ကျေးဇူးပါပဲရှင်"

ထိုနေ့က သမဆိုင်တွင် မနှင်းဖြူနှင့် ဝိုင်းကူလုပ်ရင်း တစ်ဦး နှင့်တစ်ဦး ရင်းနှီးမှုကလေးများ ရှိလာကြသည်။ ထိုသို့ မမျှော်လင့်ဘဲ ဆုံကြုံရသည်ကို ကျေနပ်နေမိသည်။ အစားထိုးဖြေဖျောက်မှုမျိုး မဟုတ်ပါဘဲ ပွင့်လင်းမှုရှိလှသော မနှင်းဖြူကို ခင်မင်လာမိသည်။ အလုပ်လုပ်နေရင်းမှ စကားလက်ဆုံပြောမကုန်အောင် ဖြစ်ကြရသည်။

"မနှင်းဖြူကို စတွေ့လိုက်တဲ့နေ့ကဗျာ၊ မိပန်နဲ့တူလွန်းလို့ အံ့သြ လို့မဆုံးနိုင်အောင်ပါပဲ"

"အရီးအေးကလဲ ပြောတယ်၊ ရွာမှာ အရင်က ကျွန်မနဲ့တူတဲ့ လူတစ်ယောက် ရှိခဲ့ဖူးတယ်တဲ့၊ တော်တော်တူသလားဟင်"

"ခနှင်းဖြူ မှန်ကြည့်ဖူးတယ် မဟုတ်လား"





"ကြည့်ဖူးတယ်လေ"

"အဝတ်အစားလဲပြီး မှန်ထဲမှာ မြင်နေရတဲ့အတိုင်းပါပဲ"

"အို ... ဒီလောက်တောင်ပဲလားဟင်"

မနှင်းဖြူက ပါးစပ်ကို လက်နှင့်ဖိ၍ ကြည်နူးစွာရယ်လေသည်။ သူမ၏သွင်ပြင်မှာ သမင်ပျိုမလေးသဖွယ် လန်းဆန်းတက်ကြွနေ လေသည်။

"ဒါပေမယ့် ရုပ်ချင်းတူကြပေမယ့် အနေအထိုင် စရိုက်သွင်ပြင် ကတော့ ခြားနားပါတယ်၊ မနှင်းဖြူ ဆင်ယင်ထုံးဖွဲ့မှုက သိမ်မွေ့ နူးညံ့တယ်၊ သူက ယောကျ်ားဆန်တယ်၊ ဒါပေမယ့် သူ့ကို ကျွန်တော် ခင်တယ်၊ သံယောဇဉ်ရှိပါတယ်"

မနှင်းဖြူ၏ ရယ်သံကလေးများ တိုးသွားသည်။ ပါးစပ်က ပြုံး နေသော်လည်း မျက်လုံးများက တည်ငြိမ်သွားလေသည်။

နီမောင်က သက်ပြင်းတစ်ချက်ချပြီး စကားဆက်သည်။

"ဒါကြောင့် တွေ့တွေ့ချင်းပဲ မနှင်းဖြူကို ရင်းရင်းနှီးနှီး ခင်မင် မိပါတယ်"

"ကျွန်မကလဲ ကိုနီမောင်ကို ခင်ပါတယ်"

နွေ၏ ပူလောင်ပြင်းပြလှသော အပူရှိန်ကို ဝါးရုံရိပ်များက အကာအကွယ် ပေးထားလေသည်။ တစ်ချက်တစ်ချက် ဝှေ့တိုက် လာသော လေသည် အပူရှိန်ကို အပြင်မှာ ချန်ထားခဲ့ပြီး ပင်ကိုအရည်း အသွေးမြှုစွာနှင့် အခန်းထဲသို့ သိမ်မွေ့စွာ ဝင်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အမောပြေလောက်စရာပါပဲလေ·

xxxxxxxxxxxx

လာမည့်နှစ်တွင် အလုပ်ဝင်နိုင်ရန် ကြိုးပမ်းရသည်။ လယ်ယာမြေနှင့်ရင်းကာ သွေးချွေးတို့ဖြင့် မြုပ်နှံပုံပိုးပေးကြသော မိခင်၊ ဖခင်ကို့၏ မေတ္တာ၊ နိုင်ငံတော်၏ စေတနာကို တစ်ဖက်တစ်လမ်းမှ ပြန်လည်ဘုံပြန်ပါမှ သားကောင်းတစ်ယောက်ဖြစ်နိုင်မည်ဟု နီမောင်ခံယူထားသည်။ ရောက်သည့်နေရာတွင် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ကြိုးစားမည်ဟုလည်း ဆုံးဖြတ်ထားသည်။ အားလပ်သည့်အချိန်များတွင်လည်း ဖခင်ကြီး၏ ယာလုပ်ငန်းများကို ဝိုင်းကူရင်း ထိုပြင် မနှင်းဖြူတို့နှင့် ဝိုင်းကူလုပ်ရင်း အချိန်တို့ကို အကျိုးရှိစွာ ကုန်ဆုံးစေသည်။ ထိုနှင့်အမျှ ထိတွေ့ဖန်များလာသောအခါ ခင်မင်မှုကလေးများက ရှင်သန်လာကြသည်။ ပြောဆိုဆက်ဆံမှုများ ပွင့်ပွင့်လင်းလင်း ဖြစ်လာကြသည်။

မမြင်နိုင်စွမ်းသော သံယောဇဉ်ကြိုး၏ ရစ်ပတ်နှောင်ဖွဲ့မှုကို စတင်သိရှိခဲ့သော်ည်း ရုန်းထွက်ရန် မကြိုးစား၊ မဆုံးနိုင်သော အတွေးစကိုသာ ပိုမိုရှည်လျားမှု ဖြစ်စေသည်။

သူ့ရင်ထဲမှ ကွက်လပ်နေရာများအတွက် မနှင်းဖြူကို အစားထိုးသည့် အခြေအနေမျိုးကို မလိုလား၊ ရင့်ကျက်ရှင်သန်မှု မေတ္တာရိပ်တွင် မိပန်သည် နေရာယူခဲ့ပြီးပြီလောဟူသော မေးခွန်းက အကြိမ်ကြိမ် ဝင်ရောက်လာ၏။ မိမိကိုယ်တိုင် တိတိကျကျ မဖြေ





နိုင်သော အဖြေများက တရစ်ဝဲဝဲ လည်နေသောအဆင့်မှ မကျော်လွန်နိုင်သေး။

လူသားအနွယ်ဝင်များသည် မိမိတို့ ကျင်လည်ကျက်စားရာပတ်ဝန်းကျင် သဘာဝအရိုင်းလွင်ပြင်မှ အစစ်ဆေးအရွေးချယ်ခံဘဝများမှ လွတ်မြောက်ရန် အစဉ်အဆက် ကြိုးပမ်းမှု ပြုခဲ့ကြသော်လည်း စိတ်၏ ဖောက်ပြားခြင်း၊ မေတ္တာ၏ရင့်ကျက်ခြင်း၊ သိမ်မွေ့ခြင်းကိုမူ အစားထိုးခြင်း၊ ပြုပြင်ပြောင်းလဲမှု ပြုခြင်း မရနိုင်ကြောင်းကို အချို့ လက်ခံကြဆဲပင် ရှိသေး၏။ ကျော်လွှားလွန်မြောက်နိုင်သူများလည်း ရှိကြပါသည်။ ထိုအထဲတွင် မပါဝင်နိုင်သေးသမျှ စိတ်၏ ရွေ့လျောဖောက်ပြန်ခြင်းကို ခံရပေလိမ့်ဦးမည်။

အကယ်၍များ မနှင်းဖြူအတွက် အလေးသာခဲ့မည်ဆိုလျှင် အဝေးရောက်နေသော မိပန်တစ်ယောက် ခွင့်လွှတ်နိုင်ပါ့မလား။ သစ္စာမဲ့သူဟူ၍ သတ်မှတ်ကာ ရာသက်ပန်မုန်းတီးသွားလေမည်လားဟု စိုးရိမ်နေဆဲပင်။

“ကိုနီမောင်၊ ဒီနှစ်အလုပ်ဝင်ရင် ရွာက ကျောင်းမှာပဲ အလုပ်လုပ်မှာလားဟင်”

“အတိအကျတော့ မပြောနိုင်သေးဘူး မနှင်းဖြူ၊ သင်တန်းသွားရဦးမလားလဲ မသိဘူး၊ အထက်ကိုတော့ တင်ထားပါတယ်။ တကယ်လို့ အလုပ်ခန့်ရင် ရွာကကျောင်းမှာပဲ ပြန်ချပေးပါလို့ အစီရင်ခံထားပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးလက်တွေကို မြို့ကလူတွေက စိတ်မဝင်စားကြပါဘူး။ သူတို့ကို လှွတ်ရင်လဲ လာချင်ကြမှာ မဟုတ်ပါဘူး"

"မပြေ့နိုင်အောင်ပါပဲ၊ အချို့ ဘဝမှန်ကနေ ဗျာက်လာတဲ့လူငယ်တွေဆိုရင် နားလည်မှုရှိကြတာ များပါတယ်၊ ကျွန်တော်တို့ဆိုရင်လဲ ဘယ်နေရာလွှတ်လွှတ် သွားဖို့ ဆုံးဖြတ်ထားပါတယ်"

မနှင်းဖြူက တိုးတိတ်ညင်သာစွာ သက်ပြင်းတစ်ချက် ချသည်။

"တကယ်လို့သာ တစ်နယ်တစ်ကျေးကို သွားရရင်တော့ ကျွန်မတို့ ဝေးကြရဦးမှာပေါ့နော်"

"ဩော် ... မနှင်းဖြူရယ်"

နားလည်စွာဖြင့် မနှင်းဖြူ၏ မျက်နှာလေးကို ကြည့်လိုက်သည်။ ကရုဏာသက်စရာကောင်းလှသည့် အပြစ်ကင်းစင်သော မျက်နှာလေးမှာ ညှိုးနွမ်းမှု အရိပ်အယောင်များ ထင်ဟပ်လျက် ရှိနေ၏။

"မနှင်းဖြူရယ်၊ လူသားတွေအားလုံး တစ်ယောက်နဲ့တစ်ယောက် ခင်မင်လာကြတယ်၊ သံယောဇဉ် ဖြစ်လာကြတယ်ဆိုရင် ဒီအဖြစ်မျိုးတွေက မလွှဲမသွေ ရင်ဆိုင်ကြုံတွေ့ကြရတာပါပဲ၊ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့်ကို ကျွန်တော်လဲ မညာချင်ပါဘူး၊ မနှင်းဖြူကို မြင်စကတည်းက ခင်မင်နေမိတယ်၊ နောက်ပြီး သံယောဇဉ် ဖြစ်မိပါတယ်"

"အို ..."





မျက်နှာပြင်ပေါ်တွင် ပန်းနုရောင်အရိပ် ထင်သွား၏။

"သံယောဇဉ်ရှိနေကြသူတွေအတွက် 'ဝေးကွာခြင်း' ဆိုတဲ့ စကားလုံးကို မကြားချင်အဆုံး ရှိကြမှာပါပဲ၊ ဒါပေမယ့် ကျွန်တော်တို့မှာ ဦးစားပေးရမယ့် အကြောင်းလေးတွေက ရှိနေကြသေးတော့ မဝေးချင်လဲဘဲ ဝေးကြရဦးမှာပဲ မနှင်းဖြူရယ်"

"ကျွန်မတို့ချင်း တွေ့ကြရတဲ့အချိန်ဟာ တိုတောင်းလွန်းလှပါတယ်ရှင်"

"အဲဒီ တိုတောင်းလွန်းတဲ့ အချိန်လေးအတွင်းမှာပဲ အကန့်အသတ်မရှိ ဖြစ်ပေါ်လာခဲ့တဲ့ ကျွန်တော်တို့ သံယောဇဉ်ကိုရော မနှင်းဖြူ လက်ခံတယ်မဟုတ်လားဟင်"

ခေါင်းမညိတ် ခေါင်းမခါပါဘဲ အတန်ကြာအောင် ငြိမ်နေသည်။ မှုန်မှိုင်းလျက်ရှိသော သူမ၏ မျက်နှာပြင်ပေါ်တွင် တစ်စုံတစ်ရာ အကြောင်းကို လေးလေးနက်နက် စဉ်းစားနေသည့် အရိပ်များကို တွေ့ရသည်။ အတန်ကြာမှ တိုးညင်းစွာ သက်ပြင်းတစ်ချက် ချသည်။

"ကိုနီမောင့်ဘဝမှာ ကျွန်မက ဒုတိယလူပါ ကိုနီမောင်၊ ကျွန်မတို့အတွက် ဒီ့ထက်အချိန်ပေးပြီး စဉ်းစားကြရင် ပိုကောင်းမယ်ထင်ပါတယ်၊ ကိုနီမောင် စဉ်းစားကြည့်ပါဦး"

"သံယောဇဉ်ကြီးခဲ့ကြပေမယ့် ခိုင်မာတဲ့ပွင့်လင်းမှုမျိုး မရှိခဲ့ကြသေးတဲ့ မိပန်နဲ့ ကျွန်တော်တို့ရဲ့ စိတ်ကူးယဉ်ကမ္ဘာလေးကို



www.burmeseclassic.com

www.burmeseclassic.com



မပျက်စီးစေ ျင်တာတော့ အမှန်ပါပဲ၊ ဒါပေမယ့် ကျွန်တော် ...”

စကားမဆက်တတ်အောင် ဖြစ်နေသည်။ ရင်ထဲ၌ ပြောပြရန် အကြောင်းများ ရှိနေပါလျက် မနှင်းဖြူ နားလည်လက်ခံအောင် မည်သို့ စတင်ပြောဆိုရမည်ကို မသိတတ်နိုင်အောင် ဖြစ်နေသည်။

မိမိကို သစ္စာမရှိသူ၊ လှေနံနှစ်ဘက်နင်းသူဟူ၍ ထင်သွားမည်ကိုလည်း စိုးရိမ်နေမိသည်။ အကောင်းဆုံးဖြစ်စေရန်တော့ ကြိုးစားရပေလိမ့်မည်။

“ဒါပေမယ့် မနှင်းဖြူရယ်၊ အခု ကျွန်တော်ပြောနေတဲ့စကားတွေဟာ ရင်ထဲမှာ တကယ်ရှိတာကို ပြောနေတယ်ဆိုတာကိုတော့ မနှင်းဖြူ ယုံစေချင်ပါတယ်”

စကားဘုံ့မဆိုဘဲ အဝေးသို့ငေးကြည့်ရင်း စဉ်းစားနေသည်။

“အင်းလေ၊ အချိန်တွေ ကျန်ပါသေးတယ်၊ မနှင်းဖြူလဲ စဉ်းစားပါဦး၊ ဒါပေမယ့် ကျွန်တော် အလုပ်မဝင်ခင်မှာ မနှင်းဖြူဆီက အဖြေတစ်ခုတော့ ကြားချင်ပါတယ်”

“ကျွန်မ ... ကျွန်မ စဉ်းစားပါ့မယ် ကိုနီမောင်”

ရင်မောဖွယ်ရာအချိန်များကို ဖြတ်သန်းရခြင်းသည် ရှည်ကြာလွန်းသည်ဟု ထင်နေမိသည်။





## အခန်း (၇)

အလယ်တန်းပြ ခန့်စာရသည့်နေ့က နီမောင် အပျော်ဆုံးဖြစ်သည်။ ဝမ်းသာအားရဖြင့် အဖေ့ကို ပြသည်။

အဖေသည် ဟန်ဆောင်မှုကင်းစွာဖြင့် ရယ်သည်။

အမေ့ကိုပြသောအခါ အမေ့နှုတ်ခမ်းစွန်းတွင် အရှည်ကြာဆုံးအပြုံးကို တွေ့မြင်ရသည်။

မနှင်းဖြူကို ပြသောအခါ ငိုလေတော့သည်။

နီမောင် တာဝန်ကျသည့်ရွာမှာ ကျုံ့ပန်းရွာနှင့် အတန်ငယ်ဝေးသော ကျုံ့ကဒွန်းကျေးရွာဖြစ်သည်။ ရွာမှ ရေလမ်းခရီးကို အားပြု သွားကြရသည်။

ခရီးသွားခါနီးသောအခါ အမေက လိုအပ်သည်များကို ပြင်ဆင်ပေးသည်။ သူများရွာမှာ အစစအရာရာ အနေအထိုင်၊ အပြောအဆို ဆင်ခြင်ရန် မျက်ရည်စမ်းစမ်းဖြင့် ပြောဆိုမှာကြားရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေက အထုပ်အပိုးများကို ကိုယ်တိုင်သယ်ပြီး လိုက်ပို့ပေးသည်။ အလုပ်အားသည့် အပေါင်းအသင်းအချို့ကလည်း ပစ္စည်းများကို ကူသယ်ပေးရင်း သင်္ဘောဆိပ်အထိ လိုက်ပို့ပေးကြသည်။

အနှစ်နှစ်အလလက မျှော်မှန်းခဲ့ရသော အခြေအနေကို ယနေ့မှစ၍ ခြေလှမ်းချရမည်ဖြစ်သည့်တိုင် နီမောင်ရင်တွင်း၌ လွတ်လွတ်ကျွတ်ကျွတ် ပျော်ရွှင်နိုင်ခြင်း မရှိခဲ့ပါချေ။ ထိုနှင့်ပတ်သက်ပြီး ခုနေသော အချက်နှစ်ချက် ရှိသည်။

ပထမအချက်က ယခုအခြေအနေမျိုးတွင် မိပန်ကို အနီးတွင် ရှိနေစေချင်သည်။ နောက်တစ်ချက်က ခရီးသွားခါနီးတွင် မနှင်းဖြူနှင့် မဆုံဖြစ်ကြသေး။ နောက်ဆုံးအချိန် အခြေအနေအထိ မျှော်လင့်ထားသော သူမထံမှ အဖြေတစ်စုံတစ်ရာ မရသေးခြင်းပင်။

ထိုအခြေအနေကပင် မနှင်းဖြူပေးလာသောအဖြေလေလားဟု စဉ်းစားလိုက်မိသည်။

သင်္ဘောပေါ်ရောက်ပြီး နေသားတကျ ဖြစ်သည့်တိုင် စိတ်က မဖြောင့်၊ လည်တဆန့်ဆန့် ရှိနေဆဲပင်။

သင်္ဘောထွက်ခါနီးမှ မနှင်းဖြူ ဆင်းလာသည်။ အေးမြသော နံနက်ခင်းအချိန်တွင်ပင် သူမ၏ နဖူးပြင်တွင် ချွေးသီးချွေးစက်များ တွဲခိုနေသည်။ နီမောင်က ကမ်းပေါ်သို့ ပြန်တက်သွားသည်။ နှစ်ယောက်သား ကမ်းစပ်တွင် ဆုံမိကြသည်။

"ရော့ ... ကိုနီမောင့်အတွက်"





အသင့်ယူဆောင်လာသော လက်ထဲမှ အထုပ်ကိုလှမ်းပေးသည်။

"ကျွန်တော် သွားတော့မယ် မနှင်းဖြူ၊ ကျောင်းပိတ်ရက်တွေမှာ ကျွန်တော် ပြန်လာခဲ့ပါ့မယ်"

အထုပ်ကိုယူရင်း နှုတ်ဆက်လိုက်သည်။

မကြာမီ သင်္ဘောထွက်ခွာတော့မည်ဖြစ်ကြောင်း အချက်ပေးသဖြင့် အားလုံးကို နှုတ်ဆက်ပြီး သင်္ဘောထဲ ဆင်းလာခဲ့သည်။

သင်္ဘောထွက်လာခဲ့ပြီး ရွာနှင့်အတန်ငယ်ဝေးကွာသော နေရာသို့ရောက်သောအခါမှ မနှင်းဖြူပေးလိုက်သော အထုပ်ကို ဖြည်ကြည့်ရသည်။

မိမိဖတ်ရန်အတွက် ရည်စူး၍ ထည့်ပေးလိုက်ဟန်တူသော စာအုပ်နှစ်အုပ်နှင့် စာတစ်စောင်။

စာအိတ်ကို မြင်လိုက်စမှာပင် ရင်ခုန်သံ မြန်နေသည်။

အဖြေပေးစာ ဖြစ်ပါစေဟု စိတ်တွင်းမှ ကျိတ်၍ ဆုတောင်းရင်း စာအိတ်ကို တရိတသေ ဖောက်လိုက်သည်။ ပန်းနုရောင် စာရွက်လေးပေါ်တွင် စာ တစ်ကြောင်းနှစ်ကြောင်း ရေးထားသည်။

ကိုမောင်

သစ္စာရှိတဲ့၊ မေတ္တာရှိမယ့် ချစ်သူမျိုးကို မနှင်းဖြူစောင့်နေပါ့မယ်။

င်း

စာက တိုသော်လည်း အဓိပ္ပာယ်က ရှည်လျားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်သည် ကျေနပ်စွာဖြင့် တစ်ချက် ပြုံးလိုက်သည်။ စာကို နောက်တစ်ခေါက် ထပ်ဖတ်ပြီး ပြန်ထည့်ထားလိုက်သည်။

သဘော်သည် အရှိန်နှင့် ခုတ်မောင်းလျက်ရှိသည်။

တူရူဘက်မှ တိုးဝင်လာသော လေထက်ပင် ရင်ထဲ၌ အေးမြမှု ဖြစ်နေသည်။

သဘော်ရွေ့လျားခြင်းနှင့်အတူ စိတ်ကူးများက မနင်းဖြူ၏ အရိပ်များကို သယ်ဆောင်လာကြသည်။





## အခန်း (၈)

ဆက်သွယ်ရေးခက်ခဲခြင်းနှင့် လမ်းပန်းအခက်အခဲများကြောင့် ကျုံ့ကဒွန်းရွာ အလယ်တန်းကျောင်းတွင် ဆရာမပြည့်လှပေ။ ကျေးရွာ အစီအစဉ်ဖြင့် ဆရာငှားရသည့် နှစ်များပင် ရှိသည်ဆို၏။ နီမောင် သည် ကျောင်းသို့ရောက်စမှာပင် ကျောင်းတွင်လိုအပ်သော အစီ အစဉ်များပြုလုပ်ရသည်။ ထိုသို့ ပြုလုပ်ရာတွင်လည်း ကျောင်းသား မိဘများကိုပါ အကူအညီတောင်းရသည်။

ရွာမှ လူများကလည်း အားတက်သရော ကူညီကြသည်။ ငွေ အား၊ လူအား ပံ့ပိုးကူညီကြသည်။ နီမောင်ရောက်စက ယခင်ဆရာ များကဲ့သို့ ရေရှည်မခံဟု ထင်ထားခဲ့သူများပင် နီမောင်၏ ကြိုးပမ်း ဆောင်ရွက်မှုများကို မြင်ရသောအခါ တဖြည်းဖြည်းနှင့် သံသယစိတ်



www.burmeseclassic.com

www.burmeseclassic.com



များ ကင်းစင်သွားကြသည်။

လာမည့်စာသင်နှစ်တစ်လျှောက်လုံး အဆင်ပြေစွာ ဖြတ်သန်းရလိမ့်မည်ဟု မျှော်လင့်ထားမိသည်။

ကျူကဒွန်းသို့ ရောက်ခဲ့ပြီးနောက်ပိုင်းတွင် မနှင်းဖြူထံမှ ပို့ပေးသော စာကလေးများကို ဖတ်ရသည်။ တာဝန်သစ်တွေကြားမှာ အကြင်နာအငွေ့များ၊ သံယောဇဉ်၏ တင်းနှောင်မှုများကို ခံစားရသည်။

ယခု အသက်အရွယ်အထိ ဘဝ၏ လှုပ်ရှားရုန်းကန်မှု၊ ရည်မှန်းချက်၊ ဦးတည်ချက်များနှင့်သာ အချိန်ကုန်လွန်ခဲ့ရသော နီမောင်အဖို့ ရင်ခွေးဖွယ်ရာ အချစ်နှင့်စပ်နွှယ်သော အတွေးများကြောင့် တက်ကြွလန်းဆန်းမှု ဖြစ်နေခဲ့သည်။

အလုပ်ခွင်အတွင်း၌ပင် စာဖတ်နေစဉ် စာသင်နေခိုက်မှာပင် မနှင်းဖြူအကြောင်းကို တွေးမိသောအခါ ကြည်နူးမှုများ ဖြစ်ရသည်။ ထို့ပြင် နေထိုင်ရန်အတွက် ဦးသာကျော်ဆိုသူ လူပျိုကြီးတစ်ဦးနှင့် နေထိုင်ရသောကြောင့် လွတ်လပ်မှုရှိသည်။

ဦးသာကျော်ကလည်း ပျော်ပျော်နေတတ်သူတစ်ဦးပီပီ နီမောင်ကိုလည်း တူသားအရင်းသဖွယ် ပွင့်ပွင့်လင်းလင်း ဆက်ဆံသည်။ ကျောင်းနားရက်တစ်နေ့တွင် ရွာသို့ ခေတ္တပြန်ရန်အတွက် စီစဉ်နေစဉ် ခြံအပြင်ဘက်မှ ဦးသာကျော်၏အသံ ပေါ်ထွက်လာ၏။

"မောင်နီမောင်ရေ၊ မင်းကို တွေ့ချင်လို့တဲ့ဟေ့"

မည်သူဖြစ်မလဲဟု တွေးတောရင်း အိမ်အပြင်သို့ ထွက်ခဲ့သည်။





ခြံဝင်းထဲသို့ ဝင်လာသူကို မြင်သောအခါ အံ့သြခြင်းနှင့်အတူ ဇဝေဇဝါ ဖြစ်သွားမိသည်။ နှစ်ယောက်သား လမ်းခုလတ်၌ ဆုံကြလေသည်။ တစ်ယောက်မျက်နှာကို တစ်ယောက် အတန်ကြာအောင် စိုက်ကြည့်နေကြသည်။ အတန်ကြာမှ မတိုင်ပင်ရဘဲ ပြိုင်တူ ပြုံးလိုက်ကြသည်။

"နှင် ... နှင် ... မိပန်"

"........................."

"ဟုတ်တယ်နော်၊ မိပန်မဟုတ်လား"

"ကြည့်ပါလား"

လေသံထွက်လာတော့မှ သဲသဲကွဲကွဲ ဖြစ်သွားတော့သည်။

မျက်နှာပြင်ပေါ်တွင် သနပ်ခါးဟူ၍ တစ်စက်မျှမရှိ၊ ဆံပင်တို့က ပြန့်ကျဲလျက်၊ ရှပ် ကျီပွပွကိုဝတ်ပြီး လက်ခေါက်တင်ထားသည်။ သည်လိုလေသံနှင့် မထိတရီမျက်နှာပိုင်ရှင်မှာ မိပန်မှလွဲ၍ တခြား မည်သူရှိလေဦးမည်လဲ။

"မိပန် ... မိပန်၊ နင် ဘယ်တုန်းကရောက်လဲဟင်"

မခို့တရိုပြုံးရင်းမှ "တော်သေးတာပေါ့၊ ငါက မှတ်မှ မှတ်မိပါဦးမလားလို့ စိတ်ပူနေတာ" ဟု ခနဲ့သည်။

ခြံတွင်းရှိ ခုံတန်းလျားပေါ်မှာပင် နှစ်ယောက်သား ထိုင်လိုက်ကြသည်။

"တို့ရွာကို မနေ့က ရောက်ကြတယ်၊ ရောက်ရောက်ချင်း စုံစမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ နင် ဒီကိုရောက်နေတယ်ဆိုတာ သိရလို့ ဒီမနက် ချက်ချင်း ထလိုက်လာခဲ့တယ်”

“ဝမ်းသာလိုက်တာ မိပန်ရယ်၊ ငါလေ နင့်ကို အမြဲတမ်းသတိရနေတာ သိရဲ့လား၊ မနက် ငါလဲ ရွာကိုပြန်မှာ၊ အတူတူပြန်ကြတာပေါ့နော်”

ခေတ္တစဉ်းစားနေပြီးမှ “သူတို့ စိတ်ပူနေကြမယ် ထင်တယ်” ဟု ပြောသည်။

“ဒီကိုလာတယ်ဆိုတာ ဦးလေးတို့ သိကြတယ်မဟုတ်လား၊ စိတ်ချနေမှာပါ”

“မဟုတ်ဘူး။ ငါ ဒီရောက်နေမှန်းသိရင် နင့်အတွက် စိတ်ပူတဲ့သူက စိတ်ပူနေလိမ့်မယ် နီမောင်”

“ဘယ် သူက စိတ်ပူမှာလဲ၊ နင်ပြောတာ ငါ နားမလည်ဘူး”

အနှစ်မပါသော အပြုံးများဖြင့် “နင် သိပ်ဟန်မဆောင်ကောင်းတာပဲ နီမောင်” ဟုဆိုပြီး ဇာတ်လမ်းအချို့ကို ပြောသည်။ ထိုဇာတ်လမ်းသည် မနှင်းဖြူနှင့်ပတ်သက်သော ဇာတ်လမ်းပင်ဖြစ်သည်။

“သြော် ... သူကောင် ဒီဇာတ်လမ်းတွေကို သိနေမှကိုး’

တီးတိုးရေရွတ်ရုံမှလွဲပြီး ပို၍ မတတ်နိုင်တော့ပါ။

ပတ်ဝန်းကျင်မှ တိတ်ဆိတ်ငြိမ်သက်ခြင်းကြောင့် ခံစားမှုများ ပိုမိုကျယ်ပြန့်သည်ဟု ထင်မိသည်။ အလုပ်ဆင်းသွားပြီဖြစ်သော ဦးသာကျော် မရှိတော့သောအခါ ခြံဝန်းကလေးသည် လွတ်လပ်





ဆိတ်ငြိမ်လျက် ရှိသည်။

နှစ်အတန်ကြာ ကွဲကွာနေသူခြင်းပင် တူနေလင့်ကစား နီမောင်လောက် မိပန်က တုန်လှုပ်မှုမဖြစ်လှချေ။ အပြစ်ရှိနေသူတစ်ယောက် ဖြစ်နေသောကြောင့် ထိုသို့ ဖြစ်လာရခြင်းကိုမူ နီမောင် သက်ခံပါမည်။ လောကမေ့တာ နှလုံးသား၏ သစ္စာတရားကို သွေဖည်ချိုးဖောက်သူဟူ၍ လက်ညှိုးထိုးပြီး မိပန်က စွပ်စွဲလာမည်ကိုသာ တွေးကြောက်နေခဲ့သည်။ ယခုအခါတွင် အစဉ်သဖြင့် တင်းမာနေတတ်သော မိပန်၏ မျက်နှာလေးမှာ အတန်အသင့် ညှိုးနွမ်းလျက်ရှိသည်။

သူလည်း နှလုံးသားရှိတဲ့ လူတစ်ယောက်ပေပဲ၊ လောကဓံရဲ့ ဒဏ်ကို ဘယ်လောက်ကြာကြာ တင်းခံနိုင်မှာတဲ့လဲ။

“နင့်ကြည့်ရတာ ခါတိုင်းနဲ့မတူဘူး၊ ဘွဲ့တွေရ၊ အလုပ်တွေရပြီး အနေဝေးသွားကြလို့ ငါ့ကို မေ့သွားပြီမဟုတ်လားဟင်”

“မမေ့ပါဘူး မိပန်၊ ငါ့တစ်သက်မှာ နင့်ကို ဘယ်တော့မှ မမေ့ပါဘူး၊ ဒါပေမယ့် အခြေအနေတွေက တို့ဖြစ်ချင်သလို မျှော်လင့်တောင့်တသလို ဖြစ်မလာတော့ ....”

မိပန်က မပြုံးတုံ့တုံ့ အမူအရာဖြင့် ..........

“ငါလဲ နင့်လိုပါပဲ၊ အဝေးမှာရောက်နေရပေမယ့် အမြဲသတိရနေတယ်၊ ကိုယ့်ဘဝက အခြေအနေမပေးခဲ့ပေမယ့် နင့်အတွက် ကျေနပ်ဂုဏ်ယူမိတယ်၊ ဒါပေမယ့် ဒီအခွင့်အရေးတွေက ကုန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တော့မှာယ်

စကား၏ဦးတည်လမ်းက ဝေ့ဝေ့ဝါးဝါးဖြစ်နေသောကြောင့် မျက်မှောင်ကြုတ်ပြီး စဉ်းစားသည်။ အဓိပ္ပာယ်ရှာမတွေ့၊

"နင်ဘာပြောတာလဲ မိပန်"

"အဟင်း …ဟင်း၊ အိပ်ချင်ယောင်ဆောင်တဲ့သူက ပိုပြီး အနှိုးရခက်သလိုပါပဲ၊ မသိချင်ယောင်ဆောင်နေတော့လဲ အပြောရခက်လိုက်တာ၊ ဒါပေမယ့် နင်သိအောင် ပြောခဲ့ချင်တာလေးတွေ ငါ့ရင်ထဲမှာ ရှိနေတယ်၊ အဲဒါ ဘာလဲဆိုတော့ နင်နဲ့ဝေးနေကြတဲ့အချိန်တွေမှာ ငါ ဆုံးဖြတ်ချက်တွေ ချထားတယ်၊ ပြန်တွေ့ကြတဲ့အခါမှာ နင်ဖြစ်စေချင်တဲ့အတိုင်း ငါ့ဘဝကို မိန်းကလေးပီပီသသ ပြန်နေပြမယ်လို့ နင် အံ့သြသွားအောင်လို့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ရှိနေဘုန်း ငါ့ဆီကိုရောက်လာတဲ့ သတင်းတပ်ခုကြောင့် အစီအစဉ်တွေ ပျက်ခဲ့ရတယ် နီမောင်ရယ်"

ခေါင်းငုံ၍သာ နားထောင်နေရတော့သည်။

"အရင်တုန်းက နင်ရေးတဲ့စာတွေထဲမှာပါတဲ့ 'နင့်ရင်ထဲက ငါ' ဟာ အခုတော့ အပြင်ကိုရောက်သွားပြီပေါ့နော်"

ရင်ထဲတွင် နင့်နေသည်။

အချစ်ခရီးလမ်းကို အသီးသီးလျှောက်ကြသူတွေထဲတွင် အချစ်ကို ရိုသေခြင်းနှင့် သစ္စာစောင့်သိသူများရှိသလို စည်းကမ်းမဲ့စွာဖြင့် သစ္စာဖောက်ဖျက်သူများ ရှိကြသည်။ ဒုတိယလူထဲတွင် မိမိအမည်





ကျန်ရစ်မည်မှာ စိုးရိမ်ဖွယ်ရာ အခြေအနေပင်ဖြစ်သည်။

"နင့်ကို ငါခင်တယ်၊ သံယောဇဉ်ရှိတယ်၊ စောင့်စည်းရမယ့် ဝတ္တရားတွေကြောင့် ချစ်တယ်ဆိုတဲ့စကားကို တို့နှစ်ယောက်လုံး မသုံးဖြစ်ခဲ့ကြဘူး၊ ဒါပေမယ့် ငါ့ရင်ထဲက မေတ္တာတရားကို ဦးစွာ လှုပ်နှိုးခဲ့သူဟာ နင်ပါပဲ မိပန်၊ ဒါပေမယ့် တို့နှစ်ယောက်အတွက် အရာရာနောက်ကျနေခဲ့ပါပြီ၊ လောကသမိုင်းကြောင်းမှာ သစ္စာမရှိတဲ့ယောကျာ်းတစ်ယောက် မဖြစ်ပါရစေနဲ့တော့ မိပန်ရယ်"

"အို …နီမောင်ရယ်"

မိပန်က နီမောင့်ရင်ခွင်တွင်းသို့ တိုးဝင်လာပြီး ရှိုက်ကြီးတငင် ငိုချလေတော့သည်။ နီမောင့်ရင်ထဲတွင် ဖြေမဆည်နိုင်အောင် ဖြစ်နေတော့သည်။ ပြုပြင်ရန်ခက်ခဲသော အကြောင်းများပေမို့ လည့်စင်းခံရမည့် အခြေအနေပါပေ။

ယခုမှတော့ ချစ်ခဲ့ရသူ၏ ကိုယ်လုံးကလေးကို ညင်ညင်သာသာ ထွေးဖက်ထားရင်း နှစ်သိမ့်ရုံမှအပ အခြားမတတ်နိုင်တော့ပါချေ။

မျက်ရည်များဖြင့် စွန်းထင်းနေသော ရင်သည် အေးမြခြင်း မရှိပါချေ။ တိုး၍ ပူလောင်ပြင်းပြနေသည်။

နွေ၏ အရိပ်အငွေ့ မကုန်သေးသော မုတ်သုံဦးလေသည်လည်း နွေးထွေးစွာဖြင့် တိုက်ခတ်နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

ညက အိပ်ရေးပျက်သွားသည့်ဒဏ်ကြောင့် အိပ်ရာမှ နိုးသောအခါ မျက်လုံးများက ကျိန်းစပ်လျက်ရှိသည်။ ခွန်အားများ နုတ်ယူခြင်း ခံရသည့်နှယ် မလှုပ်ချင်အောင်ဖြစ်နေသည်။ အိပ်ရာမှ နိုးလျှင်နိုးချင်း ဦးစွာသတိရလိုက်သူက မိပန်ဖြစ်သည်။

ရုတ်ချည်း အိပ်ရာမှထပြီး အိမ်ရှေ့ထွက်လာသည်။

အိမ်ရှေ့ခန်းတွင် ဦးသာကျော်တစ်ယောက်တည်း ထိုင်၍ ရေနွေးကြမ်း သောက်နေသည်။

"နိုးပလား မောင်နီမောင်"

"ညှို့သည် ဘယ်သွားလဲ ဦးလေး"

"မင်း ညှို့သည်မလေးတော့ မနက်အစောကြီးထွက်တဲ့ သင်္ဘောခါက်နဲ့ ပြန်လိုက်သွားတယ်၊ မင်းနိုးလာရင် ပေးဖို့ဆိုပြီး





ရော့ ... ဒီမှာ စာတစ်စောင် ပေးသွားတယ်"

"ဟုတ်ကဲ့" ဆိုပြီး စာအိတ်ကို လှမ်းယူပြီး ဖောက်ဖတ်လိုက်သည်။

နီမောင်

နင့်ကို မနှိုးရက်တာနဲ့ ငါ နှုတ်မဆက်ဘဲ ပြန်သွားပြီ၊ ဆုံစည်းခွင့် ကြုံပါရက်နဲ့ မဆုံစည်းနိုင်တော့တဲ့ တို့ဘဝတွေကို တွေးကြည့်ရင်း စိတ်မကောင်းဖြစ်မိတယ်၊ ဒါပေမယ့် အချစ်ကို စောင့်သိရိုသေမှုရှိတဲ့ နင့်ကို အဝေးက လေးစားနေပါ့မယ်၊

ဒီကိုလာစဉ်တုန်းက ငါ့ရင်ထဲမှာ ရည်ရွယ်ချက်တွေ၊ မျှော်လင့်ချက်တွေ အများကြီး ပါလာခဲ့တယ်၊

အဲဒီအထဲမှာ နင်ဖြစ်စေချင်တဲ့အတိုင်း ငါ့ဘဝကို ပြုပြင်နေထိုင်မယ်လို့ ကတိပေးဖို့ပါပဲ၊ အခုတော့ အဲဒီအစီအစဉ်ကို စွန့်လွှတ်လိုက်ပါပြီ၊ ဖြစ်နိုင်ရင် မျှော်လင့်ရုံဘဝနဲ့ မိန်းမသားဘဝကို ဘယ်တော့မှ မဖြစ်ချင်တော့ဘူး၊ တကယ်လို့ နင်နဲ့ငါ ထပ်မဆုံဖြစ်ကြတော့ရင်လဲ တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်၊

နင်တို့ရဲ့ ဘဝခရီးလမ်း ဖြောင့်ဖြူးပါစေလို့ ငါ ဆုတောင်းခဲ့ပါတယ်။

တစ်ချိန်က မိပန်

သက်ပြင်းကိုချပြီး မိပန်လက်ရေးနှင့် စာရွက်ကလေးကို တရိုတသေ ခေါက်သိမ်းလိုက်သည်။ အရိပ်အကဲကြည့်နေသော ဦးသာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက ဘာလဲဟု မေးသည်။ မျက်နှာသစ်ရင်းမှပင် မိပန်နှင့် သူတို့ အကြောင်းစုံကို ပြောပြလိုက်သည်။

"အင်း ....စိတ်မကောင်းစရာပဲ၊ ငါ အဲဒါတွေကို စိတ်ကုန်လွန်းလို့ ဒီအသက်အရွယ်အထိ မိန်းမမယူဘဲ နေခဲ့တာသာကြည့်ရော့"

နီမောင် မချိသွားဖြဲ ပြုံးလိုက်သည်။

တက်ကြွမှုကင်းနေသော စိတ်မဲ့ကိုယ်ခန္ဓာမှာ သံပတ်ပေးထားသော စက်ရုပ်သဖွယ် လေးလံထိုင်းမှိုင်းနေ၏။ မိပန်နှင့် ရ... ာက်ပန်ဝေးရတော့မှာပါလားဟူသော အတွေးက ရင်ကို ပြင်းစွာ နှိပ်စက်နေသည်။ သို့ပေသည့် စိတ်နှစ်ခွ မဖြစ်မိပေ။

ယောကျ်ားကောင်းတို့ စောင့်စည်းအပ်သော သစ္စာတရားကို ဦးစားပေးလိုက်ရသောကြောင့် အချစ်ဦးကို ရင်နာစွာနှင့် လက်လွှတ်ပေးလိုက်ရသောကြောင့် ဝမ်းနည်းကြေကွဲမှု ဖြစ်မိလေသည်။

ခွင့်လွှတ်ပါတော့ မိပန်ရယ်ဟူသော စကားသံတို့က ရင်ထဲမှ လျှံတက်လာပြီး တခါတရံ နှုတ်ဖျားအထိ တိုးညင်းစွာ ရောက်လာကြသည်။ သို့ပေသည့် နီမောင် ရွာသို့ ခေတ္တပြန်ရပေမည်။

ရုပ်ချင်းဆင်သော်လည်း ဘဝပေးအခြေအနေ ကွာခြားသူ နှစ်ယောက်အား မည်သို့ မျက်နှာချင်းဆိုင်ရပါမည်လဲ။ အဘယ်သူက ခွင့်လွှတ်နိုင်စွမ်း ပိုရှိပြီး ဘယ်သူက ပိုမိုပြီး ဟန်ဆောင်ကောင်းနိုင်ကြပါမည်နည်း။ မိမိကရော ဘယ်အတိုင်းအတာအထိ ဟန်ဆောင်နိုင်မည်လဲ၊ တင်းထားနိုင်မည်လဲ စသော အတွေးများ တစ်ပွေ့တစ်ပိုက်





ဖြင့် ရွာသို့ ပြန်လာခဲ့သည်။

နေ့လယ်သဘင်္ဘောခါက်နှင့် ဖြစ်သောကြောင့် ညနေစောင်းမှ ရွာသို့ ရောက်သည်။ မိမိဘဝတွင် ပထမဦးစွာ ရလာသော လစာငွေနှင့် အဖေတို့အတွက် ဝယ်လာသော ပစ္စည်းများ၊ ရွာသူရွာသားများပေးလိုက်သော စားသောက်ဖွယ်ရာပစ္စည်းများကို မနိုင်မနင်းသယ်ရင်း ကမ်းပေါ် တက်လာခဲ့သည်။ အဖေကတော့ ဝမ်းသာပီတိဖြစ်နေသောအပြုံးမျက်နှာနှင့် ကမ်းစပ်အထိ ဆင်းကြိုရှာသည်။

ထိုအခိုက်မှာပင် မနှင်းဖြူ ရောက်လာတော့သည်။ သူမ အမူအရာမှာ လန်းဆန်းတက်ကြွလျက် ရှိနေတော့သည်။ စိတ်မလုံသူမှာ မိမိသာ မျက်နှာပူနေမိသည်။ အပြစ်ရှိသူအလား မနှင်းဖြူနှင့် မျက်နှာချင်းဆုံရမှာ ဝန်လေးနေမိသည်။

အခိုက်အတန့်တွင် မိမိကိုယ်တွင် ငှက်ကဲ့သို့ အတောင်ပံပါခဲ့လျှင် အဝေးသို့ ပျံသွားလိုက်ချင်ပါသည်။

မနှင်းဖြူကတော့ အပြစ်ကင်းစွာ ရယ်မောရင်း ပစ္စည်းများကို ဝိုင်းသယ်ပေးရှာသည်။

"လှလေး၊ လှည်းနဲ့တစ်ခါတည်း လိုက်ခဲ့မလား"

"သွားနှင့်အဖေ၊ ကျွန်တော် နောက်ကပဲ လိုက်လာခဲ့တော့မယ်"

အဖေက နားလည်စွာပြုံးရင်း လှည်းကို မောင်းတက်သွားသည်။ လှည်းနောက်ဘက်မှ ဖုန်လုံးများ ဝေးသွားတော့မှ နှစ်ယောက်သား တဖြည်းဖြည်း လျှောက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီနေ့ပြန်လာမယ်ဆိုတာ မနှင်းဖြူ ဘယ်လိုကြိုသိလဲဟင်"

"မိပန်က ပြောတာပေါ့၊ ကိုမောင့်နောက်ကို မိပန် လိုက်လာသေးတယ် မဟုတ်လား၊ အဆင်ပြေပါ့မလားလို့ စိတ်ပူနေတာ"

စကားကို အတည်ပြောနေခြင်းလား၊ အထေ့အငေါ့ဖြင့် ပြောနေခြင်းလားဟု ဦးစွာ အကဲခတ်ရသေးသည်။ တကယ်ပြောနေမှန်း အကဲခတ်မိမှ ရင်ထဲမှ သံယောဇဉ်ကို နားလည်ခွင့်ရသည်။

"သူ အလည်လာတာပါ၊ ကျွန်တော်တို့အကြောင်းတွေကို သူ့ကို အားလုံးဖွင့်ပြောလိုက်တယ်လေ"

မနှင်းဖြူက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလေသည်။

"ကိုမောင်တို့နှစ်ယောက်ကြားမှာ ကျွန်မက 'အဖျက်' ဖြစ်နေပြီး ထင်ပါရဲ့ ကိုမောင်"

"အို ဘာဆိုင်လို့လဲ၊ မနှင်းဖြူကလဲ၊ ကြဲကြဲဖန်ဖန် ပြောနေပြန်ပါပြီ၊ ကျွန်တော်တို့ဘဝတွေမှာ ပြည့်စုံမှုမရှိကြပါဘူး၊ ဒါပေမယ့် စိတ်ထား မဆင်းရဲကြပါဘူး မနှင်းဖြူ၊ သစ္စာတရားကို ရှိသေစောင့်သိမှု ရှိကြပါတယ်၊ ဒီအချက်တစ်ခုတည်းနဲ့ လူတစ်ယောက်ရဲ့ တန်ဖိုးကို မြှင့်တင်နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်"

နှစ်ယောက်သား မတိုင်ပင်ဘဲ ပြိုင်တူရယ်လိုက်ကြသည်။

မနှင်းဖြူက အပြုံးရိပ်ထင်သော မျက်လုံးများဖြင့် စူးစူးစိုက်စိုက် ကြည့်သည်။ သူကလည်း မျက်တောင်မခတ် ပြန်ကြည့်နေလိုက်





သည်။ အဓိပ္ပာယ်များစွာပါသော အကြည့်များထဲမှ နှလုံးသား အဓိပ္ပာယ်များကို ရေးရေးဝါးဝါး တွေ့မြင်ကြရသည်။

"မောင့်ရဲ့လေးစားလောက်တဲ့ သစ္စာတရားတွေကို မနှင်းဖြူ ယုံကြည်ပါပြီ မောင်ရယ်"

"ဟင် မနှင်းဖြူ၊ ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တာလဲဟင်"

"ဟုတ်ပါတယ် မောင်ရယ်၊ မောင့်ရဲ့ မေတ္တာတွေကို နားလည်တာနဲ့အမျှ မောင့်ကို တိုးလို့ လေးစားမိပါတယ်၊ မောင် ဒီမှာ ကြည့်စမ်းပါ"

သူမ၏ လက်ဝါးတစ်ဖက်ကို ဖြန့်ပြလေသည်။

နားမလည်စွာဖြင့် ကြည့်လိုက်ရင်းမှပင် လက်ဝါးပြင်ပေါ်မှ အမှတ်အသားတစ်ခုကို သတိပြုမိလိုက်သည်။

"ဟင် ... ဒါ ... ဒါ"

"ဟုတ်တယ်၊ ဒီအမာရွတ်ကို မောင် မှတ်မိတယ်မဟုတ်လား၊ ငါကျည်းစူးတဲ့ ဒဏ်ရာလေ၊ ဒီအမာရွတ်နဲ့တစ်ပြိုင်နက်တည်း မိပန်ဆိုတဲ့ ယောကျ်ားရှာမလေးတစ်ယောက်ရဲ့ အသည်းပြင်မှာ ဒဏ်ရာတစ်ခု အပိုရခဲ့တယ်ဆိုရင် မောင် ယုံမလားဟင်"

"ဟင် ... ဒါဖြင့် ... ဒါဖြင့် မနှင်းဖြူဟာ မိပန်ပေါ့နော် ဟုတ်လား"

ပြုံး၍ ခေါင်းညိတ်ပြလေသည်။

"တတ်နိုင်လိုက်ကြတာ၊ လူကို သက်သက်အရူးဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းပြီး စီစဉ်ကြတာပေါ့လေ၊ ဟုတ်လား"

"အစိ( )တရားခံက မောင့်အဖေနဲ့အမေရယ်၊ မိပန်အဖေနဲ့အမေရယ်၊ ဒီကြားထဲ အရိုးခွေးတောင် အဆစ်ပါလိုက်သေးတယ်၊ မောင့်လို သစ္စာတရားကြီးမားလွန်းသူကို မလှည့်စားဝံ့တော့ပါဘူး၊ လာ ... မိပန် ရှင်းပြမယ် မောင်"

နှစ်ယောက်သား အရိပ်ကောင်းသော ကိုင်းတောစပ်တစ်နေရာတွင် ဝင်ထိုင်လိုက်ကြသည်။

"သံယောဇဉ်ဆိုတာ နီးနေတုန်းထက် ဝေးမှ ပိုသိရတယ်ဆိုတာ သိပ်ပြီးမှန်လွန်းတယ်၊ မောင် တက္ကသိုလ်သွားတော့မှ မောင့်ကို ဘယ်လောက်ချစ်တယ်၊ သံယောဇဉ်ရှိတယ်ဆိုတာ နားလည်လာရတော့တယ်၊ အဲဒီအချိန်မှာတော့ ယောကျ်ားလေးလို တင်းမခံတော့တဲ့ မိန်းမသားလို အားရပါးရ လွမ်းပစ်ချင်တော့တယ်၊ သိရဲ့လား"

"သြော် ..."

နီမောင့်ရင်ထဲ နင့်သွားသည်။

"သိပ်ပြီး အစွဲအလမ်းကြီးလွန်းတဲ့သူတွေ၊ ချစ်အားသန်လွန်းသူတွေမှာ အားကောင်းတဲ့ ထင်မြင်ချက်တွေ အသီးသီးရှိကြတာမောင် လက်ခံလားဟင်"

အသာအယာပင် ခေါင်းညိတ်ပြလိုက်သည်။

"မောင်နဲ့ ဝေးကြရပြီးတဲ့နောက်ပိုင်းမှာ မိပန်ရင်ထဲမှာ ခိုင်ခိုင်မာမာမျှော်လင့်ထားတာ တစ်ချက်ရှိတယ်လေ၊ အဲဒါက ဘာလဲဆို





တော့ မောင်နဲ့တစ်နေ့ကျရင် လက်တွဲရမယ် ဆိုတာပဲ"

'သြော် ... အချစ်ရယ်' ဟူသောစကားတို့က ရင်တွင်းတစ်ဝိုက်ပဲ့တင်ရိုက်ခတ်နေသည်။

နေစွယ်ကျိုးစ ပြုနေပြီဖြစ်သောကြောင့် ဆည်းဆာမပီ့တပီအချိန်ဖြစ်နေပြီ။ တိုက်ခတ်လာသော လေညင်းက ကိုင်းပင်များကိုယိမ်းအက သင်ပေးနေသည့်နှယ်။

"ဒါပေမယ့် မောင့်မေတ္တာကို လက်ခံတော့မယ် စိတ်ကူးတော့မိန်းမသားပီပီသသ ဘဝနဲ့ပဲ လက်ခံချင်တယ်လေ၊ ဒါမှ မောင့်ဆန္ဒတွေလဲ ပြည့်မယ်မဟုတ်လား၊ ဒါ့ကြောင့် အခြေအနေအားလုံးကိုဖွင့်ပြောလိုက်တယ်၊ နောက်ပြီး အရိုးခွေးနဲ့ တိုင်ပင်ပြီး အခုလိုနေခဲ့တာပါ။ ရွာက သမဆိုင်မှာ အလုပ်ဝင်တာလဲ အားလုံးက စီစဉ်ပေးကြတာလေ"

အမှန်တရားကို သိခွင့်ရှိလာသောအခါ ချစ်အားသန်သူ၊ အစွဲအလမ်းကြီးသူလေးအား အပြစ်မတင်ရက်တော့၊ သနားကရုဏာစိတ်ဖြင့် လက်နှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်လိုက်သည်။

"မိပန်ကို အထင်မသေးရက်ပါဘူးကွယ်၊ အဖြစ်မှန်တွေကိုနားလည်လာတာနဲ့အမျှ တိုးလို့ ချစ်ရပါတယ်၊ မောင့်အဖြစ်က ချစ်သူနှစ်ယောက်ကို တစ်ပြိုင်တည်း ရသလိုပါပဲ"

မိန်းကလေးကလည်း အားကျမခံ ပြန်ပြောသည်။

"မောင့်ကိုလဲ မိပန် နှစ်ဘဝနှစ်ခါ ချစ်ရတာပါပဲ၊ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုရမလားပဲနော် ... မောင်"

ခေါင်းညိတ်ပြရင်း ချစ်ရသူကို အသာအယာဆွဲယူပြီး ပွေ့ဖက်ထားလိုက်သည်။ ထိုအခါ ရင်ခွင်တွင် မျက်နှာအပ်ပြီး ငိုပြန်လေတော့သည်၊ ဩော် ... ဝမ်းသာလည်း ငို၊ ဝမ်းနည်းလဲ ငိုတတ်ကြတာ မိန်းမသားတွေရဲ့ စရိုက်ပဲလားကွယ်။

သဘာဝနေရောင်ခြည်သည် မုတ်သုံရိပ်များအောက်ဝယ် တစ်စတစ်စ မေးမှိန်ပျောက်ကွယ်စ ပြုလာသည်။

လေနှင့်အတူ တရိပ်ရိပ်တက်လာသော မိုးသားမိုးရိပ်များကြောင့် ဝန်းကျင်တစ်ဝိုက် ပို၍ မှုန်မှုန်မှိုင်းမှိုင်း ဖြစ်လာသည်။

မကြာမီ မိုးတစ်စက် နှစ်စက် ရွာလာသည်။

ရတ်ချည်း မြေသင်းနံ့ထွက်လာသည်။

ရွာပစေပေါ့။

ချစ်သူနှစ်ဦးအတွက်တော့ အချစ်မိုးဖြစ်ရုံသာမက ကောင်းချီးသြဘာ ပေးနေသည့်အလား ဖြည်းဖြည်းဖွဲဖွဲကလေးမှ သွန်းသွန်းဖြိုးဖြိုးသာ ရွာချလိုက်ပါတော့ အချစ်မိုးရယ် ...။

❀ ❀ ❀





# ဒီး အိမ်မပင်း

*တစ်ဆွေ့ခုန်*

စခန်းတွင်း၌ အဖွဲ့သားများ စုံစုံလင်လင် ရှိနေကြသည်။ အလုပ်နားချိန် ဖြစ်သဖြင့်လည်း ရောက်တတ်ရာရာ ပြောဆိုနေကြသည်မှာ စခန်းတစ်ခုလုံး ဆူညံနေလေသည်။ သစ်ထုတ်လုပ်ရေး စီမံကိန်းကြီး အောင်မြင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ စုဝေးရောက်ရှိနေကြပြီး သွေး ဘာသားမစပ်ပေမင့် ညီရင်းအစ်ကို သွေးရင်းတမျှ ချစ်ခင်နေကြလေသည်။ တာဝန်ချိန်မဟုတ်၍လည်း တာဝန်အဆင့်အတန်းမရှိကြတော့သဖြင့် လွတ်လွတ်လပ်လပ် နောက်ပြောင်ကျီစယ်နေကြသည်။ စခန်းတွင်း၌ အသက်အကြီးဆုံးနှင့် လုပ်ငန်းသက်အရင့်ဆုံးဖြစ်သူ ချောင်းခေါင်းကြီး 'အန်ကယ်သိန်း' ပင်လျှင် လူငယ်များနှင့်အတူ ရောနှောပျော်ရွှင်လျက်ရှိသည်။

'အန်ကယ်သိန်းကြီး မျက်နှာက ပြုံးလို့[illegible]၊ ဧကန္တ သူ့အဆက်ဆီက စာလာတယ်ထင်တယ်"

တစ်ယောက်က မေးလိုက်သဖြင့် အန်ကယ်သိန်းက မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို ရုတ်တရက်တည်သွားပြီး လက်ထဲမှ ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာရင်း "အင်း" ဟု ဆိုလိုက်ရာ လူငယ်အပေါင်း စိတ်ဝင်စားမှု ဖြစ်သွားလေသည်။ အသက်ကြီးတောင့်ကြီးမားရောက်ခါမှ ဘယ်လို ဖွဲ့ဖွဲ့နွဲ့နွဲ့တွေများ ရေးထားမည်ကို သိချင်နေကြသည်။

"ဘာတွေများ ရေးထားသလဲ အန်ကယ်သိန်း"

မျက်နှာချိုသွေး၍ မေးကြသည်။

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွာ၊ ရှိတဲ့ပစ္စည်းလေးတွေကို ပစလက်ခတ် မလုပ်ပစ်ဖို့ ရေးထားတာပါပဲ"

"အန် ..."

အချို့ သဘောမပေါက်ကြပေ။ အန်ကယ်သိန်း ပညာပြပြီဟု ထင်ကြသည်။ မိမိတို့လူငယ်များ သဘောမပေါက်နိုင်အောင် ပြောနေပြီမို့ အချို့ မိမိတို့လိုရာကိုပင် အမျိုးမျိုးဆွဲတွေးကြသည်။ အဓိပ္ပာယ်ပေါက်တာချင်း လွဲနေကြသောအခါ တဝါးဝါး ပွဲကျနေ၏။

"ဒါဆိုရင် အတွင်းပစ္စည်းတွေကို ပြောတာဖြစ်မှာပဲ"

"ဟကောင်တွေ၊ တောထဲတောင်ထဲမှာ ပေါက်ကရတွေ လျှောက်ပြောမနေကြနဲ့ ရတဲ့လစာလေးတွေကို စုစုဆောင်းဆောင်း လုပ်တားဖို့ ပြောတာပါ၊ နင့်အမေကလွှားတဲ့မှပဲ"

"သြော် ... ရှုပ်ပါ့ကွာ"

ရယ်သံများအဆုံးတွင် စက်လှေတာဝန်ခံ ဇော်ဝင်းက ကညင်ပင်ရွာသို့ အလည်သွားရန် ဆွယ်သည်။ ကညင်ပင်ရွာမှာ သူတို့စခန်း





ချထားသော အလယ်ရွာနှင့် မဝေးလှသော စိန်တောင်မြတောင် သစ်တောတွင်းမှ ကရင် ကို ပြောခြင်းဖြစ်၏။ ၎င်းရွာတွင် အပျိုချောများရှိသဖြင့် စခန်းမှ ပွဲငယ်လူရွယ်များ စိတ်ဝင်စားနေကြခြင်းဖြစ်၏။

"ခဏခဏ သွားလို့ မကောင်းဘူးကွ၊ တော်ကြာ မျက်စိနောက်လာပြီး မြားနဲ့ ချောင်းပစ်မှ လက်သည်မပေါ်ဘဲ ကွေးနေကြမယ်၊ ကညင်ပင်ရွာက တစ်ဆွေ့ခုန်အဆိပ်အကြောင်း နည်းနည်းမှ မကြားမိကြဘူးလား၊ ခုလို အားနေတုန်း မျောက်ထွက်ပစ်တာကမှ ဟင်းစားရဦးမယ်၊ ဘယ့်နှယ့်လဲဟေ့"

ဆင်တာဝန်ခံ မြင့်ဇော်က ဝင်ပြောလိုက်သဖြင့် အားလုံး သဘောကျသွားလေသည်။

"ကောင်းတယ်ဟေ့၊ ရရင် ချေးခါးဟင်းချက်စားမယ်"

"ထွီ ... ရွံစရာဗျာ"

အန်ကယ်သိန်းကြောင့် အတွေ့အကြုံ နည်းသေးသော အောင်ခိုင်က ရင်ထဲမှ ပျို့ကက်လာသည်။

"မင်းမစားဖူးသေးလို့ပါ မောင်အောင်ခိုင်၊ အချက်ကောင်းရင် ချဉ်ချဉ်ပြုံးနဲ့ သိပ်စားကောင်းတာကွ၊ ရရင်တော့ ငါချက်ပြမယ်ကွာ၊ တော်ကြာကျမှ မျောက်မြင်ရင် လက်ညှိုးထိုးပြမနေနဲ့"

"ပြလဲ မပြပါဘူး၊ စားလဲ မစားချင်ဘူး"

"မစားချင်လဲ ရပါတယ်၊ ဒါပေမယ့် တို့နဲ့တော့ အဖော်လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရမယ်"

အောင်ခိုင် မငြင်းပါပေ။ မိမိကိုယ်တိုင်ကလည်း နယ်မြေအတွေ့ အကြုံ ဗဟုသုတအသစ်များ ရချင်နေသဖြင့် သွက်လက်စွာပင် လိုက်ရန် ပြင်ဆင်လေသည်။

မျောက်ပစ်ထွက်မည့် အဖွဲ့မှာ များများစားစား မဟုတ်လှပေ။

အောင်ခိုင်၊ အန်ကယ်သိန်းနှင့် မြင့်ဇော်ဟု သုံးယောက်သား ဖြစ်၏။ အောင်ခိုင်က ပွိုင့်တူးတူး သေနတ်တစ်လက်ယူ၍ အန်ကယ် သိန်းက သူကိုင်နေကျ ဒူးလေးနှင့်မြားဘူးကို သယ်ဆောင်လာ၏။

"မောင်အောင်ခိုင်က အောက်ဘက်နယ်က ပြောင်းလာတာ ဆိုတော့ တောပစ်တွေဘာတွေ ထွက်ဖူးလား"

လမ်းနှ ပတ်ရောက်သောအခါ အန်ကယ်သိန်းက မေးသည်။

"ပျဉ်ဒရယ်က တာဝန်ကျနေတုန်းက ကျွန်တော်တို့ အခြေစိုက် စခန်းက တောထဲမှာမဟုတ်ဘူး၊ ဘိုကလေးမြို့ပေါ်မှာတင်ဆိုတော့ ရတ်တရက် မရောက်ပါဘူး၊ သစ်ခိုးသမားတွေ သတင်းရတဲ့အခါ တွေမှာသာ ရောက်ကြပေမယ့် ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ အမဲ ပစ်တဲ့အထိ မရောက်ပါဘူး အန်ကယ်သိန်းရာ"

"မျောက်တွေဘာတွေရော ပေါရဲ့လား"

"အနည်းအပါးတော့ ရှိပါတယ်"

"ဒီမှာကတော့ ပေါတယ်ကွ၊ မျောက်မျိုးစုံရှိတယ်"

"မျောက် ဘယ်နှမျိုးတောင် ရှိလို့လဲ"





"အာ ... ရှိတာပေါ့ အများကြီးပဲကွ၊ နှာနီမျောက်၊ ဖင်နီမျောက်၊ မျက်ကွင်းဖြူမျောက်၊ နှာခေါင်းလန်မျောက်၊ အဖြူရောင်မျောက်၊ အနက်ရောင်၊ မီးခိုးရောင်၊ အညိုရောင်၊ လိမ္မော်ရောင်၊ အစိမ်းပုပ် ရောင်မျောက် အစုံပါပဲကွာ"

"စုံလှချည်လား အန်ကယ်သိန်းရ"

"ဒါတောင် ငါမသိသေးတဲ့ မျောက်တွေ ကျန်သေးတယ်၊ မင်း မျောက်သားဟင်း စားဖူးလား"

"တစ်ခါတော့ ကြုံလို့ စားဖူးတယ်၊ ဒါပေမယ့် စိတ်မရဲလို့ သိပ် မစားဝံ့ပါဘူး"

"သိပ်ကောင်းတာကွ၊ မျောက်သားက ဆိမ့်တယ်၊ နောက်ပြီး ဆေးဘက်လဲ သိပ်ဝင်တာ၊ မင်းတို့လူငယ်တွေနဲ့ ပိုပြီး သင့်တယ်"

အောင်ခိုင် ရတ်တရက် နားမလည်၊ သူ့အဖြစ်ကို ကြည့်၍ အန် ကယ်သိန်းနှင့် မြင့်ဇော်က ရယ်သည်။

"ဟော့ မောင်မြင့်ဇော်၊ မင်းပဲ ရှင်းပြလိုက်ပါကွာ"

ထိုအခါ မြင့်ဇော်က အနီးလာ၍ ရှင်းပြလေမှ အောင်ခိုင်မှာ သဘောပေါက်သွားလေသည်။ မျောက်သားမှာ အားအင်ဆုတ် ယုတ်သူများအတွက် အထူးပင် ကောင်းမွန်လှကြောင်း မှတ်မှတ် သားသား ဖြစ်ရသည်။ အန်ကယ်သိန်းကပင် ဆက်၍ ရှင်းပြပြန်သည်။

"ဒါတင်မကဘူးကွ၊ မျောက်သားက သွေးအားကို ကြွစေတယ်၊ မျက်စိနာ၊ ချောင်းဆိုးရင်ကြပ်၊ ပန်းနာရောဂါတွေလဲ ပျောက်တယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးဖက်ဝင်ဟာတွေကတော့ အများကြီးပဲကွ။ ငါလဲ ဗိန္ဓောဆရာ မဟုတ်တော့ အစုံမသိဘူး"

မသိဘူးဆိုပါလျက်နှင့် အကုန်လျှောက်ပြောနေသောကြောင့် လူငယ်နှစ်ယောက် ရယ်ကြလေသည်။ စကားတပြောပြောနှင့် လျှောက်လာကြရာ တောတွင်းသို့ ရောက်လာကြလေသည်။ သစ်လုပ်သားတို့ ထုတ်လုပ်ထားသော သစ်လုံးများကို အနှံ့အပြား မြင်ရလေသည်။

ကျေးငှက်တိရစ္ဆာန်များ၏ အော်မြည်သံကို အစဉ်မပြတ် ကြားနေရသည်။ မလှမ်းမကမ်းနေရာမှ မျောက်မောင်းမအော်မြည်သံတို့ကို ကြားရလေသည်။

"မျက်ကွင်းဖြူမျောက်ကြီးကြီးတစ်ကောင်လောက်ရရင် တော်ပါပြီ"

အန်ကယ်သိန်းက ကျောမှ ဒူးလေးကို ဖြုတ်ရင်း ပြောလိုက်သည်။ ထိုစဉ် မလှမ်းမကမ်းရှိ မအူပင်ကြီးတစ်ပင်ပေါ်တွင် မျောက်တစ်အုပ်ကို မြင်ရလေသည်။ သုံးဆယ်လေးဆယ်ထက်မနည်း ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။

သူတို့အရိပ်ကိုမြင်သောအခါ မျောက်များမှာ နီးရာသစ်ပင်များပေါ်သို့ ကူးပြောင်းပျောက်ကွယ်ကုန်၏။ အချို့လည်း အပင်ဖျားသို့ တက်ပြေးကြလေသည်။

မအူပင်ကြီးမှာ ပေနှစ်ရာခန့်မြင့်လေရာ အကယ်ထိ အဖျား





အထိ ရောက်လျှင်သော်မှ သေနတ်တစ်ကမ်း။ ဒူးလေးတစ်ကမ်းတော့ မှီနိုင်သေးပေရာ ၎င်းတို့သည် အေးဆေးစွာပင် အပင်ခြေရင်းသို့ လျှောက်သွားကြသည်။

အောင်ခိုင်မှာ လက်ယားနေပြီမို့ ကျောမှ သေနတ်ကို ဖြုတ်ယူပြီး ပစ်ခတ်ရန် အသင့်ပြင်လိုက်၍ သားကောင်များကို ကြည့်လိုက်သောအခါ တစ်ကောင်မျှမရှိတော့သည်ကို အံ့ဩဖွယ်ရာ မြင်ရတော့သည်။

"ဟာ ... ဘယ်ရောက်ကုန်ပါလိမ့်၊ စောစောက ဒီအပင်ဖျားကို တက်ပြေးတာ သေသေချာချာ မြင်လိုက်ရဲ့နဲ့ တခြားကူးပြေးတာလဲ မဖြစ်နိုင်ပါဘူး"

အောင်ခိုင့်စကားကြောင့် အန်ကယ်သိန်းက နှစ်ခြိုက်စွာ ပြုံးလေသည်။

"ဘယ်မှမရောက်ပါဘူး မောင်အောင်ခိုင်၊ အထာမသိလို့ပါ၊ ဟိုမှာတွေ့လား။ သစ်ရွက်တွေလုံးနေတာ"

လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်သောအခါ ခါချဉ်ထုပ်များသဖွယ် ဖြစ်နေသော သစ်ရွက်တစ်ထုပ် နှစ်ထုပ်ကို မြင်ရလေသည်။

"အဲဒါ မျောက်တွေပဲ၊ သစ်ရွက်တွေကိုဆွဲ ဖင်ခုထိုင်ပြီး အကာအကွယ် လုပ်ထားတာ၊ ကဲ မောင်အောင်ခိုင်ရဲ့ လက်စွမ်းကြည့်ရအောင်ကွာ"

အန်ကယ်သိန်းနှင့်မြင့်ဇော်က သစ်ပင်ခြေရင်းတွင် အကျအနထိုင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင်သည် မဆိုင်းမတွပင် သေနတ်မောင်းကို ဆွဲတင်လိုက်ပြီး ပေ ၁၅၀ ခန့် အကွာအဝေးရှိ သစ်ရွက်လုံးတစ်ခုဆီသို့ တည့်မတ်စွာ ချိန်ရွယ်လျက် မောင်းဖြုတ်ချလိုက်သည်။

"ဖောင်း"

"ဖောက်"

သေနတ်သံနှင့် သစ်ရွက်လုံးထိသံတို့မှာ မရှေးမနှောင်း ပေါ်လာလေ၏။ ရုတ်တရက် အတွင်းမှ မျောက်ကြီးတစ်ကောင် ထွက်လာပြီး ထိုထက်မြင့်သော အပင်ဖျားသို့ တက်ပြေးလေသည်။ ခွဆုံကောင်းသော နေရာသို့ရောက်သောအခါ မြဲမြံစွာ ဖက်တွယ်ထားလိုက်တော့သည်။

အပင်ပေါ်မှ သွေးစက်များ ကျလာသည်ကို တွေ့ရသဖြင့် ပစ်လိုက်သော ကျည်ဆန်ထိမှန်သွားပြီကို သိလိုက်ကြသည်။

အောင်ခိုင်က နောက်ထပ်တစ်ချက် ပစ်ပြန်သည်။ ပစ်မှတ်ကို ငှိသော်လည်း ကျမလာပါပေ။ နောက်ထပ်ပစ်ရန် ချိန်လိုက်သောအခါ အန်ကယ်သိန်းက ဝင်ပြောလိုက်သည်။

"ကျည်ဆန်ကုန်ပါတယ် မောင်အောင်ခိုင်ရာ၊ မင်း ထပ်ပစ်နေလို့ ခေါင်းပြုတ်သွားရင်တောင် ဒီကောင်က ကျလာမှာမဟုတ်ဘူး"

"ဟင် ဘာဖြစ်လို့လ"

"မျောက်တွေရဲ့ သဘာဝက ဒီလိုပဲ ဒဏ်ရာဘယ်လောက်ပဲ ရထားပစေ၊ တစ်ခုခုကို ဖက်တွယ်ထားမိလို့ကတော့ သေအောင်





ပစ်တောင် မကျတော့ဘူး မှတ်ပါ"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ တက်ယူရမှာလား"

"အန္တရာယ် နီးပါတယ်၊ ကျလာအောင်လုပ်ဖို့ နည်းရှိပါတယ်၊ ဒီမှာကြည့်ဟေ့"

အန်ကယ်သိန်းက မြားဘူးထဲမှ မြားတစ်ချောင်းကို ထုတ်ပြသည်။

"ဒါ 'တစ်ဆွေ့ခုန်' မြားပဲ၊ ထိလိုက်ရင် တစ်ဆွေ့ပဲ ခုန်နိုင်တယ်၊ ဒဏ်ရာကျ သွေးစို့ရုံကလေးဆိုရင်တောင် ဘယ်လောက်ဖက်ထားထား မရတော့ဘူး၊ ကျလာတာပဲ၊ ကြည့်နေ"

အန်ကယ်သိန်းက ဒူးလေးကြိုးကို ဆွဲတင်လိုက်သည်။ ဒူးလေးကိုင်းမှာ အတော်ပင် သန်မာဟန်ရှိသော်လည်း အလေ့အကျင့်ရှိနေဟန်ဖြင့် ခပ်သာသာပင် ဆွဲတင်လိုက်နိုင်ပြီး မြားတပ်သည်။ ပြီးလျှင် ပစ်မှတ်ရှိရာသို့ တည့်မတ်စွာ ချိန်ရွယ်လျက် မောင်းခလုတ်ကို ဖြုတ်ချလိုက်ရာ 'ဒင်' ခနဲ ကိုင်းခတ်သံနှင့်အတူ မြားတံမှာ အရှိန်ပြင်းစွာဖြင့် ပြေးထွက်သွားပြီး အပင်ဖျားမှ မျောက်ကြီးကို ထိမှန်လေသည်။

"ခဏလေးစောင့်ရင် ရပါပြီ"

အန်ကယ်သိန်းသည် အေးဆေးစွာပင် ပြော၍ အပင်ခြေတွင် ဝင်ထိုင်ပြန်သည်။ သူ့အမူအရာမှာ အပင်ပေါ်မှ မျောက်ကြီးကို သတိမရတော့သည့်အလား အခြားအကြောင်းများကို ပြောဆိုနေပြန်သည်။

အောင်ခိုင်မှာ သစ်ပင်ပေါ်မှ မျောက်ကြီးကို အမြဲမပျက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလေရာ ခဏချင်းပင် တဖြည်းဖြည်း မှိုင်ဆင်းလာသည်ကို တွေ့ရပြီး မကြာမီ သူတို့ရှေ့သို့ ‘ဝုန်းခနဲ’ ပြုတ်ကျလာတော့သည်။ ထိုအခါမှ မြင့်ဇော်က ထ၍ ကောက်ယူလေသည်။

“အန်ကယ်သိန်းရဲ့ မြားဆိပ်က သေနတ်ကျည်ဆန်ထက်တောင် စိတ်ချရပါသေးလား”

“အဟဲ ဟဲ စိတ်ချရပါပြီလား မောင်အောင်နိုင်ရယ်၊ သေနတ်ကျည်ဆန်ကမှ ထိရင် မသေတဲ့နေရာတွေ ရှိသေးတယ်၊ ဒီမြားနဲ့ ထိုးသိုက်လို့ကတော့ များများမလိုဘူး။ သွေးစို့ရုံကလေးပဲဆိုရင် တစ်ချက်နှစ်ချက်ထက် ပိုမခုန်နိုင်ဘူး။ ဒါကြောင့် ‘တစ်ဆွေ့ခုန်’ လို့ နာမည် ပေးထားတာပေါ့ကွာ”

“အင်း ... လူထိလိုက်ရရင်တော့ မလွယ်ဘူး”

“ငါးမိနစ်ထက် ပိုမခံဘူးကွ”

“ဒီမြားဆိပ်ကို အန်ကယ်သိန်း ဘယ်ကရထားတာလဲ၊ ကိုယ်တိုင်ဖော်ထားတာလား”

“ကိုယ်တိုင်ဖော်ထားတာ မဟုတ်ဘူး၊ ကညင်ပင်ရွာမှာ အဲဒီမြားဆိပ်ကို ကျွမ်းကျွမ်းကျင်ကျင် ဖော်တတ်တဲ့လူတစ်ယောက် ရှိတယ်၊ သူ့ဆီက အခန့်သင့်လို့ ရလာတာပဲကွ၊ ကဲ ပြန်ကြမယ်”

သုံးယောက်သား မျောက်သေကြီးကို ထမ်း၍ ပြန်လာကြလေသည်။ အပြန်ခရီးတွင် မြန်မြန်ရောက်စေရန် လာလမ်းအတိုင်း မပြန်ဘဲ ဖြတ်လမ်းမှ ပြန်လာကြရာ သတ်မှတ်ထားသော သစ်ကွက်များ





နှင့်ဝေးရာ သစ်တောတွင်းဆီမှ လွှဖြတ်သံလိုလို မသဲမကွဲ ကြားလိုက်ရသဖြင့် ထိုနေရာသို့ လှည့်သွားလေသည်။

သို့ရာတွင် လမ်းခုလတ်အရောက်၌ စူးရှသော အချက်ပေးသံတစ်ခုကို ကြားလိုက်ရသဖြင့် ခေတ္တမျှရပ်၍ အခြေအနေကို အကဲခတ်ကြည့်သည်။

ယခုအခါတွင် လွှဖြတ်သံသော်လည်းကောင်း၊ အခြားအသံများကိုသော်လည်းကောင်း မကြားရတော့သဖြင့် ဆက်၍ လျှောက်လာကြရာ လေမိုးကျစဉ်က လဲကျနေသော သစ်လုံးကြီးတစ်ခုတွင် လွှဖြတ်ရာအချို့ကို မြင်ရပြီး သက်ရှိလူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရပေ။

“ဒါ သစ်ခိုးသမားတွေပဲ”

“ကျွန်တော်တို့ လာတာမြင်လို့ လစ်သွားကြပြီထင်တယ်”

ဖြတ်ထားသော သစ်ပိုင်းများအနီးသို့ ကပ်ကြည့်လေရာ လတ်လတ်ဆတ်ဆတ်ပင် ရှိနေသေးသည်ကို မြင်ရလေသည်။

“တော်တော်မြန်တဲ့လူတွေပဲ၊ တောထဲမှာ ခြေရာဖျောက်သွားလိုက်တာ အစအနတောင် မမြင်ရတော့ဘူး”

အောင်နိုင်က မှတ်ချက်ချသည်။

“ဒီကောင်တွေမြန်တာတော့ မပြောနဲ့တော့၊ တောထဲမှာ အမြန်ဆုံး ရှဉ့်ကတောင် အဘခေါ်ရမယ်ကွ၊ ဒါ ကညင်ပင်ရွာက လူတွေပဲ ဖြစ်မှာပဲထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီနေ့တော့ ပြန်ကြမယ်၊ နောက်ရက်တွေမှာ ဒီဘက်တွေအထိလာပြီး စုံစမ်းရမယ်"

သုံးယောက်သား ထိုနေရာမှ ထွက်လာကြရာ သစ်ပင်ပေါ်မှ သူတို့အား ကြည့်နေသော မျက်လုံးများကို သူတို့သတိမပြုမိကြချေ။

×××××××××

## မိတ်ဆက်အစ္စရာယ်

၁၉၇၆ ခုနှစ်၏ ဝန်းကျင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၇၅ ခုနှစ်အတွင်းက ဝင်ရောက်တိုက်ခတ်သွားခဲ့သော မုန်တိုင်းဒဏ်ကြောင့် ပုသိမ်မြို့နှင့်ဝန်းကျင်အပါအဝင် အနောက်ပိုင်း သစ်တောများ ပျက်စီးကုန်၏။ အဖိုးတန်လှသော သစ်ပင်ကြီးငယ်အသွယ်သွယ်တို့ ပြိုလဲပျက်စီးကြလေရာ အစားထိုး၍ လွယ်လင့်တကူ မရနိုင်သော ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်လေသည်။

သစ်ပင်တစ်ပင် အသုံးဝင်နိုင်သည်အထိ ဖြစ်လာနိုင်ရေးသည် လွယ်ကူသောအရာ၊ အချိန်နည်းနည်းဖြင့် လုပ်၍ရသောအရာ မဟုတ်ပေ။

သစ်ပင်တစ်ပင်စိုက်၍ သဘာဝရေမြေအတိုင်းမဟုတ်ပါက နှစ်ပေါင်းများစွာ ပြုစုပျိုးထောင်လျှင်သော်မှ အသုံးဝင်မည့်အရွယ်အစားအထိ မရနိုင်ပေ။

ယခုအခါတွင် ဂျပန်နိုင်ငံမှ 'တောင်သရက်ဝယ်ယူရေးစီမံကိန်း'





ဆက်သွယ်ပေါ်ပေါက်လာသောကြောင့် အဆိုးထဲမှ အကောင်းဖြစ်သွားလေသည်။ သို့ကြောင့် အတုံးအရုံးလဲကျနေသော သစ်ပင်များကိုသော်လည်းကောင်း၊ မလဲဘဲ ကျန်နေသော သစ်ပင်ကြီးများထဲမှ လုံးပတ်လေးပေကျော်သော သစ်ပင်များကိုသော်လည်းကောင်း၊ ခုတ်လှဲထုတ်ယူကြလေရာ သစ်တောအမှုထမ်းများရော၊ အလုပ်သမားများပါ အလယ်ရွာသို့တိုင် ဆင်း၍ စခန်းချကြရလေတော့သည်။ တာဝန်များ၊ အလုပ်သမားများ၏ အားကြိုးမာန်တက် လုပ်ဆောင်မှုများကြောင့် တစ်နှစ်အတွင်း သစ်လုံးတန်ပေါင်း မြောက်မြားစွာ ထုတ်ယူနိုင်ခဲ့ကြသည်။

ထုတ်ယူသော သစ်အမျိုးအစားများမှာ တောင်သရက်၊ ကညင်၊ ကညောင်နှင့် မန်ကျည်းပွေးစသော သစ်အမျိုးပေါင်းစုံဖြစ်သည်။ အလယ်ရွာသစ်စခန်းမှာ စီမံကိန်းဖြင့် လုပ်ကိုင်နေရသဖြင့် သစ်တောတွင်းဝယ် သစ်ကွက်များကို အမှတ်စဉ်ဖြင့် ခွဲထားလေသည်။ ၁-၂ မှသည် ၁၃-၁၄-၁၅ အထိ အဆင့်ဆင့်ရှိလေသည်။ သစ်ကွက်တစ်ကွက်တွင် တာဝန်ခံတစ်ယောက်က ဦးစီးစေလျက် စက်လွှငါးလုံးနှင့် လက်လွှဆိုင်း ၂၅ ဆိုင်း ချပေးသည်။

စက်လွှတစ်လုံး၏ တစ်နေ့ထုတ်လုပ်ရမည့် သစ်တန်မှာ ဆယ်တန်ဖြစ်ပြီး လက်လွှဆိုင်းတစ်ဆိုင်းအတွက် လေးတန် သတ်မှတ်ထားလေသည်။

အောင်ခိုင်သည် ပျဉ်ဒရယ်နယ်မှ ပြောင်းရွှေ့လာသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



မကြာသေး၍ဖြင့် နယ်မြေစိမ်းနေသေးပေရာ နယ်ခံများနှင့် တိုင်ပင်လုပ်ကိုင်ရလေသည်။ အောင်နိုင်တာဝန်ယူရသော သစ်ကွက်အမှတ် ၃ နှင့် ၅ မှာ သစ်တောကောင်းလှသော စိန့်တောင် မြတောင်ဘက်တွင် ရှိသည်က တစ်ကြောင်း၊ ကညင်ပင်ရွာနှင့် နီးလွန်းသဖြင့် မကြာခဏ သစ်ခိုးခံရသည်ကတစ်ကြောင်း၊ သားရဲတိရစ္ဆာန်များ ပေါများလှသည်က တစ်ကြောင်းကြောင့် အခြားသူများ မလုပ်လိုသော သစ်ကွက်များ ဖြစ်၏။ အောင်နိုင်ကမူ ထိုအကြောင်းများကို မသိရှာသဖြင့် ပေးအပ်သည့်နေရာမှာပင် မညည်းမညူ တာဝန်ထမ်းဆောင်လေသည်။

အားလုံးကမူ သစ်ခိုးမှု၊ သစ်လုံးများပျောက်ဆုံးမှုများသည် ကညင်ပင်ရွာမှ လူများ၏ လက်ချက်ဖြစ်လိမ့်မည်ဟု တွေးနေကြသည်။ သို့ကြောင့်လည်း မကြာခဏ သွားရောက်စစ်ဆေးကြည့်ကြသော်လည်း အသေးအဖွဲ့ မျောတိုင်ကလေးများမှလွဲ၍ အခြား သစ်ကြီးဝါးကြီးများကိုမူ မတွေ့ရပေ။

ကညင်ပင်ရွာသားများကလည်း မိမိတို့မဟုတ်ပါဘဲ တစ်ဖက်သတ် စွပ်စွဲလာသောကြောင့် မခံချင်စိတ်များဖြစ်လာပြီး တစ်ဖက်နှင့်တစ်ဖက် အထင်လွဲမှု၊ မငြိုပကူမှုများ မကြာခဏ ရှိလာလေသည်။ တစ်စတစ်စနှင့် မုန်းတီးမှုများပါ ရောထွေးလာပြီး ရန်မီးပွားလာလေသည်။

အခြေအနေမှာ သစ်တောအမှုထမ်း အလုပ်သမားများပင်





ချောင်းမြောင်းလုပ်ကြံခြင်း ခံနေရသဖြင့် စိန့်တောင် မြတောင် သစ်တောဟေ့ဆိုလျှင် အလုပ်သမားတိုင်း လန့်နေကြခြင်းဖြစ်၏။

နောက်ပိုင်းတွင် အခြေအနေများကို တစ်စတစ်စသိမြင်လာသော အောင်နိုင်မှာ သည်မျှ အသေးအဖွဲပြဿနာလေးများကြောင့် ကြီးကြီးကျယ်ကျယ် မဖြစ်သင့်ဟု ယူဆလျက် တစ်ဖက်မှ လူများနှင့် အဆင်ပြေစေရန် အမြန်ဆောင်ရွက်ပေးလိုသော ဆန္ဒများကြောင့် သစ်ကွက် ၃-၅ ကို တာဝန်ယူရသည်ကိုပင် ကျေနပ်နေမိသည်။

သည်နေ့အလုပ်ဝင်ရမည့်နေ့ဖြစ်သဖြင့် သစ်လုပ်သားများမှာ မိမိတို့ တာဝန်ကျရာ သစ်ကွက်များဆီသို့ အသီးသီး ထွက်ခွာသွားကြလေသည်။ အောင်နိုင်တို့အဖွဲ့ကမူ အသေးစိတ်အစီအစဉ်များ ချကာ ပြီးစီးမှ နောက်မှ လိုက်သွားကြလေသည်။ သူနှင့်အတူ စက်လှေ လက်လှေ တာဝန်ခံများဖြစ်ကြသော အေးကျော်နှင့် မြင့်ဇော်တို့အပြင် စားခေါင်းကြီး ဦးဗလပါ ပါလာလေသည်။

တောတွင်းသို့ ဝင်လိုက်သည်နှင့် သစ်ကွက်အသီးသီးမှ စက်လှလည်သံ၊ လက်လှဖြတ်သံများ၊ ဖြတ်ပြီးသစ်လုံးများကို ဆင်များကြဲများဖြင့် ဆွဲချနေသံ၊ မောင်းနှင်သံများကို အားရဖွယ်ရာ ကြားရလေသည်။

"ကျွန်တော်တို့ သစ်ကွက်ရဲ့အစပ်တွေအထိ လိုက်ကြည့်ရအောင်"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သွားလေ"

လေးယောက်သား ဆက်ထွက်ခဲ့ကြလေသည်။ သစ်ကွက်တွင်းမှ ဖြတ်သွားရသောကြောင့် သစ်လုပ်သားတို့၏ ပင်ပန်းကြီးစွာ လုပ်ကိုင်နေရသည့်များကို မျက်ဝါးထင်ထင်တွေ့မြင်ရသဖြင့် ကိုယ်ချင်းစာ နားလည်မိသည်။ အချို့သစ်ပင်ကြီးများမှာ လူတို့စီစဉ်မှုဖြင့် လဲနေခြင်းမဟုတ်သောကြောင့် အဆင်ပြေပြေ မရှိလှပေ။ အခြားသစ်ပင်ချုံနွယ်များပေါ်သို့ တစ်ဝက်တစ်ပျက် တင်နေခြင်းများ၊ ချောက်ကမ်းပါးစွန်းမှ ကျအုံ့ဆဲဆဲများ၊ တစ်ပင်ပေါ် တစ်ပင်ထပ်လဲနေခြင်းများ၊ အချို့ လဲကျအုံ့ဆဲဆဲ အပင်ကြီးများကြောင့် အစစအရာရာ သတိထားနေရသည်။

ချောက်ကမ်းပါးစွန်းများတွင် တင်နေသော သစ်လုံးများကို စက်လွှသမားများက တစ်ကိုယ်တော်တက်၍ စွန့်စားလုပ်ကိုင်ကြရသည်။ ထိုအပေါ်သို့ တက်ရသော အလုပ်သမားများမှာ လျင်မြန်ဖျတ်လတ်မှုနှင့် ကျွမ်းကျင်မှု ရှိဖို့လိုပေသည်။ သစ်လုံးတစ်လုံး ဖြတ်ချပြီးတိုင်း ဟန်ချက်ပျက်သွားတတ်လေရာ အသက်ဘေးဖြင့် အလွန်နီးလှသည်။ ရံခါ မတတ်သာသည့်အဆုံး အသက်စွန့်၍ ခုန်ချလိုက်ရခြင်းများ၊ နီးစပ်ရာ လက်လှမ်းမီသမျှ နွယ်ကြိုးသစ်ကိုင်းများကို ဆွဲခိုထားလိုက်ရသည်များပင် ရှိ၏။

ထိုအတူ လက်လွှဆိုင်းသမားများအဖို့လည်း မလွယ်ကူလှပေ။ အန္တရာယ်များလှပေသည်။ မြေပြင်သို့ လဲကျသော သစ်တုံးများကို





ဖြတ်ရသည် ဆိုစေကာမူ ခါင်းတုံးပြတ်၍ သစ်ပိခြင်း၊ သုတ်ကိုင်းရိုက်ခြင်းများ၊ သစ်ချော< >ခြင်းများ ရှိတတ်ပြီး မိမိတို့စိတ်ကြိုက်လှဲရသည့်အခါများပင် သ< >ညပ်၊ သစ်ရိုက်၊ သစ်ထိုး၊ သုတ်ကိုင်းပြန်၊ နွယ်ကွင်းသုတ် စသည့် အန္တရာယ်များအပြင် သစ်လှဲရာတွင် မိမိတို့လိုရာသို့ မလဲ၊ မထင်မှတ်သည်များကို ရုတ်တရက်လဲကျတတ်သည်များ၊ ခါင်းတုံးပြတ်ကျလာခြင်းများ စသည့် အန္တရာယ်များကြားမှ သက်စွန့်ကြိုးပမ်း ဆောင်ရွက်မှုများမှာ တကယ့်ကို ချီးကျူးဖွယ်ရာဖြစ်နေတော့သည်။

သစ်ကွင်းမှ သူတို့ဖြတ်လျှောက်သွားသည်ကို မြင်သောအခါ အလုပ်သမားများက အော်ဟစ်နှုတ်ဆက်ကြသည်။ ပင်ပန်းမှုများကြားမှ အပြုံးများကို မြင်ရသောအခါ အားသစ်များ တိုးပွားလာသည်ဟု ခံစားရသည်

နေရာအနှံ့မှ သစ်လှဲချသံကြီးများ ပေါ်ထွက် နေ၏။ သို့ကြောင့် သတိဖြင့် လျှောက်ကြရသည်။

စိန်တောင်မြဇွောင် ကမ်းပါးစွန်းဘက်သို့ ရောက်လာကြသည်။ ထိုနေရာတစ်ဝိုက်တွင် သစ်လုပ်သားများ မရောက်သေးသဖြင့် တောချုံထူထပ်သည့်အပြင် သားကောင်များ၏ အရိပ်အငွေ့ကိုပါ တစ်စွန်းတစ်စ တွေ့မြင်နေရသည်။ စိမ်းကားနိုးဝင်သစ်များနှင့် အခြားသစ်များစွာ ရှိနေသော်လည်း အခြားဘက်များမှ [illegible]စ မသတ်သေးသဖြင့် သည်ဘက်သို့ မရောက်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်သည် မိမိတာဝန်ကျရာ သစ်ကွက်တွင်းမှ နယ်မြေအခြေအနေ၊ သစ်အမျိုးအစားနှင့် အနည်းအများပါဝင်သည့် သစ်ပင်များကို ခန့်မှန်းရေးမှတ်နေလေသည်။

တစ်စတစ်စနှင့် ကုန်းမြင့်ဘက်သို့ ရောက်လာပြီး ရှေ့တွင် ပေ ၄၀၀ ကျော်ခန့်မျှ နက်ရှိုင်းသည့် ချောက်ကမ်းပါးကြီး ရှိနေသည်။ ထိုနေရာမှ ငုံ့ကြည့်လိုက်လျှင် ဆင်သေချောင်းကိုပင် ပျပျမြင်ရလေသည်။ အရိပ်ကောင်းသော နေရာတစ်ခုတွင် ခေတ္တနားကြလေသည်။

"ဟော ဟိုမှာကြည့်စမ်း ဆရာ၊ အခုမြင်နေရတာ တောင်သရက်ပင်ကြီး မဟုတ်လား"

မြင့်ဇော်က ဘယ်လိုစိတ်ကူးပေါ်သွားသည်မသိ။ ပေနှစ်ရာကျော်ခန့်မျှ အကွာအဝေးတွင် ရှိနေသော အခြားအပင်များနှင့် ကျော်လွန်မြင့်မားလျက်ရှိသော တောင်သရက်ပင်ကြီးကို လက်ညှိုးထိုးပြလေသည်။

"ဟုတ်တယ်လေ၊ ကမ်းပါးစွန်းမှာ ပေါက်နေတဲ့ တောင်သရက်ပင်ကြီးပဲ၊ ခွကြီးနှစ်ခွကလဲ ကောင်းပါဘိသနဲ့၊ သားရေခွလုပ်ဖို့များ စိတ်ကူးပေါ်လို့လား"

"ဟုတ်တယ်၊ ကျွန်တော်လဲ အဲဒါစိတ်ကူးမိလို့"

အားလုံး ပြုံးကြလေသည်။ အန်ကယ်သိန်းက "ပင်ပန်းရတဲ့အထဲမှာကွာ" ဟု မြည်တွန်သည်။ ခေတ္တ အမောဖြေပြီးကြသည်နှင့်





ခရီးဆက်ကြလေသည်။

"ကျွန်တော်တို့ အဲသည်ဘက်က လှည့်ပြန်ကြမယ်"

"အေး ... ကောင်းသားပဲ"

လေးယောက်သား ဆင်းလျှောက်လာသည်။ ၎င်းတို့၏ ရှေ့၌မှ အန္တရာယ်တစ်ခုက ဆီးကြိုနေသည်ကို မရိပ်မိကြပါချေ။ တောတွင်းမှ လျှောက်ကြရသောအခါ စောစောက သစ်ပင်ကြီးကို မမြင်မိကြရတော့ပေ။ အတန်ကြာလျှောက်မိသည်နှင့် မဖျော်လင့်သော အသံအချို့ကို ကြားလိုက်ရသဖြင့် ရပ်၍ နားစွင့်လိုက်ကြသည်။

"ဖျစ် ... ဖျစ် ... ဖျစ်"

သစ်ပင်တစ်ပင် လဲကျခါနီးတွင် ကြားရလေ့ရှိသော အသံမျိုးဖြစ်သဖြင့် ရပ်၍နားစွင့်နေဆဲမှာပင် သူတို့အပေါ် တည့်တည့်သို့ သစ်ပင်ကြီးတစ်ပင် အရှိန်ပြင်းစွာဖြင့် လဲကျလာလေတော့သည်။

"ဟာ ......"

"ဟ .. ဟ .. လုပ်ကြပါဦး"

"အား ......."

"ဝုန်း ........"

မရှောင်သာနိုင်တော့သဖြင့် ထိတ်လန့်စွာ အော်ဟစ်လိုက်ကြပြီး မြေသို့ ဝပ်ပေးလိုက်ကြရာ သူတို့ပေါ် တည့်တည့်သို့ အရှိန်ပြင်းစွာဖြင့် လဲကျလာလေတော့သည်။ မြေကြီးများပါ ပြိုကျသွားတော့မည့်အလား သိမ့်သိမ့်တုန်သွားသည်ကို သိလိုက်ကြပြီး ကျယ်



www.burmeseclassic.com

www.burmeseclassic.com



လောင်သော အသံကြီးမှာ နားကွဲလုမတတ် ခံစားရသည်။ လေးယောက်သား ရှေ့နောက် တန်း၍ ဝပ်ပေးလိုက်၍သာ တော်တော့သည်။ အကယ်၍ ယှဉ်လျက် လျှောက်ကြမည်ဆိုပါက တစ်ဦးနှစ်ဦးတော့ စေ့စေ့ညက်ညက် ကျေသွားလောက်ပြီ။ သူတို့ အလွန်ကံကောင်းကြပါသည်။

သစ်ပင်ကြီးလဲကျရာတွင် ခွကြားတည့် တည့် ဖြစ်သွားသဖြင့် အသက်ဘေးမှ သီသီလေး လွတ်သွားကြခြင်း ဖြစ်၏။ အကယ်၍သာ ထိုခွတွင်းဝယ် သစ်ကိုင်းကလေး တစ်ခုတစ်လေ ရှိနေလျှင်သော်မှ ထိုမျှကံကောင်းနိုင်ကြမည် မဟုတ်ပေ။ လေးယောက်သား ထိတ်လန့်ဖွာဖြင့် နေရာမှ ထလိုက်ကြသည်။ ယခုထက်တိုင် အရှိန်မပြေသေးသော သစ်ပင်သစ်ကိုင်းများကို မြင်နေရသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသော်လည်း စကားဆိုရန် အင်အားနည်းပါးနေသေး၏။

ဆိုးရွားလှသော အဖြစ်အပျက်ကြောင့် အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြဆဲ အတန်ကြာမှ အန်ကယ်သိန်းက ခြောက်ကပ်သော အသံဖြင့် စကားစသည်။

"တို့ သိပ်ကံကောင်းကြတယ်၊ ခွကြားထဲ တည့်တည့်ကျလို့သာပေါ့၊ ထိပ်ပေါ်တည့်တည့်များကျရင် စေ့စေ့ညက်ညက်ကို ကြေသွားမှာပဲ၊ ခုလောက်ဆိုရင် မဟာအဝီစိငရဲကို တိုက်ရိုက်ရောက်ချင်ရောက်သွားနိုင်တယ်"





သေရေးရှင်ရေးထဲမှာပင် အရွှမ်းဖောက်နိုင်သေးသော အန်ကယ်သိန်းစကားကြောင့် မချိပြုံးကလေးများ ပြုံးလိုက်ကြသည်။

"သူ့ဘာသာလဲတာလား မသိဘူး၊ အပင်ခြေသွားကြည့်ရအောင်၊ ဒါ စောစောက တွေ့ရတဲ့အပင်ကြီးပဲ"

အောင်ခိုင်ကပင် ဦးဆောင်လျက် ရှေ့မှ လျှောက်လာခဲ့သည်။ အပင်ခြေသို့ လျှောက်ရာတွင် ထွေထွေထူးထူး လမ်းဖောက်မနေရတော့ဘဲ သစ်လုံးပေါ်မှ အလွယ်တကူ လျှောက်ကြလေသည်။ အပင်ခြေသို့ ရောက်သောအခါ သစ်ပင်ကြီး၏ အလယ်အူသားများ မရှိတော့သည့် သစ်ခေါင်းပင်ကြီးဖြစ်ပြီး လွှဖြင့် တိတိရိရိ ဖြတ်ချထားသည်ကို အံ့သြဖွယ်ရာ တွေ့ကြရသည်။

"ဒါ သစ်ခိုးသမားတွေ လက်ချက်ဖြစ်မှာပဲ"

ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုကြရာ အရိပ်အငွေ့မျှပင် မမြင်ကြရပေ။

"ကျွန်တော်တို့အော်သံကြားလို့ လစ်ပြေးသွားတာ ဖြစ်မယ်၊ ဒါ ကညင်ပင်ရှာသားတွေ လက်ချက်ဖြစ်မှာပဲ၊ ဟွန်း ...တစ်နေ့တော့ တွေ့ကြဦးမှာပေါ့ကွာ"

အေးကျော်က မကျေမနပ်ဖြင့် ဝင်ပြောလေသည်။ သူတို့အားလုံး ရှေ့သို့ခရီးဆက်ရန် မဖြစ်တော့သဖြင့် ထိုနေရာမှပင် တပ်ခေါက်၍ ပြန်ကြရန် ဆုံးဖြတ်ကြသည်။

++++++++++++++



www.burmeseclassic.com

www.burmeseclassic.com



## အမှန်းကြားမှ တစ်စွန်းတစ်စ ...

နောက်တစ်နေ့၌ပင် လက်နက်ကိုင်ချောင်းခေါင်း တပ်စိတ်တစ်စိတ်ပါ ခေါ်၍ ကညင်ပင်ရွာသို့ သွားကြလေသည်။ အောင်ခိုင်တို့အဖွဲ့ ရွာတွင်းသို့ ဝင်သွားသောအခါ အချို့ရွာသားများက အထိတ်တလန့် ထွက်ကြည့်ကြသည်။ အချို့ကမူ ခါတိုင်းကဲ့သို့ လာရိုးလာစဉ်အတိုင်း သစ်ခိုးသမားများ လာရှာတာပဲဟု သဘောထားကာ ကိုယ်နှင့်မဆိုင်သလို နေကြလေသည်။ အောင်ခိုင်တို့သည် ဦးစွာ ပြည်သူ့ကောင်စီဝင်တစ်ဦး၏ အိမ်သို့သွားကာ လာရင်းအကြောင်းကို ပြောပြရာ ထိုသူကပင် ရွာတွင်းရှိလူအားလုံးကို ဆင့်ခေါ်ပေးလေသည်။ အားလုံးနီးပါးရောက်လာမှ တိုတိုနှင့်လိုရင်းကို ပြောပြလေသည်။ ထိုသူ၏ နာမည်မှာ ဦးမြင့်ဆောင်ဖြစ်သည်ကို အောင်ခိုင်တို့ နောက်မှ သိရလေသည်။

"ဒါ အလယ်ရွာက သစ်တောတာဝန်ခံတွေပဲ၊ သူကို သစ်ခိုးသမားတွေကိစ္စနဲ့ လာကြတာပဲ"

ထိုစကားပြောသောအခါ တီးတိုးပြောဆိုမှုများ ပေါ်လာပြီး ၎င်းတို့အဖွဲ့ကို မှန်းတီးရှုံ့ရှာစွာ ကြည့်ကြလေသည်။ မိမိတို့မဟုတ်ရပါဘဲလျက် မကြာခဏ လာရောက်စစ်ဆေးနေသော ၎င်းတို့အဖွဲ့အား မကျေမနပ်ဖြစ်မိလေသည်။

"ဒီတစ်ခါလာတာ ခါတိုင်းလို သစ်ခိုးသမားတွေ ရှာရုံတင်





မဟုတ်ဘူး၊ သူတို့အဖွဲ့ မနေ့က သစ်တောထဲမှာ လှည့်လည်နေတုန်း သစ်ပင်နဲ့ လဲ့ဖိခံရတယ်၊ ဒါပေမယ့် ထိခိုက်မှုတော့ မဖြစ်ကြပါဘူး"

အားလုံး စိတ်ဝင်စားစွာဖြင့် ငြိမ်လျက် နားထောင်ကြသည်။

"အဲဒါ မင်းတို့တစ်တွေထဲက မနေ့က ဘယ်သူတွေ တောထွက်ကြသလဲ"

"ကျွန်တော်တို့နဲ့ ဘာဆိုင်လို့လဲ"

"မဆိုင်တာ ဆိုင်တာ နောက်မှပြောကြ၊ သူတို့က ဒီရွာကလူတွေကို မသင်္ကာဖြစ်နေတော့ မေးမြန်းချင်သတဲ့"

လူအုပ်ကြီးမှာ လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီး တစ်ယောက်တစ်မျိုး ပြောဆိုနေကြပြီးလျှင် အတန်ကြာသောအခါ လူအုပ်တွင်းမှ လူငါးယောက် ထရပ်လာသည်။ ၎င်းတို့၏ အခြေအနေကို အကဲခတ်နေသော အောင်ခိုင်သည် ကညင်ပင်ရွာသားများ၏ ရိုးသားမှုနှင့် အမှန်တရားကို ရင်ဆိုင်ဝံ့သော သတ္တိကို စိတ်တွင်းမှ ကျိတ်လျက် ချီးကျူးမိလေသည်။

"ခင်ဗျားတို့လား၊ မနေ့က တောထွက်ကြတာ"

"ဟုတ်တယ်"

တစ်ပြိုင်တည်းလို ဖြေကြသည်။

"ခင်ဗျားတို့ တစ်ယောက်ချင်း ပြောကြဗျာ"

"ကျုပ်က လျှော်သွားဆုတ်တာ"

တစ်ယောက်က ဦးစွာဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်းလား"

"ဟုတ်တယ်"

"ဘာလက်နက် ယူသွားသလဲ"

"လျှော်ပင်ခုတ်ဖို့ ဓားတစ်လက်ပဲ ပါတယ်"

ထိုသူ ပြန်ထိုင်သွားသောအခါ နောက်နှစ်ယောက်က 'အမဲလိုက်ထွက်သည်' ဟု ဆိုကြသည်။ ၎င်းတို့တွင် ဒူးလေးနှင့်မြား၊ ဓားများသည် ပါသည်ဟု ဆိုပြန်သဖြင့် အထိုင်ခိုင်းလိုက်ရသည်။

ကျန်နှစ်ယောက်မှာ အသက် ၂၀ ဝန်းကျင်လူငယ်တစ်ယောက်နှင့် အသက် ၅၀ ခန့်ရှိ သန်မာတောင့်တင်းလှသော လူကြီးတစ်ဦးဖြစ်သည်။ စိတ်ဝင်စားစွာ ကြည့်နေသော အောင်ခိုင်ကို ဘေးနားမှ အန်ကယ်သိန်းက လက်တို့၍ "အဲဒီလူကြီးပေါ့ကွ၊ တဆွေ့ခုန်အဆိပ်လူးမြားတွေ လုပ်နေတာ၊ မုဆိုးတွေက သူ့ဆီက ဝယ်နေရတယ်" ဟုပြောပြီး တစ်ဆက်တည်း 'သူ့နာမည်က ဦးထန်ရှိန်တဲ့ကွ'

"အဘတို့က ဘာသွားလုပ်ကြတာလဲ"

"ပျားဖွပ်သွားကြတာ"

"ဘယ်နှယောက်လဲ"

"ကျုပ်တို့ မြေးအဘိုးနှစ်ယောက်ပဲ"

"ဘာလက်နက်တွေ ယူသွားသလဲ"

"ပျားရည်ထည့်ဖို့ ပုံးတွေနဲ့ လွှတစ်လက် ပါတယ်"

"ဟင် ..."





အားလုံးက သူတို့မြေးအဘိုးကို ကြည့်လိုက်ကြသည်။ ယခုအခြေအနေမျိုးတွင် ထိုစကားမျိုး မပြောသင့်ဟု ထင်ကြသည်။ ပျားဖွပ်သွားခိုက် လွှယူသွားသည်ဆိုခြင်းမှာ ဆက်စပ်မှုမရှိသလို ဖြစ်နေလေ၏။ အောင်ခိုင်ကမူ ထိုသူနှစ်ယောက်၏ မျက်နှာများကို အကဲခတ်ကြည့်ရှုနေ၏။

"လွှက ဘာလုပ်ဖို့ ယူသွားတာလဲ"

"သစ်ပင်ဖြတ်ဖို့လေ"

အဖြေက ရှင်းပါသည်။ သို့သော် ဦးမြင့်ဆောင်က ဆက်မေးမြန်းသည်။

"ပျားအုံကို လွှနဲ့ဖြတ်ယူရတယ်လို့တော့ တစ်ခါမှ မကြားမိပါဘူး"

"ရှင်းပြပါဦး အဘရာ"

ထိုအခါမှ ဦးထန်ရှိန်က ရှင်းပြသည်။

"ပျားအုံကိုတော့ လွှနဲ့ဖြတ်ရတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ မနေ့က ပျားလိုက်ရင်း လဲကျနေတဲ့ သစ်ခေါင်းကြီးတစ်ခုအတွင်းမှာ သစ်ခေါင်းပျားအုံတစ်ခုတွေ့ခဲ့လို့ ဖောက်ယူမယ်ဆိုပြီး ဒီနေ့ လွှယူသွားတာပါ၊ ကျုပ်တို့ကို အထင်မလွဲလိုက်ပါနဲ့ကွယ်"

ဦးထန်ရှိန်က တောင်းပန်တိုးလျှိုးသံနှင့် ပြောလိုက်သော်လည်း ထပ်တွန့်တက်၍ မေးပြန်သည်။

"အသက်ကြီးခါမှ အမှန်အတိုင်းဆိုပါ အဘရာ၊ ကိုယ့်အတွက်ကြောင့် တစ်ဖက်သားတွေ မထိခိုက်ပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လူအုပ်ကြားထဲမှ အမျိုးသမီးတစ်ဦး ရုတ်ခနဲ ထလာလေသည်။

"ဒီမှာ ဦးမြင့်ဆောင်၊ ရှင်ဟာ ပြည်သူလူထုက ယုံကြည်အားထားလို့ တင်မြှောက်ထားတဲ့ လူကြီးတစ်ဦးပါ။ ကိုယ်တတ်အပ်မသိတဲ့အကြောင်းအရာတစ်ခုကို အပြစ်မရှိတဲ့ လူတစ်ယောက်ကို အပြစ်ဖြစ်စေမယ့် စကားမျိုး ပြောချင်ရတာလဲ"

အခြားသူများနည်းတူ အောင်နိုင်သည် လူအုပ်ကြားဝယ် ရဲရဲဝံ့ဝံ့ ရပ်၍ စကားဆိုဝံ့သော မိန်းမပျိုကို လှမ်းကြည့်လိုက်သည်။ အသက်နှစ်ဆယ်ဝန်းကျင် အသားမဖြူမညိုနှင့် ကျက်သရေရှိလှသော မိန်းမပျိုတစ်ဦးပင်။

နက်မှောင်ရှည်လျားသော ဆံပင်တို့သည် တစ်ပတ်လျှိုထုံးထားသည့်တိုင် ကျောလယ်အထိ ဝဲကျနေလေသည်။ နှမ်းပါးဟန်ဖြင့် အကြမ်းဝတ်စုံများအောက်မှ သူမအလှကို တစ်စွန်းတစ်စ မြင်ရလေသည်။ သူမ၏ တင်းမာသော စကားကြောင့် ဦးမြင့်ဆောင် မျက်မှောင်တစ်ချက် ကြုတ်၍ ကြည့်လိုက်သည်။

"နင်ဘာသိလို့လဲ နှယ်ညို၊ ငါမေးနေတာက ထုံးစံအတိုင်း မေးသင့်မေးထိုက်တာကို မေးနေတာပါ။ နင့်အဘတို့မှာ အပြစ်မရှိရင် ဘာမှ စိုးရိမ်စရာမလိုပါဘူး"

ထိုအခါမှ အမျိုးသမီးမှာ စိတ်အတန်ငယ် သက်သာသွားဟန်ဖြင့် ပြန်ထိုင်လိုက်သည်။





"စိတ်မရှိပါနဲ့ မောင်မြင့်ဆောင်၊ မြေးမလေးက လူငယ်မို့ စိတ်လွတ်လက်လွတ် ပြောမိတာပါ။ မောင်ရင်မေးတာလဲ မလွန်ပါဘူး၊ မေးသင့်ပါတယ်၊ ဒါပေမယ့် မနေ့ကဖြစ်တဲ့ကိစ္စမှာတော့ အဘတို့ ပယောဂလုံးဝမပါဘူးဆိုတာ ယုံပါကွယ်"

ဦးထန်ရှိန်ပြောနေသည်ကို အားလုံးက ယုံကြည်ကြသည်။ အမှန်အတိုင်းပြောနေလိမ့်မည်ဟု မှတ်ထင်ကြသည်။ ဤသို့ဖြင့် ပြဿနာအစ ရှာမရသေးဘဲ အခြေအနေသည် သာမန်ထက် မထူးခြားဘဲ ရှိနေစဉ် ဦးထန်ရှိန်ဘေးနားမှ လူရွယ်က စကားပြောခွင့်တောင်းသည်။

"ဘာပြောမလို့လဲ စောထူး"

"ကျွန်တော်တို့ မနေ့က ပျားဖွပ်နေရင်း ဆင်သေချောင်းအထက်က ကမ်းပါးအစွန်းနားရောက်တော့ ဟိုဆရာတို့ပြောတဲ့ တောင်သရက်ပင်ခွဆုံကြီး ယာဘက်ဆီက အသံတွေကို တစ်စွန်းတစ်စ ကြားရတယ်ဗျ"

"ဟေ ... ဘာသံလဲကွ၊ ပြောပြပါဦး"

အားလုံးစိတ်ဝင်တစား ရှိလာကြလေသည်။ ဦးထန်ရှိန်ကမူ သူ့မြေးဖြစ်သူ ပြောလာမည့်စကားအတွက် စိတ်မချဟန်ဖြင့် ကြည့်နေလေသည်။

"ကျွန်တော်တို့နေရာနဲ့က အတော်လေးလှမ်းနေတော့ သိပ်မသဲကွဲလှဘူး၊ တောတိုးသံလိုလို ဘာလိုလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. မင်းဟာကလဲကွာ၊ ဟုတ်တော့မလိုလိုနဲ့ ဒါထက် သစ်လသံကြီးရော ကြားလိုက်ရဲ့လား"

"အသေအချာ ကြားလိုက်ရတာပဲ၊ ကျွန်တော်တို့က သစ်တောအလုပ်သမားတွေ လှဲချလိုက်တာမှတ်လို့"

စကားဝိုင်းမှာ သာမန်မထူးခြားတော့သဖြင့် အောင်နိုင်ကပင် ဦးထန်ရှိန်နှင့် စောထူးတို့ကို အထိုင်ခိုင်းလိုက်သည်။ ထိုအချိန်တွင် နှယ်ညိုနှင့် မျက်လုံးချင်း လျှပ်တစ်ပြက် ဆုံမိကြလေသည်။ ရတ်တရက်ပေမို့ လွှဲဖယ်ရန် သတိမရကြဘဲ တစ်ယောက်နှင့်တစ်ယောက် စူးစူးစိုက်စိုက် ကြည့်ဖြစ်ကြသည်။

ယခုအခါတွင် နှယ်ညိုမျက်နှာပြင်ပေါ်ရှိ ဒေါသ၏အရိပ်အရောင်များ အတန်အသင့် ကင်းစင်နေပေပြီ။

ပြဿနာ၏ အဖြေပေါ်ရေးမှာ ဆွေးနွေးရင်းမှပင် သံသရာလည်နေဆဲဖြစ်၏။ ဦးမြင့်ဆောင်ကလည်း ဝတ္တရားရှိသည့်အတိုင်း ကျန်သူများကို ဂရုတစိုက် မေး၏။ ကြာလာတော့ နားထောင်နေရသော အောင်နိုင်မှာ မနေသာတော့ဘဲ ဝင်ပြောရလေသည်။

"ကျွန်တော် တစ်ခုပြောပါရစေခင်ဗျာ"

သူ့စကားကြောင့် အားလုံးက သူ့ဘက်သို့ ကြည့်ကြလေသည်။

"ခုကိစ္စမှာ ဒီရွာသားတွေကို မေးနေလို့ကတော့ အခြေအနေထူးမှ မဟုတ်ပါဘူး"

ဦးမြင့်ဆောင်က တလွဲတွေးမိသောကြောင့် ...





"ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ၊ ကျွန်တော်လဲ တတ်နိုင်သမျှတော့ စစ်ဆေးနေတာပဲ"

အောင်နိုင်က သဘောကျစွာ ပြုံး၍ ....

"ကျွန်တော်ပြောတာက ဒါမဟုတ်ပါဘူး၊ ဦး မေးနေလဲ အကျိုးထူးမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တစ်တွေ ပြောနေဘာတွေဟာ အမှန်တွေချည်း ဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"

အားလုံး သက်ပြင်းချကြလေသည်။ တည်ငြိမ်စွာရပ်လျက် စကားပြောနေသော အောင်နိုင်ကိုလည်း လေးစားမှု ဖြစ်ကြလေသည်။ ထိုသူသည် ယခင်က ရောက်လာသော သစ်တာဝန်ခံများနှင့် ကွာခြားနေသည်က အမှန်ပင်။ ဒီသူငယ် စကားပြောမဆိုးဟုပင် ရိုးသားစွာတွေးမိကြသည်။

"အခုကိစ္စမှာ တစ်ဖက်နဲ့တစ်ဖက် အထင်လွဲမှုတွေ ဖြစ်နေတာလဲဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့ သစ်ကွက်ထဲက သစ်လုံးတွေ ပျောက်ရင် သစ်တောနဲ့အနီးဆုံးဖြစ်တဲ့ ကညင်ပင်ရွာသားတွေ လက်ချက်ဖြစ်မှာပဲလို့ ထင်ကြသလို ကျွန်တော်တို့ဘက်က တစ်ခုခု ဖြစ်ရင်လည်း ခင်ဗျားတို့ရွာသားတွေ လက်ချက်ဖြစ်မှာပဲလို့ မှတ်ယူနေကြတယ်၊ ဒီရွာသားတွေဘက်က ပြန်ကြည့်ပြန်ရင်လဲ ကိုယ်မလုပ်ဘဲ ကိုယ်မဟုတ်ပါဘဲ ခဏခဏ အစွပ်စွဲခံလာရတော့ ဒေါသဖြစ်လာပြီး ကျွန်တော်တို့ အလယ်ရွာသစ်စခန်းက လူတွေဆိုရင် မကြည့်ချင်လောက်အောင် မုန်းနေကြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများ ခေါင်းငုံ့၍ နားထောင်ကြသည်။

"အမှန်တော့ တရားခံဟာ ကျွန်တော်တို့တစ်တွေရဲ့ကြားမှာ သပ်သပ်ရှိနေလိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

အားလုံး တစ်ယောက်တစ်မျိုး ဆူညံစွာ ပေါ်ထွက်လာပြီးမှ တစ်ယောက်က မေးသည်။

"ဆရာက ဘယ်လိုထင်လို့လဲ"

"ခုနေတော့ အတပ်မပြောနိုင်သေးပါဘူး၊ ဒါပေမယ့် တစ်နေ့နေ့မှာတော့ ဒီအဖြေပေါ်အောင် ကျွန်တော်တို့ စုံစမ်းရမှာပါ၊ အဲဒီမှာ ကျွန်တော်တို့ချည်း စုံစမ်းတာထက် ဒီရွာသားတွေကပါ တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းစုံစမ်းပေးမယ်ဆိုရင် မကြာခင် အဖြေမှန်ပေါ်မယ်လို့ ကျွန်တော် ထင်ပါတယ်"

အားလုံး၏ မျက်နှာပြင်များပေါ်တွင် ကျေနပ်မှုအပြုံးရိပ်များ တစ်စွန်းတစ်စ ထင်ဟပ်လာ၏။ အောင်ခိုင်သည် နွယ်ညိုရှိရာသို့ အမှတ်မထင် လှမ်းကြည့်လိုက်သောအခါ မိမိရှိရာသို့ကြည့်နေသော မျက်လုံးအစုံနှင့် ဆုံမိလေသည်။ ယခုအခါတွင် သူမမျက်နှာမှာ ကျေနပ်မှုဖြင့် အပြုံးရိပ်သမ်းလာပြီး တင်းမာမှုများ ကင်းပျောက်သွားသောအခါ ပင်ကိုအလှများကို မြင်တွေ့ရသည်။

"ကဲ ... ကျွန်တော်ပြောတာ ဘယ်လိုသဘောရကြပါသလဲ"

"ဆရာပြောတာကို အင်မတန်မှ သဘောကျလက်ခံပါတယ်၊ ခုကိစ္စတွေမှာ ကျွန်တော်တို့က ဘုမသိဘမသိ ခံနေကြရတာပါ၊ သစ်





တွေကို နိုးယှဉ်မှုမပြောနဲ့ အိမ်သုံးအတွက်နဲ့ တခြားအသုံးလိုရင်တောင် မျောလေးသာလေး တစ်ခါတစ်လေ ဝင်ခုတ်ကြတယ်၊ ဖြစ်နိုင်ရင် ဝါးတွေနဲ့ပဲ သုံးကြတာပါပဲ၊ နောက်ပြီး သစ်တောကလူတွေကို ရန်ပြုဖို့ဆိုတာတော့ စိတ်တောင်မကူးမိကြပါဘူး၊ အဲ... ဒါပေမယ့် ကျွန်တော်တို့ကို မဟုတ်မဟပ် စွပ်စွဲခံရတာ နည်းနည်းတော့ ခံပြင်းမိသဗျ"

ရွာသားတစ်ဦးက စိတ်ထဲရှိသည့်အတိုင်း ရှည်လျားပွင့်လင်းစွာ ပြောချလိုက်သဖြင့် အားလုံး ရယ်ကြလေသည်။

ယခုအခါတွင် စကားဝိုင်းမှာ တင်းမာမှု၊ အထင်လွဲမှု၊ သံသယစိတ်များ ကင်းစင်နေပြီး ခင်မင်ရင်းနှီးမှုများဖြင့် တစ်စတစ်စ စိုပြည်လာ၏။ ထိုအချိန်၌ အောင်ခိုင်တို့အဖွဲ့သားများ၏ ရင်ထဲအသီးသီးတွင် လာစဉ်ကလို ဒေါသတရားများ ကင်းပျောက်သွားကြပြီး ကညင်ပင်ရွာသားများ၏ ခင်မင်ဖွယ် ရိုးသားမှုနှင့် ပွင့်လင်းဖော်ရွေမှုများကို သဘောကျနေ ကြလေသည်။

"အဲဒီတော့ဗျာ တစ်ဦးနဲ့တစ်ဦး အကြောင်းမသိခင်မှာ မပြေမလည်နဲ့ အထင်လွဲမှုလေးတွေကို မေ့လိုက်ကြပြီး တစ်ဦးနဲ့တစ်ဦး တိုင်တိုင်ပင်ပင် လက်တွဲဆောင်ရွက်သွားကြရင် မကြာခင်မှာပဲ အဖြေမှန်ပေါ်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

"ဟာ ...ဒီအကြံ သိပ်ကောင်းတာပေါ့ ဆရာ၊ ကျွန်တော်တို့ ဘက်ကလဲ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးဖို့ ကတိပြုပါတယ်ဗျာ"

ဤသို့ဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆွေးနွေးကြရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အချိန်တို့က တဖြည်းဖြည်း ကုန်ဆုံးသွားလေသည်။

ထိုနေ့က အောင်ခိုင်တို့အဖွဲ့သားများကို ကညင်ပင်ရှာကပင် နံနက်စာဖြင့် ကျွေးမွေးဧည့်ခံသဖြင့် ဖြူစင်သော ကညင်ပင်ရှာသားများအပေါ်တွင် တစ်ဖက်သတ်အထင်လွဲမှုများ ဖြစ်ခဲ့ရသည်ကိုပင် စိတ်မကောင်းဖြစ်ရသေးသည်။

အပြန်ခရီးတွင် အားလုံးပျော်ရွှင်နေကြသော်လည်း အောင်ခိုင်၏ စိတ်အစဉ်ကမူ ကညင်ပင်ရှာ၌ ကျန်ခဲ့သည့်အဖြစ်ကို ကာယကံရှင်ကိုယ်တိုင်သာ သိနိုင်တော့သည်။

++++++++++++++++++++

## *အသက်ယှူပွဲ*

ဦးစွာ သစ်လုပ်သားတို့၏ ဖြတ်ချထားသော သစ်လုံးများကို စုရပ်သို့ ရောက်အောင် သယ်ယူကြရလေသည်။ ထိုသို့ သယ်ယူရာတွင် ဆင်များကိုသော်လည်းကောင်း၊ ကျွဲနွားများကိုသော်လည်းကောင်း အသုံးပြုကြလေသည်။

နဖားဖောက်ထားသော သစ်လုံးများကို နိုင်ခံ့သောကြိုးများဖြင့် ဆွဲရသောလုပ်ငန်းမှာလည်း လွယ်ကူသောလုပ်ငန်း မဟုတ်ချေ။

တောခြေရှင်းလျှင် မထောင်းတာ၊ နယ်မြေကြမ်း၍ တောရှုပ်သည့်နေရာများတွင် လူအား ဆင်အားများကို အစွမ်းကုန်သုံး၍ ခက်ခက်ခဲခဲ ထုတ်ယူကြရလေသည်။





အောင်ခိုင်သည် သ ဆွဲရာ လမ်းတစ်လျှောက် အဆင်ပြေမှုရှိမရှိများကို လိုက်လံကြည့်ရှုနေ၏။ ဆင်သမား၊ ကျွဲသမားများပါမကျန် အလုပ်သမားများ အားလုံး လုပ်ငန်းခွင်တွင် အားကြိုးမာန်တက် လုပ်ကိုင်နေကြသည်ကို တွေ့မြင်ရသောအခါ ရင်ထဲမှာ ကြည်နူးဝမ်းသာမှု ဖြစ်ရလေသည်။

တောခွင်အနှံ့မှ ဆွဲချလာသော သစ်လုံးများကို စုရပ်သို့ရောက်လျှင် ချောင်းရေဖြင့် အဆုတ်အတက်ရှိလေရာ ရေနည်းနေသည့်အခါများတွင် တောင်ကျရေဆင်းလာသည်အထိ စောင့်ကြရသည်။

တောင်ကျရေဆိုသည်မှာ အရှိန်ပြင်းလှပေရာ ဆင်များ၊ ကျွဲများပင် ရေစီးဖြင့် ပါသွားလျှင် အသက်ဆုံးရှုံးတတ်ပေရာ သစ်လုံးများ မျှောချရန်မှာ ပို၍ အန္တရာယ်များလှပေသည်။ ရှောရှောရှူရှူရောက်သည့်အခါက နည်းပြီး လှမ်းခုလတ်တွင် သစ်ပင် ချုံနွယ်၊ ကျောက်ဆောင်း ကျောက်စွယ်များနှင့် ငြိနေတတ်သဖြင့် သက်စွန့်ကြိုးပမ်း သယ်ယူရတတ်ပေသည်။

အထက်ပိုင်းရှိ သစ်လုံးများကို စုရပ်သို့ သယ်ယူစုပုံပြီးသည်အထိ လုပ်ကိုင်ပြီးသည်နှင့် နေ့လယ်ဘက်တွင် ဆင်သေချောင်းခဘားနား၌ အနားယူကြလေသည်။

သဲမြေအေးစိမ့်စိမ့်ပေါ်တွင် ထိုင်၍ အနားယူရသည်မှာ အရသာတစ်မျိုးရှိလှသည်။ အသင့်ယူဆောင်လာသော စားသောက်ဖွယ်ရာများကို လက်ရေတစ်ပြင်တည်း ဝိုင်းဖွဲ့စားသောက်ရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ဖွယ်ကောင်းလှပေသည်။

"ဆရာကိုအောင်ခိုင်"

"ဗျာ ..."

"တစ်နေ့က ကညင်ပင်ရွာသွားတုန်းက စိတ်တွေ ဘယောက်ဘယက် မဖြစ်မိဘူးလားဗျ"

"ကျွန်တော်ဖြင့် ဘာမှ မဖြစ်မိပေါင်ဗျာ၊ ဘာဖြစ်လို့လဲဗျ ကိုမြင့်ဇော်"

"မသိပါဘူး။ အဲဒီနေ့က ဆရာ့မျက်လုံးတွေမှာ မရိုးမသားစိတ်တွေ ပေါ်နေသလားလို့ပါ။ တော်ကြာ ကညင်ပင်ရွာသူတွေနဲ့တွေ့ပြီး မောင်ကြီးမပြန်နိုင် ဖြစ်နေမှာစိုးလို့ပါ"

အားလုံး ပြုံးစိစိဖြစ်သွားကြသည်။ အောင်ခိုင်သည် အရှက်ပြေရယ်မောရင်း ထမင်းလုတ်ကို ငုံ့စားရင်းနှင့်ပင် နွယ်ညို့ကို အမှတ်မထင် သတိရနေမိသည်။ အကြောင်းမတိုက်ဆိုင်ပါဘဲလျက် မကြာခဏ သတိရနေခြင်းသည် ဖွဲ့လမ်းမှုတစ်မျိုးလော မပြောတတ်၊ သူ နွယ်ညို့ကို မကြာခဏ အမှတ်ရနေမိသည်။ အတွေးနစ်သွားသဖြင့် ပတ်ဝန်းကျင်ကို ခေတ္တမေ့သွားသောကြောင့် ပြုံးစိစိဖြင့် ....

"အဲဒီအမျိုးသမီးက မဆိုးဘူးနော်"

ရုတ်တရက်ပေမို့ဘေးနားမှ အပေါင်းဖော်များက နားမလည်ကြ။

"ဆရာ ဘာပြောတာလဲ"

"တစ်နေ့က တွေ့ခဲ့တဲ့ အမျိုးသမီးကို ပြောတာပါ။ သူ မဆိုးဘူးဗျ၊ မဟုတ်ဘူးထင်ရင် ပြတ်ပြတ်သားသား ပြောဝံ့တာကိုတော့ ချီး





ကျူးစရာပဲ"

"ဘယ်သူ့ကိုပြောတာပါလိမ့်"

"အာ ... မြင့်ဇော်ကလဲကွာ၊ တယ်ဒုံးဝေးတာကိုးကွ၊ ဘယ်သူပြောရမှာလဲ၊ ဟိုနေ့ကတွေ့ခဲ့တဲ့ ဦးထန်ရှိန်ရဲ့ မြေး နွယ်ညို့ကို ပြောတာ နေမှာပေါ့ဟ"

ကညင်ပင်ရွာသို့ အရောက်အပေါက်များပြီး ကျွမ်းဝင်ဟန်ရှိသော အန်ကယ်သိန်းက ဝင်ပြောလိုက်မှ သဘောပေါက်ကြလေသည်။

"အမျိုးသမီးက ရုပ်ချောသဘောကောင်းပါပဲ၊ ဒါပေမယ့် စိတ်ကြမ်းလှကြမ်းနဲ့ ကြောက်ဖို့ကောင်းသတဲ့"

"မဟုတ်မခံ စိတ်ဓာတ်မျိုးတော့ ချီးကျူးစရာပေါ့ဗျာ"

"သူတို့မိသားစုက မခေဘူး၊ သူ့အဘက စစ်ပြန်ကြီးလားမသိဘူး၊ ဒါပေမယ့် တပ်မဘော်မှာတော့ မဟုတ်ဘူး။ ခုတော့ ပျားဖွပ်တဲ့လုပ်ငန်းကိုပဲ ဇောက်ချလုပ်ကိုင်နေပါပြီ၊ နွယ်ညိုတို့က မောင်နှမနှစ်ယောက်ပဲ ရှိတယ်၊ ပမာခိုင်းရရင်တော့ နွံနစ်နေတဲ့ ပတ္တမြားလိုပေါ့ ဆရာရယ်၊ နွယ်ညိုက မဆိုးဘူး"

မကျွမ်းခင်က လွမ်းချင်ချင်ဆိုသလိုလို၊ လူချင်းမသိခင်ကတည်းက သူမဘဝကို တွေးတောစာနာနေမိသည်။

စကားတပြောပြောနှင့် စားသောက်နေကြစဉ်မှာ မိုးရိပ်များညို့တက်လာသည်ကို သတိထားမိကြသည်။

"ကဲဟေ့၊ မြန်မြန်လုပ်ကြကွာ၊ တောင်ပေါ်မှာ မိုးရွာနေရင်



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ဘူး"

အန်ကယ်သိန်းက လောဆော်လိုက်သဖြင့် စားသောက်ခြင်းအမှု လက်စသတ်လိုက်ကြသည်။ ထိုစဉ်မှာပင် မိုးဖွဲဖွဲရွာသွန်းလာ၏။ အားလုံးမှာ အရိပ်ကောင်းသော မအူပင်ကြီးတစ်ပင်အောက်သို့ မိုးဝင်ခိုကြလေသည်။

"ဒီမိုးလောက်တော့ စိုးရိမ်စရာမလိုပါဘူး၊ ဒါပေမယ့် သူ့ထက်နည်းနည်းများလာရင်တော့ တောင်ကျရေကြမ်းလာမှာ စိုးရိမ်ရတယ်၊ သိပ်ကြမ်းလာရင် သစ်မျှောဖို့ အခက်အခဲ ရှိနိုင်တယ်"

အန်ကယ်သိန်းစကားကြောင့် အောင်ခိုင်သည် ဆင်သေချောင်း အထက်ဘက်ဆီသို့ အမှတ်မထင် လှမ်းကြည့်လိုက်သည်။ စောစောပိုင်းက အဆိပ်မရှိသော မြွေတစ်ကောင်ပမာ ငြိမ်သက်နေသော ဆင်သေချောင်းမှာ ယခုအခါတွင် ရေစီးအားသိသိသာသာ ကြမ်းလာသည်ကို သတိပြုမိလေသည်။ ခဏချင်းမှာပင် တဝေါဝေါ မြည်သံကြီးများနှင့်အတူ ရေလုံးကြီးများ အရှိန်ဖြင့် ဆင်းလာသည်ကို ကြောက်မက်ဖွယ် မြင်ရလေသည်။

"တယ်ကြောက်ဖို့ ကောင်းပါလား"

"ဒီရေစီးအား တန့်သွားရင် သစ်မျှောလို့ရပြီ"

"ဒါဖြင့် အဆင်သင့်လုပ်ထားဖို့ စီစဉ်ပါ ကိုမြင့်ဇော်"

အောင်ခိုင်တို့အဖွဲ့မှာ မိုးဖွဲဖွဲအောက်မှာပင် သစ်လုံးများ မျှောချနိုင်ရေးအတွက် အလုပ်သမားများနှင့် အားကြိုးမာန်တက် လုပ်





ကိုင်နေကြလေသည်။ မိုးအေးအေးနှင့်ပေမို့ တော်ရုံပင်ပန်းသော်လည်း ပင်ပန်းသည်ဟု မထင်ကြပေ။

အတန်ကြာလျှင် စောစောက မြွေတစ်ကောင်ပမာ ဒေါသကြီးနေသော ရေမျက်နှာပြင်မှာ တစ်စတစ်စနှင့် ငြိမ်သက်လာသည့်နှင့် သစ်မျှောမည့် အလုပ်သမားများ၏ အော်သံများ ပေါ်ထွက်လာသည်နှင့်တစ်ပြိုင်နက် အောင်ခိုင်တို့အဖွဲ့ကလည်း အောက်ဘက်မှ အဖွဲ့သားများ ကြိုတင်ရှောင်ရှားနိုင်ရန် အော်ဟစ်အချက်ပေးလိုက်သည်။

"သစ်မျှောတော့မယ်ဗျို့၊ သစ်မျှောတော့မယ်"

တောသံဖြင့် ဟိန်းထွက်သွားသော အသံသည် တိတ်ဆိတ်နေသော တောမြေတစ်လျှောက် အတော်ဝေးဝေးမှပင် ကြားနိုင်လေသည်။ သို့မှသာ ရေပြင်တစ်လျှောက် သစ်လုံးများငြိရာနေရာကို ကြိုးစားပမ်းစား ဆင်းဖြုတ်နေကြသူများအဖို့ အထက်မှ အရှိန်ဖြင့် ဆင်းလာသော သစ်လုံးများ အန္တရာယ်မှ ကင်းဝေးပေမည်။ ဦးစွာ သစ်လုံးကို ကမ်းစပ်သို့ရောက်အောင် ကျွဲများဖြင့် ဆွဲချလာပြီး ကုပ်အား လူအားဖြင့် ရေထဲသို့ တွန်းချလိုက်ကြသည်။

ရေထဲသို့ ရောက်သွားသော သစ်လုံးကြီးများမှာ ချောင်းရိုးတစ်လျှောက် ကျောက်ဆောင်၊ ကျောက်ဖွယ်ကြီးများ[illegible] အရှိန်ပြင်းစွာဖြင့် ထိတွေ့နှုတ်ဆက်ကာ အောက်ဘက်သို့ မျှော[illegible]ကုန်၏။ စုရပ်တွင်ရှိသော သစ်လုံးများစွာကို ရေထဲသို့ချပြီးမှ အောင်ခိုင်တို့အဖွဲ့ ချောင်းရိုးအတိုင်း ကမ်းစပ်မှ လျှောက်ခဲ့ကြ[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းဘေးတစ်လျှောက် နွယ်ပင်များ၊ သစ်ကိုင်းများ၊ ကျောက်စွယ် ကျောက်စွန်းများနှင့် ကပ်ငြိနေသော သစ်လုံးများကို ခက်ခက်ခဲခဲ ဖွန်းထုတ် ဖြုတ်ပစ်ရလေသည်။

တဖြည်းဖြည်းနှင့် လျှောက်လာကြရာ ရေတံခွန်နှင့် နီးသော နေရာသို့ ရောက်သောအခါ ရေစီးအားပြင်းထန်နေသည်ကို မြင်ကြရသည်။ ယခုအခါတွင် မိုးစဲသွားပြီဖြစ်သော်လည်း ရေစီးအားကမကျသေး။

"ဟာ ... ဟေ့ ဟိုမှာ ... ဟိုမှာ"

မြင့်ဇော်က အလန့်တကြား လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်သောအခါ ရေပြင်ပေါ်မှ လူတစ်ယောက်ကို မြင်ရလေသည်။ ထိုသူသည် ရေထဲသို့ ကျနေသော နွယ်ကြိုးတစ်ချောင်းကို ဆုပ်ကိုင်ထားပြီး တွဲလောင်းကြီးဖြစ်နေလေရာ ဆိုင်းကြိုးပြတ်သော စွန်ကောင်သဖွယ် ချာလည်လည်နေလေသည်။

အောင်ခိုင်တို့သည် ရေစပ်သို့ ကပျာကယာ ဆင်းသွားကြသည်။ ထိုသူထံမှ ဗလုံးဗထွေး အသံများကို ကြားနေရသဖြင့် အကူအညီ လှမ်းတောင်းနေသည်ဟု ထင်ရသည်။ သူ၏ဘေးနားမှ အရှိန်ဖြင့်ဆင်းသွားကြသော သစ်လုံးကြီးများမှာ ဝေါခနဲ ဝေါခနဲဖြင့် ကြောက်မက်ဖွယ် ကောင်းလှပေသည်။

အကယ်၍သာ သစ်လုံးကြီးများနှင့် တည့်တည့်ဝင်ဆောင့်မိလျှင်သော်လည်းကောင်း၊ လက်လွှတ်ပြီး ရေစီးအားဖြင့် ပါသွားလျှင်သော်လည်းကောင်း ရေတံခွန်တွင်းဝယ် သစ်လုံးများနှင့်ပီကာ





ခေ့ချေညက်ညက် ကြေသွားလောက်ပေသည်။

အောင်ခိုင်တို့သည် တုံ့ဆိုင်းမနေကြတော့ဘဲ အသင့်ပါလာသော ကြိုးများကိုဆက်၍ ထိုသူထံရောက်အောင် ပစ်ပေးကြသည်။ ရေစီးအားကြောင့် ကြိုးစမှာ မြွေတစ်ကောင်ပမာ လွန့်လူးလျက် ထိုသူ့အနီးသို့ ရောက်သွားလေသည်။

"ဟေ့လူ ခင်များနားမှာ ကြိုးစရောက်နေပြီ၊ မိအောင်ဆွဲထား"

အောင်ခိုင် အော်ပြောလိုက်သည်ကို ရေထဲမှလူသည် ကြားသွားဟန်ဖြင့် လက်တစ်ဖက်လွှတ်၍ ရေပြင်သို့ ဇွေ့ယမ်းလေရာ မကြာမီ ကြိုးစကို ဆုပ်ကိုင်မိသွားလေသည်။

"ဟုတ်ပြီ ဟုတ်ပြီ မြဲမြဲကိုင်ထားဗျို့၊ ကျွန်တော်တို့ ဆွဲတင် မယ်"

ခက်ခက်ခဲခဲပင် ဆွဲတင်ကြရသည်။ ရေစီးအားဖြင့် လူတစ်ယောက် အလေးချိန်ကို ဆွဲတင်ရသည်မှာ လွယ်ကူသောအရာ မဟုတ်ပါပေ။ ဆွဲတင်နေချိန်အတွင်းဝယ် သစ်လုံးတစ်လုံးနှင့် လူကိုသော်လည်းကောင်း၊ ကြိုးစကိုသော်လည်းကောင်း ဝင်မတိုးမိပါစေနှင့်ဟုသာ ဆုတောင်းကြရသည်။ ထိုသူ ကံကောင်းပါသည်။

အချိန်အတော်ကြာသည်အထိ ခက်ခက်ခဲခဲ ဆွဲတင်လိုက်မှ ကမ်းပေါ်သို့ ရောက်လာတော့သည်။ အတော်ကို ပင်ပန်းနေဟန်ဖြင့် ကမ်းပေါ်သို့ ရောက်သည်နှင့် မိန်းမောသလို ဖြစ်သွားသည်။ သူတို့အဖွဲ့ကပင် တတ်အားသရွေ့ ပြုစုပေးနေစဉ်မှာ တောစပ်မှ ပြေးလာသော ခြေသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ဦး တွေ့ရသည်။ ထိုလူကြီးမှာ ဦးထန်ရှိန်ဖြစ်ကြောင်း ကောင်းစွာ မှတ်မိနေ၏။

"လူလေး လူလေး"

နှုတ်မှ တတွတ်တွတ် ခေါ်ရင်း အနီးသို့ ပြေးလာသည်။

"စောထူး၊ စောထူး"

"စိတ်မပူပါနဲ့ အဘ၊ သူ မကြာခင် သတိရမှာပါ ဘယ်လိုဖြစ်ကြတာလဲ"

"မပြောပါနဲ့တော့ မောင်ရယ်၊ ပျားရှာရင်း ချောင်းဖြတ်ကူးတာ တောင်ကျရေနဲ့ မိတာပါပဲ"

"မသေကောင်း မပျောက်ကောင်း အဘရယ်၊ ဒါပေမယ့် သူ သိပ်ကံကောင်းတယ်၊ ကမ်းဘေးမှာ နွယ်ကြိုးတစ်ချောင်းကို ဖမ်းဆွဲမိထားတုန်း ကျွန်တော်တို့နဲ့ တွေ့တာပါပဲ၊ တကယ်လို့သာ သစ်လုံးတစ်လုံးနဲ့ ဝင်ဆောင့်မိရင် မလွယ်ဘူး"

ထိုအခိုက်မှာပင် စောထူး သတိရလာလေသည်။ သို့သော် ကောင်းစွာမရပ်နိုင်သေး။

"မင်း သတိရပြီလား"

"ကျွန်တော် ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ"

အောင်ခိုင်ကပင် အတိုချုပ်၍ ရှင်းပြသည်။ ထိုအခါမှ ကောင်းစွာ သဘောပေါက်သွားပြီး အောင်ခိုင်တို့ကို အလွန်ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်လေသည်။





"ကျေးဇူးတင်ပါတယ်၊ အစ်ကိုတို့နဲ့သာ မတွေ့ရင် ကျွန်တော် တော့ မလွယ်ဘူး၊ နွယ်ကြိုးဆွဲထားတဲ့လက်ကလဲ အံသေနေပြီ"

စောထူးက နေရာမှ လူးလဲထသည်။ သို့သော် ကောင်းစွာ မထနိုင်သေး။ ခြေထောက်တွင် ဒဏ်ရာပြင်းစွာ ရထားဟန်ရှိ၏။ ငုံ့ကြည့်လိုက်သောအခါ ဒူးဆစ်အောက်တွင် တစ်စုံတစ်ခုဖြင့် တိုက်မိထားဟန်ရှိသော ဒဏ်ရာမှ သွေးများ တစိမ့်စိမ့်ထွက်နေလေသည်။

"အား ... ကျွန်တော် လျှောက်လို့မရတော့ဘူး၊ ဒူးဆစ်များ လွဲသွားသလားမသိဘူး"

အောင်ခိုင်က ဘေးမှဝင်တွဲ၍ ရပ်ပေးကာ ထလိုက်သဖြင့် မြင့်ဇော်က တစ်ဘက်မှ ဝင်ကူလေသည်။

"မင်းကြည့်ရတာ လမ်းလျှောက်နိုင်မယ့်ပုံမပေါ်ဘူး၊ ရွာပြန်ရမှာ ခရီးက လှမ်းနေသေးတယ်၊ တို့ လိုက်ပို့ပေးမယ်"

"အာ ... အားနာစရာ ဆရာတို့ရာ၊ ခုလို အသက်ကယ်ခဲ့တာကိုပဲ ကျေးဇူးတင်နေပါပြီ၊ ခုလိုပြောတာ ကျွန်တော်ဝမ်းသာပါတယ် ဆရာတို့ အလုပ်ပျက်နေပါ့မယ်"

"ဘယ်ဟုတ်မလဲကွာ၊ ဒုက္ခရောက်နေတုန်း အကူအညီပေးရတာပဲ၊ အားနာစရာမလိုပါဘူး၊ တို့လဲ အလုပ်ပြီးနေပါပြီ၊ ကဲ ဒီမှာ ခဏစောင့်နေနော်၊ တို့ သစ်လုံးတွေ ချောချောမောမော ရောက် မရောက် စစ်ဆေးပြီးရင် ပြန်လာခဲ့မယ်"

ဦးထန်ရှိန်က အားနာဟန်ဖြင့် တဖွဖွပြောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင်တို့သည် ရေကဲ့ခွန်အလွန် စုရပ်တွင် မွှေးချသော သစ်လုံးများကို ရေဘွက်စစ်ဆေး၍ စုရပ်တာဝန်ခံများကို လွှဲပြောင်းပေးခဲ့ပြီး တဖန်ပြန်လာခဲ့လေသည်။

အပြန်ခရီးတွင် အောင်ခိုင်နှင့် မြင့်ဇော်က စောထူးကို တစ်ဖက်တစ်ချက်စီ တွဲလျက် ဦးထန်ရှိန်က ရှေ့မှလမ်းရှင်းပြီး နောက်မှ အန်ကယ်သိန်းက လက်နက်များကိုလွယ်၍ သတိဖြင့် လိုက်ခဲ့လေသည်။

+++++++++++++++++

## အသက်လှူပွဲ

ခြံဝင်းထဲသို့ ဝင်လိုက်သည်နှင့် အိမ်ထဲမှ အမျိုးသမီးတစ်ဦး ပြေးထွက်လာသည်။

"မောင်လေး၊ နင်ဘာဖြစ်လာတာလဲ"

"အိမ်ပေါ်ရောက်မှ ငါ ပြောပြပါ့မယ်ဟာ၊ ငါ့အတွက် အရေးမကြီးပါဘူး၊ ဒီက ဆရာတို့ကို ဧည့်ဝတ်ကျေအောင်သာ လုပ်စမ်းပါ"

ထိုအခါမှ နွယ်ညိုသည် အောင်ခိုင်တို့ကို သတိထားမိလေသည်။ မှတ်မိနေသော မျက်လုံးချင်း တစ်ကျော့ပြန်ဆုံကြချိန်တွင် ရင်အစုံတို့ အခုန်မြန်ကြလေပြီး အခြေအနေကို ရိပ်မိသွားသော အန်ကယ်သိန်းနှင့် မြင့်ဇော်တို့၏ ပြုံးစိစိမျက်နှာများကြောင့် နွယ်ညို့ခမျာ အနေရခက်သွားသည့်နှယ် ချက်သွားရာချ၍ အိမ်ပေါ်သို့ တက်ခဲ့လေသည်။ ရင်ထဲကမူ 'အကြည့်ရဲလှချည်လား ကိုဧည့်သည်





ရယ်' ဟု ရေရွတ်နေမိလေသည်။

အိမ်ပေါ်ရောက်သောအခါ ဧည့်သည်ကို နေရာပေး၍ စောထူးဒဏ်ရာကို ဆေးကြောသုတ်သင်ပြီး ဆေးထည့်ပေးသည်။ သူမ၏လှုပ်ရှားမှုများ သွက်လက်ဖျတ်လတ်လွန်းသဖြင့် ကြည့်၍ကောင်းလှပေသည်။ အောင်ခိုင်မှာ ဧည့်ကောင်းပီသစွာ ပထမဦးဆုံးရောက်သောအခိုက်ဂယ် အလိုက်ကန်းဆိုးမသိ အိမ်တွင်းသို့ လှည့်ပတ်ကြည့်ရှုခြင်းမရှိသော်လည်း စိတ်ကွင်းမှ သက်သာမကာင်း ရှိနေလေသည်။

ထိုစဉ် နွယ်ညိုက ရေနွေးကြမ်းနှင့် ဆတ်သားခြောက်မီးဖုတ်ကို ဆီရွှဲရွဲဆမ်းထားသည့် ပန်းကန်နှင့် ပျားရည်ပန်းကန်တို့ကို သူတို့ရှေ့သို့ ချပေးလာသည်။

ယူလာသော အစားအစာများမှာ တွဲ၍ စားသုံးလျှင် လိုက်ဖက်မှု မရှိလှသော်လည်း တစ်ခုချင်းအနေဖြင့် သန့်ရှင်းလတ်ဆတ်၍ အရသာရှိမည်ဟု မှတ်ထင်မိကြသည်။

သူတို့အဖွဲ့သည် ဦးထန်ရှိန်နှင့် စကားပြောနေကြစဉ်မှာပင် နွယ်ညိုသည် မနီးမဝေးမှ ဝေယျာဝစ္စများ ပြုလုပ်ပေးရှာသည်။

"ဆရာ့ကို ဟိုသစ်ခိုးသမားတွေ ကိစ္စနဲ့လာကတည်းက ကျွန်တော်က မှတ်မိနေတာ၊ အဲဒီတုန်းက ဆရာပါလာလို့ ပြဿနာအေးချမ်းသွားတာလို့ ကျွန်တော်ထင်တယ်"

"မင်းကိုလဲ မှတ်မိပါတယ် မောင်စောထူး"

"ဒါထက် သစ်ခိုးသမားတွေကို မမိသေးဘူးလား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်နေတုန်းပါပဲကွာ၊ ခုထိတော့ ခြေရာမခံမိသေးပါဘူး"

"ဒါပေမယ့် တစ်နေ့နေ့တော့ မိမှာပါ"

"ဒါကတော့ကွာ၊ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး၊ မကောင်းမှုလုပ်တဲ့သူတွေအဖို့ အချိန်သက်ဆိုးမရှည်ကြပါဘူး။ တစ်နေ့နေ့တော့ မကောင်းမှုဒဏ်ကို ခံကြရတာပါပဲ၊ ကဲ စကားပြောလို့ ကောင်းတယ်၊ အချိန်မရှိတော့ဘူး၊ ကျွန်တော်တို့ ပြန်ဦးမယ်"

အောင်နိုင်က စကားစကိုရပ်၍ ဦးထန်ရှိန်ဘက်သို့ လှည့်၍ နှုတ်ဆက်လေသည်။

"ထမင်းစားပြီးမှ သွားကြပါကွယ်၊ ဒီမှာ ကလေးမက အားလုံး စီစဉ်ပြီးနေပါပြီ"

"အားနာစရာ အဘာရယ်၊ ဒုက္ခမရှာပါနဲ့ နောက်များကြုံမှပဲ စားပါရစေတော့၊ ကဲ သွားလိုက်ပါဦးမယ်"

အောင်နိုင်တို့ ပြန်ရန် ပြင်ဆင်နေသောအခါ မီးဖိုချောင်မှ စားသောက်ဖွယ်များ ပြင်ဆင်နေသော နွယ်ညိုက ကပျာကယာ ထွက်လာလေသည်။

"အို ... ပြန်ကြတော့မှာလား၊ ဒီမှာ အားလုံး အဆင်သင့်ဖြစ်ပြီး နေပြီ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ အပြန်သိပ်နောက်ကျနေရင် စခန်းက သိပ်စိတ်ပူနေမှာစိုးလို့ပါ"

နွယ်ညိုက မကျေနပ်ဟန်ဖြင့် နှုတ်ခမ်းကို မသိမသာ စူထား





လေသည်။ စိတ်တွင်းကမူ 'ဒုက္ခပါပဲ၊ ဒီမှာဖြင့် သူတို့စားမယ်မှတ်လို့ အပင်ပန်းခံပြီး စီစဉ်လိုက်ရတာ၊ ခုတော့ ဒါတွေက ဘာလုပ်ပစ်ရမှာလဲ' ဟု မကျေမနပ်ဖြင့် တွေးနေမိသည်။

"နောက်လဲ အချိန်ရရင် လှည့်ဝင်ပါဆရာ၊ ကျွန်တော့်အသက်ကယ်ခဲ့တဲ့ ကျေးဇူးကတော့ ဆပ်လို့မကုန်တော့ပါဘူးနော်၊ ဆရာ၊ ကျွန်တော်တို့ဆီ တစ်ခေါက်လောက် လာခဲ့ပါဦး"

"စိတ်ချပါ မောင်စောထူး"

သူတို့အဖွဲ့ အိမ်အောက်သို့ရောက်လျှင် ပြတင်းပေါက်မှ မသိမသာ လှမ်းကြည့်နေသော နွယ်ညိုကို မြင်ရသဖြင့် လက်ပြနှုတ်ဆက်လိုက်သည်။ အပြန်လမ်းတွင် ရင်ထဲ၌ ဟာနေသည်ဟု ခံစားရသည်။ လမ်းလျှောက်ရသည်ကိုပင် အဆင်မပြေလှ၊ အင်အားများ လျော့ပါးနေသဖြင့် လေးလံနေသည်။

"ဘယ်လိုလဲ ဆရာရဲ့၊ လေးလှချည်လား။ တော်ကြာ ရိုးမထဲမှာတင် မိုးချုပ်နေဦးမယ်"

"ရပါတယ်၊ မမှောင်ခင် စခန်း ပြန်ရောက်မှာပဲ"

ရိုးမတောထဲသို့ ရောက်သောအခါ မိုးမချုပ်သေးပေမယ့် သစ်ရိပ် တောရိပ်ကြောင့် အတန်ငယ် မှောင်နေပေပြီ။ သို့ကြောင့် အစစအရာရာ သတိထားနေရသည်။ ခပ်လှမ်းလှမ်းနေရာများမှ သားကောင်ကြီးများ၏ အော်သံကိုလည်းကောင်း၊ အရိပ်အယောင်များကို သော်လည်းကောင်း။ တစ်စွန်းတစ်စ ကြားတွေ့နေရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောတွင် လွယ်ထားသော သေနတ်များကိုဖြုတ်၍ အသင့်ကိုင်ထားရသည်။

"တွေ့ချင်တဲ့အကောင် တွေ့ပစေ၊ တစ်စခ်ီဖြစ်အောင် ဆော်ထုတ်လိုက်မယ်"

မြင့်ဇော်က အသားလွတ်ကြိမ်းသည်။

"ကိုယ်က မဆော်ခင် သူက အလွတ်ဝင်ဆော်သွားမှ ဟုတ်နေမယ်"

"ရပါတယ် အန်ကယ်သိန်းရာ"

မိနစ်အနည်းငယ် လျှောက်လိုက်ကြသည်နှင့် သစ်ကွက်အစပ်များသို့ ပြန်ရောက်ကြလေပြီ။ ယခုအချိန်သည် အလုပ်သိမ်းချိန်ဖြစ်သဖြင့် သစ်ကွက်တွင်းဝယ် တိတ်ဆိတ်နေ၏။

ထိုစဉ် ........

"ရှူး ...."

"ဒုတ်"

"အား ......"

မမျှော်လင့်သောအသံ ပေါ်ထွက်လာပြီး နောက်ဆုံးမှ လျှောက်နေသော မြင့်ဇော် ကျောကော့လျက် လဲကျသွားသည်။ အောင်ခိုင်တို့ အံ့ဩစွာ လှည့်ကြည့်လိုက်သောအခါ ကျောတွင်မြားတစ်စင်းဝင်နေသည်ကို မြင်ရသဖြင့် တုံ့ဆိုင်းမနေတော့ဘဲ နောက်ထပ်မြားတံများ ထပ်ဝင်မလာမီ နီးစပ်ရာသစ်ပင်များဘေးသို့ ပြေးဝင်လိုက်ကြသည်။ မြင့်ဇော်သည် ပြင်းထန်သောဒဏ်ရာကြောင့် ညည်းညူ





လျက် လဲကျသွားရင်း လက်ထဲတွင် ကိုင်ထားသော သေနတ်မှ ဒိုင်းဟူသော သေနတ်သံတစ်ချက် ကျယ်လောင်စွာ ပေါ်ထွက်လာ၏။

လှိုဏ့်ဖုက်ရန်သူ၏ တိုက်ခိုက်မှုကြောင့် မိမိတို့ဘက်မှ တစ်ပန်းရှုံးနေသော်လည်း သတ်မပြတ် ထားကြရင်း မြားဝင်လမ်းကို ခန့်မှန်း၍ လူစုခွဲပြီး ခြေရာဖျောက်လိုက်ကြသည်။

အမှောင်ရိပ်သမ်းနေသော ရိုးမထဲမှ အသက်လုပွဲမှာ ရင်ထိတ်ဖွယ်ရာ ဖြစ်လာချေပြီ။

သေနတ်ကို အသင့်ပြင်လျက် သစ်ပင်များကိုကွယ်ကာ ပြေးလာသော အောင်ခိုင်သည် တစ်နေရာအရောက်တွင် ခေတ္တနားရှ၍ အခြေအနေကို ကြည့်သည်။ တိတ်ဆိတ်နေသော တောတွင်းဝယ် သာမန်လှုပ်ရှားမှုများသာ ရှိနေလေ၏။ ထို့ကြောင့် နောက်တစ်နေရာသို့ နေရာပြောင်းသည်။ သစ်ပင်ဘေးမှ ခုန်ထွက်လိုက်သည်နှင့် သူ့ခြေထောက်ချမည့် မြေကွက်လပ်ပေါ်သို့ မြားတစ်စင်း အရှိန်ပြင်းစွာဖြင့် စိုက်ဝင်လာသည်။

"ဒုတ်"

"ရှေ့ကို တစ်လှမ်းမှ မတိုးနဲ့"

သစ်ပင်ခွကြားတွင် ဒူးလေးကို အကျအနတင်ကာ မိမိရှိရာသို့ ချိန်ရွယ်ထားသည်ကို တွေ့ရသည်။ သို့ကြောင့် နေရာမှာတွင် ရပ်လိုက်ရသည်။ ဘေးဝန်းကျင်သို့ အကဲခတ်ကြည့်ရှုလျှာ သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများမှလွဲ၍ အခြားလှုပ်ရှားမှု မတွေ့ရသော်လည်း မိမိမမြင်နိုင်သော နေရာများတွင် သေမင်းတမန် မြားတံများစွာဖြင့် ချိန်ရွယ်ထားလိမ့်မည်ဟု တွက်ဆမိသည်။

"မောင်ရင်၊ သေနတ်ကို အောက်ချလိုက်ပါ။ မျက်စိနောက်အောင် လုပ်တာနဲ့ ကပ်ဖြိုင်နက် မောင်ရင့်ကိုယ်ပေါ်ကို မြားတံတွေ အပြိုင်လိုက် ပစ်သွင်းလိုက်မယ်"

"ကြိမ်းလှချည်လားဟ"

တစ်ကိုယ်တည်းရေရွတ်ရင်း အခြေအနေသည် သူ့ရဲကောင်းဆန်စွာ ပြုလုပ်၍မရမှန်း နားလည်လိုက်သဖြင့် သေနတ်ကို လွှတ်ချလိုက်ရသည်။ ထိုအခါမှ သစ်ပင်တစ်ပင်ပေါ်မှ မျက်နှာစိမ်းလူကြီးတစ်ယောက် ခုန်ဆင်းလာသည်။ ထိုသူ ခုန်ဆင်းလာပုံမှာ တောကြောင်တစ်ကောင်အလား ပေါ့ပါးလျင်မြန်လှသည်။

"ခင်ဗျားဘယ်သူလဲ"

"ကျုပ်ဘယ်သူလဲဆိုတာ မောင်ရင် သိဖို့မလိုဘူး၊ မောင်ရင်ဘယ်သူဆိုတာတော့ ကျုပ်က သိတယ်"

"ခင်ဗျား ဘာလိုချင်တာလဲ"

"ကျုပ် လိုချင်တာက မောင်ရင်နဲ့ စကားနည်းနည်းပြောချင်တယ်"

"ပြောပါ။ ဘာပြောချင်လဲ"

"ဖြည်းဖြည်းပေါ့ကွာ၊ လောလှချည်လား"

ထိုသူက အေးအေးဆေးဆေးလျှောက်လာပြီး အောင်ခိုင့်ရှေ့





တွင် စိုက်ဝင်နေသော မြားတံကို ဆွဲနုတ်ယူလိုက်သည်။

"တကယ်လို့သာ ဒီမြားနဲ့ထိလိုက်ရင်တော့ ငါးမိနစ်အတွင်း သေမှာပဲကွ"

မြားတံဖျားကို လက်ဖြင့်သပ်၍ မထေ့တထေ့ ပြောလိုက်ဟန်မှာ တဖက်လူအဖို့ ကျောစိမ့်ဖွယ်ရာ ဖြစ်စေသည်။ အတန်ကြာမှ မြားတံကို ကျောတွင်လွယ်ထားသော မြားဘူးတွင်းသို့ နောက်ပြန်ထိုးသွင်းလိုက်ပြီး စကားစသည်။

"မောင်ရင့်နာမည် အောင်ခိုင်ဆိုတာရယ်၊ မောင်ရင်ဟာ ပျဉ်းမရယ်သစ်တောက ဒီကိုပြောင်းလာတဲ့ သစ်တောအရာရှိဆိုတာရော၊ နောက်ပြီး သစ်ကွက်အမှတ် ၃-၅ မှာ တာဝန်ယူထားရတယ်ဆိုတာပါ ကျုပ်တို့က အကုန်လုံးသိနေတယ်၊ ဒီတော့ မောင်ရင်နဲ့ ကျုပ်တို့ အပေး ယူလုပ်ကြရအောင်"

အောင်ခိုင်က အန်ကယ်သိန်း၏ အရိပ်အခြည်ကို တစေ့တစောင်း အကဲခတ်ရင်း 'ပြောပါ' ဟု ဆိုသည်။

"တိုတိုပြောရရင်တော့ မောင်ရင့်သစ်ကွက်တွေထဲက သစ်နည်းနည်း ထုတ်ယူချင်တယ်"

"ဗျာ ...."

"သိပ်တာဝန်မကြီးပါဘူးလေ၊ ကျုပ်တို့အဖွဲ့ သစ်ဝင်ယူရင် မသိချင်ယောင်ဆောင်ပေးရုံပါပဲ"

"ခင်ဗျားတို့ သိပ်ယုတ်မာပါလား။ ဒီလို အောက်တန်းကျတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို လုပ်လိမ့်မယ်လို့ ထင်နေသလား”

“စဉ်းစားပါဦးလေ၊ ကျုပ်တို့ဘက်ကပေးမယ့် အခွင့်အရေးကလဲ မနည်းစေရပါဘူး။ မောင်ရင် စိတ်ကျေနပ်အောင် ရပါစေ့မယ်”

အောင်ခိုင်က လက်နှစ်ဖက်ကို ခါးတွင်ထောက်၍ တင်းမာစွာ ဆိုလေသည်။

“ခင်ဗျားတို့ဟာ ကိုယ်ကျိုးတစ်ခုပဲကြည့်တတ်တဲ့ သစ်ခိုးဖောက်တွေပဲ၊ နိုင်ငံတော်က ပိုင်ဆိုင်တဲ့သစ်လုံးတွေကို နည်းအမျိုးမျိုးနဲ့ ခိုးထုတ်ပြီးတော့ ကိုယ်ကျိုးရှာနေကြတာပဲ၊ ဒါမျိုးတော့ ကန်တော့ဆွမ်းပဲ၊ ဘယ်တော့မှ အားမပေးနိုင်ဘူးဗျ။ ခင်ဗျား ဘယ်လောက်ပေးမယ်ပြောပြော ကျုပ် လက်မခံနိုင်ဘူး၊ ဒါပဲ”

ထိုသူက ‘ပြတ်သားလှချည်လား’ ဟု တိုးတိုးဆိုကာ ပါးစပ်ကို လက်ဖြင့်အုပ်၍ တိုးတိုးရယ်လေသည်။ မှောင်ရိပ်သမ်းနေသော တောတွင်းမှာပင် မှေးထားသော သူ့မျက်ဝန်းမှာ အရောင်လက်နေသည်ကို မြင်ရသည်။

“အခု မောင်ရင့်အသက်ဟာ ကျုပ်တို့လက်ထဲမှာရောက်နေတယ်ဆိုတာရော သဘောပေါက်ရဲ့လား၊ အသံမကြားရဘဲ ရောက်လာမယ့် မြားတစ်ချက်ဟာ ချက်ချင်းသေသွားစေနိုင်တယ်နော့”

“ဒါကို မကြောက်ပါဘူး။ ကျုပ်မရှိလဲ ကျုပ်နေရာကို နောက်တစ်ယောက် ထပ်ရောက်လာဦးမှာပဲ၊ ကျုပ်လိုလူစားတွေ အများကြီးပါဗျာ”





“မောင်ရင်ဟာ ကျုပ်တွေ့ဖူးသမျှ လူတွေထဲမှာတော့ စကားပြောရတာ လက်ပေါက်အကပ်ဆုံးပါပဲ၊ စဉ်းစားပါဦးလေ၊ လူတစ်ယောက်အသက်ဟာ ဘယ်အရာနဲ့မှ တန်ဖိုးဖြတ်လို့ မရနိုင်ပါဘူး”

အောင်ခိုင် တစ်စုံတစ်ခုပြန်ပြောရန် အားယူလိုက်စဉ်မှာပင် ရုတ်တရက်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဝမ်းသာသွားမိသည်။ တောစပ်တစ်နေရာမှာ အန်ကယ်သိန်းကို တွေ့လိုက်ရပြီး ‘ဒိုင်း’ ဟူသော သေနတ်သံတစ်ခုကြောင့် ရှေ့မှလူမှာ ‘အား’ ခနဲ အော်၍ ရှေ့သို့လဲကျလာရာ အောင်ခိုင်မှာ တုံ့ဆိုင်းမနေတော့ဘဲ ရှေ့မှသေနတ်ကို ကောက်၍ တောတွင်းသို့ လိမ့်ဝင်လိုက်သည်။ မရှေးမနှောင်းမှာပင် စောစောက သူရပ်နေရာသို့ မြားတံများ စိုက်ဝင်လာလေသည်။

အောင်ခိုင်သည် ရန်သူ့ပစ်ကွင်း ကွယ်လောက်သော နေရာသို့ ရောက်လျှင် သေနတ်မောင်းကိုဆွဲတင်၍ ပစ်ကွင်းကို ရှာသည်။ မြားဝင်လမ်းများကို မှန်းဆရသော်လည်း မှောင်နေပြီမို့ ရုတ်တရက် မလွယ်။ ထိုစဉ် သူရောက်နေရာ ဘေးမှသစ်ပင်ကို မြားတံတစ်ချက် လာစိုက်သည်။

“ရွှီ ..... ဒုတ်”

အောင်ခိုင် လှည့်ကြည့်လိုက်စဉ် “ဒိုင်း” ဟူသော သေနတ်သံ တစ်ချက် ပေါ်လာသည်။ အန်ကယ်သိန်း လက်ချက်ဖြစ်မည်။ သေနတ်သံကြောင့် လှုပ်ရှားသွားသော ပစ်မှတ်တစ်ခုကို မြင်လိုက်ရသဖြင့် ဆက်ကျအန



www.burmeseclassic.com

www.burmeseclassic.com



ချိန်ရွယ်လျက် သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။

"ဒိုင်း ....."

'အား' ဟူသော အသံနှင့်အတူ သစ်ပင်ပေါ်မှ မည်းမည်း သဏ္ဍာန်တစ်ခု ထိုးကျသွားသည်။ အောင်နိုင် နေရာပြောင်းလိုက်သည်။ မကြာခင် အန်ကယ်သိန်းနှင့်အတူ လူချင်းဆုံမိကြသည်။

"ဟော့ မောင်အောင်နိုင်"

"အန်ကယ်သိန်း"

"တောထဲမှာ သိပ်မှောင်နေပြီ လစ်ကြမှထင်တယ်၊ ဖော်ကြာ သူတို့လူတွေ ထပ်ရောက်လာရင် ခက်မယ်"

နှစ်ယောက်သား ထိုနေရာမှ လျင်မြန်စွာထွက်ခွာလာကြသည်။ လမ်းခုလတ်ရောက်မှ စခန်းမှ လိုက်လာသော အဖွဲ့နှင့် ဆုံမိကြလေသည်။ အကျိုးအကြောင်း မေးမြန်းပြောဆိုကြပြီး တောတွင်းသို့ တစ်ဖန် ပြန်ဝင်ကြလေသည်။ ယခုအခါတွင် မီးတုတ်များ လက်နှိပ်မီးရောင်များဖြင့် အတော်လှမ်းလှမ်း ဝန်းကျင်သို့ပင် မြင်နိုင်လေရာ အခက်အခဲမရှိ တိုးဝင်လာနိုင်ကြပေသည်။ လက်နက်အင်အား၊ လူသူအင်အားများသော်လည်း လျှို့ဝှက်ရန်သူကိုမူ သတိထားနေရ၏။ အသံတိတ်ဝင်လာတတ်သော မြားတံများ၏ အန္တရာယ်ကလည်း ကြောက်ဖွယ်လိလိ ရှိလှပေသည်။

အခင်းဖြစ်ပွားသည့် နေရာတစ်ဝိုက်သို့ ပြန်ရောက်သောအခါ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသဖြင့် လူစုခွဲ၍ အလျင်အမြန်လိုက်





ရှာကြသော်လည်း ရန်သူတစ်ဦးတလေ၏ အရိပ်အယောင်မျှပင် မတွေ့ရတော့ဘဲ သစ်ရွက်များပေါ်တွင် စွန်းထင်းနေသော သွေးစက်စက်များကို တွေ့ရတော့သည်။ ရန်သူဘက်မှ သူတို့လက်ချက်မိသွားသော လူများသည် ယခုအခါတွင် တစ်ဦးတလေမျှ မတွေ့ရတော့ဘဲ ရှိနေသဖြင့် မကျေမနပ် ဖြစ်ကြရလည်း။

အလောင်းများသည် မြေကြီးထဲသို့ ယက်ဝင်သွားသည်တော့ မဖြစ်နိုင်။ သဲလွန်စမကျန်အောင် သယ်ယူသွားခြင်းသာ ဖြစ်လိမ့်မည်။

ထို့ကြောင့် မြင့်ဇော်အလောင်းကို ရှာကြသည်။ မကြာခင်မှာ သစ်ချုံတစ်ချုံဘေးတွင် ကျောမှာ မြားတန်းလန်းနှင့် အသက်ပျောက်နေရှာသော မြင့်ဇော်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရလေသည်။

+++++++++++++++

<u>*မေတ္တာဆည့်သည်*</u>

"ဒီကောင်တွေရှိတယ်ဆိုတာကိုတော့ အလျင်ကတည်းက သိပါတယ်၊ ဒါပေမယ့် ဒီလိုအင်နဲ့အားနဲ့ အဖွဲ့အစည်းနဲ့ ရှိလိမ့်မယ်လို့ မထင်ခဲ့မိဘူး"

စခန်းတွင်းဝယ် လူစုံနီးပါး ရှိနေကြသည့်အပြင် ခေါ်ယူထားသော ရှောင်းခေါင်းလက်နက်ကိုင်တပ်စုများပါ ရှိနေကြသည်။ သူတို့အားလုံးသည် သစ်ကွက်အုပ်ကြီး ဦးဌမ်ရိုန် ပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသစ်တောဘက်မှာ ခုလို လူသတ်မှုဖြစ်တာဟာလဲ ပထမဦးဆုံးအကြိမ်ပဲ၊ အင်မတန်ဆိုးရွားတဲ့အဖြစ်ပဲ"

"ဟာ ... ဆိုးတာတော့ မပြောနဲ့ ဆရာကြီး၊ မြင့်ဇော် သေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျန်လူတွေတောင် အလုပ်ဖြောင့်အောင် မလုပ်ဝံ့ကြတော့ဘူး"

"ဒီအတွက်တော့ မပူကြပါနဲ့၊ အခုရက်စပြီး သစ်ကွက်တွေတိုင်းမှာ လက်နက်ကိုင်အစောင့်တွေ ချထားပေးပါ့မယ်၊ နောက်ပြီးနယ်မြေကင်းအဖွဲ့တွေလဲ မပြတ်လှည့်ပေးနေကြမှာပါ"

ထိုစကားကြောင့် အလုပ်သမားများမှာ အတန်ငယ် ရင်အေးသွားကြလေသည်။

"နောက်ပြီး ဒီကောင်တွေကို အပြတ်ရှင်းနိုင်ဖို့ လိုမယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအတိုင်းနေရင် တစတစနဲ့ အတင့်ရဲလာမှာ စိုးရတယ်၊ နောက်ပြီး ဒီကောင်တွေကို နောက်ကနေ ကြိုးကိုင် ခေါင်းဆောင်ပေးနေတဲ့သူ ရှိမယ်ထင်တယ်"

အောင်နိုင်က တွေးတွေးဆဆ တင်ပြသည်။

"ဒါကတော့ဗျာ၊ ဘယ်လိုပဲရှိရှိပေါ့၊ ကျွန်တော်တို့ရဲ့ ရန်စူးရန်ဖြောင့်တွေ တိုင်းပြည်ရဲ့အဆိပ်အတောက်တွေ၊ လုပ်ငန်းကို အကျိုးမဲ့ နှောင့်ယှက်လာသူတွေမှန်သမျှ ကျွန်တော်တို့ ရန်သူပဲ၊ ဒီရန်သူတွေကို ကျွန်တော်တို့တတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တတ်အားသမျှ ရှင်းပစ်ရမှာပဲ"





ဇော်ဝင်းက အားတက်သရော ထပြောလိုက်ရာ ကျန်သူများကလည်း သဘောကျသွားသဖြင့် "ဒါမှန်တယ်" ဟု တပြိုင်တည်းလို အော်ဟစ်လိုက်ကြရာ စခန်းတစ်ခုလုံး ဆူညံသွားလေတော့သည်။

နောက်ပိုင်းရက်များတွင် ခါတိုင်းကဲ့သို့ပင် ပုံမှန်လုပ်ငန်းခွင်မပျက် ဆင်းကြလေသည်။ လက်နက်ကိုင်တပ်စုများကလည်းဝန်းကျင်တစ်ဝိုက် လှည့်လည်ကင်းစောင့်ပေးကြသည်။ ထိုမှတဆင့်အချိန်ရလျှင်ရသလို ပတ်ဝန်းကျင်တစ်ဝိုက်သို့ ကင်းလှည့်ရှာဖွေကြသော်လည်း သစ်ခိုးသမားများကိုလည်းကောင်း၊ သူတို့၏စခန်းများကိုလည်းကောင်း အစအနမျှပင် မတွေ့ကြရပေ။

တောတွင်း၌ သစ်ခိုးသမားများနှင့် တွေ့လျှင် ပိုမိုထင်ရှားနိုင်စေရန် အနီးဝန်းကျင်ရွာများမှ တောလိုက်သမားနှင့် ရိုးရိုးထင်းခုတ်ကြသူများပင် တောတွင်းသို့ မဝင်ကြရန် တားမြစ်ပိတ်ပင်ထားလေသည်။

ထို့အပြင် ညဘက်များ၌ပင် ကင်းပုန်းများစောင့်၍ ရှာဖွေကြ၏။ ထိုမျှ သတိထား၍ လုပ်ကိုင်နေကြ၍လော မပြောဝံ့တတ်၊ သစ်ခိုးသမားများမှာ စူဠလိပ် ရေသို့ချထားသည့်နှယ် ရှိ၏။

သစ်လုံးတစ်လုံး ပျောက်ဆုံးမှုနှင့် အလဟဿပျက်စီးဆုံးရှုံးမှုသည် နိုင်ငံတော်အတွက်ရော၊ အလုပ်သမားအတွက်ပါ ကြီးမားသော နစ်နာဆုံးရှုံးခြင်းတစ်ရပ် ဖြစ်၏။

သစ်တစ်လုံးရရှိနိုင်ရေးမှာ မလွယ်ကူပါ။ ထို့အတူ သစ်ပင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်လာနိုင်ရေးမှာ ပို၍မလွယ်ကူသော အရာပင်ဖြစ်၏။ သစ်တစ်လုံးက အပင်ဘဝမှသော်လည်းကောင်း၊ လဲကျနေလျှင်လည်း (ရော်ကင်) ဖြတ်ရာပေးပြီးသည်နှင့် ခက်ခက်ခဲခဲ ဖြတ်ယူရာတွင်သော်လည်းကောင်း၊ တောတွင်းအနံ့မှ စုရပ်သို့ရောက်အောင် သယ်ယူရာတွင်လည်းကောင်း၊ ချောင်းရေ မြစ်ရေဖြင့် မျှောချရာ လမ်းတစ်လျှောက်တွင်လည်းကောင်း အစောင့်မပြတ် ချထားရသည်။

ထို့နောက် တစ်နေ့ရသမျှ သစ်လုံးများကို နေ့ချင်းပြီး စုရပ်သို့ ရောက်အေ.င် သယ်ယူလုပ်ကိုင်ကြသဖြင့် ထိုရက်များအတွင်းတွင် သစ်လုံးပျောက်ရှမှုများ မရှိသလောက် နည်းသွားလေသည်။

သို့ သော် သစ်ခိုးသမားများသည် သည်အတိုင်း ငြိမ်နေကြလိမ့်တော့ မဟုတ်ကြပေ။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ တစ်နည်းမဟုတ် တစ်နည်းဖြင့် ဝင်ရောက်လာကြလိမ့်ဦးမည်ဟု ခန့်မှန်းမိလေသည်။

အောင်ခိုင်သည် သစ်လုံးများပေါ်မှ ရော်ကင်ရာများကို လိုက်လံစစ်ဆေးနေရင်းမှ ထိုအကြောင်းများကို တွေးတောမိသောအခါ တစ်ဆက်တည်း မြင့်ဇော်၏ အဖြစ်ဆိုးကို ပြန်လည်သတိရနေမိသဖြင့် ရင်ထဲ၌ စူးနစ်စွာ ခံစားရလေသည်။

မိမိစခန်းသို့ ရောက်စကတည်းက လက်တွဲလုပ်ကိုင်ခဲ့သော လုပ်ဖော်ကိုင်ဖက်တစ်ဦး၊ ညီရင်းအစ်ကိုတမျှ ခင်မင်ခဲ့သူဖြစ်သဖြင့် ပို၍ မမေ့နိုင်အောင် ရှိနေပြန်သည်။





အတွေးကောင်းနေစဉ်မှာပင် သူ့ဆီသို့ အလုပ်သမားတစ်ဦး ရောက်လာလေသည်။

"ဘာကိစ္စလဲဟေ့"

"ဆရာ့ကို ဧည့်သည်နှစ်ယောက်က တွေ့ချင်လို့တဲ့"

"ဟင် ... ဘယ်ကပါလိမ့်"

တစ်ကိုယ်တည်းရေရွတ်ရင်း မည်သူတွေများ ဖြစ်လေမလဲ ဟု အပြေးအလွှား စဉ်းစားနေမိသည်။

"ကညင်ပင်ရွာကလို့ ပြောပါတယ်၊ ခပ်ရှယ်ရှယ် ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ပဲ"

"ဩော် ...."

စောထူးတို့ဖြစ်လိမ့်မည်ဟု တွေးမိသဖြင့် "အေး အေး စုရပ်မှာ ခဏစောင့်နေခိုင်းလိုက်၊ ငါ အခုပဲ လာခဲ့မယ်" ဟု မှာကြားလိုက်ကာ လုပ်လက်စအလုပ်များကို ခပ်သုတ်သုတ် လက်စသတ်လိုက်ပြီးလျှင် စုရပ်ရှိရာသို့ ထွက်လာခဲ့လေသည်။

စခန်းဝယ် အသင့်စောင့်နေကြသော စောထူးနှင့် နှယ်ညိုတို့မောင်နှမကို တွေ့ရလေသည်။ ၎င်းတို့အနီးတွင် အသားခြောက်များ၊ ပျားရည်ပုလင်းများနှင့် အခြားအိတ်တစ်လုံးကို မြင်ရလေသည်။

"ဟော ... ဘယ်တုန်းက ရောက်ကြလဲ"

"ခုပဲ ရောက်တယ်ဆရာ"

"နှယ်ညိုလဲ ပါတာကိုး၊ ဘယ်က လှည့်လာကြသလဲကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းတွင် ဝင်ထိုင်ရင်း မေးလိုက်သည်။

"ဆရာနဲ့တွေ့ရအောင် တမင်လာခဲ့ကြတာပါပဲ၊ စခန်းရောက်ခဲ့သေးတယ်၊ အဲဒီမှာမတွေ့လို့ ဒီကို မေးစမ်းပြီး လိုက်လာခဲ့တာပါ၊ ဒီမှာ ဆရာ့အတွက် ပျားရည်ပုလင်း၊ အသားခြောက်တွေနဲ့ ဟောဒါကတော့ အဖိုးတန် ဆေးမြစ်စုံတွေပါပဲ၊ သုံးဖို့ အညွှန်းတွေပါ ပါတယ်ဆရာ"

"တကူးတက ဒုက္ခရှာလို့ မောင်စောထူးရယ်"

"ဘယ်ဟုတ်မလဲ ဆရာရယ်၊ ကျွန်တော့်အသက်ကိုကယ်ခဲ့တဲ့ ကျေးဇူးနဲ့စာရင် အခုပေးတဲ့လက်ဆောင်တွေဟာ မပြောပလောက်သေးပါဘူး"

စောထူးက ပုလင်းနှင့်အိတ်များကို အောင်ခိုင့်ရှေ့သို့ ရွှေ့၍ ချပေးသည်။ ထိုအချိန်တွင် ခေါင်းငုံ့ထိုင်နေသော နွယ်ညိုကပါ သွက်သွက်လက်လက် ဖြစ်လာလေသည်၊ ဝေ့ကြည့်လာသော သူ့မျက်ဝန်းအစုံနှင့် ဆုံမိသောအခိုက်အတန့်တွင် ညှိုးနွမ်းသော အရိပ်အယောင်များကို တစ်စွန်းဟစ်စ မြင်ရလေသည်။

တမင်ဖန်တီးထားသော အနှစ်မရှိသည့်အပြုံးများကို မြင်ရသဖြင့် စိတ်ထဲမှာဝေခွဲမရ၊ မည်သို့အကြောင်းကြောင့်လဲဟုတော့ ခေါင်းရှုပ်ခံ၍ မတွေး၊ သို့သော် အကြောင်းတစ်ခုတော့ ရှိလိမ့်မည်ဟု နားလည်သည်။

"သူ့ကိုတော့ ဆရာသိပြီးဖြစ်မှာပါ၊ နာမည်က နွယ်ညိုတဲ့၊





ကျွန်တော့်အစ်မလေ"

"သြော် ...."

တစ်ကြိမ်တွေ့စဉ်က ပျက်ကွက်ခဲ့သော မိတ်ဆက်ခြင်းအမှုကို စောထူး ပြုလေသည်။ သို့သော် ပြုံး၍ အသိအမှတ်ပြုရလေသည်။ ခရီးပန်းလာဟန်ရှိသော နွယ်ညို့ကိုကြည့်၍ ......

"တောထဲ တောင်ထဲမှာ လိုက်လာရတာ လွယ်မယ်မထင်ပါဘူး ခရီးကလဲ ကြမ်းပါဘိသနဲ့"

"ကျွန်တော်က ပြောပါတယ် ဆရာရယ်၊ ဒါပေမယ့် မရဘူး၊ ဇွတ်လိုက်လာတာပဲ"

"ဒါပေမယ့်ကွာ လာရတဲ့ခရီးက မနီးလှဘူး မဟုတ်လား"

ထိုစကားကြောင့် နွယ်ညိုက ရုတ်တရက် ဝင်ပြောသည်။

"ရပါတယ် ဆရာ၊ ဒီလမ်းတွေကတော့ မကြာခဏ သွားဖူးနေတာပဲဟာ"

"သြော် ....တလန္တာကို သွားရင် ကုန်းကြောင်းဖြတ်ဆင်းကြတယ်ထင်တယ်"

တလန္တာမှာ ကညင်ပင်ရှာနှင့် ဝေးလှသော တောမြို့ကလေး ဖြစ်၏။

"မဟုတ်ပါဘူး ဆရာ၊ ဟို ....."

"အစ်မကလဲ ဘာတွေပြောနေမှန်း မသိဘူး၊ ဒီလို [illegible] ဆရာ၊ တစ်ခါတစ်လေ ကျွန်တော်တို့ ပျားဖွပ်ထွက်တဲ့ဆီနော [illegible]လိုက်ဖူး



www.burmeseclassic.com

www.burmeseclassic.com



တာကိုပြောတာပါ”

“သြော် …”

လိပ်ပတ်မလည်သော အကြောင်းအရာကို မေ့လိုက်ကြပြီး အခြားအကြောင်းများကို ပြောဆိုနေကြရင်း စောထူးက ရုတ်တရက် ……..

“ဒါထက် ဆရာတို့အဖွဲ့ ကျွန်တော့်ကို လိုက်ပို့ပြီးအပြန်မှာ သစ်ခိုးသမားတွေနဲ့ တိုက်ပွဲဖြစ်ကြသေးတယ်ဆို”

“ဟုတ်ဘယ် မောင်စောထူး”

“ဘယ်လိုဖြစ်ကြတာလဲ ဆရာ”

“မင်းဆီက အပြန်မှာ ချောင်းပြီး အတိုက်ခံရတာပါပဲ၊ တို့ဘက်က မောင်မြင့်ဇော် ကျသွားရှာတယ်”

“ဖြစ်ရလေ ဆရာရယ်၊ ကျွန်တော်ဖြင့် အဲဒီသတင်းကြားကတည်းက ကိုယ့်အတွက်ကြောင့်ဖြစ်ရတာပါလား ဆိုပြီး စိတ်မကောင်းဖြစ်နေမိတာ”

“ကံတရားပေါ့ကွာ၊ ဒါတွေ တွေးမနေပါနဲ့တော့၊ နောက်ဆိုရင် ဒီကောင်တွေကို အပြတ်တိုက်ပစ်ဖို့ အစီအစဉ်တွေ လုပ်ထားပါတယ်”

“ဟုတ်လား ဆရာ၊ အင်း … ဟုတ်မယ်၊ ဟုတ်မယ်၊ ခုတောင် ကျွန်တော်တို့ ဝင်လာတော့ စစ်ဆေးလိုက်တာ မပြောပါနဲ့တော့၊ ဆရာ့ဆီလာ ယ်ဆိုမှ ခွင့်ပြုလိုက်ကြတာ၊ ဒါထက် ဆရာ ကျွန်တော်တို့ရွာကို မလာတော့ဘူးလား”





အောင်ခိုင်က ပြုံး၍ ပခုံးတွန့်ပြလိုက်သည်။ ရင်ထဲမှ စကားတစ်ခွန်းပြောမည်ဟု စိတ်ကူးပေါ်လာမိသော်လည်း ညှိုးငယ်လှသော နွယ်ညို့မျက်နှာလေးကို မြင်ရသောအခါ နှုတ်မှ မမျှော်လင့်သော စကားတစ်ခွန်းသာ ထွက်သွား၏။

“အချိန်ရရင်တော့ လာခဲ့ပါဦးမယ်”

“ဆရာ့ကို ညှော်ဝတ်ကျေအောင် မပြုစုလိုက်ရတာ နွယ်ညိုတို့က စိတ်မကောင်းဖြစ်နေမိတာ”

“စိတ်ချပါ”

“ကဲ … ကျွန်တော်တို့ ပြန်ဦးမယ်”

“အေး … အေး၊ အခုလို လက်ဆောင်ပစ္စည်းတွေ လာပို့ပေးတာ ကျေးဇူးတင်ပါတယ်ကွာ၊ ဆရာကတော့ ဘာလက်ဆောင်မှ ပြန်မပေးလိုက်နိုင်တော့ဘူး”

မောင်နှမနှစ်ယောက်စလုံးကပင် ‘ရပါတယ် ဆရာရယ်’ ဟု ပြောကာ နေရာမှ ထလိုက်ကြသဖြင့် သူတို့နှင့်အတူ ထရင်း သစ်ကွက်စပ်အထိ လိုက်ပို့ပေးလေသည်။ သစ်ကွက်တွင်းမှ ဖြတ်လာစဉ် အကြောင်းမသိရသေးသော အလုပ်သမားအချို့က ထူးခြားသော ညှော်သည်နှစ်ယောက်ကို ကြည့်၍ မသိမသာ ပြုံးကြလေသည်။

+++++++++++++++++



www.burmeseclassic.com

www.burmeseclassic.com



## အချစ်ညှော်သည်လား၊ အနံ့ရာယ်လား

တောလမ်းအတိုင်း လူတစ်ယောက် လျှောက်လာနေသည်။ သစ်တောအလုပ်သမားဝတ်စုံနှင့်ဖြစ်ပြီး သူ့ကျောဘက်တွင် အိတ်တစ်လုံး လွယ်ထားသည်။ ခါး၌မူ ကြီးမားသော တောကိုင်ဓားတစ်လက် ချိတ်ဆွဲထား၏။ ထိုသူသည် တိတ်ဆိတ်နေသော တောတွင်းဝယ် တစ်ကိုယ်တည်း လျှောက်နေရသော်လည်း ထိတ်လန့်စိုးရွံ့မှု မရှိဘဲ အေးအေးဆေးဆေး ရှိလှ၏။ သို့သော် သူ၏နောက်ကျောဘက် မလှမ်းမကမ်းနေရာမှ လက်နက်ကိုင်အချို့ ကိုယ်ရောင်ဖျောက်၍ ငုံ့လျှိုးကွယ်လျှိုး လိုက်ပါလာသည်ကို ထိုသူ သိပါ၏။

ပတ်ဝန်းကျင်ကို ဂရုမထားဘဲ အေးစွာလျှောက်လာသော ထိုသူသည် မကြာမီ ကညင်ပင်ရွာတွင်းသို့ ဝင်သွားလေရာ နောက်မှ လိုက်လာသူများလည်း ပျောက်ကွယ်ကြလေသည်။

ခါတိုင်းလာစဉ်က အဖွဲ့ဖြင့်သာ လာလေ့ရှိသော သစ်ထုတ်လုပ်ရေးသမားများမှာ ယခုအခါ တစ်ယောက်တည်း လာသည်ကိုမြင်ရသောအခါ အထူးအဆန်းသဖွယ် အကဲခတ်ကြလေသည်။

လျှောက်နေသူသည် နွယ်ညိုတို့အိမ်ခြံဝသို့ ရောက်သောအခါ အတွင်းသို့ တစ်ချက် လှမ်း၍ အကဲခတ်ကြည့်ပြီး တန်းတန်းမတ်မတ် ဝင်သွားလေသည်။

"ဟော ...ဆရာပါလား"





အိမ်ပေါ်မှ နွယ်ညိုဆင်းလာသည်။

သူ့အနီးသို့ မရောက်ခင်တမယ် ရောက်လာပြီး ဆီးကြိုလေသည်။

"တစ်ယောက်တည်းလား ဆရာ"

"ဟုတ်တယ် နွယ်ညို၊ အဘတို့ရော"

"အဘနဲ့မောင်လေး တောထဲ ပျားဖွပ်သွားကြတယ်၊ အိမ်ပေါ်တက်ပါဦးလား ဆရာ"

အောင်နိုင်က အတော်ကြာ စဉ်းစားနေသည်။

"လာပါ ဆရာရယ်၊ နွယ်ညိုတစ်ယောက်တည်းရှိပေမယ့် ဆရာ မုန့်တစ်ပေါက် မစွန်းစေရပါဘူး"

ထိုစကားကြောင့် ရှက်ပြုံးတစ်ချက်ဖြင့် နွယ်ညိုနှင့်အတူ အိမ်ပေါ်တက်ခဲ့လေသည်။

ညှေ့ခန်းသို့ရောက်သောအခါ ယခင်ကစ် ခေါက်ရောက်လာစဉ်က သတိမပြုမိခဲ့သောအရာတို့ကို စေ့စေ့စပ်စပ် ကြည့်ဖြစ်လေသည်။ နွယ်ညိုကမူ ဧည့်ဝတ်ပြုရန်အတွက် နောက်ဖေးဆောင်သို့ ဝင်သွားပြီဖြစ်ရာ သူ့အတွက် အခွင့်အရေး ပိုရနေ၏။

အိမ်ကြီးမှာ မြေဘိရှည်အိမ်ဖြစ်ပြီး အလယ်တိုင်ပျောက်ဆောက်ထားလေသည်။ အခန်းများကိုမူ သေသပ်ခိုင်ခံ့စွာ ပြုလုပ်ထားသည်။

နံရံတွင် ဒူးလေး၊ လင်းလေး၊ မြားဘူး၊ ဓား၊ ပန်းပွားတပ်လုံ့ယည်၊ လုံမ စသည်တို့အပြင် တိရစ္ဆာန်အမျိုးမျိုး၏ ဦးချိုအစွယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သား‌ရေများကို အလှအပအဖြစ် ချိတ်ဆွဲထား၏။

အသုံးအဆောင်ပစ္စည်းမှန်သမျှ အဖိုးတန်ကြီးများမဟုတ်သည့်တိုင် အသင့်အတင့်ရှိသော ပစ္စည်းများချည်း ဖြစ်၏။ ပျားဖွပ်ရုံလုပ်ငန်းတစ်ခုနှင့် ရပ်တည်နေကြသော ဦးထန်ရှိန်တို့မှာ ယခုမြင်နေရသော ပစ္စည်းများသည် ယခင်လက်ကျန်များဖြစ်ပေလိမ့်မည်ဟု အတွေးကောင်းနေစဉ် နှယ်ညို ပြန်ထွက်လာ၏။

သူမလက်ထဲတွင် ရေနွေးဗန်းက ကိုင်ထားပြီး သူ့ရှေ့သို့ ချပေးလာ၏။ ယူလာသော ပျားရည်နှင့် မီးဖုတ်၍ ဆီရွှဲရွှဲဆမ်းထားသော အသားခြောက်တို့မှာ တွဲစား၍ မသင့်သော်လည်း တစ်ခုချင်းအနေဖြင့်မူ အရသာရှိကြသော အရာများဖြစ်ကြ၏။

"ဆရာ စားပါဦး"

"အားနာစရာ နှယ်ညိုရယ်"

"အားမနာပါနဲ့ ဆရာ၊ ကျွန်မတို့ကသာ ဧည့်ဝတ်မကျေနိုင်လို့ စိတ်မကောင်းဖြစ်နေကြတာ၊ အဘကဆိုရင် ဆရာနဲ့တွေ့ချင်လို့ ဆိုပြီး ခဏခဏ ပြောနေတာ"

"လာချင်လို့သာ လာခဲ့ရတယ်၊ ကျောထဲမှာ စိမ့်နေတာပဲ"

"ဘာဖြစ်လို့လဲ ဆရာ"

"အလျင်တစ်ခါလို မြားနဲ့ ချောင်းပစ်ခံရမှာစိုးလို့"

နှယ်ညို မျက်နှာတစ်ချက် ပျက်သွားလေသည်။ ထိုအမူအရာကို အကဲခတ်မိသော အောင်ခိုင်က စကားလမ်းလွှဲလိုက်သည်။





"ဒါထက် နှယ်ညို၊ အဘတို့ ဘယ်အချိန်ပြန်ရောက်ကြမှာလဲ"

"အမှန်ပြောလို့ မရဘူး ဆရာ၊ အဆင်ပြေရင် ပြေသလို၊ မပြေရင် မပြေသလို ကြာတတ်တာပဲ"

အောင်ခိုင် စကားကိုဖြတ်၍ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်ရင်း မိမိမေးလိုသော စကားအတွက် ပြောသင့်မပြောသင့် အတော်ကြာ ချိန်ဆနေ၏။

နှယ်ညိုကမူ အိမ်ရှင်ဝတ္တရားပီသစွာ ရေနွေးကြမ်းများ ငှဲ့ထည့်ပေးခြင်း၊ စားသောက်ဖွယ်ရာများကို ကျွေးမွေးခြင်းများ ပြုလုပ်ပေး၏။

"ဒါထက် နှယ်ညိုတို့မိသားစုက ဒီသုံးယောက်ထဲပဲလားဟင်"

ရုတ်တရက်မေးခွန်းကြောင့် အံ့ဩသလို ရှိသွားပြီးမှ 'ဟုတ်ပါတယ် ဆရာ' ဟု ဖြေသည်။

"နှယ်ညိုတို့အဘက အရင်ကတည်းက ဒီအလုပ်ပဲလုပ်သလား"

"ကျွန်မတို့ ငယ်ငယ်ကတည်းကပါပဲ၊ အဘလက်ထဲကို ရောက်လာကြပြီး လူမှန်းသိတတ်ကတည်းက ဒီပျားဖွပ်အလုပ်ပဲ လုပ်တာကို တွေ့ရတယ်၊ အမဲလိုက်တာကတော့ တစ်ခါတရံပဲ"

"နှယ်ညိုတို့ သိရသလောက်ပေါ့လေ၊ သစ်နိုးသမားတွေနဲ့ ပတ်သက်လို့ သတင်းအစအနလေးများ မကြားမိဘူးလား"

"နည်းနည်းပါးပါးပြောသံလောက်ပဲ ကြားမိတယ် ဆရာ၊ ဒါပေမယ့် တိတိကျကျ မဟုတ်ပါဘူး၊ အဘကတော့ အဲဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို တစ်ခါမှ ပြောသံမကြားမိပါဘူး။ တောထဲသွားတဲ့ အခါတွေမှာ ဂရုစိုက်ပါ ဆရာ၊ အစောင့်ကို ဆိုးနေတယ်"

အကြင်နာပြွမ်းသော စကားကြောင့် ရုတ်တရက် စကားလမ်းကြောင်း ပြောင်းသွားလေရာ မထူးမတော့သဖြင့် ခင်းပေးလာသော စကားစကိုသာ နင်းပြောရန် ဆုံးဖြတ်လိုက်သဖြင့် ......

"ကိစ္စမရှိပါဘူးလေ၊ တိုင်းပြည်အတွက် တာဝန်ထမ်းနေတာပဲ၊ တကယ်လို့ သေသွားခဲ့ရင်တောင်မှ လွမ်းရစ်မယ့်သူ မိဘနှစ်ပါးပဲ ရှိပါတယ်"

"အဟင်း ဟင်း။ ဆရာကလဲ၊ သွယ်ဝိုက်တဲ့နည်းနဲ့ လူလွတ်ဖြစ်ပါတယ်လို့ ကြေညာနေပြန်ပါပြီ"

နှစ်ယောက်သား ရယ်သံသည် အခန်းတွင်းဝယ် ဝေစည်သွားသည်။ အောင်ခိုင်အဖို့မှာမူ မျှော်လင့်ထားသော အကြောင်းများထက် မမျှော်လင့်ဘဲ ဆက်နွယ်လာသော အကြောင်းများကြောင့် ရင်ထဲမှာ ကျေနပ်ပီတိ ဖြစ်မိလေသည်။

"ကြေညာတာတော့ မဟုတ်ပါဘူး၊ အခွင့်သင့်တုန်း ထည့်ပြောလိုက်ရတာပါ"

"ဒါထက် ဆရာ အခုလို တောထဲ တောင်ထဲမှာလာပြီး အလုပ်လုပ်နေရတော့ ကျန်ခဲ့တဲ့ မိဘတွေကို မလွမ်းဘူးလား ဆရာ"

"လွမ်းတော့ လွမ်းတာပေါ့ နွယ်ညိုရယ်၊ ဒါပေမယ့် ဆွေးစရာပါရှိနေတဲ့သူတွေနဲ့စာရင်တော့ ဆရာတို့က ဖြေသာပါတယ်"





"သြော် ... ဆရာကလဲလေ၊ သူ့မှာ ရည်းစားမရှိကြောင်း အမွှမ်းတင်နေပြန်ပြီ၊ မြို့ကြီးသား စကားတတ်လှပါလားရှင်ရယ်"

"စကားတတ်တာတော့ မဟုတ်ပါဘူး နွယ်ညို၊ ပြောချင်တာလေးတွေကို ကြုံကြိုက်တုန်း ပြောရတာပါ၊ နွယ်ညိုခွင့်ပြုမယ်ဆိုရင် ဆရာ့ရင်ထဲရှိတာလေးတွေကို ဆက်ပြောပါရစေ"

"ဆရာရယ်'

"ဒီစကားတွေကို ပြောချင်နေတာ ကြာပါပြီ၊ ဒါပေမယ့် အခွင့်မသာခဲ့ဘူးလေ၊ တာဝန်တွေကြားမှာ ဒီစကားမျိုးပြောရတာ ဝန်လေးမိပါရဲ့၊ ဒါပေမယ့် တာဝန်နဲ့နှလုံးသားက တကဏ္ဍစီပါ"

ခေါင်းငုံ့၍သာ နေသည်။ စကားခွန်းတုံ့မဆိုပေ။

"အခွင့်အရေးယူတယ်လို့ မထင်ပါနဲ့၊ နွယ်ညို့ကို စတွေ့ကတည်းက ဆရာ စိတ်ဝင်စားနေမိတယ်"

"ရှင်" ဟု တစ်ခွန်းဆို၍ မော့ကြည့်လေသည်။ သူမမျက်နှာပြင်ပေါ်တွင် စိတ်လှုပ်ရှားမှု အရိပ်များ ယှက်သန်းနေ၏။ သိမ်မွေ့စွာထိုင်နေရင်း ဖျာစကို လက်သည်းဖြင့် တဂျစ်ဂျစ် ခြစ်နေလေရာ စကားဆက်ရန် ဝန်လေးနေမိ၏။

သို့သော်လည်း အတွေတွေများပြားလှသော တာဝန်တွေကြောင့် နောက်တစ်ကြိမ် ထိုကဲ့သို့သော အခွင့်အရေးမျိုးနှင့် ကြုံနိုင်ရန် မလွယ်ကူတော့သဖြင့် အားတင်း၍ စကားဆက်သည်။

"မြင်မြင်ချင်းပဲ ဆောက်နဲ့ထွင်းတယ်လို့ ဆိုချင်ဆိုပါ၊ ဒီရွာကို



www.burmeseclassic.com

www.burmeseclassic.com



သစ်ခိုးသမားတွေကိစ္စနဲ့ ပထမဦးစွာ စရောက်ကတည်းက နွယ်ညို ကို သတိပြုမိခဲ့တယ်၊ နွယ်ညို့ဟန်အမူအရာနဲ့ ပြောဆိုဟန်တွေကို သဘောကျမိတယ်၊ ဒါပေမယ့် အနေလှမ်းလာတော့ အခွင့်မသာ ဘူးလေ၊ အခု ဆရာပြောတာတွေကို နွယ်ညို သဘောပေါက်တယ် မဟုတ်လား"

"..............."

"နွယ်ညို လက်ခံမယ်ဆိုရင် ဆရာ လက်ထပ်ယူပါရစေ"

"မမြန်လွန်းဘူးလား ဆရာရယ်"

"အခုအခြေအနေမှာ ဆရာ့သဘောထားကို နွယ်ညိုသိရင် ကျေနပ်ပါပြီ၊ တုံ့ပြန်လာမယ့်အဖြေအတွက် နွယ်ညို စိတ်ကြိုက် စဉ်းစားဝေဖန်ပြီးမှ အဆုံးအဖြတ်ပေးပါ၊ ဘယ်အချိန် ဘယ်ကာလ အထိဆိုတဲ့ ကန့်သတ်မှုမျိုး မထားပါဘူး နွယ်ညို၊ ကဲ ... ဆရာပြန်မယ်"

"အို ... မြန်လှချည်လား"

"အိမ်ရှင်က မနှင်ခင် ပြန်မှ တော်ကာကျမယ်လေ"

ပေါ့ပေါ့ပါးပါး စကားဆိုသော်လည်း နွယ်ညိုက မပြုံးမရယ် နှင့် စကားဆိုသည်။

"ကိုယ်ပြောချင်တာတွေကို အားရကျေနပ်အောင် ပြောပြီး ပြန်တော့မလို့လား ဆရာ"

ရှေ့မှ ဘိုင်လျက် ခပ်မော့မော့စကားဆိုလာသော နွယ်ညို့ အမူအရာမှာ မြင်ရသူအတွက် ရင်ခုန်ချင်စရာဖြစ်၏။ အောင်ခိုင်ပင်





လျှင် ရင်အခုန်မြန်လျက် ရှိနေသည်။

တိတ်ဆိတ်နေသော အခန်း တွင်းဝယ် နှစ်ယောက်တည်းရှိနေ သော အခြေအနေမို့ စိတ်လွတ်ကိုယ်လွတ်နှင့် နွယ်ညိုပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်သည်။

နွယ်ညို့အမူအရာမှာ မရုန်းမဖယ်နှင့် ငြိမ်သက်နေဟန်မှာ 'ခင် တစ်ကိုယ်လုံး မောင်လိုရာသုံးပါတော့' ဟုမဆိုသော်လည်း ဆို ယောင်ထင်နေမိသည်။ သို့သော် အောင်နိုင်က အချိန်မီစိတ်ကိုထိန်း ၍ နေရာမှ ထလိုက်သည်။

"ဆရာပြန်မယ် နွယ်ညို"

"နွယ်ညို မနှင်ရက်ပါဘူး ဆရာရယ်၊ ဆရာ့အတွက် တောင်း ပန်ရမယ့် စကားတွေ၊ ဆရာ့ဆုံးရှုံးမှုအတွက် နွယ်ညို ပေးလျော်ရ မယ့်အရာတွေဟာ နွယ်ညို့ရင်ထဲမှာ နေ့ရှိသရွေ့ ခံစားနေရပါ တယ်၊ ဆရာ နွယ်ညို့ကို တကယ်ချစ်သလား ဆရာ၊ တကယ်ချစ် တယ်ဆိုရင် အခုအချိန်အထိ သန့်ရှင်းနေဆဲဖြစ်တဲ့ နွယ်ညို့ကိုယ်ကို အပ်ပါရစေ၊ ချစ်တယ်ဆိုရင် အားရပါးရ ချစ်လိုက်စမ်းပါ ဆရာ"

"ဟင် ... နွယ်ညို ဘာတွေပြောနေတာလဲ၊ ဆရာ့ဆုံးရှုံးမှုတွေ ဆိုတာ ဘာလဲ၊ ဆရာ့ကို တောင်းပန်ရမယ်ဆိုတာ ဘာလဲ၊ အို ... ဆရာတော့ တစ်ခုမှ နားမလည်တော့ဘူးကွယ်"

"နွယ်ညိုတို့ရဲ့ ဘဝကို နားမလည်နိုင်လေ၊ အကောင်းဆုံးပါပဲ လေ၊ တစ်နေ့နေ့မှ ဆရာ ဒီအကြောင်းတွေကို သဘောပေါက်လာ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ"

"ပဟေဠိဆန်လှချည်လား မိန်းကလေးရယ်"

သံယောဇဉ်စကားများဖြင့် အဘယ်မျှ တုပ်နှောင်ရစ်ပတ်လာစေကာမူ တာဝန်တစ်ဖက်နှင့်မို့ စိတ်ကိုလျှော့၍ ထွက်လာခဲ့လေသည်။ သူ့နောက်ပါးဝယ် ရှိုက်သံသဲ့သဲ့ကို မသဲမကွဲ ကြားရလေသည်။ ယခု အခြေအနေတွင် အောင်နိုင့်ခေါင်းထဲဝယ် နောက်ကျိရှုပ်ထွေးနေသည်မှာ အမှန်ဖြစ်၏။

+++++++++++++++++++

<u>ရန်သူ့နယ်မြေ</u>

အပြန်ခရီးတွင် ကြိုတင်မျှော်မှန်းထားသည့်အတိုင်း လမ်းခုလတ်ရောက်သောအခါ သစ်ခိုးသမားများနှင့် ဆုံကြလေသည်။ သို့သော် ယခင်တစ်ကြိမ်က ဆုံဖူးသောသူများတော့ မဟုတ်ပါချေ။ မျက်မြင်အနေအထားအရ ရန်သူလေးယောက်ကိုသာ တွေ့ရသော်လည်း မျက်ကွယ်တွင် မည်မျှမည်မျှ ရှိနေမည်ကို ခန့်မှန်းမရသောကြောင့် တုန့်ပြန်မှုမပြုတော့ဘဲ ငြိမ်နေလိုက်သည်။

"ကျုပ်တို့နဲ့ အေးအေးဆေးဆေး လိုက်ခဲ့"

"ဘယ်ကို လိုက်ခဲ့ရမှာလဲဗျ"

"ခေါ်တဲ့နေရာကိုသာ အေးအေးဆေးဆေး လိုက်ခဲ့စမ်းပါ၊ မျက်စိနောက်အောင် လုပ်ဖို့တော့ စိတ်မကူးနဲ့နော်၊ ကျော့ထဲကို





မြားတံတွေ အပြုံလိုက် ဝင်လာလိမ့်မယ်"

ထိုအခါ တစ်နေရာမှ မိမိရှိရာသို့ တည့်မတ်စွာ ချိန်ရွယ်ထားသော ဒူးလေးသမားအချို့ကို မြင်ရသဖြင့် ၎င်းတို့နှင့် အေးဆေးစွာပင် လိုက်လာခဲ့လေသည်။

လမ်းခုလတ်ရောက်သောအခါ သူ့မျက်နှာကို အဝတ်နက်တစ်ထည် စည်းပေးလေသည်။ သို့သော် သည် နယ်မြေတစ်ဝိုက်မှာ သူနှင့် မစိမ်းလွန်းလှသဖြင့် ချောင်းရေစီးသံ၊ ရေတံခွန်ကျသံတို့ကို စိတ်ထဲမှ မှတ်သားရင်း လိုက်သွားရာ မကြာမီ ၎င်းတို့စခန်းသို့ ရောက်ကြလေသည်။

မျက်နှာပေါ်မှ အဝတ်ကို ဖြည်ပေးလိုက်သည်နှင့် ယာယီတဲတဲများနှင့် လူအချို့ကို မြင်ရလေသည်။ အားလုံးမှာ မျက်နှာစိမ်းများချည်း ဖြစ်၏။

"ခင်ဗျားတို့ ကျုပ်ကို ဘာဖြစ်လို့ ဖမ်းလာတာလဲ"

"ဆရာကြီးလာတော့ သိရမှာပေါ့"

"ခင်ဗျားတို့ ဆရာကြီးက ဘယ်သူလဲ၊ ဘယ်မှာလဲ၊ ဘယ်တော့ရောက်လာမှာလဲ"

"မေးခွန်းတွေက များလှချည်လား။ ဆရာကြီးက သူရောက်ချင်တဲ့အချိန် ရောက်လာတာပဲဗျ"

အောင်နိုင်သည် ကွပ်ပျစ်တစ်ခုပေါ်သို့ အေးအေးဆေးဆေး ဝင်ထိုင်လိုက်သည်။ အခွင့်သင့်တုန်း သိလိုသမျှများကို မေးခွန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



စသိနိုင်ရန် မေးမြန်းကြည့်ရန် စိတ်ကူးမိသည်။

"ခင်ဗျားတို့ သစ်လုံးတွေကို ခိုးယူပြီး ဘယ်ကိုရောင်းတာလဲဗျ"

သူ့ဘေးနားမှလူက စိတ်တိုစွာ လှည့်ကြည့်သည်။

"စပ်စုတာတော့ မဟုတ်ပါဘူး၊ ကျွန်တော်က ဒီနေရာနယ်မြေအတွက် လူသစ်ဖြစ်နေလို့ပါ"

သည်တော့မှ ထိုလူက ဆေးပြင်းလိပ်ကို တစ်ဖွာနှစ်ဖွာ ဖွာ၍ အောင်နိုင့်ကို သနားစရာသတ္တဝါသဖွယ် ကြည့်ရင်း ........

"အေးလေ၊ မင်းက ဒီလို နေရာတကာစပ်စပ်စုစု နိုင်လို့လဲ ဆရာကြီးက မျက်မုန်းကျိုးတာပဲကိုး။ မင်းကတော့ လွတ်ဖို့မလွယ်တော့ဘူး"

"ဒါကတော့ ကံတရားပေါ့ဗျာ၊ သေရမှာဆိုရင်လဲ အသေဖြောင့်အောင် ကျုပ်သိချင်တာလေးတွေ သိသွားပါရစေ"

"တော်တော် အာကြောရှည်ပါ့ကွာ၊ ကဲ မသိရဝံလဲ မှတ်ထားပေါ့ကွာ၊ သစ်လုံးတွေကို နယ်စပ်ကလူတွေနဲ့ဆက်ပြီး အလုံးလိုက် ရောင်းပစ်တယ်၊ ဒီမှာတင် ရောင်းတာတွေကျတော့ ခွဲပြီးမှ ရောင်းတယ်"

"ခင်ဗျားတို့မှာ လွှစက်တွေဘာတွေ ရှိလို့လား"

"လွှစက်တော့ ဘယ်ရှိပါ့မလဲ၊ စင်ကြီးလွှတွေနဲ့ ခွဲတာပေါ့ကွ"

"သစ်တွေကို နယ်ကျော်မသယ်ရဘူးဆိုတာ ခင်ဗျားတို့ မသိဘူးလား၊ တော်ကြာမှ မဖမ်းမိဘူးလား"

"သစ်တွေကို ဒီအတိုင်းတော့ ဘယ်သယ်မလဲကွ၊ ဒီလောက်





ကင်းတွေ အထပ်ထပ်ကြားမှာ ကွဲခနဲ မိသွားမှာပေါ့။ လှေအကြမ်းတွေ ရိုက်ပြီးမှ ယူတာပေါ့။ ကိုယ်လိုချင်တဲ့နေရာရောက်မှ ပြန်ဖျက်ပြီး ကြိုက်သလိုလုပ်တာပေါ့"

"တယ်ပိုင်ပါလားဗျာ"

အောင်နိုင်စိတ်တွင်း၌မူ 'အကြံပက်စက်သလောက် အကြံကောင်းလှပါပေတယ်' ဟု မှတ်ချက်ချမိလေသည်။

"ဒါနဲ့ ကျုပ်ကို ဘာဖြစ်လို့ ဖမ်းလာတာလဲ"

"မင်းက နေရာတကာ စပ်စုတာကိုးကွ၊ နောက်ပြီး ဆရာကြီးက မင်းနဲ့ အလဲအဖယ်တစ်ခု လုပ်မယ်နဲ့တူတယ်၊ ဒီထက်တော့ ပိုမသိတော့ဘူး။ ငါသိတာတော့ မင်းလွတ်မသွားအောင် ဂရုစိုက်ရမယ်ပေါ့၊ ကဲ ... အချုပ်ခန်းထဲမှာ စံမြန်းလိုက်ပါဦးကွာ"

ဤသို့ဖြင့် သစ်သားတိုင်များ ကာရံထားသော အခန်းကျဉ်းထဲဝယ် စံမြန်းရတော့သည်။ သို့သော် အောင်နိုင် မမှုပါပေ။

ယခု အချိန်လောက်ဆိုလျှင် ကြိုတင်စီစဉ်ထားသော မိမိနှင့်အတူတကွ ပါလာသော လက်နက်ကိုင်တပ်ဖွဲ့များသည် စခန်းဝန်းကျင်တွင် နေရာယူပြီးလောက်ပေပြီ။ အချိန်မတန်သေး၍သာ မလှုပ်ရှားကြခြင်း ဖြစ်မည်။

သို့ကြောင့် အချုပ်ခန်းအတွင်းဝယ် အေးအေးဆေးဆေး လဲလျောင်းရင်း အဖြစ်အပျက်များကို တစ်စစီ ပြန်စဉ်းစားနေမိသည်။ ပြဿနာကွင်းဆက်များကို ဆက်စပ်မိသလိုတော့ ရှိ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သည်ညတွင်မှ အဖြူအမည်း သဲကွဲလာလိမ့်မည်ဟု တွေးနေမိသည်။

နေဝင်ဆည်းဆာအချိန်ပေမို့ တောတိရစ္ဆာန်များ၏ အော်သံနှင့် အိပ်တန်းတက်လာသော ကျေးငှက်များ၏ အော်သံများကို ကြားနေရသည်။

စဉ်းစားရင်းမှပင် မှေးစနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်မောကျသွားသည်မသိ။ တစ်စုံတစ်ခုသောအသံကြောင့် လန့်နိုးသွားလေသည်။ ပတ်ဝန်းကျင်ဝယ် မှောင်ရိပ်သမ်း နေပြီဖြစ်၍ အရာဝတ္ထုများကို သဲကွဲစွာ မမြင်ရပေ။

"ရှူး ... ရှူး"

မနီးမဝေးမှ ပေါ်ထွက်လာသော အသံကြောင့် ဂရုတစိုက် ကြည့်လိုက်သောအခါ မည်းမည်းသဏ္ဍာန်တစ်ခုကို မြင်ရလေသည်။ ထိုသဏ္ဍာန်သည် အရှပ်ခန်းအနီးသို့ တရွေ့ရွေ့ကပ်လာပြီး တံခါးကို ဖွင့်သည်။ စောစောကရှိနေသော အစောင့်ကိုလည်း ယခုအခါတွင် မတွေ့ရတော့။

မကြာမီ တံခါးပွင့်သွားပေပြီ။

အတွင်းသို့ ရောက်လာပြီး အနီးသို့ရောက်သည့်တိုင် မည်သူမည်ဝါ မသဲကွဲသေး။

"ဘယ်သူလဲ"

"ရှူး ...."

နီးလွန်းသောနေရာရောက်မှ ပုံရိပ်ဖမ်းမိလေသည်။





"ဟင် ... မင်း"

"ဟုတ်ပါတယ်၊ ကျွန်တော်ပါ။ အချိန်မရှိဘူး။ အပြင်ထွက်ကြရအောင်"

"မင်းက ဘယ်လိုဖြစ်တာလဲ"

"နောက်မှမေးပါ ဆရာ၊ တော်ကြာ ဆရာကြီးရောက်လာတော့မယ်"

"ပိုကောင်းတာပေါ့ကွာ"

"ဟင် ... ဘာဖြစ်လို့လဲ ဆရာ"

"နောက်တော့ သိလိမ့်မယ်၊ ဒါနဲ့ မင်းက ဒီအဖွဲ့ထဲကပဲလား စောထူး"

ရုတ်တရက် စကားပြန်မရ၊ ထိုစဉ် ခပ်လှမ်းလှမ်းမှ လှုပ်ရှားမှုများပေါ်လာပြီး တီးတိုးစကားသံများကိုပါ ကြားရလေသည်။

"ဟော ... ဆရာကြီးလာပြီထင်တယ်"

အောင်မိုင် ဝမ်းသာသွားသည်။ ယခုခြေအနေတွင် မိမိတို့အဖွဲ့ ဝင်တိုက်ရန်အကောင်းဆုံးဟု ထင်သည်။ ထိုစဉ် တောနင်းလာသော ခြေသံများနှင့်အတူ သူ အကြားလိုဆုံးသော အသံများကိုကြားလိုက်ရသည်။

"ဟေ့ ... သစ်နိုးသမားတွေ၊ မင်းတို့ကို ဝိုင်းထားပြီ ကွာ၊ လက်နက်ချ အဖမ်းခံကြဟေ့"

စခန်းတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံများ ပေါ်ထွက်လာလေသည့် တိတ်ဆိတ်နေသော ရိုးမတောတွင်းဝယ် သေနတ်သံများအပြင် တရှိန်ရှိန်ဖြတ်သွားသော မြားတံများနှင့် အော်ဟစ်ညည်းညူသံကိုကိုပါ ကြားရလေသည်။

အောင်နိုင်သည် စောထူး၏ လက်ကို ပိုင်နိုင်စွာကိုင်၍ အပြင်ဘက်သို့ ထွက်လိုက်လေသည်။ အမှောင်တွင်းမှ တိုက်ပွဲအခြေအနေသည် မြားသမားဘက်မှ အခွင့်အလမ်းသာနေ၏။ သေနတ်ပြောင်းဝမှ ထွက်လာသော မီးပွင့်အချို့ကို ခန့်မှန်းကာ မြားများ ပစ်လွှတ်နေ၏။ မြားသမားများရှိရာကို သေနတ်သမားတို့က ခန့်မှန်းရန်မလွယ်။ သို့ကြောင့် အရမ်းတက်မလာဝံ့ဘဲ စခန်းပတ်လည် ဝိုင်းရံသော ဝိုင်းထားကြလေသည်။

အောင်နိုင်သည် ခေါင်းဆောင်ကို မိနိုင်ရန်အတွက် ကြိုးစားရပေသည်။

"ဟေ့ သစ်ခိုးသမားတွေ၊ မင်းတို့ ပြေးမလွတ်ကြတော့ဘူးကွ၊ လက်နက်ချလိုက်ပါ"

အော်ဟစ်ပြီးသည်နှင့် နောက်နေရာသို့ ခုန်၍ရွှေ့သည်။ ဒါသည်ပင် သူ့အမှား ဖြစ်လေတော့သည်။ စောထူးကို ကြိုတင် အသိမပေးလိုက်ခြင်း၏ရလဒ်မှာ မြားတံများသာ ဖြစ်၏။ အောင်နိုင်က အော်ပြီး လျှင်မြန်စွာ နေရာရွှေ့လိုက်သည်နှင့် စောစောက ရပ်နေရာသို့ မြားတံများ ဝင်ရောက်လာရာ ရုတ်တရက်ရှောင်ချိန်မရလိုက်သော စောထူးကိုယ်ပေါ်သို့ ထိမှန်လေတော့သည်။





"အား" ဟူသော အော်ဟစ်ညည်းညူသံနှင့်အတူ နေရာတွင် လဲကျသွားလေတော့သည်။ အောင်နိုင်သည် မမျှော်လင့်သော ဖြစ်ရပ်ကြောင့် နောက်သို့ ပြန်လှည့်၍ စောထူးကို ပွေ့ယူလိုက်သည်။

"စောထူး ... စောထူး"

"ဆ ... ဆရာ"

"ဘယ်ထိသွားသလဲ"

ဆူညံနေသံများကြောင့် ပြန်ပြောသံကို သဲကွဲစွာ မကြားရပေ။ ထိုစဉ် အနီးသို့ လူတစ်ယောက် ရောက်လာ၏။

တစ်စတစ်စ မြင့်တက်လာသော လရောင်ကြောင့် သဲကွဲစွာ မြင်လိုက်ရသည်။

ဦးထန်ရှိန်ပင်။

"ဟေ့ မလှုပ်နဲ့"

"အဘ ..."

"စောထူး"

"ဦးထန်ရှိန်၊ ခင်ဗျားရဲ့အမှားတွေကို ရပ်တန်းက ရပ်လိုက်ပါတော့၊ ဒီမှာ ခင်ဗျား မိုက်မှားမှုကြောင့် ခင်ဗျားရဲ့ မြေးလေး လောကကြီးက စွန့်ခွာရတော့မယ်ဗျ"

"ဟင် ..."

ရုတ်တရက် အနီးသို့ ငုံ့ကြည့်လိုက်သည်။ သစ်ရိပ်များကြားမှ ထိုးဆင်းလာသော လရောင်ရိပ်များသည် စောထူးမျက်နှာပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ စွန်းထင်းနေ၏။

"ဖြစ်ရလေ ငါ့မြေးရယ်"

"ခင်ဗျား တီထွင်ထားတဲ့ မြားဆိပ်ကြောင့်ပဲ ခင်ဗျားမြေးလေး အသက်ဆုံးရှုံးရတော့မယ်၊ ကိုယ့်အတွက်ကြောင့် အများဒုက္ခ ရောက်မယ့် အလုပ်မျိုးတွေကို မလုပ်သင့်တော့ပါဘူး။ ခင်ဗျားလူတွေ ကို လက်နက်ချခိုင်းလိုက်ပါတော့"

ရုတ်တရက် မည်သို့မျှ ပြန်မပြောဘဲ စောထူးကို ကြေကွဲစွာ ကြည့်နေသည်။ ကိုယ်တွင် စူးဝင်နေသော မြားတံကို ဆွဲနုတ်လိုက် သည်နှင့် ဒဏ်ရာမှသွေးတို့ တရဟော စီးလာ၏။

"အဘ"

"မြေး ..."

"လက် ... လက် ... လက်နက်ချလိုက်ပါတော့"

စောထူး ခေါင်းကျိုးကျသွားသည်။

တစ်ကြိမ်က မိမိကယ်ခဲ့ဖူးသော အသက်တစ်ချောင်း မိမိ အတွက်ကြောင့် ပြန်လည်ဆုံးရှုံးသွားရသည့်အဖြစ်ကို အောင်နိုင် ရင်နာ၍ မဆုံးတော့ပေ။ အသည်းလှိုက်အူတုန် ကြေကွဲစွာ ခံစားရ လေသည်။

ဦးထန်ရှိန်သည် လက်ထဲမှ မြားတံကို အတန်ကြာသည်အထိ စိုက်ကြည့်နေပြီးမှ ခါးလယ်မှ ချိုးပစ်လိုက်သည်။ ပြီးလျှင် သူ၏ အောင်မြင်သော အသံကြီးနှင့် တအားကုန် အော်လိုက်လေတော့သည်။





"ဟေး ... အားလုံး လက်နက်ချလိုက်တော့ဟေ့"

++++++++++++++++++

*အဆိပ်လမ်းမှ အချုပ်ပန်း*

"အစတုန်းကတော့ မရိပ်မိခဲ့ဘူး။ ဒါပေမယ့် တစ်စတစ်စနဲ့ သဲလွန်စ ကွင်းဆက်တွေကို ဆက်စပ်ကြည့်လိုက်တဲ့အခါမှ အဖြေမှန် ကို ရိပ်မိလာတယ်၊ ဒါကြောင့် ကျွန်တော်တို့တစ်တွေ စုဝေးတိုင်ပင် ပြီး ခုလို လုပ်ကြတာပါပဲ၊ ဦးထန်ရှိန်တို့ဘက်က ခံသွားရတဲ့တစ်ကွက် ကတော့ ကျွန်တော့်နောက်မှာ လက်နက်ကိုင်တပ်ဖွဲ့ တစ်ဖွဲ့ ပါလာ တာကို မသိကြတာပါပဲ"

ယခုအခါတွင် လရောင်သည် တောင်ပေါ်၌ အတော်ပင် မြင့်နေ ပေရာ သစ်ရိပ်ကင်းသော နေရာများမှတဆင့် ဝန်းကျင်တစ်ခွင်ကို မြင်နေရသည်။

ဖမ်းမိထားသည့် သစ်ခိုးသမားများ၊ ဒဏ်ရာရထားသူများနှင့် သေဆုံးသူများကို စစ်ဆေးနေ၏။

အောင်နိုင်သည် စောထူး၏အလောင်းအနီး၌ပင် ရှိနေပြီး အနီးဝန်းကျင်မှ လူများကို ပြုံး၍ ရှင်းပြနေသည်။

"တကယ်တော့ ဦးထန်ရှိန်ဟာ လူတော်တစ်ယောက်ပါ၊ မြား ဆိပ်ကို သူကိုယ်တိုင် ဖော်စပ်သုံးစွဲခဲ့တာပါ၊ ပထမတော့ သား ကောင်တွေကို ဖမ်းဖို့အတွက် ရည်ရွယ်ခဲ့ပေမယ့် တစ်စစတစ်စ



www.burmeseclassic.com

www.burmeseclassic.com



အရှင်းဆက်မှန်းသိလာတော့ ဝိသမလုပ်ငန်းတွေမှာ လက်နက်ကောင်းအဖြစ် သုံးစွဲလာတယ်၊ သူဖော်စပ်တဲ့ မြားဆိပ်တွေဟာ အမွမ်းထက်လှပါတယ်၊ သက်ရှိသတ္တဝါမှန်သမျှ သွေးစို့ရုံကလေး ထိလိုက်တာနဲ့ အချိန်အနည်းငယ်အတွင်းမှာ ဘုန်းခနဲ သေစေနိုင်ပါတယ်၊ ဒါပေမယ့် ဦးထန်ရှိန်မှာ မကောင်းတဲ့ 'စိတ်အဆိပ်' တွေ လွှမ်းနေလေတော့ သူလုပ်သမျှ လုပ်ငန်းတွေနဲ့ သူ လျှောက်ရမယ့် လမ်းဟာလဲ 'အဆိပ်လမ်း' ပဲ ဖြစ်နေတော့တာပေါ့ဗျာ၊ တကယ်တော့ သူဖန်တီးထားတဲ့ အဆိပ်ကပဲ သူ့ဘဝကို ဆုံးမသွားတာပါပဲ"

ထိုညအတွင်းမှာပင် ဦးထန်ရှိန်တို့ အသုံးပြုခဲ့သော လက်နက်ပစ္စည်းများနှင့် လူအားလုံးကို ဖမ်းဆီးခဲ့လေသည်။ ယခုအခါတွင် စောစောက ငရဲပွက်တစ်မျှ ဆူညံနေခဲ့သော ရိုးမရင်ပြင်ဝယ် ပကတိအတိုင်း တိတ်ဆိတ်ငြိမ်သက်နေပြန်သည်။ အရုဏ်ဦး၏ သီကျူးကြုံးဆိုကြသော ငှက်ကလေးများ၏ တေးသံဖြင့် တစ်ဖန်ပြန်လည်နိုးကြည်ပေတော့မည်။

ကသည်းကြီးရဲစခန်းမှ တိုင်ကြားခေါ်ယူထားခဲ့သော စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက အောင်ခိုင်တို့ သစ်လုပ်ငန်း၏ တိုင်ကြားမှုများနှင့် အကူအညီကိုရယူကာ တရားခံများကို စစ်ဆေးဖမ်းဆီးပြီးလျှင် ကသည်းကြီးရဲစခန်းရှိရာသို့ ခေါ်ဆောင်သွားခဲ့လေပြီ။ တရားခံများကို ခေါ်ဆောင်သွားခါနီးတွင် ဦးထန်ရှိန်က ညှိုးငယ်စွာ မှာကြားနေ၏။





"ကျုပ် မှားခဲ့ပါတယ် မောင်အောင်ခိုင်၊ ကျုပ်ရဲ့ ဝိသမလောဘ တိုက်တွန်းခဲ့မှုကြောင့် အခုလို မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပါ၊ ကျုပ်ရဲ့ အချစ်ဆုံးမြေးကလေး ဆုံးရှုံးသွားရတာလဲ ကျုပ်ရဲ့မိုက်ပြစ်တွေပါပဲ၊ နောက်ပြီး လူ့လောကအလယ်မှာ မျက်စိသူငယ် နားသူငယ်နဲ့ အားကိုးရာမဲ့ဘဝဖြစ်နေရှာမယ့် ကျုပ်မြေးမလေးအတွက်ကို မောင်အောင်ခိုင် တာဝန်ယူလိုက်ပါကွယ်၊ အခုဖြစ်ခဲ့ရတဲ့ ပြဿနာတွေအားလုံးဟာ ကျုပ်တစ်ယောက်တည်း လုပ်နေတာချည်းပါပဲ၊ ကလေးတွေဟာ ကျုပ်လုပ်ရပ်တွေကို သိပေမယ့် အတန်တန်တားကြရှာတယ်၊ ဒါပေမယ့် ဇွတ်လုပ်ခဲ့တဲ့ ကျုပ်ဩဇာကို မလွန်ဆန်နိုင်လွန်းလို့ ငြိမ်နေခဲ့ကြရတာပါ၊ နောက်ပြီး မောင်အောင်ခိုင်အပေါ်မှာလဲ ခများ အတော့်ကို သံယောဇဉ်ရှိရှာပါတယ်"

"စိတ်ချပါ အဘ၊ နှယ်ညို့အတွက် ကျွန်တော် အားလုံးတာဝန်ယူပါတယ်၊ ဒီအတွက် မပူပါနဲ့"

"သာဓုကွယ်၊ သာဓု သာဓု"

ယခုတော့လည်း လူမိုက်ကြီး၏ မျက်ဝန်းအစုံမှ မျက်ရည်များတစ်ပေါက်ချင်း ကျဆင်းနေပြန်တော့သည်။

ကိစ္စများ ပြီးစီးသွားသောအခါ အောင်ခိုင်သည် နှယ်ညိုရှိရာသို့ ခပ်သုတ်သုတ် ထွက်လာခဲ့လေသည်။ ညက ဆူညံနေသော သေနတ်သံများကြောင့် ထင်သည်။ စိုးထိတ်နေကြသော ကရင်ပင်ရွာသားများမှာ သူဝင်လာသည်ကို မြင်သောအခါ ဝိုင်းအုံ၍မေးမြန်း



www.burmeseclassic.com

www.burmeseclassic.com



ကြလေရာ အောင်ခိုင်က အတိုချုပ်ရှင်းပြရလေသည်။

နှယ်ညိုတို့ ခြံဝသို့ရောက်သောအခါ ထွက်သွားသော အဘနှင့် မောင်လေးတို့ အပြန်နောက်ကျသဖြင့် စိတ်ပူစွာ စောင့်ကြိုနေသော နှယ်ညိုနှင့် အဆင်သင့် တွေ့ရလေသည်။

"ဟယ် ... ဆရာ"

"နှယ်ညို"

အနီးသို့ရောက်လာသော အောင်ခိုင်ကို နှယ်ညိုက မည်သို့ အဓိပ္ပာယ်ကောက်ရမည်မှန်း မသိဟန်ဖြင့် ကြည့်သည်။

"တောထဲက တစ်ခေါက်ပြန်လာတာလား ဆရာ"

"ဟုတ်ပါတယ် နှယ်ညို"

နှယ်ညို့ကိုကြည့်၍ ပြောရမည့်သတင်းစကားကိုပင် အဆင်ပြေအောင် မည်သို့မည်ပုံ စတင်ပြောရမည်မှန်း မသိအောင် ရှိနေတော့သည်။ သို့သော် မပြောလျှင်လည်း မပြီးမှန်း နားလည်သဖြင့် နှယ်ညို့လက်မောင်းကလေးကို ဆုပ်ကိုင်၍ နီးရာ ခုံတစ်လုံးတွင် ထိုင်စေပြီးမှ အကြောင်းစုံကို တဖြည်းဖြည်း ပြောပြရလေသည်။ ကြားလိုက်စမှာပင် သူမ၏မျက်နှာပြင်ပေါ်တွင် ထူးထူးခြားခြား ပြောင်းလဲမှုများ မတွေ့ရဘဲ သာမန်မျှော်လင့်ထားသော သတင်းတစ်ခုကို နားထောင်နေသည့်နှယ် ရှိနေပြီးမှ တစ်စတစ်စ မျက်နှာ ညှိုးကျသွား၏။ အတန်ကြာလျှင် ပါးပြင်တစ်လျှောက် မျက်ရည်စီးကြောင်းများ ဖြစ်ပေါ်လာ၏။ ကျိတ်၍ရှိုက်နေမှန်း နားလည်သည်။





"အဲဒီတော့ နှယ်ညိုရယ်၊ မကောင်းမှု ပြုလုပ်ဖန်တီးတဲ့သူဟာ မကောင်းမှုရဲ့ ဒဏ်ခတ်ခဲ့တာကိုလဲ မလွဲမသွေ ခံရတာပါပဲ၊ သိပ်ပြီးလဲ ပူဆွေးမှုဖြစ်မနေပါနဲ့တော့၊ နှယ်ညိုရဲ့ဘဝတစ်လျှောက်လုံး အတွက် အားလုံး ဆရာတာဝန်ယူပါ့မယ်"

"တစ်နေ့ကျရင် ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်မ ကြိုသိခဲ့ပါတယ်ဆရာ၊ အရင်ကတည်းက အဘကို မကြာခဏ ပြောခဲ့ဖူးပါတယ်၊ ဒါပေမယ့် မရနဲ့ပါဘူး၊ ဒီကြားထဲမှာ အပြစ်မရှိတဲ့ ကျွန်မ မောင်လေးက ခံစားခံဖြစ်ရတာပါပဲ၊ အေးပေါ့လေ၊ ဒီလိုဖြစ်သွားတော့လဲ သူ့ဘဝ ထာဝရအေးချမ်းသွားတာပေါ့၊ နောက်ပြီး ရွာအတွက် ကျေးဇူးဆပ်ရာလဲ ရောက်ပါတယ်လေ"

သည်တော့မှ တစ်ခါက နှယ်ညို ပြောခဲ့ဖူးသော ကျေးဇူးဆပ်ခြင်း၏ အဓိပ္ပာယ်ကို နားလည်သွားမိ၏။ သို့ကြောင့် စိတ်တည်ငြိမ်မှုရှိလှသော ချစ်သူ၏လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"ဟော ... ဟိုမှာကြည့်စမ်း နှယ်ညို၊ သဘာဝက ပေးထားတဲ့ သစ်တောကြီးဟာ ဆရာတို့အတွက် သုံးမကုန်တဲ့ရတနာ သစ်တောကြီးပါပဲ၊ ဒီကရသမျှ အကျိုးအမြတ်တွေကို ဆရာတို့ တိုင်းရင်းသားတွေ အညီအမျှ ခွဲဝေသုံးစွဲကြဖို့ပါပဲ၊ ဒါကို အကျိုးမဲ့ ထိပါးလာတဲ့ မိစ္ဆာတွေမှန်သမျှ တို့တစ်တွေအားလုံး ညီညီညွတ်ညွတ်နဲ့ တိုက်ဖျက်ပစ်ကြရမှာပဲ၊ အခုတော့ ဒီရိုးမမြေဟာ ထာဝရအေးချမ်းတော့မှာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အရှယ်ရောက်လာပြီဖြစ်သော အရုဏ်ဦးရောင်ခြည်သည် လောကတစ်ခွင်သို့ ရဲတင်းစွာပင် ဖြန့်ဆင်းလာချေပြီ။

တစ်မျှော်တစ်ခေါ် မြင်နေရသော စိမ်းညို့ညို့ သစ်တောကြီးမှာ အားသစ်ရောင်ခြည်များအောက်ဝယ် ယိမ်းထိုးလှုပ်ရှားရင်းဖြင့် တင့်တယ်စွာ ရှိနေတော့သတည်း။

အနီယာဟောတု သုခီအတ္တာနံ ပရိဟရန္တု

တြိစက္ကူ



www.burmeseclassic.com